
www.burmeseclassic.com

မင်းလူ

# ကျွန်တော်ကျွန်မတို့သည်

[ ဒုတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် ကျွန်မတို့သည်

## မင်းလူ

BURMESE CLASSIC .com

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၄၊ ဇွန်လ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [၇၆၂/၂၀၀၄ (၆)] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၃၆/၂၀၀၄ (၆)] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (၀၆၈၂၁)
ကာလသစ်ပုံနှိပ်တိုက် (၁၀၄/ဘီ) ၃၁-လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

တန်ဖိုး (၁၀၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ကြော့မောင်သည် ဟိုအယင်ကလိုပင် ဆယ့်ငါးမိနစ်ခန့်စော၍ ရောက်နေသည် ပုဂံလမ်းထိပ်က ကားမှတ်တိုင်မှာ သူရပ်စောင့်နေသည်။ သက်ထားကို စောင့်နေခြင်း ဖြစ်၏။

ရန်ကင်းဘက်မှလာသော ဆယ့်ခြောက် အမြန်ကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကျောင်းသားကျောင်းသူအချို့နှင့် အခြားခရီးသည်များ ဆင်းလာသည်။ သက်ထားတော့ ပါမလာသေး။ သူတို့ကျောင်းမှာ ရှိစဉ်တုန်းက အမြန်ကားလေးတွေ မပေါ်သေးကြောင်း သတိရသည်။ ထိုမှဆက်၍ သက်ထားနှင့် သူ စတင်ဆုံစည်းခဲ့ပုံအကြောင်းကို တွေးမိပြန်သည်။

သူသည် ရန်ကုန်တက္ကသိုလ်မှာ နေတုန်းက ပန်းချီသင်တန်းသား ဖြစ်သည်။ သူတို့ပန်းချီခန်းက နံရံကပ်စာစောင်ထုတ်သောအခါ သူလည်း ဝင်ကူလုပ်ရသည်။ သက်ထားက နံရံကပ်စာစောင်သို့ ကဗျာတွေပို့သည်။ ကြော့မောင်က သရုပ်ဖော်ပန်းချီဆွဲရ၏။ ဤသို့ဖြင့် သက်ထားသည် ပန်းချီခန်းမသို့ အဝင်အထွက်ရှိလာသည်။ ပန်းချီမိသားစုနှင့် ရင်းနှီးလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောင်မောင်က သက်ထားကို စိတ်ဝင်စားမိသည်။ သက်ထားသည် လှတကားက ဗိုင်းကြိုက်ရလောက်အောင် လှသည်တော့ မဟုတ်ချေ။ ခပ်ယဉ်ယဉ်ကလေးသာဖြစ်သည်။ ထို့ကြောင့် ကြောင်မောင်အတွက် ပြိုင်ဘက်တွေ ဘာတွေလည်း ပေါ်လာခြင်းမရှိ။

ကြောင်မောင်က သက်ထားကို ကြိုက်နေသည် ဆိုသော်လည်း ချက်ချင်း ဖွင့်ပြောရဲသည်မဟုတ်။ သူ့ဘာသာ တစ်ယောက်တည်း ကျိတ်၍ စိတ်ကူးယဉ်နေပြီး သက်ထားနှင့် စကားဆိုင်ပြောနေရလျှင် ကျေနပ်သည်ပင် ဖြစ်သည်။ သက်ထားကလည်း သူ့ကို ကြောင်မောင် စိတ်ဝင်စားနေကြောင်း သိသည်။ သံယောဇဉ်လည်း ဖြစ်မိသည်။ ဤသို့ဖြင့် နေလာခဲ့ကြရာ နောက်ဆုံးနှစ်ရောက်မှပင် တကယ့်ချစ်သူတွေ ဘဝသို့ရောက်ခဲ့ကြလေသည်။

"ရောက်နေတာ ကြာပြီလား"

သက်ထားအသံကြားမှ သူ့အတွေးပြတ်သွားသည်။ ဆယ့်ခြောက် ဘတ်စ်ကားကြီး ကိုးဆိုက်လာတာ သူ သတိမထားမိလိုက်။ သူက 'မကြာသေးပါဘူး'ဟု ပြောပြီး သက်ထားကို ကြည့်လိုက်သည်။ သက်ထားသည် ဟိုအရင် သူတို့ချစ်သူဘဝကို စ,ရောက်သည့် နေ့တုန်းကလိုပင် အကျီအပြာနုနှင့် ကချင်လုံချည်နက်ပြာကလေးကို ဝတ်လာသည်။ ကြောင်မောင်ကတော့ ဟိုနေ့က ဘာဝတ်ခဲ့မှန်း မမှတ်မိတော့ချေ။ တစ်ခုတော့ရှိသည်။ သူသည် ဟိုနေ့တုန်းကလို မနက်အစောကြီးထပြီး ရေချိုးလာခဲ့လေသည်။

"အမြန်ကားတစ်စီးတော့ လာသွားပဲ၊ အရင်တုန်းကနဲ့တူအောင် တမင်ဘာကော မလိုက်တဲ့နေပြီး ဘတ်စ်ကားကြီး လာမှလိုက်ခဲ့တာ. ထားတို့ ကျောင်းမှာရှိတုန်းက အမြန်ကားမှ မပေါ်သေးဘဲ"

သူတို့နှစ်ယောက် ပုဂံလမ်းအတိုင်း လျှောက်ဝင်လာခဲ့သည်။ ဆရာ ဆရာမများနေသော အုတ်တိုက်များသည် ဘာမျှ မပြောင်းလဲသေးချေ။

"ကိုမောင်ကော ဘာနဲ့လာလဲ"



သက်ထားက မေးလိုက်သည်။

"အရင်တုန်းကလိုပဲလေ၊ တာမွေကနေ မြေနီကုန်းကိုစီးပြီး မြေနီကုန်းကမှ ရစ်ကား ပြန်ပြောင်းစီးတာပေါ့"

"ရစ်ကားက အရင်တုန်းကလိုတော့ ဆယ်ပြားနဲ့ဘယ်ရတော့မလဲ၊ ဘယ်စီးစီး ပြားသုံးဆယ်ဖြစ်နေပြီ မဟုတ်လား"

ကြောင်မောင်က ပြုံး၍...

"တစ်ပြားမှ မပေးရဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ကျောင်းမှာတုန်းက တစ်ခါတစ်လေ ပိုက်ဆံပြတ်နေတဲ့အခါ ကျရင် ကားခိုးစီးတယ်လေ၊ ခုလည်း ခိုးစီးလာတာပဲ"

"မရှက်ဘူးလား"

"ကျောင်းသားဘဝကတော့ ကားခိုးစီးရတာ ပျော်တောင် ပျော်သေး၊ ခုတော့ စိတ်ထဲမှာ နည်းနည်းမသိုးမသန့် ဖြစ်မိတယ်"

"ကိုမောင် ဒီနေ့ ပြားသုံးဆယ်ဖိုး တာဝန်မကျေခဲ့ဘူးပေါ့၊ တစ်နေ့ တစ်နေ့ ကားခိုးစီးတဲ့လူ ဘယ်နှစ်ယောက်လောက်ရှိမလဲ မသိဘူး၊ ကားခိုးစီးတဲ့လူကတော့ တစ်နေ့ တစ်နေ့ ထောင်နဲ့ချီပြီး ရှိတယ်"

"ဟိုး... ဆရာ၊ ဒီနေ့ တစ်ခြားဟာတွေ မစဉ်းစားဘဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရအောင်ဆို"

"ဆောရီးပဲ"

ဟု ရယ်၍ပြောပြီး ကြောင်မောင်က သက်ထားကို ဆုပ်ကိုင်လိုက်သည်။ ခုချိန်ခါတွင် လက်ကိုကိုင်ဖို့အတွက် ဘာမျှ အပန်းမကြီးဘဲ အလိုအလျောက် ဖြစ်သွားသော်လည်း စ,ချစ်ကာစက တစ်နာရီလောက်ကြာအောင် သတ္တိမွေးယူရသည်ကို အမှတ်ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံစားသောက်ဆိုင်နား ရောက်လာသောအခါ 'တစ်ခုခုစားသွားဦးလား'ဟု ကြော့မောင်က မေးရာ 'ကောင်းသားပဲ'ဟု သက်ထားက ဖြေသည်။ ကိုဖိုးချိုဆိုင်မှာ ဝင်ထိုင်ကြ၏။ သက်ထားက မုန့်ဟင်းခါးစားပြီး ကြော့မောင်က စမူဆာသုပ်စားသည်။

"ကိုဖိုးချိုဆိုင်က ခုထိ လက်မှန်တုန်းပဲ"

"အင်း... စမူဆာသုပ်လည်း အရင်လို ကောင်းသေးတာပဲ"

"ထားတို့ ပထမနှစ်တုန်းက မုန့်ဟင်းခါးက ပြားလေးဆယ်နော်"

"သုံးဆယ့်ငါးပြားပါ၊ လက်ဖက်ရည်တောင် သုံးဆယ့်ငါးပြားပဲ ဟာ"

သူတို့နှစ်ယောက်သည် 'ပြားလေးဆယ်'နှင့် 'သုံးဆယ့်ငါးပြား' ငြင်းကြသည်။ နောက်ဆုံး ဆိုင်ရှင်ကိုဖိုးချိုကို ခေါ်မေးပြီး ဆုံးဖြတ်ခိုင်း၏။ ကိုဖိုးချိုက 'ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိတော့ပါဘူးဗျာ'ဟု ဆိုသဖြင့် ရယ်ကြရသေးသည်။

ထို့နောက် ကြော့မောင်က ကိုမောင်စိန် ဆုံးသွားရှာသဖြင့် စိတ်မကောင်းကြောင်း ပြောသည်။ ကိုမောင်စိန်သည် သူတို့အုပ်စုအတွက်ဆိုလျှင် လက်ဖက်ရည်ကို ပန်းကန်နှင့်မပေးဘဲ ဖန်ခွက်ကြီးနှင့် ထည့်ပေးတတ်သည်။

"အမေကြည်လည်း မရှိတော့ဘူးနော်၊ သိပ်စေတနာကောင်းတာ"

"ဟုတ်တယ်၊ ကိုမောင်စိန်တို့ ပန်းချီခန်းက လူတွေဆိုရင် အမေကြည့်အပေါ်မှာ ဆိုးချင်တိုင်း ဆိုးခဲ့ကြတာပေါ့၊ အမေကြည်က ကျောင်းသားတွေအပေါ်မှာ သိပ်သည်းညည်းခံတာ"

"ပန်းချီခန်းဆိုလို့ အခန်းကို ထားတို့ ဝင်ကြည့်ဦးမှာလား"

"ဝင်ရမှာပေါ့၊ ကိုမောင်တို့ ဓာတ်လမ်းလေး စခဲ့တဲ့နေရာပဲဟာ"

စားသောက်ပြီးကြတော့ ပန်းချီခန်းမဘက်သို့ ထွက်လာခဲ့ကြသည်။ အရင်က သူတို့ထိုင်ခဲ့ဖူးသော သိပ္ပံခန်းမပေါ်တက်သည့် လှေကားကွေ့ကွေ့ ကောက်ကောက်ကြီးကို အမှတ်တရဝင်ကြည့်ခဲ့ကြသေးသည်။



ပန်းချီခန်းမှာ သူတို့နှစ်ယောက်နှင့်သိသော လူဟောင်းတွေ သိပ်မရှိတော့။ ခုချိန်ဆိုလျှင် မောင်မျိုးတစ်ယောက်သာ ရှိမည်ထင်သည်။ မောင်မျိုးစာမေးပွဲတွေ တဖုတ်ဖုတ်ကျသဖြင့် မနှစ်ကထိ ကျောင်းမှာရှိသေးသည်။ ညိုဝင်းမောင်က စာပေးစာယူပြောင်းတက်နေပြီး လှည်းတန်းမှာ စာအုပ်ရောင်းနေသည်။ ကိုမျိုးမြင့်နှင့် တင်မောင်ကြည်တို့ကတော့ အပြင်ပန်းချီလောကမှာ နာမည်ကြီးတွေဖြစ်နေပြီ။ ပိုပိုတို့ ကြော့မောင်တို့လည်း မဂ္ဂဇင်းလောကမှာ ဝင်တိုးနေကြပြီ။ မျက်နှာဖုံးတွေ ဆွဲရလောက်အောင်တော့ မအောင်မြင်သေး မဂ္ဂဇင်းတွေမှာ ဝင်ဆွဲခွင့်ရသော အဆင့်ကိုတော့ ရောက်နေကြပြီဖြစ်သည်။

ပန်းချီခန်းထဲမှာ လူရှင်းနေ၏။ ကျောင်းသားတစ်ယောက်သာ စာထိုင်ဖတ်နေသည်ကို တွေ့ရ၏။ ကြော့မောင်နှင့် သက်ထားတို့ကို မြင်သောအခါ ထိုကျောင်းသားက 'ဘာကိစ္စ ရှိလို့ပါလဲ'ဟု မေး၏။ သူက ရိုးရိုးသားသားမေးခြင်းဖြစ်သော်လည်း ကြော့မောင်ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားရသည်။

တစ်ချိန်က ဒီအခန်းမှာ ကြော့မောင်တို့ ကိုယ့်အိမ်ကိုယ့်ယာလို နေခဲ့ကြသည်။ တစ်ခါတစ်လေ နှစ်ရက်သုံးရက် အိမ်မပြန်ဘဲ အခန်းမှာပင် အိပ်တတ်ကြသည်။ စတိုခန်းထဲမှာ ကွပ်ပျစ်ကလေးတစ်လုံး ရှိသည်။ ကြော့မောင်တို့ မကြာခဏ အိပ်နေကျ။ ပြပွဲရှိသောညမျိုးဆိုလျှင် စားပွဲတွေဆက်၊ ဘုတ်ပြားတွေ ခင်း၊ ကုလားထိုင်တွေစီပြီး ပုံးပုံးကပ်ကပ် ကျုပ်ကျုပ်ညပ်ညပ် အိပ်ကြရသည်။ အတွင်းခန်းထဲက တန်းမှာ ဘယ်သူ့ဟာမှန်းမသိသော ရေလဲပုဆိုးစုတ်တစ်ထည်ရှိသည်။ အခါများစွာတို့တွင် အခန်းဝင်းရှိ ရေဘုံဘိုင်မှ ကလေးသေးပေါက်သလောက် ကျသောရေကို မဝတဝ ချိုးခဲ့ရသည်။ ထိုကဲ့သို့ နေလာခဲ့သောပန်းချီခန်းမသို့ ခုပြန်လည်ရောက်ရှိသောအခါ 'ဘာကိစ္စရှိလို့ပါလဲ' ဟု အမေးခံလိုက်ရသည်။

"မောင်မျိုးနဲ့ တွေ့ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်က ပြောလိုက်သည်။

"ဩော်... ကိုမျိုး အာစီထဲသွားပါတယ်"

"ကိုစောဆီ သွားတာလား"

"ဟုတ်ကဲ့၊ ဦးစောဆီ သွားတာပါ"

ထိုကျောင်းသားက ခေါက်ကုလားထိုင်နှစ်လုံးကို သွားယူပြီး ချပေးသည်။

"ထိုင်ကြပါ ခင်ဗျာ၊ ကိုမျိုး သိပ်မကြာပါဘူး၊ ပြန်လာမှာပါ"

ကြော့မောင်က ကုလားထိုင်များကို ခဏမျှ စိုက်ကြည့်နေလိုက်သည်။ သက်ထား အရင်ဝင်ထိုင်သည်။ ကြော့မောင်က မထိုင်သေးဘဲ အခန်းကို မျက်စိကစားကြည့်လိုက်သည်။ သက်ငြိမ်ပုံစံများအဖြစ် သူတို့ လေ့ကျင့်ရေးဆွဲခဲ့ရသော အရိုးခေါင်းကြီး၊ ဗီးနပ်စ်ရုပ်ထု စသည်တို့ နထိတိုင် ရှိနေဆဲ။ အခန်း၏ နံရံများတွင်လည်း ပန်းချီသင်တန်းသားဟောင်းတို့၏ လက်ရာပန်းချီကားအချို့ ချိတ်ဆွဲထားဆဲ။ ကြော့မောင်၏ ဆီဆေးကားတစ်ကားလည်း ပါဝင်သည်။

မောင်မျိုးသည် ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်ရင်း ဝင်ရောက်လာသည်။ ဘယ်သူက ဘယ်ရောက်နေသလဲ၊ ဘာတွေ လုပ်နေသလဲ စသည်ဖြင့် မတွေ့မမြင်တာကြာပြီဖြစ်သော တစ်ခြားသူငယ်ချင်းတွေ အကြောင်း အပြန်အလှန် မေးဖြစ်ကြသည်။

မောင်မျိုးက စောစောက ရှိနေသော ကျောင်းသားနှင့် ကြော့မောင်ကို မိတ်ဆက်ပေးသည်။ ကြော့မောင်ဆိုသောအမည်ကိုကြားလျှင် ကျောင်းသားသည် လေးစားဟန်ဖြင့်...

"အစ်ကို့ပုံတွေ မဂ္ဂဇင်းမှာ တွေ့ပါတယ်၊ ကျွန်တော်တို့ အတုယူရတဲ့အထဲမှာ အစ်ကို့လက်ရာတွေလည်း ပါ,ပါတယ်"



ဟု ပြောပြီး နံရံတွင်ချိတ်ဆွဲထားသော ကြော့မောင်၏ပန်းချီကားကို တစ်ချက်လှမ်းကြည့်သည်။

မောင်မျိုးက လက်ဖက်ရည်ဆိုင်ထိုင်ရအောင်ဟု ခေါ်သဖြင့် ထွက်ခဲ့ကြသည်။ စောစောက မိတ်ဆက်ပေးသော ကျောင်းသား အခန်းစောင့်ရင်း နေရစ်ခဲ့သည်။ မောင်မျိုးက ရှေ့မှဦးဆောင်လျှောက်ရင်း ကိုအောင်ရင့်ဆိုင် မသွားဘဲ ဘယ်ဘက်သို့ ချိုးလိုက်သဖြင့်...

"ကိုအောင်ရင့်ဆိုင်မှာ မထိုင်တော့ဘူးလား"

ဟု ကြော့မောင်က မေးလိုက်သည်။

"ထိုင်ပါတယ်ဗျာ၊ အကြွေးတွေ နည်းနည်းများနေတာနဲ့ အားနာလို့"

"ဒါဆိုရင် ဒီနေ့ ကျွန်တော်တို့ တိုက်ရမှာပေါ့"

"ဒီလောက်တော့ မဆွဲပါဘူးဗျာ"

"ကိုမျိုးက ဒီလိုတော့ ဘယ်တရားမလဲ၊ အကြွေးသောက်တဲ့အခါကျတော့ ကိုအောင်ရင့်ဆိုင်သောက်ပြီး လက်ငင်းသောက်မယ်ဆိုတော့ တစ်ခြားဆိုင်သွားတယ်"

သက်ထားက ဝင်ပြောလိုက်ရာ ကိုမျိုးက...

"ဟာ... ဟုတ်သားပဲ၊ ကျွန်တော်က အကြွေးတွေအတွက် အားနာနေတာနဲ့ သတိလစ်သွားတာ၊ ကဲ... ပြန်လှည့်ကြရအောင်"

ကိုအောင်ရင့်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

"ကိုမျိုး ဒီနှစ်တော့ ခင်ဗျား အောင်ပါပြီနော်"

"အောင်ပါပြီဗျ"

"အလုပ်ကိစ္စကကော"

"လောလောဆယ်တော့ ယောင်လည်လည်ဖြစ်နေမှာပဲ"

"မဂ္ဂဇင်းတွေမှာ ဝင်ဆွဲဖို့ကကော"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ကြိုးစားနေတာပဲဗျ"

"မြဝတီ ငွေတာရီမှာ ကဗျာ သရုပ်ဖော်ပုံတွေ စ,ဆွဲနေပြီ မဟုတ်လား"

သက်ထားက ဝင်ပြောသည်။

"ဟုတ်တယ်၊ ဒါပေမယ့် သိတဲ့အတိုင်းပဲလေ၊ မဂ္ဂဇင်းလိုင်းမှာ ဝင်တိုးနေတဲ့ ပန်းချီဆရာတွေက အများကြီးဗျ၊ လစဉ်ပုံမှန်ဆွဲနိုင်ဖို့ မလွယ်သေးဘူး၊ ကျွန်တော်တို့ ပန်းချီဆရာတွေက စာရေးဆရာတွေထက်တောင် ဆိုးသေးတယ်၊ စာရေးဆရာတွေကမှ ကိုယ့်စာမှု ရွေးရွေး မရွေးရွေး မဂ္ဂဇင်းတိုက် ပို့လို့ရသေးတယ်၊ ကျွန်တော့်တို့ ကျတော့ ပုံတွေဆွဲပြီး ပို့လို့ရတာမဟုတ်ဘူး၊ မဂ္ဂဇင်းတိုက်က အပ်မှ ဆွဲလို့ရတာ မဟုတ်လား၊ ကိုကြော့မောင်ကတော့ အခြေအနေ မဆိုးပါဘူး"

"အဖုံး မဆွဲသေးဘူးလား"

"အပ်မယ့်လူမှ မရှိတာ၊ ထုတ်ဝေသူ တချို့ကျတော့ တွေ့လိုက်ယင် ခင်ဗျားပုံတွေကြိုက်တယ်လို့ ပြောတာပဲ၊ အဖုံးတော့ မဆွဲနိုင်းပါဘူး၊ အတွင်းရေခဲပုံပဲ တစ်ပုံ နှစ်ပုံရသေးတယ်"

"ခင်ဗျား ပြပွဲတွေမှာလည်း မတင်တာကြာပြီ၊ ကျောင်းပြပွဲကျယင်တော့ သုံးကားလောက် ဆွဲတင်ပါဗျာ"

'တင်ပါ့မယ်'ဟု ကြော့မောင်က ကတိ ပေးလိုက်သည်။ မောင်မျိုးကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြပြီး သက်ထားက...

"ဘယ်လိုလဲ ဆရာကြီး၊ ဒီနေ့ ခေါင်းရှုင်းရှုင်းနဲ့ ပျော်ပျော်ပါးပါး နေမလို့ဆို"

"ကဲပါ... ခုချိန်ကစပြီး အားလုံးမေ့ထားလိုက်ပြီ"

"ထားကို ရောလား"



"အင်းပေါ့ ထားတင် မကဘူး၊ ကိုမောင့်ကိုယ် ကိုမောင်ပါ မေ့ထားလိုက်ပြီ၊ သဘောပေါက်တယ်မဟုတ်လား"

"ဟုတ်တာပေါ့၊ ချစ်သူတွေဆိုတာ လောကကြီး တစ်ခုလုံးကို မေ့ထားကြရစမြဲပဲပေါ့"

ရယ်ကြသည်။ ကြော့မောင်က 'အင်းလျားမှာ ထိုင်မယ်နော်'ဟု ပြောသည်။ သက်ထားက ခေါင်းညိတ်ပြ၏။ သိပ္ပံဆောင်ကို ဖြတ်အလျှောက် ငွေစာရင်းဌာနရှေ့ရောက်သောအခါ သက်ထားက...

"တစ်ခြားဟာတွေ မေ့ချင်မေ့ပေမယ့် တစ်ခုကို မမေ့ဘူး၊ ကိုမောင့်အပေါ်မှာ ရစရာ အကြွေးရှိသေးတယ်"

"ဘာလဲ၊ ဘယ်တုန်းက"

"ကျောင်းမှာတုန်းကလေ၊ ကိုမောင့်ကျောင်းလခ အကြွေးကျန်တဲ့ သုံးဆယ့်တစ်ကျပ်ကို ထား စိုက်သွင်းပေးထားတာကကော"

"နောက်ကျတော့ အဲဒီပိုက်ဆံကို ကိုမောင် အတင်းပြန်ပေးသေးတယ်လေ၊ ထားကတောင် ထားစေတနာကို စော်ကားတယ်ဆိုပြီး ဝမ်းနည်း ပမ်းနည်းဖြစ်သေးတယ်"

"ခု ဝမ်းမနည်းတော့ဘူး၊ ပြန်ပေးလေ"

ကြော့မောင်က စပ်ဖြဲဖြဲလုပ်၍ အကျီအိတ်ထဲသို့ လက်နှိုက်ဟန်ပြပြီး...

"ခုတော့ မပါသေးဘူးကွာ၊ ဟိုတစ်ခါ ပန်းချီကားဆောင်ကျက်ဖို့ လိုလို့ ချေးထားတဲ့ အစိတ်နဲ့ပေါင်းမှတ်ထားလိုက်ပေါ့"

"အယ်... ဟုတ်သားပဲ၊ အဲဒါလည်း ပြန်မပေးရသေးဘူး၊ ကြည့်စမ်း"

သက်ထားက ကြော့မောင်၏ ခါးကို တံတောင်နှင့် တွက်လိုက်သည်။ ကြော့မောင် တဟားဟားရယ်လိုက်၏။ သူ့ရယ်သံသည် စကြံန်လမ်းတစ်လျှောက် ဟိန်းထွက်သွားသဖြင့် ထောင့်တစ်ထောင့်မှာ ကပ်ရပ်နေကြ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော ကောင်လေးနှင့် ကောင်မလေးအတွဲ လန့်ပြီး လှည့်ကြည့်သည်။ နား လည်မှုရှိပါတယ်ဆိုသည့်သဘောဖြင့် ကြော့မောင် ပြုံးပြလိုက်သည်။

သူတို့နှစ်ယောက်သည် သိပ္ပံဆောင်နောက်ဘက်သို့ ထွက်သည့်မြေနီ လမ်းအတိုင်း ကုန်းပေါ်တက်သည်။ အင်းလျားလမ်းအတိုင်းလျှောက်သည်။ ထို့နောက် အင်းလျားကန်စပ် ကုန်းမြေသို့ရောက်ခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ဘာမျှမပြောခဲ့ကြသော်လည်း တိုင်ပင်ထားသလိုပင် သူတို့ထိုင် နေကျ သရက်ပင်ကြီးအောက်သို့ ရောက်လာခဲ့ကြသည်။ ကြော့မောင်က လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကိုထုတ်ပြီး အလယ်မှ စာမျက်နှာနှစ်ရွက်ကို ဆုတ်၍ မြေမှာခင်းပေးသည်။ သူ့အတွက်လည်း ခင်းသည်။ သူတို့နှစ်ယောက် ဘေးချင်းကပ် ထိုင်လိုက်ကြ၏။

ကြော့မောင်သည် ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်လိုက် သည်။ အနီးအနားတွင် လူရှင်းနေသည်။ သူတို့ကလွဲ၍ အခြားမည်သူမျှ မရှိဟု ထင်ရသည်။ ရောက်နှင့်ပြီးသူတွေပဲ သူတို့မမြင်နိုင်လောက်အောင် လုံခြုံသောနေရာမှာ ရှိနေကြ၍လားမသိ။ အတွဲချောင်းသူများလည်း အရိပ် အယောင်တောင်မျှ မမြင်မိသေး။

သက်ထားက သရက်ပင်ပေါ်ကို မော့်ကြည့်ပြီး...

"ကိုမောင် မှတ်မိသေးလား"

"မှတ်မိတာပေါ့၊ အဲဒီတုန်းက သက်ထားကရှက်ပြီး ခေါင်းကလေး ကို ငုံ့လို့ ကိုမောင်က မရဲတရဲနဲ့ ဟောဒီလို..."

ကြော့မောင်က သက်ထား၏ ပခုံးပေါ်သို့ လက်တင်လိုက်သည်။

"အို... အဲဒါပြောတာ မဟုတ်ပါဘူး"

ဟု သက်ထားက ပြောသည်။ ကြော့မောင်၏ လက်ကိုဖယ်မပစ်ပဲ ဆက်၍ ...



"တစ်ခါတုန်းကလေ ထားတို့က ဒီအောက်မှာ ထိုင်နေတာ၊ သရက်ပင် ပေါ်တက်ပြီး ထားတို့ကို ချောင်းနေတဲ့လူကြီးကို သတိမထားမိဘူး လေ၊ နောက်တော့မှ အဲဒီလူကြီး ပုရွက်ဆိတ်တွေ ကိုက်လို့ လုပ်ကြ ပါဦး၊ ကိုက်တယ်ဗျဆိုအော်ပြီး သစ်ပင်ပေါ်က ကယောင်ကတမ်း ပြေးဆင်းလာတာလေ၊ ထားတို့တောင် ဘေးဖယ်ပြီး ရှောင်ပေး လိုက်ရသေးတယ်"

သက်ထားက သူ့ဘာသာပြောရင်း သဘောကျပြီး ရယ်နေသည်။

"ဟုတ်ပါတယ်၊ ကိုမောင်ကလည်း အဲဒါပဲပြောတာပါ၊ အဲဒီတုန်း ကလေ ကိုမောင်က ထားကို..."

ကြော့မောင်က သက်ထား၏ကိုယ်လေးကို သူ့ဘက်သို့အသာဆွဲ လိုက်သည်။ သက်ထား၏ မျက်နှာက အလိုက်သင့်မော့သွားသဖြင့် နှုတ်ခမ်း ကို နမ်းလိုက်၏။

ထိုစဉ်တွင် ရှေ့ခပ်လှမ်းလှမ်းရှိ ချုံကွယ်မှ ခေါင်းနှစ်လုံးကို သက်ထား ရိပ်ကနဲ မြင်လိုက်သည်။ ကြော့မောင် ရင်ဘတ်ကို တွန်းထုတ်လိုက်ပြီး...

"ဟင်း... ဟိုမှာ လူတွေကြည့်နေတယ်"

"ဟာ... တို့ကို လာချောင်းတာ ဟုတ်လား"

ကြော့မောင် သဘောကျစွာ ရယ်လိုက်သည်။ ပြီးတော့ သက်ထား ဘက် ပြန်လှည့်သည်။

"ဟင်း... တော်ပြီ၊ မကဲနဲ့တော့၊ စကားပဲ ပြောရအောင်"

ကြော့မောင်သည် သက်ထားကို ဖက်ထားသော လက်ကိုမရုပ်သေး။

"ထား"

သက်ထားက မေးငေါ့ပြီး ထူးယောင်ပြုသည်။

"ကိုမောင့်ကို ချစ်ရဲ့လား"

"ချစ်လို့ပဲ ဒီ..."

ဟု ပြောပြီးမှ သက်ထားက စကားမဆက်ဘဲ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ"

"ချစ်လို့ ဒီလောက် လိုက်လျောတာပေါ့"

အင်းလျားကန်ရေပြင်သည် ငြိမ်သက်နေသည်။ တစ်ချက်တစ်ချက် လေကြောင်းကျသောနေရာမှာ လှိုင်းအိကလေးတွေ လှုပ်ရှားသွားတတ်၊ သည်။ ကမ်းစပ်အနီးတဝိုက်တွင် လူငယ်ကလေးတွေ ရေကူးနေကြသည်။ အချို့က မော်တော်ကား ကျွတ်ဘောကွင်းဖြင့် ရေလယ်ကျွန်းဆီကူးဖို့ ကြိုးစားနေကြသည်။ ဘောကွင်းမပါသူတွေက ရေနက်သည့်ဘက် သွားရဲဟန်မတူ။ ရေတိမ်ရာကမ်းစပ်အနီးမှာပင် တရစ်ဝဲဝဲ ကူးခပ်နေကြသည်။ သူတို့အထဲမှ လူငယ်တစ်ယောက်သည် အလယ်ကျွန်းဆီသို့ ဘောကွင်းမပါဘဲ စွန့်စား၍ လက်ပစ်ကူးသွားသည်။ ရေလယ်ရောက်မှ ဆက်မကူးရဲတော့ဟန်တူ၏။ ကမ်းစပ်ဘက်သို့ ပြန်လှည့်ကူးလာသည်။ တကယ်တော့ သူ ရှေ့ဆက်ကူးရမည့် ခရီးအကွာအဝေးနှင့် ပြန်လှည့်ကူးလာရသော ခရီးအကွာအဝေးသည် အတူတူပင်ဖြစ်သည်ဟု ကြော့မောင်က တွေးလိုက်၏။

"ပြန်ကြရအောင်နော်"

သက်ထားက ပြောသည်။

"ဟင်... အစောကြီး ရှိသေးတယ်"

ဟု ကြော့မောင်က ပြန်ပြောသည်။

"အိမ်မှာ လုပ်စရာတွေရှိသေးတယ်၊ ညစာအတွက်လည်း ချက်ရ ပြုတ်ရဦးမယ်လေ"

ကြော့မောင်သည် သက်ထားပခုံးပေါ်တင်ထားသော လက်ကိုပြန် ဖယ်လိုက်ပြီး ခပ်ညည်းညည်းအသံဖြင့်...

"ဟာ– သွားပါပြီကွာ၊ ထားကလည်း အဲဒါတွေ မေ့ထားရအောင် ပါလို့ ပြောထားလျက်နဲ့ သတိပေးဖြစ်အောင် ပေးသေးတယ်"

"သူ့ဟာသူ သတိရလာတော့ ဘယ်တတ်နိုင်မလဲ ကိုမောင်ရဲ့"

☆☆☆



"ဘာကွ၊ ရည်းစားဘဝတုန်းကလို ပြန်နေကြည့်တယ် ဟုတ်လား"

အေးဇော်က မေးလိုက်သည်။ ခင်မောင်ငြိမ်း 'ဟုတ်တယ်'ဟု စကားထောက်လိုက်ပြီး ...

"မနက်က ဒီကောင်နဲ့ငါနဲ့ ကားမှတ်တိုင်မှာတွေ့တယ်၊ ဒီနေ့ သူတို့ မင်္ဂလာဆောင်တာ တစ်နှစ်ပြည့်တဲ့နေ့တဲ့၊ ဒါကြောင့် အမှတ်တရအဖြစ်နဲ့ သမီးရည်းစားဘဝတုန်းကလို ပြန်နေကြည့်မလို့တဲ့၊ အံမယ် သူတို့က ကျကျနန စီစဉ်ထားတာကွ၊ ညတုန်းက သက်ထားက သူ့သူငယ်ချင်းတစ်ယောက် အိမ်မှာ သွားအိပ်၊ ကြော့မောင်က သူတို့အိမ်မှာပဲ အိပ်တယ်၊ မနက်ကျတော့မှ ကျောင်းရှေ့မှာ ဆုံကြဖို့ချိန်းထားတယ်တဲ့၊ သဘောကတော့ အိမ်ကနေ အတူတူမထွက်ဘဲ ဟိုအရင်တုန်းကလို တစ်ယောက်တစ်ကွဲစီ လာပြီးမှဆုံကြတဲ့သဘောပေါ့"

"ကြောင်တယ်ကွာ"

"ကြောင်တာကတော့ မပြောနဲ့၊ သူတို့က အင်းလျားကန်စပ်မှာတောင် သွားထိုင်ကြဦးမှာတဲ့ဟ"

"ပေါလှပါလား"

"ကြော့မောင်အကြောင်းလည်း မင်းသိသားပဲကွာ၊ တစ်ခါတစ်ခါ ဒီလိုပဲ စိတ်ကူးယဉ်တတ်တယ်လေ"

"အေးပါ၊ ဒါကြောင့်လည်း ကြော့မောင်ကို ကြောင်မော့လို့ ခေါ်ကြတာပေါ့၊ ဒီကောင်ကတော့ ထားပါတော့၊ သက်ထားကပါ ဒီကောင် ကြောင်တာကို လိုက်ကြောင်ရတယ်လို့"

"ဟ ပန်းချီရူးနဲ့ ကဗျာရူးနဲ့ ယူထားကြတာဆိုတာကိုလည်း ထည့်စဉ်းစားပါဦးလေ"

အေးဇော်က သူတို့ဆီးမှ ဖြတ်လျှောက်သွားသော စားပွဲထိုးကို လှမ်းခေါ်ပြီး ရေနွေးကြမ်းထပ်တောင်းသည်။ ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ ခုန မင်းပြောတာဟာ ဒီနေ့ကြော့မောင်တို့ လက်ထက်တာ တစ်နှစ်ပြည့်တဲ့နှစ်ဆို"

ခင်မောင်ငြိမ်းက ခေါင်းညိတ်ပြသည်။ အေးဇော်က မျက်စပစ်ပြသည်။ ခင်မောင်ငြိမ်းက မေးငေါ့ပြသည်။

"ညကျရင် ဒီကောင်တွေအိမ် သွားမလား"

"သွားမယ်လေ၊ အစီအစဉ် ဘယ်လိုလုပ်မလဲ"

"ငါ ဝိုက်လေဘယ်တစ်လုံး ဆွဲခဲ့မယ်"

အရက်ဖြူကို ပြောခြင်းဖြစ်ကြောင်း ခင်မောင်ငြိမ်း နားလည်သည်။

"ကောင်းပြီ၊ ငါက အစိမ်းကြော်တို့ အခေါက်ကင်တို့ ဝယ်ခဲ့မယ်၊ လိုတာကို ဒီကောင်တွေညှင်းတာပေါ့၊ ဒါနဲ့ ငါတို့သွားရင်မိန်းမတွေ ခေါ်သွားဦးမှာလား"

"ခေါ်သွားမယ်လေ၊ သက်ထားနဲ့ စကားပြောဖော်ရတာပေါ့"

"ဒါဆို လစ်ကြစို့၊ နေဦး ငါတို့ ဘယ်လို ဆုံမလဲ"

"မင်းအိမ်ကို ငါဝင်ခေါ်မယ်လေ"

အေးဇော်က စားပွဲထိုးကို လှမ်းခေါ်သည်။ ထိုစဉ်မှာပင် ခင်မောင်ငြိမ်းက ငါးကျပ်တန်ကို အလျင်အမြန် ပေးလိုက်သည်။ စားပွဲထိုး လက်အလှမ်းတွင်...

"ဟော့ကောင်၊ ငါပေးမယ်"

ပြောပြောဆိုဆို အေးဇော်က ခင်မောင်ငြိမ်းလက်ကို ဖမ်းဆွဲထားသည်။ အိတ်ထဲက ကျပ်တန်နှစ်ရွက်ကို ဆွဲထုတ်သည်။ ခင်မောင်ငြိမ်းက လက်ကို ဆတ်ခနဲရုန်းပြီး စားပွဲထိုးလက်ထဲသို့ ငါးကျပ်တန် ထည့်၏။ အေးဇော်က ငါးကျပ်တန်ကို ဖြတ်ကနဲပြန်ဆွဲပြီး...

"နေပါစေ ညီလေး၊ ဒီမှာ ကျပ်တန်ယူလိုက်၊ ငါးကျပ်တန်ဆို အမ်းနေရဦးမယ်"



"ဟာ မင်းက ဘယ်လိုဖြစ်တာလဲ၊ ငါ ပေးပြီးသား ဥစ္စာ"

ခင်မောင်ငြိမ်းက မကျေမနပ်ပြောလိုက်၏။

"အေးပါကွာ၊ နောက်တစ်ခါ မင်းပေးပေါ့"

ဟု ပြောပြီး အေးဇော်က ခင်မောင်ငြိမ်း ငါးကျပ်တန်ကို ပြန်ပေးသည်။ ခင်မောင်ငြိမ်းက မယူသေးဘဲ တစ်စုံတစ်ခု ပြောမည်ပြုစဉ် အေးဇော်က ပိုက်ဆံကို ခင်မောင်ငြိမ်းအကျႌအိတ်ထဲသို့ ထိုးထည့်ပေးလိုက်၏။

☆☆☆

သူတို့သူငယ်ချင်းလေးယောက်တွင် စိန်ထွန်းကလွဲ၍ ယတည်း အိမ်ထောင်ကျပြီးသား ဖြစ်သည်။

အေးဇော်က သီတာမျိုးနှင့် အိမ်ထောင်ကျသည်။ ခုဆိုလျှင် သမီးလေး အေးစန္ဒာမျိုးပင် နှစ်နှစ်ကျော်ပြီ။ သီတာမျိုးတွင် မိဘများမရှိတော့။ အဒေါ်တစ်ယောက်အိမ်မှာနေရင်း အေးဇော်နှင့် အကြောင်းပါခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် အေးဇော်တို့ မိဘများအိမ်မှာ လိုက်နေရသည်။ အေးဇော်က ဘွဲ့ရပြီးသားဖြစ်၍ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ပစ္စည်း ကုန်သွယ်ရေးကောက်ပိုးရေးရှင်းမှာ သုံးရာနှစ်ဆယ်စကေးဖြစ်သည်။ သီတာမျိုးသည် ဆယ်တန်းကို 'ခ'အဆင့်ဖြင့်သာ အောင်ထားသည်။ အလုပ်မရှိသေး။

ခင်မောင်ငြိမ်းနှင့် ဝင်းမာတို့သည် ငယ်သူငယ်ချင်းများဖြစ်သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်အတူတူတက်ကြသောအခါ သံယောဇဉ်ပို၍ ငြိတွယ်သွားကြသည်။

ဝင်းမာတို့မိဘများသည် အခြေအနေ အတန်အတင့်ရှိသည်။ ငွေမက်သူများ မဟုတ်ကြ။ ရှေးဆန်ပြီး မျိုးရိုးအစဉ်အလာ စောင့်ထိန်းလိုသူများဖြစ်သည်။ ခင်မောင်ငြိမ်းက တစ်ကောင်ကြွက်၊ မျိုးမည့်ဖင်ရှားသူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကံကောင်းထောက်မ၍ မြို့နယ်စေတနာရှင်များ၏ ပညာသင်ဆုဖြင့် တက္ကသိုလ်တက်ခွင့်ရသူဖြစ်သည်။ ခင်မောင်ငြိမ်းနှင့် ဝင်းမာတို့ ချစ်ကြိုက်ကြသောအခါ ဝင်းမာတို့မိဘများက သဘောမကျလှချေ။ ဝင်းမာက ခပ်ထက်ထက်မို့သာ အတင်းအကြပ် မကန့်ကွက်နိုင်ခဲ့ခြင်းဖြစ်၏။ သူတို့လက်ထပ်မည်ပြုသောအခါ မိဘများက ဝတ္တရားကျေရုံလောက်သာ ဆောင်ရွက်ပေးသည်။ နောက်ပိုင်းတွင် ခပ်ကင်းကင်းနေလိုက်သည်။ ထို့ကြောင့် ဝင်းမာသည် ခင် ...ငြိမ်း၏ အလုပ်ရှိရာ ရန်ကုန်သို့လိုက်လာသည်။ အိမ်ခန်းလေးတစ်ခန်း အ...။ ခင်မောင်ငြိမ်းက မြို့နယ်စီးပွားရေးဘဏ်ခွဲမှာ လက်ထောက်ငွေ ...ည်။ လခ သုံးရာလောက်ရသည်။ ရန်ကုန်ရောက်ပြီး တစ်နှစ်လောက် ...ာမှာ ဝင်းမာ မူလတန်းပြဆရာမအလုပ်ရသည်။ မိဘများနှင့်တော့ အဆက်အသွယ် မပြတ်ရုံသာရှိသည်။ ဆက်ဆံရေးက အေးစက်စက်။

ယခုအခါတွင် ဝင်းမာသည် ပထမဆုံးသော ရင်သွေးကို မွေးဖွားရန် လပိုင်းလောက်သာ လိုတော့သည်။

ကြော့မောင်နှင့် သက်ထားတို့သည် အိမ်ထောင်သက် အနုဆုံးဖြစ်သည်။ ဘွဲ့ရကြပြီးနောက် သက်ထားက မိဘများရှိရာ ပြည်မြို့သို့ပြန်နေသည်။ ကြော့မောင်သည် ပဲခူးသို့ ခဏသာပြန်ပြီး ရန်ကုန်ပြန်လာသည်။ အပြင်ဆောင်တစ်ခုမှာနေရင်း မဂ္ဂဇင်းတွေမှာ ပန်းချီဝင်ဆွဲခွင့်ရအောင် ကြိုးစားသည်။ တစ်နှစ်လောက်အကြာမှ မဂ္ဂဇင်းသုံးလေးခုတွင် လစဉ်ပုံမှန်ဆွဲခွင့်ရသည်။ ဝင်ငွေကလေးအသင့်အတင့် ရှိလာသည်။ နောက်ထပ် တစ်နှစ်ငွေစုရသည်။ ထိုကြားထဲတွင် သက်ထားနှင့် ခွဲနေရ၏။ သုံးလေးခါသာ လူချင်းတွေသည်။ ကျန်အချိန်များတွင် စာနှင့်ဆက်သွယ်ရုံသာ။

ငွေ အတန်အတင့်စုမိပြီး နှစ်ဘက်မိဘများကို ဖွင့်ပြောသည်။ နှစ်ဘက်စလုံးက လူကြီးတွေမှာ ရိုးရိုးအေးအေးတွေ ဖြစ်သည်။ ကြော့မောင်အဖေက အမှုထမ်းဖြစ်ပြီး အငြိမ်းစားလစာနှင့် အေးချမ်းစွာ နေသည်။ သက်



ထားမိဘများသည် ကုန်သည်အငယ်စားတွေ၊ ခုတော့ ဆိုင်ကိုအငှားချထားပြီး ရသမျှနှင့် တင်းတိမ်နေလိုက်သည်။ နှစ်ဘက်စလုံး လူလတ်တန်းစားတွေဖြစ်ကြသည်။ ခေတ်ပညာတတ် သားသမီးများအပေါ် ယုံကြည်ကြသူများ ဖြစ်သောကြောင့် လက်ထပ်ရေးကိစ္စ အဆင်ပြေသည်။

သက်ထားတို့၏ ပြည်မြို့မှာ ဓာတ်စပ်ပြီး မင်္ဂလာဆောင်ကို အကျဉ်းရုံးလိုက်သည်။ ထို့နောက် ရန်ကုန်မှာ အိမ်ခန်းလေးတစ်ခန်း ငှားနေသည်။ သူငယ်ချင်းတွေနှင့် နီးနီးနားနားပင် ဖြစ်၏။ သက်ထားသည် အလုပ်မရသေး။ လျှောက်လွှာတွေတင်၊ အလုပ်စာမေးပွဲတွေ ဝင်ဖြေနေတုန်းပင် ရှိသေးသည်။

သူတို့အုပ်စုထဲတွင် ခုထိအိမ်ထောင်မပြုသေးဘဲ တစ်ကိုယ်တည်း လုပ်ပိုကြီးလုပ်နေသူမှာ စိန်ထွန်းဖြစ်သည်။ ရည်းစားလည်းမရှိ။ မိန်းမယူဖို့ စိတ်မကူးသေးပါဘူးဟု ပြောသည်။ ခုထိ မိဘအိမ်မှာပင် လုပ်ကျွေးနေတုန်း။ ညီတွေ ညီမတွေက အိမ်ထောင်ကျပြီး သားသမီးတွေ ရနေပြီ။ သူကတော့ တူတွေ တူမတွေကို ထိန်းကျောင်းနေရသည်ကိုပင် ပျော်လို့နေ၏။ ဆပ်ပြာစက်ရုံ ဘဏ္ဍာရေးဌာနမှာ အလုပ်လုပ်သည်။ လခသုံးရာကျော်။

☆☆☆

အေးဇော်နှင့် သီတာမျိုး၊ ခင်မောင်ငြိမ်းနှင့် ဝင်းမာတို့ရောက်ရှိသွားသောအခါ ကြော့မောင်တို့ အိမ်ညှော်ခန်းတွင် မိန့်မိန့်ကြီးထိုင်နေသော စိန်ထွန်းကို တွေ့လိုက်ကြရသည်။

စိန်ထွန်းက ဒီလိုပါပဲ။ ကျန် သူငယ်ချင်းများနှင့် တစ်ခါတစ်လေမှ တွေ့ရတတ်သည်။ အနေဝေးသည်ဟု ထင်ရသည်။ သို့ရာတွင် သာရေးနာရေးကိစ္စရှိလျှင် အရင်ဆုံးပြေးလာတတ်သည်။ ထို့အပြင် သူငယ်ချင်းတွေ၏ သားသမီးမွေးနေ့၊ မင်္ဂလာဆောင်၊ နှစ်ပတ်လည်နေ့များကို အကျ...သတိသည်။ ဖိတ်ဖိတ် မဖိတ်ဖိတ်၊ အခမ်းအနား လုပ်လုပ် မလုပ်လုပ်၊ ...ရာဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်းဖြစ်စေ၊ တစ်ခုခုနှင့် မပျက်မကွက် ရောက်ရှိလာတတ်သည်။

"ခွေးကောင်ကြီး၊ မင်းရောက်နေမယ်လို့လည်း ထင်သားပဲ၊ လမ်းမှာတောင် ခင်မောင်ငြိမ်းကို ပြောမိသေးတယ်၊ မင်း ဘာပါခဲ့လဲ"

အေးဇော်က မေးရာတွင် စိန်ထွန်းက သူ့လွယ်အိတ်ထဲမှ ဒမ်ဆန်ဘရန်ဒီ ပုလင်းပြားလေးကိုထုတ်ပြီး စားပွဲဝိုင်းပေါ် တင်လိုက်သည်။ နောက်ထပ်ရောက်လာသော သူတို့အုပ်စုလည်း စားပွဲဝိုင်းဆောမှာ ကုလားထိုင်စားပွဲများမရှိ။ ကြော့မောင် ပန်းချီဆွဲသော ထောင်လို့ လုံလို့ရသည့် စားပွဲရှင်တစ်လုံးနှင့် ကုလားထိုင်နှစ်လုံးသာရှိသည်။ ထို့ကြောင့် အားလုံး ကြမ်းပြင်ပေါ်မှာပင် ဖျာခင်းထိုင်ကြသည်။ ခင်မောင်ငြိမ်းက…

"အံမယ်… ကြီးပွားလှချည်လား၊ ဘရန်ဒီတွေနဲ့ ငါတို့များ အပြုံတောင် တစ်ယောက်ငါးပက်ပဲ ရမယ်ဆိုလို့ တောင်းတောင်းပန်ပန်နဲ့ တစ်လုံးရအောင် ဆွဲလာရတာ"

"ကုန်တိုက်မှာ စာရင်းသွားရှင်းရင်းနဲ့ ထုတ်လာခဲ့တာပါကွာ"

"အိမ်ရှင်တွေကကောကွ"

"သက်ထားက ထမင်းချက်ဖို့ စီစဉ်နေတယ်၊ ကြော့မောင်က ဟင်းသွားဝယ်နေတယ်၊ မင်းတို့လာမယ်ဆိုတာ ဒီကောင်မသိဘူးမဟုတ်လား၊ ဟင်းတောင် နည်းနေမလား မသိဘူး၊ ငါလိုက်သွားရင် ကောင်းမလား"

"ဟင်းက အရေးမကြီးပါဘူး၊ ထမင်းချက်ဖို့သာ သက်ထားကိုပြောဦးမှ၊ ဒီမှာလေကွာ၊ ငါတို့မှာလည်း စားစရာတွေ ပါပါသေးတယ်"

ဟု ခင်မောင်ငြိမ်းက ပြောပြီး စားပွဲပေါ်တင်ထားသော အထုပ်များကို မေးငေါ့ပြသည်။



"ဘာတွေလဲကွ"

"အစိမ်းကြော်နဲ့ အခေါက်ကင်"

"ဒါဆို စလို့တောင်ရနေပြီ"

"နေပါဦးကွာ၊ ဟိုကောင့် စောင့်လိုက်ပါဦး"

"အေးကွာ၊ အဆင်သင့်တော့ ပြင်ထားလိုက်ရအောင်"

သက်ထား ဧည့်ခန်းထဲသို့ ထွက်လာသည်။

"ဧည့်သည်တွေရောက်နေတာ ထွက်တောင် နှုတ်မဆက်ဘူး၊ ကျွေးရမှာစိုးလို့ ပုန်းနေတာလား"

အေးဇော်က လှမ်းနောက်သည်။ သက်ထားက…

"ပုန်းနေလည်း မရရအောင် လိုက်ရှာမယ့် ဧည့်သည်တွေမို့လို့ မထူးပါဘူးဆိုပြီး ထွက်လာတာ၊ ကဲ…ရှင်တို့ယောကျ်ားလေးတွေ လွတ်လွတ်လပ်လပ် ပေါက်တတ်ကရ ပြောလို့ရအောင် မိန်းကလေးတွေကို မီးဖိုထဲ ခေါ်သွားတော့မယ်"

"ကောင်းသားပဲ၊ ဒါမှ နင်တို့လည်း လွတ်လွတ်လပ်လပ် အတင်းပြောလို့ရတာပေါ့"

စိန်ထွန်းက ပြန်နောက်သည်။ သီတာမျိုးနှင့် ဝင်းမာတို့ သက်ထားနှင့်အတူ မီးဖိုခန်းထဲသို့ ဝင်သွားသည်။ ဒီအိမ်မှာ အမြဲမွှေနှောက်နေကျဖြစ်သော ခင်မောင်ငြိမ်းက ဖန်ခွက်နှစ်လုံး၊ ပလပ်စတစ်ခွက် တစ်လုံးနှင့် မတ်ခွက်တစ်လုံး သွားရှာသည်။ ရေထည့်ဖို့ လိုနေသဖြင့် အေးဇော်က မီးဖိုခန်းထဲ ဝင်သွားသည်။ သက်ထားက ပလပ်စတစ်ရေချိုင့်တစ်လုံးပေးလိုက်သည်။ သူတို့ ပြင်ဆင်နေကြတုန်းမှာပင် ကြော့မောင်သည် အထုပ်များဆွဲ၍ ပြန်ရောက်လာသည်။ ခင်မောင်ငြိမ်းနှင့် အေးဇော်တို့ပါ ရောက်နေကြောင်း တွေ့ရသဖြင့် ဝမ်းသာအားရ နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုမှ သွားဖြပြမနေနဲ့၊ မင်းတို့နှစ်ပတ်လည်နေ့မှာ သူငယ်ချင်းတွေကို ဖိတ်ပြီး တစ်ခုခုကျွေးဖို့ မစဉ်းစားဘူး၊ ခု ငါတို့က သတိရပြီး လာပေလို့သာပေါ့"

အေးဖော်က လှမ်းရိလိုက်သည်။

"ဟာကွာ၊ ငါမဖိတ်ပေမယ့် မင်းတို့လာမှာပဲဆိုတာ သိလို့ပါကွာ"

"မင်း ဘာတွေဝယ်လာသလဲ"

"ဘဲကင်ရယ်၊ အစိမ်းကြော်ရယ်၊ မြေပဲလှော်ရယ်၊ နည်းများ နည်းမလားမသိဘူး၊ ခဏလေးကွာ၊ ငါ ထွက်ဝယ်လိုက်ဦးမယ်"

"နေပါစေ ဟောကောင်၊ ငါတို့လည်း ပါသေးတယ်၊ ဘဲကင်နဲ့ အစိမ်းကြော်ကို မိန်းကလေးတွေစားဖို့ ပေးလိုက်၊ မြေပဲသာထား လိုက်၊ ပြီးတော့ ထည့်စရာပန်းကန်လေး ဘာလေး ယူခဲ့ပါဦးကွ"

"အေး... အေး...၊ အိမ်မှာ ဘာရှိမလဲမသိဘူး၊ ထားကို တစ်ခုခုလုပ်ခိုင်း ဦးမယ်"

ကြော့မောင် အခန်းတွင်း ဝင်သွားပြီး သံပန်းကန်ပြားတွေ ကိုင်၍ပြန်ထွက်လာသည်။ ထို့နောက် အစီအစဉ် စလေသည်။ အဖြူပုလင်းကို အရင်ဖွင့်သည်။ လိုအပ်မှ ဘရန်ဒီပုလင်းပြားကို ဖွင့်ရန် သဘောတူကြသည်။

တစ်ခွက် နှစ်ခွက်လောက်စီ နှိပ်နေကြပြီးနောက် စကားပြောကောင်းစပြုလာသည်။ တစ်ခြား သူငယ်ချင်းများ အကြောင်း၊ ကျောင်းတုန်းက ပျော်ခဲ့ကြပုံများအကြောင်း၊ သူတို့တွေ သက်ထားတို့ ဝင်းမာတို့ သီတာမျိုးတို့၏ အချစ်ကိုရအောင် ကြိုးစားခဲ့ပုံများအကြောင်း၊ နောက်ဆုံး ထုံးစံအတိုင်း စိန်ထွန်းကြီးကို ဝိုင်းစကြလေသည်။

စိန်ထွန်းသည် ပေါက်တတ်ကရပြောတတ်သူ မဟုတ်။ သို့ရာတွင် ထိထိရောက်ရောက်ဖြစ်အောင် ပြောတတ်သည်။ တစ်ယောက်ချင်းဆိုလျှင် စိန်ထွန်းကို နိုင်အောင်ပြောဖို့ မလွယ်ချေ။ ထို့ကြောင့် ကျန်သုံးယောက်ပေါင်းပြီး ဝိုင်းပြောကြခြင်းဖြစ်သည်။



"အသက်သုံးဆယ်ကျော်လို့မှ အိမ်ထောင်မကျရင် သတ္တိမရှိလို့ဖြစ်ချင်ဖြစ်မယ်၊ ရောဂါတစ်ခုခုကြောင့် ယောကျ်ားမပီသလို့လည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်ရင်တော့ အခြောက်ဖြစ်နေလို့ပဲကွ"

အေးဖော်က ဦးဆောင်ပြီး ဘွယ်သည်။ စိန်ထွန်းက ချက်ချင်း တုံ့ပြန်သည်။

"လှစင်စစ်က နွားကျမခံချင်တာလည်း ပါတာပေါ့ကွာ"

"မင်းစကားက ရိုးလွန်းလှတယ်ကွာ၊ သူများတွေ ဖန်တစ်ရာတေအောင် သုံးပြီးသားကြီး၊ တစ်မျိုးထွင်ပြီး ပြောစမ်းပါဦး"

ကြော့မောင်က စစ်ကူဝင်လာသည်။ စိန်ထွန်းက တဖန်...

"မင်းတို့ကို ကြည့်ပြီး ငါတရားကျတယ်ကွာ၊ ဘယ့်နှယ်သွားရလာရတာလည်း မလွတ်လပ်၊ ခုပဲကြည့်၊ နောက်က တန်းတန်းပါနေတာ၊ မင်းတို့ဘဝဟာ မော်တော်ကားနဲ့တူတယ်၊ သာမန်အားဖြင့် ကြည့်ရင်တော့ ကြွကြွရွရွလေးတွေ၊ ဟိုသွားလိုက်၊ ဒီထားလိုက်၊ ဝိုကနဲ၊ ကျွိကနဲ လေလိုပြေးနေတယ်လို့ ထင်ရတယ်၊ အချိန်တန်တော့လည်း ဓာတ်ဆီဆိုင်မှာဝင်ပြီး တန်းစီနေရတဲ့သဘောပါပဲ၊ အချိန်တန်တော့လည်း မိန်းမဆီ မပြန်ဘဲနေလို့ မရဘူး မဟုတ်လား၊ ငါဆို ဘယ်လောက်လွတ်လပ်သလဲ ကြည့်စမ်း၊ သွားချင်ရာသွား၊ လာချင်ရာလာ၊ နေချင်သလိုနေ၊ အိမ်ပြန် မအိပ်လည်းရတယ်၊ ငါ့ခြေထောက်တွေက ဓာတ်ဆီ ထည့်စရာလည်းမလိုဘူး၊ နေ့စွမ်းအင်နဲ့ အားပြည့်ပြီး သွားလာလို့ရတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ မင်း အိမ်ပြန် မအိပ်တဲ့နေ့ဆိုရင် မင်းအမေကိုတော့ အိမ်ပြန်မအိပ်ဘူးလို့ အကြောင်းကြားရမှာပဲ၊ အကြောင်းမကြားဖြစ်ရင်တော့ အမေတော့ စိတ်ပူနေမှာပဲလို့ စိတ်တထင့်ထင့်ဖြစ်ရဦးမှာပဲ၊ ပြီးတော့ မင်း မနက်ကိုးနာရီခွဲအရောက်ရုံးကိုသွား

www.burmeseclassic.com



ကိုသွားရမယ်၊ ရုံးမတက်ချင်ရင် ခွင့်စာတင်ရမယ်၊ ယုတ်စွအဆုံး စိန်ထွန်းဆိုတဲ့ မင်းရဲ့နာမည်တောင်မှ မင်းကို ထိန်းချုပ်ထားတဲ့ အနှောင်အဖွဲ့ပဲ၊ မင်းနာမည်ကို ပြောင်းချင်တိုင်း ပြောင်းလို့မရဘူး လေ၊ မင်း လခထုတ်တဲ့အခါ တစ်ခြားနာမည်နဲ့ ထုတ်လို့ရလို့လား၊ မင်းရဲ့တိုးမြလက်မှတ်ကို ပြောင်းထိုးရင်တောင် ငွေထုတ်ပေးမှာ မဟုတ်ဘူး၊ နောက်ဆုံးကွာ၊ ဒီအနှောင်အဖွဲ့တွေကို အလွတ်ရုန်း မယ်လို့ သာသနာ့ဘောင်ထဲကို ဝင်ရင်တောင် ရဟန်းတို့စောင့် ထိန်းအပ်တဲ့ သိက္ခာကိုမြဲအောင် နေရဦးမှာပဲ၊ ဆိုလိုတာက လူ ရယ်လို့ဖြစ်လာရင် အထိန်းအချုပ် အနှောင်အဖွဲ့တွေနဲ့ ဘယ်တော့ မှ မလွတ်နိုင်ဘူး၊ လက်ခံသင့်တဲ့ထိန်းချုပ်မှုဆိုရင် မငြင်းပယ်သင့် ဘူးပေါ့ကွာ"

ခင်မောင်ငြိမ်းက တည်ငြိမ်စွာပြောလိုက်သောအခါ စိန်ထွန်းအပါ အဝင် ကျန်သုံးယောက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ခဏကြာမှ စိန်ထွန်းက ခင်မောင်ငြိမ်း၏ လက်မောင်းကို ခပ်ဆတ်ဆတ် ပုတ်လိုက်ပြီး...

"ဟ.. ခင်မောင်ငြိမ်း၊ မင်းစကားက နက်လှချည်လား၊ မင်းပါးစပ်က တည်တည်တန့်တန့် စကားမျိုးထွက်တာ ဒီတစ်ခါပဲ ကြားဖူးသေး တယ်"

ခင်မောင်ငြိမ်းသည် ကိုယ့်ကို မတ်မတ်ကြီး လုပ်ထားရာမှ ပြန်လျှော့ လိုက်၏။ ထို့နောက်...

"သိပါဘူးကွာ၊ ခေါင်းထဲပေါ်လာတာနဲ့ စွတ်ပြောလိုက်တာပါ"

"စွတ်ပြောပေမယ့် မင်းစကားက အဖိုးတန်တယ်ကွ"

ဟု ကြော့မောင်က ဝင်ပြောသည်။ အေးဇော်က ပုလင်းကိုယူပြီး ဖန်ခွက် တွေထဲ နည်းနည်းစီ ထပ်ထည့်နေ၏။



မီးဖိုခန်းထဲတွင် မိန်းကလေးသုံးယောက် စကားပြောနေကြသည်။ အိမ်ရှေ့ခန်းက ကောင်တွေလို အမြည်းကလေး တစ်တို့၊ အရည်လေးတစ်ကျိုက် လုပ်ရင်း စကားပြောနေသည်တော့ မဟုတ်ချေ။

ထမင်းအိုးနပ်ထားရင်း မီးကျီးခဲရဲရဲတွင် ငါးနပ်ခြောက်များကို ဖုတ် ထားသည်။ သီတာမျိုးနှင့် ဝင်းမာဇာ အာလူးကို အခွံသင်ပြီး ခပ်သေးသေး အချောင်းကလေးတွေ ဖြစ်အောင် လှီးနေကြ၏။

"ဟော့ပလိပ် မသုံးဘူးလား"

ဟု သီတာမျိုးက မေးသည်။ သက်ထားက...

"မဝယ်နိုင်သေးဘူး သီတာရဲ့၊ တစ်ရာကျော် ပေးရတယ်ပြောတယ်၊ နောက်လလောက်တော့ ဝယ်နိုင်မယ် ထင်တာပဲ၊ လျှပ်စစ်မီးဖိုက ထွက်ခြေကိုက်တယ်တဲ့"

"ဟုတ်တယ် မီးမွှေးရတာ သက်သာတယ်၊ အချိန်မကုန်ဘူး၊ သန့် လည်း သန့်ရှင်းတယ်၊ အိုးမည်းမပေတော့ အိုးတိုက်ရတာလည်း သက်သာတယ်၊ မီတာကျတာနဲ့ ယှဉ်ကြည့်ရင် မီးသွေးဖိုးနဲ့ သိပ်မကွာလှဘူး၊ အဲ မီးပျက်ပြီဆိုရင်တော့ ဘာမှလုပ်လို့ မရတော့ ဘူးပေါ့"

သက်ထားက 'အင်း'လိုက်ပြီး ထမင်းအိုး အဖုံးကိုဖွင့်ကြည့်သည်။ နပ်နေပြီ။ ထမင်းအိုးကို ချသည်။ မီးကျီးခဲထဲက ငါးနပ်ခြောက်များကို ထုတ် သည်။ သီတာမျိုးက စဉ့်နီတုံးပေါ်တင်ပြီး ငရုတ်ကျည်ပွေ့နှင့် ခပ်ဖွဖွထုရင်း...

"ထမင်းရေခန်း ချက်တာမဟုတ်လား"

"ဟုတ်တယ်"

ဒယ်အိုးကို မီးဖိုပေါ်တင်။ ဆီနည်းနည်းလောင်း။ မီးဖိုထဲသို့ မီးသွေးခဲ တစ်ခဲနှစ်ခဲ ထပ်ထည့်ကာ မီးစွဲအောင် ယပ်ခပ်ရင်း သက်ထားဖြေသည်။ ဝင်းမာက တုံးပြီးသား အာလူးများကို ဇလုံထဲထည့်၊ ဆားနည်းနည်း နှနှင်း နည်းနည်းထည့်ပြီး နယ်နေ၏။

www.burmeseclassic.com



"အိမ်မှာတော့ ထမင်းရေငုံပြီးတော့ပဲ ချက်တယ်၊ ကိုအေးဇော်တို့ အမေက ရေခန်း မစားတတ်ဘူး၊ ပျော့စိစိဖြစ်နေလို့တဲ့"

သီတာမျိုးက ပြောသည်။ သက်ထား ရှက်ချင်းစကားမပြန်နိုင်။ ဆီကျက်နေပြီ။ ဇလုံကိုယူ၍ အာလူးတုံးကလေးများကို တန်သင့်ရုံထည့်သည်။ ရှဲကနဲမြည်ပြီး အခိုးအငွေ့များ ပျံ့ထသွားသည်။ 'ပဲနှမ်းလား' ဟု ဝင်းမာက မေးသည်။ ခေါင်းကို ညိတ်ရုံသာ ညိတ်ပြသည်။ လက်အားသွားသော ဝင်းမာက ငါးနပ်ခြောက်များကို ဓားနောင့်ဖြင့် ကူထုပေးရင်း...

"အေးစန္ဒာမျိုးကို ဘာဖြစ်လို့ ခေါ်မလာတာလဲ"

"သမီးက ဓာတ်ဓာတ်အိပ်တတ်တယ်လေ၊ ဒီမှာက နောက်ကျချင်ကျမှာ၊ ဒါကြောင့် သူ့အဘွားနဲ့ ထားခဲ့ရတယ်"

"သီတာက ကံကောင်းတယ်နော်၊ အိမ်မှာ လူကြီးရှိတော့ ကိုယ်သက်သာတာပေါ့၊ တာဝန်ပေါ့တယ်၊ ကိုယ့်အိမ်မှာ ကိုယ်လူကြီးလုပ်ရရင် ပူစရာ ပင်စရာရှိတဲ့အခါ သိပ်ခေါင်းပူတာပဲ"

သီတာမျိုးက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။ သက်ထားက ကြားဖြတ်၍ ...

"ဝင်းမာရော ဘယ်နှစ်လရှိပြီလဲ"

"ရှစ်လကျော်ပြီ"

"ဂျူးဒိတ်ကရော"

"ရှေ့လလောက် မွေးမယ်ပြောတယ်"

"ထားရော ကလေးမယူသေးဘူးလား"

သီတာမျိုးက ဝင်မေးသဖြင့်...

"ယူတော့မယ်လို့ စိတ်ကူးတာပဲ"

"ငယ်တုန်းယူထားတာ ကောင်းပါတယ်၊ ကြီးမှဆိုရင် မွေးရ ဖွားရခက်နေမယ်၊ ခု ဟိုဆေးတွေ စားသေးလား"



"မစားတော့ဘူး၊ ရပ်ထားလိုက်ပြီ"

အာလူးကြော် ကျက်သွားပြီဖြစ်သည်။ ကျောင်းမှာတုန်းက ပန်းချီအဖွဲ့ ပျော်ပွဲစားထွက်တိုင်း သက်ထား အာလူးကြော် တာဝန်ယူရသည်။ အစုလိုအချောင်းကလေးတွေကို တုံးပြီး ခပ်ရွရွလေးကြော်သော သက်ထား၏ အာလူးကြော်သည် ဟိုစဉ်ကတည်းက နာမည်ကြီးလှ၏။

ငါးခြောက်ဖုတ်ကို ဆီနည်းနည်းဆမ်းသည်။ သူတို့ မိန်းကလေးဝိုင်းအတွက် အနည်းငယ်ခွဲပြီးနောက် အာလူးကြော်ပန်းကန်နှင့် ငါးခြောက်နပ်ပန်းကန်ကိုယူပြီး သက်ထားအိမ်ရှေ့ခန်း ထွက်သွားသည်။ ကျန်နှစ်ယောက်က သူတို့ထမင်းစားဖို့ ပြင်ဆင်နှင့်၏။ သက်ထားက ပန်းကန်များကို စားပွဲဝိုင်းပေါ် ချပေးလိုက်သောအခါ ခင်မောင်ငြိမ်းက...

"ဟား... တယ်ဟုတ်ပါလား၊ ဒါကြောင့်လည်း ကြော့မောင်တို့ တစ်ထားတည်း ထားနေတာကိုး"

ကြော့မောင် ခပ်ပြုံးပြုံးကြီးလုပ်ရင်း စိန်ထွန်းကိုကြည့်၍...

"တွေ့တယ်မဟုတ်လား ဟော့ကောင်၊ မိန်းမယူတဲ့အရသာဆိုတာ အဲဒါပဲကွ၊ ဟုတ်တယ်မဟုတ်လား ထား"

သက်ထားက ပြုံးပြီး 'ဟုတ်ပါတယ်တဲ့' ဟု ပြောသည်။ တစ်ဆက်တည်း...

"ထမင်းရော တစ်ခါတည်း စားကြတော့မလား"

"ခဏနေမှ စားမယ်ဟာ၊ နည်းနည်းပါးပါးပဲ၊ စားနိုင်မှာပါ၊ အမြည်းတွေက များနေပြီ"

သက်ထားက 'တို့တွေတော့ စားနှင့်တော့မယ်' ဟု ပြောပြီး အတွင်းခန်း ပြန်ဝင်သည်။ အပေါက်ဝအရောက်တွင် လှည့်၍...

"ကိုမောင် သိပ်မများစေနဲ့နော်"

စိန်ထွန်း အကွက်ကောင်းရသွား၏။ တဟားဟားရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ကောင်းလိုက်တဲ့အရသာ၊ မိန်းမယူတဲ့အရသာ၊ သိပ် မများစေနဲ့တဲ့၊ အဲဒါ ထိန်းချုပ်မှုပဲပေါ့ကွ ဟား... ဟား..."

"အောင်မာ ဒါကောင်းသော ထိန်းချုပ်ခြင်းပဲ၊ လက်ခံသင့်တာပေါ့"

ခင်မောင်ငြိမ်းက ကြော့မောင်အစားဝင်၍ ချေပသည်။ အရက်နှင့်ပတ်သက်၍ မိန်းကလေးတွေ သဘောထားပုံမှာ အတူတူပင်ဖြစ်သည်။ ကိုယ့်ယောကျ်ား အရက်သောက်တာကို မကြိုက်တတ်ကြ။ ဆူဆူပူပူ လုပ်ခြင်း၊ ဖျောင်းဖျောင်းဖျဖျ ပြောခြင်း၊ ဘာမျှ မပြောသော်လည်း ဝမ်းထဲက ကျိတ်ပြီး မကျေမနပ်ဖြစ်ခြင်း၊ အလျှော့အတင်းလုပ်ခြင်းတို့သာ ကွာသည်။ ဒီမိန်းကလေးသုံးယောက်ကတော့ နောက်ဆုံးအမျိုးအစားထဲတွင် ပါဝင်၏။ တစ်ခါတစ်လေ အပျော်သဘောလုပ်ခြင်းကို ခွင့်ပြုသည်။ လွန်တော့ မလွန်စေနှင့်။ ရက်မဆက်စေနှင့်။

ကြော့မောင်နှင့် သက်ထားတို့မှာ ဘယ်သူက ဘယ်သူ့ကို နိုင်ရသည်ဟူ၍မရှိ။ နှစ်ယောက်စလုံး ခပ်အေးအေး ခပ်ပျော့ပျော့တွေ ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အလျှော့ပေးနေခြင်းဖြင့် ပြေလည်မှု ရနေသည်။ သက်ထားက သိပ်မများစေနဲ့နော်ဆိုလျှင် ကြော့မောင်က လျှော့သောက်သည်။ ကြော့မောင်က တစ်ခါတစ်လေ သူငယ်ချင်းတွေနှင့် သောက်ချင်သည်ဆိုလျှင် သက်ထားက ကြည်ဖြူစွာ ခွင့်ပြုသည်။

အေးဇော်က သီတာမျိုးကို နိုင်ချင်သည်။ သီတာမျိုး ကြိုက်သလား မကြိုက်သလား မစဉ်းစား။ သူ လုပ်ချင်ရာလုပ်သည်။ သီတာမျိုးသည် နဂိုက ခပ်အေးအေး။ စကားနည်းနည်းဖြစ်သောကြောင့် အေးဇော်ကို ဘယ်တော့မှ မငြူစူ။ အေးဇော် ဘာလုပ်လုပ် ဘာမျှမပြော။ အေးဇော်ပြောသမျှသာ အားလုံးနာခံခဲ့သည်ချည်း ဖြစ်သည်။

တစ်ခုတော့ ရှိသည်။ အေးဇော်ကလည်း မဟုတ်တာ မလုပ်။ စိတ်နည်းနည်းဆတ်သည်ကလွဲလျှင် လူဖြောင့်ဖြစ်သည်။ သီတာမျိုးကိုလည်း တကယ်ချစ်သည်။



ခင်မောင်ငြိမ်းနှင့် ဝင်းမာကျတော့ တစ်မျိုး။ ခင်မောင်ငြိမ်းက လူအေး။ ပျော်ပျော်နေတတ်သည်။ ဝင်းမာက နည်းနည်းထက်သည်။ ထို့ကြောင့် ခင်မောင်ငြိမ်းအပေါ် ဩဇာလွှမ်းချင်သယောင်ရှိသည်။ ငယ်သူငယ်ချင်းများ ဖြစ်ကြပြီး ငယ်ငယ်ကတည်းက ဝင်းမာ့က ခင်မောင်ငြိမ်းအဖို့ အဆန်းမဟုတ်တော့ချေ။

ဒီနေ့အဖို့ ကြော့မောင်နှင့် သက်ထားတို့၏ မင်္ဂလာနှစ်ပတ်လည်ဖြစ်သောကြောင့် အထူးအခွင့်အရေး ရထားကြသည်။ ကြော့မောင်တို့ သူငယ်ချင်းတစ်စုမှာ ပုံမှန်သောက်ဖြစ်ကြသူများတော့ မဟုတ်ကြ။ တစ်ခါတစ်လေကျမှသာ နည်းနည်းပါးပါး စကားပြောကောင်းရုံ လုပ်ဖြစ်ကြခြင်း ဖြစ်သည်။

"ငါးခြောက်ဖုတ်ကလေး ဖုတ်ပေးတာ၊ အာလူးကြော်လေး ကြော်ပေးတာလောက်တော့ အကျယ်ချဲ့ပြောမနေစမ်းပါနဲ့ကွာ၊ ဘာနဲ့အလားသဏ္ဌာန် တူသလဲဆိုတော့ မိန်းမရလို့ ထမင်းစားပြီး ပန်းကန်တစ်ချပ် မဆေးရတော့တာကိုပဲ မြင်တယ်၊ မိန်းမရေချိုးဖို့ ရေတစ်စည် ပြန်ခပ်ပေးရတာတော့ မမြင်ဘူးဆိုတာလိုပဲ၊ ပြီးတော့ ထမင်းဆိုင်မှာ သွားဝယ်စားရင်လည်း ဒါမျိုးတွေ စားလို့ရတာပါပဲ"

စိန်ထွန်းသည် စကားဆက်ကို ပြန်ကောက်ပြန်သည်။ ကြော့မောင်က 'အချစ်ကိုတော့ ဝယ်စားလို့မရပါဘူး'ဟု ဝင်ပြော၏။

"ဘာလို့ မရရမှာလဲ၊ လက်ကားသာ မရရင်နေမယ်၊ လက်လီကတော့..."

"အဲဒါ အချစ်မှမဟုတ်တာ၊ အပျော်ကွ"

ဒီနေ့အဖို့ ကြော့မောင်တို့အုပ်စုကပို၍ စကားလုံးပြောင်နေ၏။ စိန်ထွန်းမှာ အရှုံးပေးရလုလု ဖြစ်နေသည်။ သူ တစ်ယောက်တည်းဖြစ်ပြီး တစ်ဖက်က သုံးယောက်ဖြစ်သဖြင့် တစ်ယောက်တစ်မျိုးစီ ဝင်တွယ်နေကြလေသည်။ စိန်ထွန်းက ဘာမှပြန်မပြောသေးဘဲ ငါးနှပ်ခြောက်တစ်ဖတ်ကို ဝါးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်သည် ဆေးပေါ့လိပ်ကို သုံးလေးဖွာ ဆက်၍ ဖွာရှိုက်လိုက်ပြီး တစ်စုံတစ်ခု သတိရသွားဟန်ဖြင့် ...

"ဒီမှာ စိန်ထွန်း၊ မင်းအိမ်မှာ ဆေးလိပ်ဝယ်ထားတတ်သလား"

"သုံးလေးလိပ်တော့ ဝယ်ထားတတ်တာပေါ့ကွာ"

"ငါပြောမယ်၊ တစ်ခါတစ်လေ ဆေးလိပ်ဝယ်ထားဖို့ မေ့သွားတတ်တဲ့အခါမျိုး ကြုံဖူးမှာပေါ့၊ ည သန်းကောင်လောက်ကြီး အိပ်ရာက တစ်ရေးနိုးလာတဲ့အခါ ဆေးလိပ်သောက်ချင်တဲ့ဆန္ဒ သိပ်ပြင်းပြနေမယ်၊ ဆေးလိပ်ကလည်း ကုန်နေပြီ၊ အဆင်သင့်မရှိဘူးဆိုရင် ဘယ်လောက်အနေရခက်သလဲ၊ မင်းသိမှာပါ"

စိန်ထွန်းက ပြုံးလိုက်သည်။ ခင်မောင်ငြိမ်းက...

"သိပ်မှန်တာပေါ့ကွာ၊ အေးဖော်ရဲ့စကားဟာ အလွန်ထိရောက်တဲ့ ဝက်ဝုတ္တိအလင်္ကာပါပဲ"

စိန်ထွန်းသည် အခေါက်ကင်တစ်ဖတ်ကို ခပ်ယူပြီးမှ မစားသေးဘဲ...

"အဲဒီတော့လည်း အဲ... ရေသောက်ပြီး ပြန်အိပ်လိုက်ရုံပေါ့ကွာ ဟား... ဟား..."

ခင်မောင်ငြိမ်းက တစ်စခန်းထလာပြန်သည်။

"စိန်ထွန်းရာ၊ ငါတို့ဆယ်တန်းတုန်းက ဘိုင်အိုသင်ရတဲ့ထဲမှာ ပါတယ်လေ၊ သက်ရှိတို့ရဲ့ တာဝန်တွေထဲမှာ အရေးကြီးဆုံးက မျိုးဆက်ပြန့်ပွားဖို့ပဲ မဟုတ်လား"

"ဘာလဲ၊ မင်းက ငါ့ကို တိရစ္ဆာန်တွေထက်တောင် အဆင့်နိမ့်တယ်လို့ ဆိုချင်တာလား"

"တိရစ္ဆာန်တောင် မဟုတ်ဘူး၊ သစ်ပင်တွေ လောက်တောင် အဆင့်မရှိဘူးလို့ ပြောချင်တာ"



စိန်ထွန်းက သဘောကျသလို ခေါင်းတညိတ်ညိတ်လုပ်ရင်း အသံမထွက်ဘဲ ရယ်နေသည်။ ကြော့မောင်က...

"စိန်ထွန်း၊ မင်း ဒီတစ်သက် အိမ်ထောင်ပြုဖို့များ စိတ်ကူးသေးရဲ့လား"

မျက်နှာပိုးသတ်၍ မေးလိုက်သည်။

"တစ်ခါ တစ်ခါတော့ အိမ်ထောင်ပြုလိုက်ရင် ကောင်းမလားလို့ မိုက်မိုက်မဲမဲ တွေးမိတတ်သေးတယ်"

"လာ လာချည်သေးကွာ"

အေးဖော်က ဝင်ပြောသည်ကို စိန်ထွန်းက ဂရုမစိုက်ဘဲ ...

"အိမ်ထောင်ပြုမယ်ဆိုရင် ရည်းစားရှိဦးမှကွ၊ ငါ့မှာ ရည်းစားမှမရှိဘဲ၊ ရည်းစားရှိဖို့ဆိုတာကလည်း တစ်ယောက်ယောက်ကို ချစ်မိဦးမှ မဟုတ်လား၊ ငါ ချစ်လို့မရပါဘူးကွာ"

"ချစ်တယ်ဆိုတာ မုန်းတာမဟုတ်လို့ ကောင်းတာပဲ မဟုတ်လား"

"အေး– ချစ်တယ်ဆိုကတည်းက ကောင်းပြီပေါ့ကွာ၊ ဒီနေရာမှာ အားလုံးကို ချစ်နိုင်ရင် အကောင်းဆုံးပဲ၊ ကိုယ့်မိသားစုတစ်ခုလေးကို ကွက်ပြီးချစ်တာမျိုးကတော့ ဘယ်သင့်တော်မလဲ"

"မင်းကတော့ မင်းကိုယ်မင်းသာ အချစ်ဆုံး မဟုတ်လား"

"သိပ်မှန်တာပေါ့၊ လူဆိုတာ ကိုယ့်ကိုကိုယ်သာ အချစ်ဆုံးဆိုရင် ဘယ်သူမှ ငြင်းလို့မရဘူး၊ ကိုယ့်ကိုကိုယ် ချစ်ရုံနဲ့ မကျေနပ်နိုင်ဘူး။ သူများကပါ ကိုယ့်ကိုချစ်စေချင်ကြတယ်၊ အဲဒီအခါမှာ ကိုယ်ကလည်း သူများကို ပြန်ချစ်ရပေလိမ့်မယ်၊ ကိုယ့်အကျိုး ဖြစ်ထွန်းစေချင်ရင် ကိုယ်ကလည်း သူများအကျိုးကို ဆောင်ရွက်ပေးရမယ်ဆိုတဲ့ သဘောမျိုးပေါ့၊ ပြီးတော့ မင်းတို့ခုနပြောတဲ့ ကိစ္စရှင်းချင်သေးတယ်၊ သက်ရှိတို့၏ အဓိကတာဝန်က မျိုးဆက်ပြန့်ပွားဖို့ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ မှန်တယ်၊ ဒါပေမယ့် မျိုးဆက်ပြန့်ပွားရုံနဲ့ တာဝန်မကျေနိုင်ဘူး၊ လူသားတွေရဲ့အကျိုးကို ပိုမိုတိုးတက်ဖြစ်ပေါ်စေဖို့ လူ့အဖွဲ့အစည်းကို ပိုမိုသာယာ ငြိမ်းချမ်းစေဖို့ လုပ်နိုင်မှ တာဝန်ကျေမှာပေါ့၊ ဒါဟာ လူနဲ့တိရစ္ဆာန်တို့ရဲ့ အဓိကခြားနားချက်ပဲ"

စိန်ထွန်းသည် ခုလိုပင် အပြောင်အပျက်တွေ ပြောနေရာမှ လေးနက်သော အကြောင်းအရာများဆီသို့ ဆွဲဆောင်ပြောဆိုသွားတတ်သည်။ သို့ဖြင့် စကားဝိုင်းသည် တည်တည်ငြိမ်ငြိမ်ဖြစ်လာသည်။ ထိုနေ့က ညဆယ်နာရီလောက်မှ လူစုကွဲသည်။ အေးဇော်တို့ လင်မယားနှင့် ခင်မောင်ငြိမ်းတို့ လင်မယား ပြန်သွားသည်။ စိန်ထွန်းက ကြော့မောင်တို့အိမ်မှာပင် အိပ်မည်ဆိုပြီး နေခဲ့သည်။ ကြော့မောင်နှင့် စိန်ထွန်းတို့သည် ည ဆယ့်တစ်နာရီလောက်ထိ စကားဆက်ပြောဖြစ်ကြသေးသည်။

☆☆☆



ကြော့မောင် အိပ်ရာပေါ်တွင် မှောက်နေသည်။ သူ့တင်ပါးမှာ သွေးစုနာကြီးပေါက်နေ၏။ အနာက မှည့်နေပြီ ဖြစ်သည်။ သက်ထားသည် ငွမ်းစကို ရေနွေးဖြင့်စိမ်လျက် အနာကိုဖန်ရည်ဆေးပေးနေသည်။ သို့မှသာ ပြည်တွေညှစ်ထုတ်သောအခါ အနာသက်သာမည်ဖြစ်သည်။

ကြော့မောင်ကား သူ့ထုံးစံအတိုင်း နည်းနည်းတော့ စိတ်ကူးယဉ်လိုက်သေးသည်။ သက်ထားကို သူ စတင်ချစ်ကြိုက်မိကာစတုန်းက သူတို့လက်ထပ်ပြီးကြလို့ သူ့တင်ပါးမှာ သွေးစုနာပေါက်လျှင် ဘယ်လိုနေပါလိမ့်မလဲဟု တစ်ခါမျှ မတွေးမိခဲ့ဖူးပါ။ သက်ထားသည်လည်း တစ်နေ့သောအခါ သူ၏ သွေးစုနာကို ခုလိုကိုင်တွယ်ပြုစုရလိမ့်မည်ဟု ယောင်၍မျှ စဉ်းစားမိခဲ့မည် မထင်ပါ။ သမီးရည်းစားဘဝတွင် သက်ထားက သူ့ကို ဝက်ခြံတစ်ခါညှစ်ပေးသည်။ ဒါကို သူ ပြောလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုဟာက မျက်နှာပေါ်မှာ ပေါက်သောဝက်ခြံကလေးမျှသာ မဟုတ်ပါ။ တင်ပါးပေါ်မှာပေါက်သော ပြည်တွေဝနေသော သွေးစုနာကြီး။ ဒါကို မရှုမရှာ ကိုင်တွယ်ပြီး ညှစ်ပေးဖို့က တော်ရုံတန်ရုံ စေတနာနှင့် မဖြစ်နိုင်ချေ။

သွေးစုနာ ဆိုတာကလည်း များသောအားဖြင့် တင်ပါးမှာသာ ပေါက်တတ်စမြဲ။ ထိုအခါ ကိုယ့်ဘာသာကိုယ် ညှစ်ဖို့မလွယ်။ အမေကို ညှစ်ခိုင်းလျှင် မရှိမသေနိုင်းရာကျမည်။ အမေကျတော့လည်း မသင့်တော်။ ညီမတွေ အစ်မတွေဆိုလျှင်လည်း မသင့်တော်။ ညီအစ်ကို သူငယ်ချင်းဆိုလျှင်လည်း ယောကျ်ားလေးတွေမို့ စိတ်ရှည်မည်မဟုတ်။ ဖြိုကနဲ တအားညှစ်ချလိုက်လျှင် မချိမဆန့်ခံရမည်။

ဟော မိန်းမကျတော့။

ရေနွေးစိမ်ထားသော ဝွမ်းစကလေးဖြင့် အသာပွတ်သပ်သန့်စင်ပေးမည်။ စိတ်ရှည် လက်ရှည် ညင်ညင်သာသာ ညှစ်ထုတ်ပေးမည်။ ဒီတစ်ခါ စိန်တွန်းကြီးနှင့် တွေ့လျှင် 'မိန်းမယူရတဲ့အရသာကို ဖင်မှာ သွေးစုနာပေါက်မှ ပိုပြီး သိသာနိုင်တယ်'ဟု အသားယူပြီး ပြောရဦးမည်။

သြော်... ကောင်းလေစွ။

ထိုအခိုက် သက်ထားက အနာကို ဆတ်ခနဲ ညှစ်လိုက်ရာ...

"အား... နာတယ်ဟ"

ကြော့မောင် အတွေးပြတ်ပြီး တွန့်ခနဲ ဖြစ်သွားသည်။

"နည်းနည်းပါးပါးတော့ အနာခံရမှာပေါ့"

"အေးပါ... ရတ်တရက်ဆိုတော့ ဖြည်းဖြည်းနော်၊ အာ"

"ငြိမ်ငြိမ်နေစမ်းပါ ကိုမောင်ရဲ့၊ ဒီမှာ ရတော့မယ်၊ ခဏလေးပါ၊ အဆံထွက်သွားမှ နောက်တစ်ခါ ပြန်မဖြစ်မှာ၊ ခဏလေး အဲ... ရပြီ"

သက်ထားက ထွက်လာသောသွေးစများကို ဝွမ်းဖြင့် သုတ်ခြင်း၊ အရက်ပျံဆွတ်ထားသော ဝွမ်းစဖြင့် ပွတ်ခြင်း၊ ဆေးထည့်ခြင်းများ ပြုလုပ်ရင်း...



"အဲဒါကြောင့်ပြောတာပေါ့၊ သိပ်မများစေနဲ့လို့၊ သူ့မှာဖြင့် ဒီလိုချည်းပဲ၊ တစ်ခါသောက်ပြီးပြီဆိုရင် သွေးစုနာပေါက်ရတာနဲ့၊ အပူကန်လို့ လည်ချောင်းနာရတာနဲ့၊ လျှာကွဲရတာနဲ့"

"သောက်လို့ချည်းပဲ မဟုတ်ပါဘူးဟာ၊ ဝမ်းချုပ်တာလည်း ပါတယ်၊ အညောင်းထိုင်ပြီး ပုံဆွဲရတာများလို့လည်း ပါ,ပါတယ်"

ပြည်တွေ ညှစ်ထုတ်လိုက်ပြီးနောက် တော်တော်ကလေး နေသာထိုင်သာရှိသွား၏။ ကြော့မောင်သည် မှောက်နေရာမှ ထ၍ အိပ်ရာပေါ်တွင် အနာမရှိသည့် တင်ပါးဘက်ကို အားပြုပြီး ထိုင်လိုက်သည်။

"ထားကို မကျေနပ်တာ ရှိသေးတယ်သိလား"

ဟု ပြောသည်။ သက်ထားက 'ဘာကိုလဲ'ဟု မေးသည်။

"ဘာရမလဲ၊ ဟိုညက ထား ကတိဖျက်တာကိုပေါ့"

သူတို့လင်မယားနှစ်ယောက်မှာ အပြန်အလှန် ကတိထားခဲ့ကြတာရှိသည်။ သူငယ်ချင်းတွေရှေ့ကျလျှင် တစ်ယောက်အပေါ်တစ်ယောက် မကျောကြေး။ အထူးသဖြင့် ယောကျ်ားလေး သူငယ်ချင်းတွေရှေ့ကျလျှင် သက်ထားက ကြော့မောင်ကို ရိုရိုသေသေဆက်ဆံရန်၊ မိန်းကလေးသူငယ်ချင်းတွေ ရှေ့ကျလျှင် ကြော့မောင်က သက်ထားကို အရေးပေးဂရုစိုက်ရန်ပင်ဖြစ်သည်။ ခု ကြော့မောင်ပြောသည်မှာ ဟိုညက 'သိပ်မများစေနဲ့နော်'ဟု သက်ထားပြောခဲ့သည်ကို ရည်ရွယ်ကြောင်း သက်ထား သိလိုက်၏။

"ဒါကတော့ စေတနာနဲ့ အသိပေးတာပဲ၊ ကိုမောင့်ကို ကျော်တာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုမောင်ကကော ဘယ်တုန်းက လွန်အောင် သောက်ဖူးလို့လဲ၊ ထားက အဲဒီလိုပြောလိုက်တော့ ဟိုကောင်တွေက ကိုမောင့်ကို အထင်သေးမှာပေါ့"

"ဒီလောက်လည်း သိက္ခာကျ မသွားပါဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



သက်ထားသည် ရေနွေးဓာတ်ဘူး၊ ပွမ်းလိပ်၊ ဆေးဗူးစသည်တို့ကို သိမ်းဆည်းရှင်းလင်းနေသဖြင့် ခဏစကားပြတ်သွားသည်။ ပြီးမှ ခုတင်ပေါ် တင်ပလ္လင်ခွေထိုင်၍...

"ကိုမောင့်ကို မေးစရာ တစ်ခုရှိသေးတယ်"

"ဘာလဲ"

သက်ထားက ခဏဆိုင်းပြီးမှ...

"သီတာမျိုးတို့ အဆင်ပြေရဲ့လား"

"ဘာဖြစ်လို့ မေးတာလဲ"

"ဩော်– သီတာက ကိုအေးဇော်တို့အိမ် လိုက်နေရတာ မဟုတ်လား၊ အဲဒါ ကိုအေးဇော်တို့အမေနဲ့မှ ပြေလည်ရဲ့လားလို့"

"သီတာက ဘာပြောလို့လဲ"

"ဘာမှတော့ မပြောပါဘူး၊ သူ့အကြောင်းလည်း ကိုမောင်သိသားနဲ့၊ ခပ်အေးအေးနေတဲ့ ဥစ္စာ၊ သူမပြောပေမယ့် ထား စိတ်ထဲတစ်မျိုး တွေးမိလို့ပါ"

ဟိုညတုန်းက 'သီတာက ကံကောင်းတယ်နော်၊ အိမ်မှာ လူကြီးတွေ ရှိတော့' စသည်ဖြင့် ပြောသည်ကို သီတာမျိုးက နွမ်းတုံ့မပြန်ဘဲ နေခဲ့ပုံ၊ ထိုအကြောင်း စကားဆက်မပြောစေလိုသည့် သဘောရှိဟန်တူပုံ ပြောပြသည်။

"ဟာကွာ၊ ထားကလည်း ဒီလောက်အတွေး မခေါင်စမ်းပါနဲ့၊ အသေးအဖွဲကလေးတွေကို လိုက်ပြီး အဓိပ္ပာယ်ကောက်နေတာကိုး၊ အေးဇော်နဲ့ သီတာနဲ့ ဘာမှမဖြစ်ပါဘူး၊ အေးဇော်တို့အမေနဲ့လည်း ဘာမှမဖြစ်ဘူး၊ အားလုံး အဆင်ပြေပါတယ်"

ပြောသာ ပြောလိုက်ရသည်။ ကြော့မောင်သည်လည်း သက်ထား တွေးမိသလိုများ ဖြစ်နေမလားဟု ထင်နေမိလိုက်သေးသည်။

☆☆☆



အေးဇော်တို့အမေ ဒေါ်အေးခင်သည် မိသားတစ်စုလုံးအပေါ် ဩဇာ လွှမ်းထားနိုင်သည်။ အေးဇော်တို့အဖေရှိစဉ်ကတည်းက သူ့လက် သူ့ခြေနေ လာခဲ့ခြင်းဖြစ်၏။ အေးဇော်တို့အဖေက အရာရှိကြီးဖြစ်သည်။ ထို့ကြောင့် ဟိုစဉ်က ပြည့်ပြည့်စုံစုံနေနိုင်ခဲ့သည်။ သူ ကွယ်လွန်သွားပြီးနောက် အခြေအနေ ယိမ်းယိုင်လာသည်။ ဒေါ်အေးခင်က ကျစ်ကျစ်လစ်လစ် နေနိုင်၍သာ အခုထိ အခြေမပျက်ရုံ ထိန်းထားနိုင်ခြင်း ဖြစ်သည်။

သူတို့အိမ်တွင် မိသားစုခြောက်ယောက်ရှိသည်။ အေးဇော်တို့ လင်မယား၊ အေးဇော်အောက် ညီမတစ်ယောက် ညီတစ်ယောက်၊ အေးဇော် တို့အဖေနှင့် အဘွား(အမေ့အမေ) တို့ဖြစ်သည်။

မိသားစု ဝင်ငွေက အေးဇော်လခလေးရာကျော်၊ အေးဇော်ညီမ အေး အေးမော်၏ လခနှစ်ရာနီးပါး၊ တစ်ဖက်ခန်းကို ငှားထားသဖြင့် အိမ်လခ တစ်ရာငါးဆယ်၊ စုစုပေါင်း ရှစ်ရာခန့်၊ အငယ်ဆုံး အေးကျော်က အလုပ်မရှိ သေး။ တက္ကသိုလ်နောက်ဆုံးနှစ် အောင်ပြီးကာစ။ အေးဇော်တစ်ယောက်သာ အိမ်ထောင်ကျသေးသည်။ ညီမနှင့် ညီက လူပျို၊ အပျို။

အေးဇော်တို့က စားစရိတ်အဖြစ် တစ်လနှစ်ရာငါးဆယ်ထည့်ဝင်ရ သည်။ ဒေါ်အေးခင်က ငွေကိုင်ပြီး စီမံအုပ်ချုပ်သည်။

တကယ်တော့ အေးဇော်ပေးသောငွေ၊ အေးအေးမော် အပ်သောငွေ၊ အိမ်ငှားက ရငွေတို့မှာ အိမ်စရိတ်အတွက် ပြည့်စုံလုံလောက်လှသည်တော့ မဟုတ်။ အခါအားလျော်စွာပင် ဒေါ်အေးခင်က စိုက်နေရသည်။ တစ်ခါတစ်ရံ အတွင်းပစ္စည်းလေးများ ထုခွဲပြီး ဖြည့်စွက်နေရ၏။

သူ့တို့မိသားစုတွင် အေးကျော်သည် အငယ်ဆုံးလည်း ဖြစ်၊ ကျောင်းပြီးကာစလည်း ဖြစ်သောကြောင့် ခပ်ပေါ့ပေါ့ပင် နေသည်။ ယ်သူ့ကိုမှလည်း ပြဿနာမရှာ။ သူ့အပေါင်းအသင်းတွေနှင့် ပျော်ပျော်ပါး နေရလျှင် ပြီးရော။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးမော်က နည်းနည်းစွာချင်သည်။ သိတာမျိုးနှင့်တော့ မတည့်မရှိ။ သိတာမျိုးသည် စကားနည်းသောကြောင့်လည်းကောင်း၊ ပြိုင်ဆိုင်ချင်စိတ်မရှိသောကြောင့် လည်းကောင်းဖြစ်လိမ့်မည်။ အစ်ကိုကြီးဖြစ်သူ အေးဇော်၏အရှိန်ကြောင့်လည်း ဖြစ်ချင်ဖြစ်နိုင်သည်။

အေးဇော်သည် သားအကြီးဆုံးဖြစ်သောကြောင့် ဒေါ်လေးခင်၏အရေးပေးခြင်းကို အထိုက်အလျောက် ခံရသည်။ သို့ရာတွင် မိခင်ဖြစ်သူ၏သြဇာကို လွန်ဆန်ခြင်းတော့ ပြုလေ့မရှိချေ။

ဒေါ်အေးခင်သည် မိသားစုတစ်စုလုံးအပေါ်တွင် လွှမ်းမိုးထားသည်။ တိကျပြတ်သားသည်။ စည်းကမ်းကြီးသည်။ စိတ်ရင်းကတော့ကောင်းသည်။

သိတာမျိုးက အားလုံးအပေါ် အလျှော့ပေး၍ နေလေသည်။ ထို့ကြောင့် သူနှင့်ပတ်သက်၍ ပြဿနာမပေါ်ခြင်းပင်ဖြစ်၏။ အေးဇော်အပေါ်လည်း အနုံ့အတာခံသဖြင့် ဒေါ်အေးခင်က ကြည်ကြည်ဖြူဖြူရှိသည်။ အေးဇော်တို့အဘွားကတော့ သိတာမျိုးကို တော်တော်ချစ်သည်။ သူ့မြေးအရင်း အေးအေးမော်ထက်ပင် သာသယောက်ရှိ၏။ သိတာမျိုးအဖို့ ဤအိမ်တွင် နေရခြင်းသည် စစ်စစ်ပေါက်ပေါက်လျှောက်မတွေးမိလျှင် အသင့်အတင့် နေပျော်သည်ဟု ဆိုရမည်။

ယောက္ခမအိမ်ဖြစ်သောကြောင့် အနေကြံ့သည်တော့ အမှန်ပင်။

☆☆☆

လကုန်မှ လဆန်းရက်အတွင်းလောက်ဆိုလျှင်ပင် ပန်းချီဆရာတွေမဂ္ဂဇင်းတိုက်များသို့ လှည့်ကြစမြဲ။ တစ်ချို့တိုက်တွေမှာ စာအုပ်ယူ၊ တစ်ချို့တိုက်မှာ ငွေထုတ်၊ တစ်ချို့တိုက်မှာ ဆွဲပြီးသာ ပုံတွေပေး၊ တစ်ချို့တိုက်တွေမှာ နောက်ထပ် ဆွဲရမည့် ပုံအတွက် စာမူယူ။



မဂ္ဂဇင်း တစ်တိုက်နှင့်တစ်တိုက် မှုချင်းမတူကြချေ။ စာအုပ်ထွက်ထွက်ခြင်း၊ စာမူခရှင်းပေးသည့် တိုက်မျိုးလည်း ရှိသည်။ လဆန်းရက်မှ ပေးသည့်တိုက်၊ ဆယ်ရက်ကျော်မှ ပေးသည့်တိုက်မျိုးလည်း ရှိသည်။

မည်သည့်မှု ရှိသည်ဖြစ်စေ၊ ပန်းချီဆရာတွေ အဖို့တော့ အနည်းဆုံးတစ်လ နှစ်ခေါက်လောက် မဂ္ဂဇင်းတိုက်တွေဘက် လှည့်ရလေသည်။ ခုလိုလဆန်းရက်မျိုးဆိုလျှင် မဂ္ဂဇင်းတိုက်တွေမှာ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာတွေ အုတ်အုတ်ကျက်ကျက် အဝင်အထွက်များကြသည်။ ထိုသူများကိုသာ သီးခြားသတ်မှတ်၍ ရေဒါကိရိယာဖြင့် ထောက်လှမ်းကြည့်နေမည်ဆိုလျှင် ရန်ကုန်မြို့ပေါ်ရှိ နေရပ်အသီးသီးမှ ထွက်လာကြပြီး မြို့လယ်မဂ္ဂဇင်းတိုက်တစ်တိုက်မှ တစ်တိုက်သို့ သုတ်သီးသုတ်ပျာ ကူးလူးသွားလာနေကြပုံကို ရေဒါပေါ်တွင် ပိုးစုန်းကြူးငယ်များလို ရှုပ်ထွေးများပြားသော အစက်အပြောက်များအဖြစ် မြင်ရပေလိမ့်မည်။

မဂ္ဂဇင်းတိုက်မှာ အဝင်အထွက် ဆုံကြသူများ၊ အတူလာပြီး အတူတူပြန်ထွက်သွားကြသူများ၊ တိုက်ကျမှ ဆုံကြသူများ၊ တိုက်တစ်တိုက်မှနောက်တစ်တိုက်သို့အကူး လမ်းမှာတွေ့ကြသူများဖြင့် ရန်ကုန်မြို့လယ်တစ်ကွက် ရှုတ်ယှက်ခတ်နေကြသည်။

ကြော့မောင်လည်း တစ်ဦးအပါအဝင် ဖြစ်၏။ သူကတော့ သူများထက်ပင် ပို၍ခြေသွက်နေရသည်။ သူ့အဆင့်က မဂ္ဂဇင်းနှစ်ခု သုံးခုကသာ အစဉ်ပုံမှန်အပ်သည်။ တစ်ချို့တိုက်တွေက တစ်လခြား။ တစ်ချို့ကတော့ တက်လိုလက်ရရှိမှ တစ်ပုံစ နှစ်ပုံစ။ သူ့အခြေအနေကား ဝတ္ထုသရုပ်ဖော်ပုံမှ မျက်ရောင် သုံးရောင်ဆွဲရမှဆိုပြီး ရွေးမနေနိုင်။ ဆွဲခွင့်ရသမျှ အကုန်ဆွဲသည်။ အဆယ် အစိတ်တန် ခေါင်းစည်း စာတမ်းရော၊ လေးငါးဆယ်တန်ဆောင်းပါးသရုပ်ဖော်ပုံရော ခြောက်ဆယ် ခုနစ်ဆယ်တန် ဝတ္ထုသရုပ်ဖော်ပုံရော ရသမျှပေါင်းလေမှ တစ်လ လေးငါးရာထက် မပိုချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကိုတော့ ကံသိပ်မလိုက်သောနေ့ဟု ဆိုရမလို ဖြစ်နေသည်။ ပထမဆုံး စ,ဝင်သောတိုက်က ခေါင်းစည်းစာတမ်းကလေးနှစ်ခု အပ်သည်။ ပြီးခဲ့သောလအတွက် ငွေလည်း မရခဲ့။ မဂ္ဂဇင်းထွက်ရက် နောက်ကျသွားသောကြောင့် သုံးလေးရက် နေပါဟု ဆိုသည်။

နောက်တစ်တိုက်က ငွေလည်းမရ။ ပုံလည်း မအပ်။ ပြီးခဲ့သောလက ပုံမပါသဖြင့် ငွေမရချေ။ ပုံအပ်ဖို့လည်း လောလောဆယ် မရှိသေး။ နောက်တစ်ပတ်လောက် လှည့်လာကြည့်ပေါ့ဟု ဆိုသည်။

နောက်တစ်တိုက်တွင် ဝတ္ထုသရုပ်ဖော်ပုံ နှစ်ရောင်အတွက် ခြောက်ဆယ်ရသည်။ ပုံတစ်ပုံလည်း အပ်လိုက်၏။ အေးအေးဆေးဆေးဆွဲပါဟု ပြောလိုက်သည်။ ထို့ကြောင့် ယင်းပုံသည် လာမည့်လတွင် သုံးဦးမည် မဟုတ်ကြောင်း သိခဲ့ရသည်။

တော်တော်လည်း ပင်ပန်းသွားပြီး ရန်ကုန်မြို့လယ်မှာက တစ်လမ်းမောင်းတွေ ဖြစ်သဖြင့် တစ်နေရာမှ တစ်နေရာ ဘတ်စ်ကားကိုချည်း အားကိုးလို့မရ။ တစ်တိုက်မှ တစ်တိုက်သို့အကူး နေပူထဲမှာ လမ်းလျှောက်ရသောကြောင့် ခြေထောက်တွေလည်း ညောင်းပြီ။ သုံးဆယ့်တစ်လမ်းထဲသို့ ဓလေးကန်သော ခြေလှမ်းများဖြင့် လျှောက်ဝင်ခဲ့သည်။

ပေဖူးလွှာကို အရင်သွားမည်။ ပြီးမှ မိုးဝေ။ အစွန်ဆုံးကတော့ သောင်းပြောင်းထွေလာ။ ဒီသုံးတိုက်ကနေ အနည်းဆုံး တစ်ပုံလောက်တော့ ရတန်ကောင်းရဲ့ဟု တွေးလာသည်။

"ကြော့မောင်၊ ဟေ့ကောင် ကြော့မောင်"

သူ့အတွေးနှင့် သူမို့ မင်းကန်စီစာပေတိုက်ရှေ့ ရောက်လာသည်ကို သတိမပြုမိချေ။ ကိုမျိုးမြင့်က သုံးလေးခွန်းအော်ပြီးမှ သူကြားသည်။

"အပြန်မှ ဝင်ခဲ့မယ်ဗျာ၊ ပေဖူးလွှာ သွားမလို့"

ဟု သူက ပြန်ပြောသည်။



"မသွားနဲ့ဦး၊ လူများနေတယ်"

ဆိုသဖြင့် အခန်းရှေ့က ကပြင်ကလေးမှာ ဝင်ထိုင်လိုက်သည်။ ကိုမျိုးမြင့်နှင့်အတူ ပိုပိုနှင့်ဆန္ဒမွန်လည်းတို့လည်း ရှိနေသည်။

"အခြေအနေကော ကောင်းရဲ့လား"

ဟု ကိုမျိုးမြင့်က မေးသဖြင့် ကြော့မောင်က...

"သိပ်မစွံပါဘူးဗျာ၊ ငွေလည်း သိပ်မရဘူး၊ ပုံလည်း ထပ်မရခဲ့ဘူး"

"ဒီလမ်းထဲမှာတော့ ရမှာပါ"

"မျှော်လင့်ရတာပဲလေ၊ မဂ္ဂဇင်းတွေမှာ ရေးရတဲ့ပန်းချီဆရာတွေက သိပ်မစားသာလှပါဘူး၊ ဝတ္ထုမျက်နှာဖုံး ဆွဲရတဲ့လူမျိုးမှ ကိုက်တာ၊ ခင်ဗျားတို့ အဖုံးတစ်ပုံ ဆွဲလို့ရတဲ့ငွေက ကျွန်တော်တို့ တစ်လစာလောက် ရှိတာပဲ"

"သိပ်လည်း အထင်မကြီးပါနဲ့ကွာ၊ ငါတို့လည်း လုံးလည်ချာလည် လိုက်နေတာပါပဲ"

သူတို့စကားဝိုင်းထဲသို့ မင်းကန်စီစာပေတိုက်မှ အုပ်ချုပ်ရေးမှူးကိုအောင်အေးပါ ဝင်ရောက်လာသည်။

စာပေတိုက်မှ အုပ်ချုပ်ရေးမှူးတို့ ထုံးစံအတိုင်း စာပေစီစစ်ရေးသွား၊ စက္ကူရုံးပြေး၊ ပုံနှိပ်တိုက်လှည့်ဝင်၊ စာရေးဆရာ၊ ပန်းချီဆရာတွေဆီသွား၊ စာအုပ်ဆိုင်တွေလှည့်ကြည့်၊ နယ်ပို့ဖို့စီစဉ် စသည်ဖြင့် အမြဲသုတ်သီးသုတ်ပျာ ဖြစ်နေတတ်သည်။ ဒီအလုပ်ကို သူက တမင်ရွေးလုပ်သည်ဟု ဆို၏။ အကြောင်းမှာ ခုလိုဟိုပြေး ဒီပြေး လုပ်နေရ၍ ကိုယ်ရည်စစ်သွားပြီး ပေါင်ချိန်တိုးတော့သဖြင့် သူ့ခန္ဓာကိုယ်မှာ ပုံပျက်ပန်းပျက် ထပ်မဝလာခြင်း ဖြစ်သောကြောင့်ဟု ဆို၏။

"ဘာပဲဖြစ်ဖြစ်လေ၊ အဖုံးပန်းချီဆွဲတဲ့လူက ခုသာ ခံသာရှိတာပေါ့ဗျ၊ စာရေးဆရာတွေမှာလည်း လုံးချင်းသမားတွေက တော်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မဂ္ဂဇင်းမှာ ဝတ္ထုတိုသက်သက် ရေးနေတဲ့လူတွေဆို မစားသာဘူး"

ကိုအောင်အေးက ဝင်ပြောရာ၊ ပိုပိုက...

"စာရေးဆရာတွေက တော်သေးတာပေါ့ဗျ၊ ကိုယ်ရေးထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဘယ်မဂ္ဂဇင်းတိုက်မဆို ပို့ခွင့်ရှိသေးတယ်၊ ကျွန်တော်တို့ ပန်းချီသမားတွေကျတော့ ဒီလို လုပ်လို့မရဘူး၊ မဂ္ဂဇင်းတိုက်က အပ်မှ ဆွဲလို့ရတာ၊ မအပ်ဘူးဆိုရင် ဘာမှမတတ်နိုင်တော့ဘူး၊ ပုံတွေဆွဲပြီး တိုက်တွေလျှောက်ပို့လို့ ဖြစ်တာမှ မဟုတ်တာ"

"ဒါတော့ဟုတ်ပါတယ်လေ၊ တစ်ဖက်က လှည့်တွေးပြန်တော့လည်း ပန်းချီသမားက ဆွဲခွင့်ရပြီဆိုရင် စာအုပ်ထဲမှာ ကြိမ်းသေပါတော့မယ်ဆိုတာ သိနေပြီ၊ စာရေးဆရာကျတော့ တိုက်ကရွေးမယ်၊ မရွေးဘူးဆိုတာ ဘာမှမသိရသေးဘဲနဲ့ ဝတ္ထုကို ရေးရတယ်၊ အရင်းအနှီးကို အရင်စိုက်ထုတ်ထားရတာပေါ့၊ ပို့ပြီးမှ ပယ်တယ်ဆိုရင် ရှုံးတာပဲ"

"နောက်တစ်တိုက်ကို ထပ်ပို့လို့ရတာပဲ"

ဟု ဆန္ဒမွန်က ဝင်ပြောသည်။ ကိုအောင်အေးက...

"နောက်တစ်ခုရှိသေးတယ်လေ၊ ပန်းချီသမားက တစ်လထဲမှာ မဂ္ဂဇင်း လေးငါးစောင်မှာ ဝင်ရေးလို့ရတယ်၊ စာရေးဆရာကျတော့ မဂ္ဂဇင်းတစ်စောင်မှာ ဝတ္ထုတစ်ပုဒ်ထက် ပိုပါလို့မရဘူး၊ ပြီးတော့ တစ်လတည်းမှာ မဂ္ဂဇင်း သုံးစောင်မှာ ဝတ္ထုသုံးပုဒ်တပြိုင်တည်း ပါဖို့ဆိုတာ တော်တော်ဖြစ်တောင့်ဖြစ်ခဲပဲ၊ ပါတယ်ပဲ ထားပါတော့ ဘယ်လောက်ရမလဲ၊ ဝတ္ထုတိုတစ်ပုဒ်မှ အလွန်ဆုံးတစ်ရာငါးဆယ်၊ သုံးပုဒ်မှ လေးရာငါးဆယ် အများဆုံးရတော့မပေါ့၊ ဝတ္ထုတို သက်သက်ရေးပြီး ထမင်းစားရမယ်ဆိုရင် ရင်လေးစရာကြီး"



"ပိန်မသာ လိန်မသာပါဗျာ"

ဟု ကိုမျိုးမြင့်က ပြောလိုက်သည်။ ထိုအချိန်တွင် မော်တော်ဘုတ်လို အသံမျိုးမြည်နေသော ဘောက်စ်ဝက်ဂွန်လိပ်ခုံးကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ မင်းကန်စီစာပေတိုက်ပိုင်ရှင် ကိုအောင်အောင်သွင် ဆင်းလာ၏။

ခြသေ့်လည်ဆံလို ဆံပင်ကြားမှ မျက်နှာသည် ပြုံးဖြဖြဖြစ်နေ၏။ ဘယ်ဝင်ငွေကြွေးကြောင့်လည်း မသိ။ သူသည် ရှပ်အင်္ကျီကို ဝတ်လို့မရ။ သူ့ခန္ဓာဝကြီးကြောင့် ပုလှအိုက်လှချည်ရဲ့ ဆိုပြီး အမြဲလိုလို ဘောလုံးကန်အင်္ကျီ၊ ဂျာစီ၊ စွတ်ကျယ်တို့ကိုသာ ဝတ်လေ့ရှိသည်။ ခုလည်း အင်းဝစွတ်ကျယ်လက်စကကို ဝတ်လာ၏။

"ဒါပေါ့ကွ၊ ဟိုဘဝတုန်းက သူများလှမ်းထားတဲ့အဝတ်အစားတွေ စိန်တံချူနဲ့ ချူပြီး အလစ်သုတ်ခဲ့လို့ ဒီဘဝမှာ ဝင့်လည်တာ"

ဟု ကိုမျိုးမြင့် လှမ်းပြောသည်။ ကိုအောင်အောင်သွင်က...

"ဟိုဘဝတုန်းက ကျုပ်အလစ်သုတ်ခဲ့တဲ့အထဲမှာ ခင်ဗျားညီမရဲ့ ဘော်လီအင်္ကျီတွေလည်း ပါတယ်၊ ဒီဘဝမှာ ဝင့်ကြွေးဆပ်တဲ့အနေနဲ့ ပြန်ဝယ်ပေးပါ့မယ်"

ဟု ပြန်တွယ်ရင်း ကပြင်စွန်းမှာ ကပ်ကပ်သပ်သပ် ဝင်ထိုင်သည်။ ကြာမောင်ကို ပြုံး၍နှုတ်ဆက်ပြီး...

"ပြီးခဲ့လက ရှုမဝထဲက ခင်ဗျားပုံလေး တော်တော် သဘောကျတယ်ဗျာ"

ဟု ဆိုသည်။ ကိုမျိုးမြင့်က...

"သဘောကျရင် ခင်ဗျားလည်း ပုံအပ်ဦးလေ"

"အပ်မှာပေါ့ဗျ၊ လင်းရောင်တင်ရဲ့ နောက်စာအုပ်ကျရင် အတွင်းရေးကို အပ်မလို့တောင် စိတ်ကူးထားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်ဖွယ်သတင်းစကားပေပဲ။ သို့ရာတွင် ခု လောလောဆယ်တော့ အပ်မှာမဟုတ်ချေ။ လင်းရောင်တင်ဆိုတဲ့ ငနဲကြီးက သူ့ဝတ္ထုကို နောက်ထပ် ဘယ်နှစ်လကြာအောင် ရေးနေဦးမည် မသိ။

မင်းကန်စီအဖွဲ့ကို နှုတ်ဆက်ပြီး ပေဖူးလွှာသို့ ထွက်လာခဲ့ကြသည်။

တိုက်အဝင်ဝမှာ ကိုဝသုန်၊ ကိုမောင်မောင်သိုက်၊ ကိုကျော်သောင်းတို့နှင့် ဆုံသည်။ သူတို့က ငွေထုတ်ပြီး ပြန်ဆင်းလာခြင်းဖြစ်သည်။ ကိုမောင်မောင်သိုက်က ထုံးစံအတိုင်း ပျာယီးပျာယာ။ ကိုကျော်သောင်းက ခြေကားယား လက်ကားယား။ ကိုဝသုန်ကား အမြဲလိုလို အိပ်ရေးမဝသည့်မျက်နှာကြီးနှင့် ပြုံးသလို မဲ့သလိုလိုလုပ်ပြီး နှုတ်ဆက်သွားသည်။

စာတည်းအဖွဲ့ရှိရာ ထပ်ခိုးသို့ တက်လာခဲ့ကြ၏။ လူကတော့ သိပ်မရှင်းသေး။ ထို့ကြောင့် လေ့ကားပေါက်ကို ကာထားသော လက်ရန်းမှာ မှီရပ်ရင်း စောင့်နေကြ၏။ ဒီကြားထဲ မဂ္ဂဇင်းကိုယ်စားလှယ်တစ်ယောက်က လေရှည်နေသေးသည်။

အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဆီမှာ ငွေထုတ်ကြသည်။ ကြော့မောင်က ဆောင်းပါးဒီဇိုင်းအတွက် ငွေငါးဆယ်ရသည်။ ကြော့မောင် ငွေထုတ်နေတုန်း ကိုမျိုးမြင့်တို့က ဦးအောင်မြင့်စားပွဲသို့ သွားပြီး နောက်လအတွက် ပုံဆွဲဖို့ စာမူတွေယူကြသည်။

ကြော့မောင်သည် စာတည်းအဖွဲ့ဝင်များအနက် ကိုမျိုးမြင့်ညိမ်းနှင့်တော့ အတော်အသင့် သိကျွမ်းခင်မင်နေပြီ။ ခု ကိုမျိုးမြင့်ညိမ်းမရှိ။ ဦးအောင်မြင့်နှင့် မျက်မှန်းတန်းမိရုံသာ ရှိသေးသဖြင့် ပုံတောင်း မရဲသေးဘဲ နောက်နားမှာပင် မယောင်မလည် သွားရပ်နေလိုက်သည်။

ကိုမျိုးမြင့် မျက်နှာရိပ် မျက်နှာကဲဖြင့် တိုက်တွန်းတော့မှ 'အစ်ကို၊ ကျွန်တော့်အတွက် ပုံကလေးများ ရမလား'ဟု မဝံ့မရဲပြောလိုက်၏။ ဦးအောင်မြင့်က ခုမှ သူ့ကို မြင်သွားသည်။



"ဟာ- အတော်ပဲ၊ ခဏနေဵ"

ဆိုပြီး စာမူဖိုင်ကို လှမ်းယူသည်။ ကြိုးဖြေပြီး စာမူတွေ လှန်လှောရှာနေ၏။ ကြော့မောင် သိပ်တော့ အားမရှိလှ။ မဂ္ဂဇင်းတိုက်တွေမှာ ဒါမျိုးကြုံဖူးပေါင်းများပြီ။ စာတည်းများနှင့် ဆရာကြီးများ လေပစ်နေသည့်အားမှာ ငုတ်တုတ်ကလေးထိုင်ပြီး တမေ့တမော့စောင့်။ လူရှင်းမှ မရဲတရဲမေး၊ စာတည်းက ရမယ်ဆိုပြီး စာမူတစ်ထပ်ကြီးကြားထဲက မွှေနှောက်ရှာ။ ပြီးတော့မှ ဆယ့်ငါးကျပ် နှစ်ဆယ်တန် ခေါင်းစီးစာတမ်းကလေးတစ်ခု အပ်လိုက်တာမျိုး။

ခုလည်း ဦးအောင်မြင့် စာမူရှာနေသည်ကို ကြော့မောင် ရင်တထိတ်ထိတ်စောင့်နေသည်။ အတန်ကြာ ရှာဖွေပြီးနောက် ဦးအောင်မြင့်က စာမူတစ်ခု လှမ်းပေးသည်။ ကြော့မောင် ရင်ဖိုစွာ ကြည့်လိုက်၏။ မမြင့်နိုင်၏ ဝတ္ထု။

"ပြီးခဲ့တဲ့လက ခင်ဗျားပုံကို ဆရာဦးမြလှိုင်က တော်တော်သဘောကျသွားတယ်၊ အဲဒါ ခင်ဗျားကို ဒီလ ဝတ္ထုသရုပ်ဖော်ပုံ အပ်ပေးပါဆိုလို့"

ကြော့မောင်က အသံတိုးတိုးဖြင့်...

"ဟို ဘယ်နှစ်ရောင် ဆွဲရမလဲ အစ်ကို"

"လေးရောင်အပြည့်ဆွဲလေ၊ မြန်မြန်လေးလုပ်နော်၊ အော့ဖ်ဆက်ကာလာခွဲဖို့ မီအောင် ဝတ္ထုက ဒီလသုံးမှာ"

ကြော့မောင် အကြီးအကျယ်ဝမ်းသာသွား၏။ မဂ္ဂဇင်းမှာ လေးရောင်အပြည့်ဆွဲရခြင်းသည် သူ့အဖို့ ခြေလှမ်းသစ်တစ်လှမ်း တက်ခွင့်ရခြင်းပင်ဖြစ်သည်။ ပြီးတော့ ပန်းချီခကလည်း ပိုရဦးမည်။ တစ်ရာ့အစိတ်လား၊ တစ်ရာ့ငါးဆယ်လားပဲ။

ထပ်ခိုးပေါ် မျက်နှာကျက်ကသာ နိမ့်မနေဘူးဆိုလျှင် ထပြီးတောင် ခုန်လိုက်ချင်သေး။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်း ရုံးကပြန်လာသည်။ ဝင်းမာသည် မနက်ပိုင်းကျောင်းဆရာမဖြစ်၍ အိမ်ပြန်ရောက်နှင့်နေပြီ။ ခင်မောင်ငြိမ်း ပြန်လာချိန်တွင် ဝင်းမာက မိုက်ကြီးတကားကားဖြင့် ညစာအတွက် ပြင်ဆင်ချက်ပြုတ်နေသည်။

ခင်မောင်ငြိမ်း သူ့ဘာသာသူပင် ရှပ်အင်္ကျီကို ချွတ်သည်။ လုံချည်လဲသည်။ သူ့မှာ တိုက်ပုံအင်္ကျီတစ်ထည်ရှိသော်လည်း နေ့တိုင်းဝတ်လေ့မရှိ။ တစ်ခါတစ်ရံ ချမ်းစိမ့်စိမ့်ရှိမှ ဝတ်တတ်သည်။

သူပြန်လာသည်ကို ဝင်းမာသိသော်လည်း 'ပြန်လာပြီလား၊ မောလာလား၊ ရေအေးအေးလေး သောက်လိုက်ပါလား'ဟု လှမ်းပြီး လောကွတ်မလုပ်နိုင်အားတော့ချေ။

သူတို့အိမ်က လျှပ်စစ်မီးဖိုသည် ထင်းမီးဖို မီးသွေးမီးဖိုလို မီးရှိန်ကို လိုသလို အတိုးအလျှော့လုပ်လို့မရ။ တစ်သမတ်တည်းသော မီးအားသာရှိသည်။ မီးရှိန်လျှော့ချင်လျှင် ခလုတ်ပိတ်ပစ်ရသည်။ ထိုအခါကျတော့လည်း



အပူဓာတ်က ကြာရှည်မခံတော့ဘဲ ဖြစ်သွားတတ်၏။ နေ့တည်ထားတာက ထမင်းအိုးဖြစ်သောကြောင့် ပို၍ ဂရုစိုက်ရ၏။

ခင်မောင်ငြိမ်းသည် တစ်ခါတစ်ရံ အားမလို အားမရ ဖြစ်လေ့ရှိသည်။ ရုပ်ရှင်တွေထဲမှာ ကြည့်ဖူး၏။ ဝတ္ထုတွေထဲမှာ ဖတ်ဖူး၏။ လင်ဖြစ်သူ ရုံးသွားကာနီးလျှင် မယားက အင်္ကျီကြယ်သီးတပ်ပေး၊ တိုက်ပုံအင်္ကျီဖွပ်ပေး၊ ဖိနပ်ကို အဆင်သင့်ချပေး။ ရုံးကပြန်လာသောအခါ အိမ်ပေါက်ဝမှ ဆီးကြို။ မောသလား၊ ပမ်းသလားမေး။ တိုက်ပုံချွတ်ပေး။ အင်္ကျီကြယ်သီး ဖြုတ်ပေး။ အိမ်နေရင်းဝတ်ဖို့ အဝတ်အစားထုတ်ပေး။ သူတို့ ပြောနေကျစကား 'ထမင်းအရင်စားမလား၊ ရေအရင် ချိုးမလား'။

ဝင်းမာသည် ခင်မောင်ငြိမ်းကို တစ်ခါမျှ တီတီတာတာ မလုပ်ခဲ့ဖူးချေ။ ခင်မောင်ငြိမ်း၏ ငယ်နာမည်ဖြစ်သော 'တွတ်နီ'ဟူ၍ တစ်ခါတစ်ရံ စိတ်လိုလက်ရ ချစ်စနိုးခေါ်တတ်သည်ကလွဲ၍ 'နင်တွေ ငါတွေ'နှင့်ပင် ပြောလေ့ရှိသည်။

ငယ်သူငယ်ချင်းဖြစ်နေသောကြောင့် ခင်မောင်ငြိမ်းကို မလေးစားတာလည်း ဖြစ်နိုင်သည်။ 'နင်–ငါ'ခေါ်ဝေါ် သုံးနှုန်းတာက 'မောင်ရယ် ချစ်ရယ်' ဆိုတာထက် ပိုရင်းနှီးပြီး စီးစီးပိုင်ပိုင်ရှိသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

ဝင်းမာသည် ခင်မောင်ငြိမ်းကို ချစ်တာတော့ အမှန်ပင်။ ကောက်ညှင်းပေါင်းဖြစ်စေ၊ ပဲပြုတ်နှင့်ထမင်းဖြစ်စေ၊ အဆင်သင့်ဖြစ်နေသည်။

ခင်မောင်ငြိမ်း ကြိုက်တတ်သော ဟင်းကိုဦးစားပေး၍ ချက်သည်။ အဝတ်အစားဆိုလျှင်လည်း ဖြူဖွေးနေအောင်လျှော်ပြီး ကော့ပျံနေအောင် မီးပူတိုက်ပေးသည်။ ခင်မောင်ငြိမ်းကိုယ်တိုင်က တစ်ခါတစ်ခါ ပစ္စလက္ခတ်နေတတ်သည်ကိုတော့ မတတ်နိုင်။ မည်သို့ပင်ဖြစ်စေ၊ ခင်မောင်ငြိမ်းအဖို့ ဝင်းမာ၏ ဩစာလွှမ်းမိုးခြင်းကို ခံရကျိုးနပ်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကနဲ့ကလျှ မလုပ်တတ်ခြင်းကတော့ ဝင်းမာ၏ ပင်ကိုယ်စရိုက်သာ ဖြစ်၏။

တကယ်တော့လည်း ခင်မောင်ငြိမ်း စိတ်ကူးယဉ်သလို ရုံးသွားကာနီး အကျႌကြယ်သီး တပ်ပေးတာတို့၊ ရုံးကအပြန် ဆီးကြိုတာတို့ လုပ်ဖို့ အချိန်မရနိုင်ချေ။ ခင်မောင်ငြိမ်း မနက်အိပ်ရာက နိုးလျှင် ဝင်းမာက ကျောင်းသွားဖို့ အသင့်ဖြစ်နေရပြီ။ တစ်ခါတစ်ရံ သူ အိပ်ရာထနောက်ကျလျှင် ဝင်းမာမရှိတော့။

သူ ရုံးကပြန်လာချိန်ကျတော့ ဝင်းမာက ချက်ရေး ပြုတ်ရေးနှင့် မအားလပ်ပြန်။ ဝင်းမာတို့ကျောင်းသည် မနက် ခုနစ်နာရီတက်သောကြောင့် မနက်ပိုင်း ဈေးသွားဖို့ အချိန် မမီချေ။ ထို့ကြောင့် ညနေပိုင်း ဈေးဝယ်ပြီး ညစာအတွက်ချက်။ တစ်ဝက်ကို မနက်အတွက် အသင့်ဖြစ်အောင် လုံးထား။ မနက်ကျမှ အစာကြီး ထပြီး ပြန်ချက်။ ခင်မောင်ငြိမ်းရုံးကို ထမင်းဗူးထည့်ဖို့ ပြင်ဆင်။ သို့ဖြင့် ခင်မောင်ငြိမ်းသည် ရုံးက အပြန်တွင် သူ့ဘာသာပင် အဝတ်အစားလဲပြီး မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။

"ဘာ ကူရဦးမလဲဟင်"

ဝင်းမာကို သွားဖားသည်။

"ကူချင်ရင် ပုစွန်ခြောက် ထောင်းပေး"

ဝင်းမာက ကြက်သွန်နီအခွံသင်နေရာမှ လှည့်မကြည့်ဘဲ ပြောသည်။ ခင်မောင်ငြိမ်းက ရေတ်ဆုံကို သူ့နားဆွဲယူလိုက်၏။ ဝင်းမာက သတင်းစာစက္ကူဖြင့် ထုပ်ထားသော ပုစွန်ခြောက်များကို ရေတ်ဆုံထဲ ထည့်ပေးသည်။

"ဘာချက်မှာလဲ"

"ခရမ်းသီး နှပ်မလို့"

"ဟာ... ကောင်းတာပေါ့၊ ဗူးသီးဟင်းခါးလေးနဲ့ဆို"



"ဒီအချိန် ဗူးသီးမှ မပေါ်သေးတာ၊ ဟင်းခါးသောက်ချင်ရင် မြင်းခွာရွက် ချက်လိုက်မယ်၊ အစက စိတ်ကူးတာကတော့ မနက်ကျမှ မြင်းခွာရွက် သုတ်မလားလို့"

"ဒါဆိုလည်း နေပါစေတော့၊ မနက်အတွက် မရှိဘဲ ဖြစ်နေဦးမယ်"

"မနက် ဘဲဥကြော်နဲ့ စားနိုင်တယ်ဆိုရင်တော့ ဖြစ်ပါတယ်၊ ကြော် နေဦး၊ ခရမ်းချဉ်သီး နည်းနည်းရှိသေးတယ်၊ မနက် အဲဒါသုတ်လိုက်မယ်၊ ဟင်းခါးသောက်မယ်ဆိုရင် လမ်းထိပ်မှာ ငရုတ်ကောင်းတစ်မတ်ဖိုးလောက်တော့ သွားဝယ်ဦး"

"ဟုတ်ကဲ့ မမ၊ ပုစွန်ခြောက်ထောင်းပြီးရင် ငရုတ်ကောင်းပြေးဝယ်လိုက်ပါ့မယ်၊ ပြန်လာရင် မမချိုးဖို့ ရေခပ်၊ ပြီးတော့ အဝတ်တွေလျှော်၊ ညကျရင် နင်းနှိပ်ပေးပါဦးမယ်၊ ဒါကြောင့် သူငယ်ချင်းတွေက တို့လင်မယားကို ကာတွန်းဦးအောင်ရှိန်ရဲ့ ဇာတ်ကောင် စံပနဲ့ မယ်ခလို့ ခေါ်ကြတာပဲ"

ဝင်းမာက ကြက်သွန်တွေ လေးစိတ်စိတ်နေရာမှ ခင်မောင်ငြိမ်းကို စားနှင့်ထိုးမည့်ဟန်ရွယ်ပြီး ...

"ဘာလဲ၊ သူ ဟင်းခါးသောက်ချင်တယ်ဆိုလို့လည်း အပင်ပန်းခံပြီး ချက်ပေးရဦးမယ်"

"ဟင်းခါးသောက်ချင်တယ်ဆိုတာက နို့ထွက်အောင်လို့ပါ"

"သွား... ငရုတ်ကောင်း သွားဝယ်ချေတော့၊ ပုစွန်ခြောက်ထောင်းတာ တော်ပြီ၊ သိပ်မှုန့်သွားရင် မကောင်းဘူး"

"အိုကေ"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်းသည် အခွင့်အရေးရသည့်အခိုက်တွင် ဝင်းမာ၏ပခုံးကို ဆတ်ခနဲကိုင်၍ ချွေးတွေစို့နေသော ပါးကလေးကို ရွှတ်ခနဲနမ်းပြီး လစ်ကနဲ ထွက်ပြေးသွား၏။ ဝင်းမာက မားနှောင့်နှင့် လှမ်းရိုက်လိုက်သေးသည်။ သို့သော် လွတ်သွား၏။

☆☆☆

ရေစည်လှည်းတွန်းသည့် အလုပ်ကား အမြင်အားဖြင့် ဘာမျှမခဲယဉ်းဟု ထင်ရသော်လည်း တကယ်လက်တွေ့ တွန်းကြည့်မှ ပညာသားလေးတွေ ပါကြောင်း သိရသည်။

ဆိုက်ကားလိုပင် ဖြစ်သည်။ ရိုးရိုးစက်ဘီးကို ဘီးအပိုတစ်ခု တပ်ထားသည်ကလွဲ၍ ဘာမျှ မထူးခြားဟု ထင်စရာရှိသည်။ မဟုတ်ချေ။ ထိုဘီးအပိုတစ်ခုကပင် စက်ဘီး၏ ဟန်ချက်ပျက်ပြားစေ၏။ ယင်းဘီးအပိုတပ်ထားပုံကလည်း နောက်ဘီး၏ ဘေးမှာ သီးသန့်ကြီး ထွက်နေသည်။ တကယ်ဆိုလျှင် ရှေ့ဘီးသည် နောက်ဘီးနှစ်လုံး၏ အလယ်နှင့် တည့်နေရမည်။ (သုံးဘီးကားများကဲ့သို့) ခုတော့ ဘီးနှစ်ဘီးက ရှေ့နောက် တစ်ဖြောင့်တည်း၊ ကျန်နောက်ဘီးက ဘေးထွက်နေသဖြင့် အလေ့အကျင့်မရှိသူတစ်ယောက် တက်နင်းလျှင် ဆွဲသွားလေ့ရှိသည်။ လက်ကိုင်ကို အပြင်ဘက်သို့ နည်းနည်းတင်းခံထားပေးမှ အတည့်သွားသည်။

ရူပဗေဒ သဘောတရားအရ တွန်းခြင်းသည် ဆွဲခြင်းထက် ပို၍ အားစိုက်ရသဖြင့် ပိုပင်ပန်း၏။ သို့ရာတွင် လူတို့သည် လန်ချား၊ ချယ်ဂါရီ သမားမှလွဲ၍ တွန်းခြင်းကိုသာ အသုံးပြုလေ့ရှိကြသည်။ ဤသည်မှာ မြင်းတွေ နွားတွေနှင့် ကွဲပြားအောင် လုပ်ခြင်းလားမသိ။



ရေစည်လှည်းကို တွန်းကြသည်။ ရေစည်လှည်းသည် ဘီးတပ်ထားပုံ အဆင်ပြေသည်။ သို့ရာတွင် ရေပါလျှင် ကွေ့ရခက်သွား၏။ ရှေ့ဘီးကို နည်းနည်းကြွအောင် လက်ကိုင်ကို နည်းနည်းဖိပြီး ကွေ့ရသည်။ အဆင်းလမ်းမှာ ကျတော့လည်း အရှိန်နှင့် တစ်အားလိမ့်ဆင်းသွားအောင် ခြေကန်ဆွဲပြီး အသာထိန်းလွှတ်ပေးရသည်။

ကြော့မောင်တို့အိမ် အဝင်လမ်းသည် ပိုဆိုး၏။ ကတ္တရာလမ်းအတိုင်း အတက်ကို တွန်းတင်ရပြီး အိမ်ရှေ့နားရောက်သည်နှင့် တစ်ဆစ်ချိုးကွေ့ဆင်းရသည်။ ကြော့မောင်သည် တွန်းကာစက ပြဿနာတက်ဖူးသည်။ တစ်ခါက အကွေ့ မတက်တတ်သဖြင့် လှည်းကြီးစောင်းမှောက်သွားဖူးသည်။ တစ်ခါကျတော့ အိမ်အဝင်အဆင်းမှာ အရှိန်မသတ်နိုင်ဘဲ အိမ်ရှေ့မြောင်းထဲ ထိုးကျသွား ခဲ့သည်။ ခုတော့ တော်တော်ကျွမ်းနေပါပြီ။

ခုရက်ပိုင်းတွင် တစ်ပတ်လောက် မိုးပြတ်သွားသဖြင့် ရေအခက်အခဲ တွေ့ရသည်။ ကြော့မောင်တို့ ရပ်ကွက်သည် နေရထိုင်ရ အဆင်ပြေသော်လည်း ရေရှား၏။ ထို့ကြောင့် ရပ်ကွက်အစွန်ရှိ အဝီစိတွင်းတူးပြီး ရေရောင်းသောအိမ်မှ ရေစည်လှည်းကို သွားတိုက်ရလေသည်။

ကြော့မောင် ရေစည်လှည်းတွန်းလျှင် သက်ထားကပါ ကူတွန်းပေးလေ့/ ရှိသည်။ ကြော့မောင်တစ်ယောက်တည်း မနိုင်လို့တော့ မဟုတ်ချေ။ သက်ထားက ‘ကိုမောင် တစ်ယောက်တည်း တွန်းတာ မကြည့်ရက်ဘူး’ဆိုပြီး အတင်းလိုက်တွန်းခြင်းဖြစ်သည်။

စ,တွန်းကာစက ရှက်ပြီး ရှိုးတိုးရှန့်တန့်ဖြစ်နေသည်။ ဘေးဘီကို မကြည့်ရဲ။ ခေါင်းကြီးငုံ့ပြီး တွန်းရသည်။ အမှန်မှာ သူတို့ကို ဘယ်သူကမှ ဂရုစိုက်ပြီး ကြည့်မနေပါ။ အားလုံး သူလိုကိုယ်လိုတွေချည်း။ ဒီရပ်ကွက်ထဲမှာ ရေစည်လှည်းတွန်းခြင်းသည် အဆန်းမဟုတ်တော့။ ရေစည်တင်သည့်ကားကြီး ဝင်လာမည်ဆိုလျှင်တော့ ဝိုင်းအုံကြည့်ရှုကြပေလိမ့်မည်။

www.burmeseclassic.com



နောက်တော့လည်း ညနေစောင်း နေညိုညိုအချိန်တွင် လင်မယားနှစ်ယောက် စကားတပြောပြောနှင့် ရေစည်လှည်းတွန်းရတာ ကြည်နူးစရာကောင်းသည်ဟုပင် ထင်လာကြသည်။ 'အင်းလျားကန်ဘောင်ပေါ်မှာ လမ်းလျှောက်ရတာနဲ့ အရသာချင်း တစ်မျိုးစီပေါ့'ဟု ကြော့မောင်က ပြောလေ့ရှိသည်။

"ထား လူမှုဖူလုံရေးကခေါ်တာ ဝင်ဖြေမှာလား"

"ဖြေရမှာပေါ့၊ ရဘာ မရတာ အပထားလေ၊ အလုပ်ရမယ်ဆိုရင်တော့ ကောင်းတာပေါ့"

သမီးရည်းစားဘဝတုန်းက လက်ထပ်ပြီးလျှင် သက်ထားအနေဖြင့် အလုပ်လုပ်စရာမလို၊ အေးအေးသက်သာနေ၊ သူ လုပ်ကျွေးမည်ဟု ကြော့မောင်က ပြောခဲ့သည်။ လက်ထပ်ပြီးကာစတွင် သက်ထားက အလုပ်လုပ်ချင်သည်ဆိုပြီး စာမေးပွဲတွေ ဝင်ဖြေစဉ်ကလည်း ကြော့မောင် ဖာသိဖာသာပင်နေခဲ့သည်။ အားတက်သရော စိတ်ဝင်စားမှု မပြခဲ့။ နောက်ပိုင်းကျတော့ သက်ထား အလုပ်လျှောက်မည့်ကိစ္စများကို စိတ်ဝင်တစား မေးမြန်းစုံစမ်းလာခဲ့လေသည်။

"အလုပ်ရထားတော့ အပိုဝင်ငွေလေး ဘာလေး ရတာပေါ့ အင်းလေ... အပိုဝင်ငွေသာ ပြောရတယ်၊ ပိုချင်မှ ပိုမှာပါ၊ နောက်ဆိုကလေးရလာရင် ပိုကုန်လာတော့မှာပဲ၊ အလုပ်ရှိထားရင် နေသာခံသာ ရှိတာပေါ့"

မျက်နှာချင်းဆိုင်မှ ကားတစ်စင်း လာနေသောကြောင့် သတိထားပြီးတွန်းနေရသဖြင့် ကြော့မောင် စကား မပြန်ဖြစ်သေးဘဲ ကား ဖြတ်သွားပြီးမှ...

"ကိုမောင်လည်း အလုပ် ပိုကြိုးစားမှာပေါ့"



"ကိုမောင်ကလည်း ကြိုးစားလေ၊ ထားကလည်း တစ်ဖက်က ဝင်ငွေရှိတော့ ပို မကောင်းလား၊ ကိုမောင်က ပိုက်ဆံလည်း သုံးချင်သေးတာ မဟုတ်လား"

"အမယ်၊ ဘာတွေများ သုံးလို့လဲ"

"ဘာတွေလဲတော့ မသိဘူး၊ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တာတို့၊ ဟိုဟာ သောက်တာတို့ ဖြစ်မှာပေါ့၊ ဒီလ ကိုမောင်ယူတာ ငါးဆယ်ရှိပြီ"

"ဟင်... ဘယ်လိုလုပ်သိလဲ"

သူတို့လင်မယားတွင် မည်သူက ငွေကိုင်ပြီး စီမံခန့်ခွဲမည်ဟု မရှိ။ ရသမျှငွေကို ဗီရိုထဲထည့်ထားပြီး လိုသလိုယူသုံးကြခြင်းဖြစ်သည်။ ကြော့မောင်သည် စာရင်းတွေဘာတွေ မှတ်လေ့ မရှိ။ သက်ထားကတော့ သူ့သုံးငွေကို စာရင်းအင်း အတိအကျ မှတ်သည်။ ထို့ကြောင့် ...

"သိတာပေါ့ ကိုမောင်ကသာ ကိုယ် ဘယ်လောက် ယူသုံးတယ်ဆိုတာ မှတ်မထားတာ၊ ထားက အကုန်မှတ်တယ်၊ ဒီတော့ ရှိငွေနဲ့ ထားသုံးတဲ့ငွေ ကိုက်ကြည့်ရင် လိုနေတာက ကိုမောင်သုံးတဲ့ငွေပဲဆိုတာ တန်းသိတာပေါ့၊ လူနှစ်ယောက်တည်းရှိတာ၊ တစ်ယောက်က စာရင်းအင်းနဲ့သုံးရင် ကျန်တဲ့တစ်ယောက် ယူတဲ့ငွေက အလိုလိုပေါ်လာတာပဲ မဟုတ်လား"

"ထားက သိပ်လည်တာပဲ"

"လည်တာထားပါဦး၊ ကိုမောင် အသုံးအစွဲ လျှော့တော့"

"ကိုမောင်က ဘာတွေများ ဒီလောက်သုံးနေလို့လဲ"

"တစ်ခုခု ဝယ်လိုက်ခြမ်းလိုက်ရလို့ ကုန်တာ ထားပါတော့၊ ဘာမှန်းမသိ အရည်မရ အဖတ်မရကုန်တာကို ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



"အရည်ရပါတယ်၊ လက်ဖက်ရည်လေ"

"အဲဒီ လက်ဖက်ရည်ဖိုးကိုက မနည်းဘူး"

"ဒါတော့ မတတ်နိုင်ဘူးထားရယ်၊ လက်ဖက်ရည် သောက်တာက ကျောင်းတုန်းကတည်းက အကျင့်ပဲ၊ ပြီးတော့ ကိုမောင်တို့မှာ ဇိမ်ခံ အပန်းဖြေစရာဆိုလို့ လက်ဖက်ရည်ဆိုင် ထိုင်တာနဲ့ လက်ဖက်ရည်သောက်တာပဲ ရှိတာပါ"

"နည်းနည်းတော့ လျှော့ဦးကွာ၊ ထားတို့မှာ ခုထိ ဘာမှ စုဆောင်းမိတာ မရှိသေးဘူး"

"အေးပါ"

"ဒါပဲနော်၊ ရှေ့လျှောက် ကုန်စရာတွေက အများကြီး၊ ဒီလ ထဲမှာပဲ ကုန်စရာတစ်ခု ရှိသေးတယ်"

"ဘာလဲ"

"မင်္ဂလာဆောင်လေ၊ လက်ဖွဲ့ရမှာပေါ့"

"ဘယ်သူ့ မင်္ဂလာဆောင်လဲ"

"ထားသူငယ်ချင်းပါ၊ သိတယ်မဟုတ်လား၊ ကျောင်းမှာတုန်းက ထားနဲ့တွဲနေကျပဲ၊ စိုးလေ၊ ကောင်မက အပျိုကြီး လုပ်မယ်လေး ဘာလေးနဲ့၊ ခုတော့ သူ့အဖေအမေက အင်ဂျင်နီယာ တစ်ယောက်နဲ့ ပေးစားမယ်ဆိုတော့ လက်ခံလိုက်တယ်တဲ့၊ အဲဒါ ဝါမဝင်ခင် စီစဉ်ချင်တယ်ဆိုလို့ စနေနေ့ မင်္ဂလာဆောင်မှာတဲ့၊ ဘာလက်ဖွဲ့ရမှန်းတောင် မသိဘူး"

"ဘယ်မှာဆောင်မှာလဲ"

"သမ္မတမှာတဲ့၊ ဘာပဲဖြစ်ဖြစ် အနည်းဆုံး အစိတ်တန်လောက်တော့ လက်ဖွဲ့မှကောင်းမှာ"

"ဖွဲ့လိုက်ပေါ့"



"ဘယ်မှာလဲ ပိုက်ဆံ"

"ဟာ... ကုန်ပြီလား"

"ကုန်တော့ ဘယ်ကုန်ဦးမလဲ၊ ဒါပေမယ့် လဆန်း ကိုမောင် ပန်းချီခတွေရမယ့် အချိန်ထိ သုံးလောက်ရုံပဲရှိတာ၊ ငွေသုံးလေးဆယ်အပို အကုန်မခံနိုင်ဘူး"

"အိမ်မှာ ရှိတာ တစ်ခုခုလက်ဖွဲ့လိုက်ပေါ့"

"အိမ်မှာ ဘာများကျန်သေးလို့လဲ ကိုမောင်ရဲ့၊ ထားတို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ရထားတဲ့ ပစ္စည်းတွေလည်း လိုအပ်လို့ သုံးလိုက်ရတာနဲ့၊ သူများကို ပြန်လက်ဖွဲ့လိုက်ရတာနဲ့ အသစ်ရယ်လို့မှ မရှိတော့ပဲ"

သူတို့ အိမ်နားသို့ ရောက်လာသဖြင့် ကုန်းပေါ် စတက်ရသည်။

"ထား ကုန်းတက်ကြီးရောက်လာပြီ၊ ဖယ်လေ၊ ကိုမောင့်ဘာသာတွန်းပါမယ်"

"အို... ရပါတယ်၊ ကိုမောင် တစ်ယောက်တည်း ပင်ပန်းတာ ဘယ်ကြည့်နေရက်မှာလဲ"

'ဒါကြောင့်လည်း ထားကို ချစ်နေရတာ' ဟု ကြော့မောင် စိတ်ထဲက ပြောလိုက်သည်။

အမယ် စိတ်ထဲမှာပြောရတာတောင် မောသံ ပါနေသလိုပါပဲလား။ မှန်သည်။ ကုန်းအတက်မှာ အတော် ရှည်လျားသဖြင့် ဖြည်းဖြည်းချင်းကြိတ်ပြီးတွန်းနေရသည်။

"အင်း ဘဝဆိုတာ ဒီလိုပါပဲလေ၊ အတက်မှာ အားစိုက်ပြီး တက်ရသလို၊ အဆင်းကျတော့လဲ အရှိန် လွန်မသွားအောင် ထိန်းပြန်ရတာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်က ပြောလိုက်သည်။ အတည်ပြောတာလား အရွှန်းဖောက်လိုက်လား မသေချာသဖြင့် သက်ထားက ဘာမျှပြန်မပြော။

ကုန်းထိပ်သို့ ရောက်လာသည်။ ကြော့မောင်သည် သူကွေ့ရမည့်နေရာကို ကောင်းကောင်းသိနေပြီ။

ကတ္တရာလမ်းပေါ်မှာ ချိုင့်တစ်ခုရှိသည်။ ယင်းကိုလွန်သည်နှင့် ရေစည်လှည်းလက်ကိုင်ကို နည်းနည်းနှိမ့်ချ။ ရှေ့ဘီးဝန်ပေါ့သွားသည်နှင့် ညာဘက်ချိုးကွေ့၊ ဆက်ခနဲ တစ်ချက်ဖွဖွတွန်း။ လှည်းသည် လမ်းဆောင်းပြီး သူတို့အိမ် ရှိရာသို့ လိမ့်သွားသည်။ ခြေကန်ပြီး အသာတွန်း၍ လိုက်သွား၏။ အိမ်ဝင်ပေါက်နား အရောက်တွင် ဘယ်ဘက်သို့ ဆွဲလှည့်လိုက်သည်။

ကွက်တိဖြစ်၏။ စကြာပန်းပင်ရင်းက ကမူကို ရှေ့ဘီးထိပြီး ရပ်သွားသည်။

ကြော့မောင်က လက်ဆွဲသံပုံးကို သွားယူလာပြီး ရေစည်လှည်းထဲမှ ရေကိုထုတ်၍ နောက်ဖေး စည်ပိုင်းထဲ ပြောင်းထည့်နေသည်။ ရေစည်လှည်းထဲမှ ရေကုန်ကာနီးတော့ လှည်းလက်ကိုင်ကိုဖိ၍ လှည်းကိုစောင်းပြီး ရေထုတ်ရသည်။ ထိုအချိန်တွင် သက်ထားသည် ဝမ်းသာအားရ ပြေးထွက်လာ၏။

"ကိုမောင်ရေ ရပြီ၊ ရပြီ"

ကြော့မောင်က ရေကုန်သွားသောလှည်းကို ပြန်ချပြီး ...

"ဘာရတာလဲ"

"လက်ဖွဲ့ဖို့လေ၊ မတတ်နိုင်ဘူး ကိုမောင်ရေ့ ကြံဖန်ရတာပဲ၊ ထားတို့ဆီမှာ အချိုပန်းကန်တစ်စုံ ကျန်သေးတယ် မဟုတ်လား"

"ဟာ အဲဒါက သုံးပြီးသားပဲ"

"အို... တစ်ခါနှစ်ခါ သုံးပြီးတာ ဘာဖြစ်လဲ၊ ရေဆေးပြီး အဝတ်နဲ့ သေသေချာချာပွတ်လိုက်ယင် အသစ်အတိုင်း ဖြစ်သွားမှာပဲ၊ ကဲ



ကောင်းချင်တော့ အဲဒီပန်းကန်တွေထည့်တဲ့ ဗူးလည်း ရှိသေးတယ်၊ ဒါဆို"

ဟု ပြောပြီးမှ တစ်စုံတစ်ခု စဉ်းစားမိသလို သက်ထားက တွေသွား၏။ ထို့နောက် ...

"မဖြစ်သေးဘူး၊ ဟိုတစ်ခါ စိုး အိမ်လာလည်တုန်းက အဲဒီပန်းကန်နဲ့ လက်ဖက်ရည် ထည့်တိုက်ဖူးတယ်၊ သူက မှတ်မိချင် မှတ်မိနေမှာ"

"ကဲပါ ထားရယ်၊ တစ်ခုခုသာ ဝယ်လိုက်ပါ၊ ပိုက်ဆံပြတ်သွားတော့လည်း တစ်ယောက်ယောက်ဆီက ချေးဆွဲတာပေါ့၊ ဟုတ်လား"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com





မိုးဦးသည် ရုတ်တရက် ရောက်ရှိလာ၏။

မိုးရွာမည့် အရိပ်လက္ခဏာများကို ကြိုတင်မပြဘဲ မိုးသားတွေ ချက်ချင်းညိုတက်လာပြီး ဝေါကနဲ ရွာချလိုက်ခြင်းဖြစ်သည်။ ကြော့မောင်မှာ ထီးပါမလာခဲ့။ မနက်တုန်းက ကောင်းကင်သည် တိမ်ကင်းစင်ပြီး နေသာနေခဲ့သဖြင့် မိုးရွာလိမ့်မည် မထင်၊ ထို့ကြောင့် ထီး မယူလာမိချေ။ မိုးရုတ်တရက် ရွာချလိုက်သဖြင့် သုံးထပ်တိုက်တစ်တိုက်လုံး၏ လှေကားရင်းတွင်ဝင်၍ မိုးခိုနေရသည်။

ဒီနေ့ မင်္ဂလာဆောင် သွားစရာရှိသည်။ နေ့လယ် နှစ်နာရီမှ စမည်ဖြစ်သည်။ ကြော့မောင်က မနက်ပိုင်းသွားစရာရှိနေသဖြင့် တစ်နာရီခွဲလောက်ကျမှ မြို့ထဲက ယောက်လမ်းမှတ်တိုင်မှာ ချိန်းထားသည်။ မင်္ဂလာဆောင်က သမ္မတဟိုတယ်မှာ။



ထို့ကြောင့် တစ်နာရီမိနစ်နှစ်ဆယ်လောက်တွင် ယောက်လမ်းမှတ်တိုင်သို့အသွား ဆူးလေဘုရားလမ်းပေါ်အရောက် မိုးရွာချလိုက်ခြင်း ဖြစ်သည်။

မိုးဦးဖြစ်သောကြောင့် မြေသင်းနံ့များ ထွက်လာသည်။ ထိုအခါ ကြော့မောင်ရင်ထဲက တစ်ခုခုကို လွမ်းသလို တစ်မျိုးကြီးဖြစ်လာ၏။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကလေးများကို သတိပြန်ရမိသည်။

ကျောင်းမှာတုန်းက...

ခုလိုပင် မိုးဦး လေဦး ဖြစ်သည်။

ကြော့မောင်နှင့် သက်ထားတို့ချိန်းထားကြသည်။ သက်ထားအတန်းပြီးချိန်တွင် ကြော့မောင်က အတန်းရှေ့မှ စောင့်နေရန် မြေနီကုန်းမှာ ရုပ်ရှင်သွားကြည့်ကြဖို့ဖြစ်သည်။ ထုံးစံအတိုင်းဆိုလျှင် ကြော့မောင်သည် သက်ထားတို့ အတန်းပြီးချိန်ထက် ဆယ့်ငါးမိနစ်လောက်ကြိုပြီး အတန်းရှေ့ကို ရောက်နေတတ်မြဲ။

ထိုနေ့ကတော့ နည်းနည်းစောနေသေးသဖြင့် ပန်းချီခန်းထဲမှာ ထိုင်ပြီး ပုံကြမ်းလေးတွေ လျှောက်ခြစ်နေလိုက်သည်။ အချိန်တန်လို့ သွားမည်ပြင်သည့်အနိက်မှာပင် မိုးကြီးရွာသည်။

ကြော့မောင် စိတ်ညစ်သွားရ၏။ သူ့မှာ ထီးမပါ။ ပန်းချီခန်းမှာ သက်ထားရှိရာ သိပ္ပံဆောင်ကိုဖြတ်၊ အဓိပတိလမ်းကိုကျော်ပြီး သွားရသည်။ ဝိဇ္ဇာဆောင်မှ သိပ္ပံဆောင်သို့အကူးတွင် ပြေးသွားသည်ပင်ဖြစ်စေ မိုးရွှဲမည်မှာ သေချာသည်။

သွားစရာ အရေးတကြီးရှိနေချိန်မှာ မိုးရွာလို့စောင့်နေရခြင်းနှင့် ဘတ်စ်ကားမလာလို့ စောင့်နေရခြင်းတို့သည် မခံချိ မခံသာဖြစ်ရပုံချင်း အတူတူပင်ဖြစ်သည်။ မိုးကို စိတ်ဆိုးလို့ ဘာမျှ အကြောင်းမထူး။ ဘတ်စ်ကားကို ဒေါသဖြစ်နေလို့ အရာမထင်။ သို့ရာတွင် စိတ်မဆိုး ဒေါသမဖြစ်ဘဲလည်း မနေနိုင်။ မီးပျက်လျှင်လည်း ထို့အတူပင်။

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် တောက်ခေါက်လိုက်၊ ဘာတွေမှန်းမသိရေရွတ်လိုက်၊ ထိုင်လိုက်၊ ထလိုက် ဂဏှာမငြိမ်ဖြစ်နေရ၏။ အချိန်ကလည်း တဖြည်းဖြည်း နီးကပ်လာသည်။

သက်ထားတို့ အတန်းလွှတ်ရန် မိနစ်ပိုင်းမျှ အလိုတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ မိုးရွာထဲကပဲ ဖြတ်သွားတော့မည်။

သို့ဖြစ်၍ မိုးဖွဲတွေကြားမှာ ဖြတ်ပြေးသည်။ မိုးမှာ သည်းကြီး မည်းကြီး မဟုတ်တော့သော်လည်း အရှိန်ကလေးရှိနေတုန်း။ ထို့ကြောင့် သိပ္ပံဆောင်ဝင်အောက်ရောက်သောအခါ သူ့တစ်ကိုယ်လုံး စိုရွှဲလုနီးနီးဖြစ်နေပြီ။

သူ ရောက်သွားချိန်တွင် အတန်းလွှတ်ကာစ ဖြစ်သည်။ သက်ထားက သူ့ကိုတွေ့လျှင်...

"ဟယ်... ကိုမောင်ရယ်၊ မိုးတွေလည်း ရွဲလို့ပါလား၊ ဘယ်လိုဖြစ်လာတာလဲ"

"အတန်းလွှတ်ချိန် မမိမှာ စိုးတာနဲ့"

"အို... မမိတော့ ထားစောင့်မှာပေါ့၊ ဘာဖြစ်လို့ မိုးရွာထဲမှာ လာရသလဲ"

"ထား စောင့်နေရမှာ စိုးလို့ပါ"

သူတို့ လျှောက်လာကြပြီး သချာင်္ဂဌာနဘက်မှ လမ်းပေါ်သို့အထွက်တွင် သက်ထားက ထီးမဖွင့်ဘဲ ရှေ့ကထွက်လိုက်သည်။ ကြော့မောင်က သက်ထားလက်ကို လှမ်းဆွဲပြီး...

"ထား ဘာလုပ်တာလဲ၊ ထီးဖွင့်လေ"

"ဟင့်အင်း... ကိုမောင်က မိုးတွေစိုပြီး ထားကျတော့ ခြောက်ခြောက်သွေ့သွေ့ဆို ဘယ်တရားပါ့မလဲ၊ ထားလည်း မိုးစိုသွားရင် ညီမှာပေါ့"



"ဟာ...ထားကလဲ"

ကြော့မောင်က သက်ထားလက်ထဲမှ ထီးကိုဆွဲလုပြီး ဖွင့်ဆောင်းပေးလိုက်သည်။ သက်ထားက...

"ကိုမောင်နော်၊ ထီးပိတ်လိုက်၊ မပိတ်ဘူးလား၊ ဒါဆို ထားပြန်မယ်"

သက်ထားက ထီးကိုလုသည်။ ကြော့မောင်က မပေး။ သက်ထားသည် ထီးကို အတင်းတွန်းဖယ်သည်။ မရသဖြင့် ထီးရိပ်မှ ထွက်ပြီး မိုးရွာထဲမှ လျှောက်သည်။ ကြော့မောင်က လိုက်ဆောင်းပေးသည်။

ဤသို့ဖြင့် သက်ထားက မိုးရွာထဲထွက်လိုက်၊ ကြော့မောင်က လိုက်ဆောင်းပေးလိုက်၊ တွန်းလိုက်၊ ဖယ်လိုက်၊ ထီးမိုးလိုက်ဖြင့် သူတို့နှစ်ယောက်ကို ဘေးလူတွေက အားကျစွာ ကြည့်ရင်းပြုံးသွားကြသည်။

မိုးသည် စဲစပြုနေသော်လည်း ခပ်မှုန်မှုန်ကျနေတုန်း။ သက်ထား၏ ဆံပင်မှာ မိုးရေစက်တွေ ညိနေ၏။ ဖော့ရှန်အင်္ကျီကလေးမှာ ရေစိုပြီး အသားမှာ ကပ်နေသည်။ မြေသင်းနံ့က လှိုက်ကနဲ၊ ဝေ့ကနဲ။ ပျော်စရာကလေးတောင် ကောင်းလိုက်လှ၏။

ကြော့မောင် စဉ်းစားခန်းဝင်နေသဖြင့် သက်ထားနှင့် ချိန်းထားသည့် အချိန်ထက် ဆယ်မိနစ်လောက် လွန်သွားသည်။ မိုးလည်း တိတ်စပြုနေပြီ။ ထို့ကြောင့် သူ မိုးခိုနေသော တိုက်လှေကားရင်းမှ ထွက်လိုက်သည်။

ယောက်လမ်းမှတ်တိုင်သို့ ရောက်သောအခါ ယာဉ်စောင့်ရိပ်သာထဲတွင် ကုပ်ကုပ်ကလေးရပ်စောင့်နေသော သက်ထားကို တွေ့ရလေ၏။ သက်ထား၏ ထဘီအောက်နားစွန်းမှာ မိုးစိုနေသည်။ ကြော့မောင်သည် သက်ထားရော သူ့လိုပင် ကျောင်းတုန်းကအကြောင်းကို စဉ်းစားမိလေမလားဟု မဝံ့မလဲဖြစ်သွားရသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်းသည် ထမင်းစားလို့ကောင်းသဖြင့် ဗိုက်တင်းပြီး အိမ်ရှေ့ခန်းမှာ ဖျာတစ်ချပ်ခင်းပြီး ပိုးလိုးပက်လက် လန်နေသည်။ သူသည် ဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ထမင်းနှစ်ပန်းကန် သုံးပန်းကန်တော့ အမြဲကုန်အောင် စားနိုင်သည်ပင် ဖြစ်သည်။

ဒီနေ့တော့ ဝက်သားသုံးထပ်သားကို သရက်သီးသနပ်နှင့် ချက်ပြီး ဆိတ်ဖူးဟင်းခါးနှင့် ဖြစ်သောကြောင့် 'အထူး'စားလို့မြိန်သွား၏။ ဒီလိုဟင်းကောင်းကောင်းက ဆယ်ရက် ဆယ့်ငါးရက်နေမှ တစ်ခါလောက်သာ စားရခြင်း ဖြစ်သည်။ ထို့ကြောင့် ဝမ်းဗိုက်ထဲ ရေသောက်စရာ နေရာပင် မကျန်အောင် အပြည့်အသိပ် ထည့်လိုက်၏။

ပြီးတော့လည်း ဝင်းမာက သူ့ဘေးမှာ ကျုံ့ကျုံ့ကလေးလာထိုင်ပြီး 'တွတ်နီ၊ စားလို့ကောင်းတယ် မဟုတ်လား'ဟု ချစ်စဖွယ် ခပ်ပြုံးပြုံးကလေးလာမေးလိုက်သေးသည်။ တစ်ခါတစ်လေ သူ့-သွားဖြဲ နားဖြဲစားလျှင် ဝင်းမာက အစားပက်စက်တယ်၊ ဝက်ကျနေတာပဲ'ဟု ပြောတတ်၏။ ဒီနေ့တော့ ခင်မောင်ငြိမ်းအဖို့ တော်တော် ကျေနပ်စရာဖြစ်နေသည်။

"ဝင်းမာရယ်၊ စားလို့ကောင်းလိုက်တာ၊ စိန်ထွန်းကြီးကို သတိရတယ်ကွာ၊ ဒီကောင် ဝက်သား သိပ်ကြိုက်တာ"

"ဒါဆို နောက်တစ်ခါ ချက်တော့ သူ့ကိုခေါ်ပေါ့၊ အင်း...နင်က သူငယ်ချင်းတွေကို တော်တော်ချစ်တာပဲနော်"

"ဒါပေါ့ ဝင်းမာရယ်၊ ငါ့မှာ ဆွေမရှိ၊ မျိုးမရှိ၊ ခင်စရာ မင်စရာဆိုလို့ ဒီ သူငယ်ချင်းတွေပဲ ရှိတာပဲဟာ"

"အံမယ်... တို့တွေကျတော့ကော"



"ငါပြောတာက ရှင်းရှင်းလေးပါ၊ ခင်စရာ သူငယ်ချင်းတွေ၊ ချစ်စရာကတော့ ယောဒီ ချစ်ဇနီး"

"နောက်ထပ် ချစ်စရာ တစ်ယောက် တိုးဦးမယ်လေ"

ဆိုပြီး ဗိုက်ကို ပုတ်ပြသည်။

"အင်းနော်၊ ဟုတ်တယ်၊ ဝင်းမာတောင် မေ့တော့မှာပဲ"

"အဲဒါပြောတာပေါ့ တွတ်နီရယ်၊ ကလေးရလာပြီဆိုရင် ဗာဟီရကိစ္စလေးတွေ ပိုလာပြီ၊ အဲဒီအခါကျတော့ နင့်ကို ဟင်းကောင်းကောင်း ချက်ကျွေးနိုင်မှာ မဟုတ်တော့ဘူး"

"လူတစ်ယောက် ရှာရမှာပေါ့"

"လူတစ်ယောက် ဟုတ်လား၊ ဒီခေတ်မှာ အိမ်ဖော်ဆိုပြီး ပေါ့သေးသေး မထင်နဲ့၊ လိုချင်တိုင်းရတာ မဟုတ်ဘူး၊ ရှာလို့ ဘယ်လောက်ခက်တယ် မှတ်သလဲ၊ ရရင်တောင် ထမင်းကျွေး ငါးဆယ် အနည်းဆုံးပေးရမှာ၊ ငါတို့ အခြေအနေနဲ့ ငါးဆယ်အကုန်မခံနိုင်ဘူး၊ ကလေးစရိတ်ကလည်း ရှိသေးတယ် မဟုတ်လား"

"ငါပြောတာ ပိုက်ဆံ မပေးရတာ ပြောတာ"

"ဘာရယ်..."

"ဒီလိုလေ၊ ငါ နောက်ထပ် မိန်းမတစ်ယောက် ယူလိုက်၊ ဒါဆိုရင် နင် မီးနေတုန်း အိမ်အလုပ်တွေ ပူစရာ မလိုတော့ဘူး၊ ပိုက်ဆံလည်း ပေးစရာမလိုဘူး"

"အံမယ်... ဒီတစ်ယောက်ကိုပဲ ဝအောင် ရှာကျွေးစမ်းပါဦး"

ဟုပြောပြီး ဝင်းမာက ခင်မောင်ငြိမ်းနှာခေါင်းကို လှမ်းညှစ်ထားသည်။ ခင်မောင်ငြိမ်းသည် အသက်ရှူလို့မရသဖြင့် ပါးစပ်မှ လှည့်ရှူနေရ၏။ ဝင်းမာက လက်ပြန်လွှတ်လိုက်ပြီး လေသံအေးအေးဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ အဲဒါပြောမလို့ဘဲ၊ အိမ်မှာ လူငှားဖို့ဆိုတာက မလွယ် ဘူး၊ ငါ မီးဖွားနေတဲ့အချိန်မှာ ကိုယ်ခွဲ မရှိရင် နင်ပဲ ပင်ပန်းမှာ"

ခင်မောင်ငြိမ်းက ဘာမှ ဝင်မထောက်ဘဲ နားထောင်နေသည်။ သူ ပင်ပန်းမည်ကို မစိုးရိမ်။ မလုပ်တတ်၊ မကိုင်တတ်နှင့် ကသီလင်တဖြစ်မှာ စိုးသည်။

"အဲဒါ တို့ အမေ့ဆီ စာရေးလိုက်တယ်"

"ဘာ..."

ခင်မောင်ငြိမ်းသည် လှဲနေရာမှ ခေါက်ကနဲ ထ,ထိုင်လိုက်သည်။ ဝင်းမာ က ပြောစရာရှိသည်ကို ဆက်ပြော၏။

"အမေ့ဆီက ဒီနေ့ပဲ စာပြန်လာတယ်၊ အမေက တို့မီးဖွားကာနီးရင် လာခဲ့မယ်တဲ့၊ မီးထွက်တဲ့ အထိလောက်နေပေးမယ်တဲ့"

ခင်မောင်ငြိမ်း ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်။ ကန့်ကွက်ခြင်းကို လည်းကောင်း၊ ထောက်ခံခြင်းကိုလည်းကောင်း၊ မပြုမီ၊ ခဏကြာမှ...

"အင်းလေ၊ ဘယ်တတ်နိုင်မလဲ"

ဟု လွှတ်ကနဲ ပြောလိုက်သည်။

"ဟင်... နင်ဘယ်လိုပြောလိုက်တာလဲ၊ တွတ်နီ"

ထိုအခါ ခင်မောင်ငြိမ်း အိပ်ရာမှ လန့်နိုးသလို ဖြစ်သွားပြီး...

"ဟာ မဟုတ်ဘူး၊ ငါက မကျေနပ်လို့ ပြောတာမဟုတ်ဘူး"

ဝင်းမာက ခင်မောင်ငြိမ်းကို စိတ်ဆိုးဟန် မပြ။

"ငါသိပါတယ်၊ နင့်စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားမှာပေါ့၊ ငါတို့ ယူကြတုန်းက အမေတို့က သိပ်ဟက်ဟက် ပက်ပက်ရှိတာ



မဟုတ်တာ၊ ငါလည်း အမေတို့အပေါ် ခပ်မှန်မှန်နေခဲ့တာ နင်သိ သားပဲ၊ ဒါပေမယ့် အမေဟာ အမေပဲ၊ မဟုတ်လား၊ ပြီးတော့ ငါ ခုချိန်မှာ အမေ့ကို သိပ်သတိရတာပဲ"

အမြဲလိုလို ခေါင်းတင် မောင်းတင်နေခဲ့သော ဝင်းမာထံမှ ပထမဆုံး ကြားရသော အားငယ်စကား။ ခင်မောင်ငြိမ်း စိတ်မကောင်းဖြစ်သွားသည်။ ဝင်းမာ လက်ကလေးကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး...

"အေးပါ ဝင်းမာရယ်၊ ငါနားလည်ပါတယ်၊ ငါကလည်း ဝင်းမာ တို့ အမေ လာနေမယ်ဆိုလို့ ရုတ်တရက်အံ့သြသွားလို့ပါ၊ အမေလာ နေမယ်ဆိုရင် ပိုတောင်ကောင်းသေးတယ်၊ ငါ့အကြောင်းလည်း နင် သိပါတယ်၊ မိဘမဲ့နေခဲ့ရလို့ အမေငတ်နေတဲ့လူပါ၊ ဝင်းမာတို့ အမေလာရင် ဝမ်းသာအားရကြိုဆိုမှာပါ"

ဝင်းမာသည် မျက်ရည်ဝဲလောက်သည်ထိတော့ မဖြစ်။ ခင်မောင်ငြိမ်း လက်ကိုတော့ ကျစ်ကျစ်ပါအောင် ပြန်လည် ဆုပ်ကိုင်ထားသည်။

ခုချိန်ခါတွင် ဝင်းမာတို့ မိဘများသည်လည်း စီးပွားရေးအခြေအနေ ကောင်းလှသည်တော့ မဟုတ်။ သူတို့ ဝင်ငွေနှင့် ကျန်သားသမီးတွေကို အခြေမပျက် ထိန်းထားနိုင်ရုံသာ။ ဒီအခြေအနေကျမှ သမီးဝင်းမာအပေါ် ပြန်အလျှော့ပေးလာသည်ဟု ခင်မောင်ငြိမ်း မတွေးတော့။

တကယ်ဆိုလျှင် သူသည် ဝင်းမာတို့မိဘများအပေါ် မကြည်ဖြူသော စိတ် မရှိခဲ့ရိုးအမှန်ပါ။ သူ့အပေါ် ခပ်တန်းတန်း ဆက်ဆံခဲ့ဖူးသောကြောင့် သာ ဝင်းမာတို့ အမေလာလျှင် သူ အနေကြပ်ရမည်ကို စိုးရိမ်မိခြင်းဖြစ်သည်။

ပြီးတော့...

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမာတို့အမေသည် အစဉ်အဆက် အခြေအနေတင့်ခဲ့သူ ဖြစ်သဖြ ဟင်းကောင်း ကျွေးကောင်းကို မက်တတ်သည်ဟု ဝင်းမာက ပြောဖူးသည်။ ခုသူတို့ နေ့စဉ် စားသုံးနေပုံမျိုးကို ထိုအဘွားကြီး စားနိုင်မည်မဟုတ်။ ဝင်းမာ မီးဖွားနေချိန်တွင် ထိုအဘွားကြီး ချက်ပြုတ်ရပေမည်။ ထိုအခါ တစ်နေ့ဆီ တစ်ဆယ်သားလောက်များ သုံးနေမှဖြင့် ဒုက္ခဟု ခင်မောင်ငြိမ်း တွေးပူ မနေနိုင် အားတော့ပါ။

☆☆☆



လူတို့ မသွားလျှင်မဖြစ်သော နေရာကား ဈေးဖြစ်သည်။ ဈေးဆိုက တည်းက လူစည်ကားစမြဲဖြစ်၏။ အိမ်ရှင်မတို့သည် ဈေးကို မသွားလို့မဖြစ်။ တောရွာများမှာ ခြံစည်းရိုးက ဟင်းသီးဟင်းရွက်ကလေးနှင့် ချောင်းထဲ မြောင်းထဲက ငါးကလေးနှင့် ဟင်းတစ်ခွက်ဖြစ်နိုင်သည်။ မြို့ပေါ်မှာတော့ ဒီလိုမရချေ။ နေ့စဉ် မဟုတ်တောင် နှစ်ရက် သုံးရက် တစ်ခါတော့ ဈေးသွားကြရလေ၏။

ကြော့မောင်သည် ဈေးဝယ်ဖူးသူ မဟုတ်ချေ။ ဝယ်တတ်သည်လည်း မဟုတ်။ ကျောင်းမှာတုန်းက ပျော်ပွဲစားထွက်ဖို့ မိန်းကလေးတွေ ဈေးသွားဝယ်ကြတုန်းက ပေါလားဝါးလား လိုက်သွားဖူးရုံသာ ရှိသည်။

သက်ထားနှင့် လက်ထပ်ပြီးစကလည်း ဈေးသို့သုံးလေးခေါက် လိုက်ဖူးသည်။ ထိုစဉ်ကလည်း ဈေး ဘယ်လိုဝယ်ခြမ်းရသည်ကို လေ့လာ မဟုတ်ချေ။ အသစ်စက်စက် ဇနီးသည်ကလေးနှင့် အတူတွဲပြီး ဈေး လမ်း

www.burmeseclassic.com



သလားပြချင်သည်က တစ်ကြောင်း၊ ဈေးထဲက မုန့်ဟင်းခါးဆိုင် ကောင်းကောင်းမှာ စားချင်သည်က တစ်ကြောင်းကြောင့်သာ ဖြစ်သည်။

ဒီနေ့တော့ သက်ထားက ကောင်းကောင်းနေမကောင်းသဖြင့် ဈေးသွားဝယ်ပေးပါဆိုပြီး လွှတ်လိုက်သဖြင့် လာခဲ့ရသည်။ သက်ထားကိုင်နေကျ ပလပ်စတစ်ဈေးခြင်းတောင်းကို မကိုင်ရဲ။ ကြွတ်ကြွတ်အိတ်တစ်လုံးကို ခေါက်ကိုင်ပြီး ထွက်ခဲ့၏။

ဈေးထဲရောက်တော့လည်း ဟိုယောင်ယောင်၊ ဒီယောင်ယောင် လျှောက်ကြည့်နေ၏။ ဘာဝယ်ရမှန်း မသိ။ သက်ထားကလည်း ဘာဝယ်ခဲ့ဟု တိတိကျကျ မညွှန်ကြားလိုက်။ ကြည့်ဝယ်ခဲ့ဟုသာ မှာလိုက်သည်။

မျက်စိရှေ့မှာ မြင်နေရတာကတော့ အများကြီးပင်။ သူ မဝယ်ရဲ။ မဝယ်တတ် ဖြစ်နေသည်။ ကြက်သားက အကောင်လိုက်တွေ၊ တစ်ခြမ်းတွေ၊ တစ်စိတ်တွေခုတ်ထားတာ တွေ့ရသည်။ သူတို့နှစ်ယောက်စာဆိုလျှင် တစ်စိတ်ဝယ်ရမည်။ တစ်စိတ်ပေးပါဟု ပြောရမလား၊ ဘယ်လောက်သား ပေးပါဟု ပြောရမလား။

ငါးကျတော့ကော အလေးချိန်နှင့် ဝယ်ရမှာလား၊ ဘယ်နှစ်ကောင်ဆိုပြီး ပြောရမှာလား၊ သက်ထားပေးလိုက်တာက ငွေတစ်ဆယ်။ ဆီတစ်ဆယ်သားလည်း ဝယ်ရဦးမည်။ ဆီဆိုမှ သတိရသည်။ ဆီဝယ်ဖို့ ပုလင်းမေ့ကျန်ခဲ့သည်။ ဒီတစ်ရက်စာချက်ဖို့တော့ အိမ်မှာ ကျန်ကောင်းပါရဲ့။

ဘဲဥနှင့် အာလူးဝယ်သွားတာက အကောင်းဆုံးဖြစ်မည်ဟု အကြံရသည်။ ကုန်ခြောက်ဆိုင်တစ်ဆိုင်နား မယောင်မလည်နှင့် ကြည့်၏။ ဘဲဥတွေ အာလူးတွေပေါ်မှာ ယင်ကောင်တွေ အုံနေသည်။ ဒါဆို မသန့်ရှင်းတော့ဘူးပေါ့။ နောက်တစ်ဆိုင် သွားကြည့်တော့လည်း ထို့အတူ။ ဒါ ထုံးစံပဲလားမသိ။



ဤသို့ ယောင်ကြောင်နေတုန်း အိုးဆိုင်တန်းဘက်မှ ချိုးကွေ့လာသော ခင်မောင်ငြိမ်းကို လှမ်းမြင်လိုက်သည်။ သူ ဈေးဝယ်လာကြောင်း သိသွားမည်စိုး၍ ကြွတ်ကြွတ်အိတ်ကိုင်ထားသော လက်ကို နောက်မှာ ဝှက်လိုက်၏။ ခင်မောင်ငြိမ်းက သူ့ကိုမြင်လျှင်...

“ဟာ... ကြော့မောင်၊ ဘာလာလုပ်တာလဲ”

“ဒီလိုပေါ့”

ဟု မသေမချာဖြေလိုက်သည်။ ခင်မောင်ငြိမ်းက ရိပ်မိဟန်တူသည်။ ကြော့မောင်၏ လက်နောက်ပစ်ထားပုံကို အကဲခတ်သည်။ ကြော့မောင်က ဘာမ မဆိုင်ဘဲ ‘ဟဲ... ဟဲ’ဟု ရယ်လိုက်သည်။ ခင်မောင်ငြိမ်းက...

“ဟော့ကောင် ကြုံတုန်း လက်ဖက်ရည်သောက်ရအောင်၊ စကားလေး၊ ဘာလေး ပြောတာပေါ့”

“အေး– အေးကွာ၊ သောက်တာပေါ့”

သူတို့နှစ်ယောက် ဈေးဝရှိ လက်ဖက်ရည်ဆိုင်သို့ လျှောက်လာသည်။ ကြော့မောင်လည်း လက်ထဲမှ ကြွတ်ကြွတ်အိတ်ကို ပေါင်နှင့် ကွယ်ပြန်သည်။ ခင်မောင်ငြိမ်းက ရုတ်တရက် ခြေတစ်လှမ်းစာ နောက်ကျခံလိုက်သဖြင့် မြင်သွားသည်။

ထို့အတူ ခင်မောင်ငြိမ်းသည် ဓာတ်မြေဩဇာအိတ်ကို ပြန်ချုပ်ထားသည့် လက်ဆွဲအိတ်ကို ခေါက်၍ ခါးကြားမှာထိုးလာသည်ကို ကြော့မောင်က ပြန်မြင်သွားသည်။ ခင်မောင်ငြိမ်းက အရင်ဦးအောင်ပြောသည်။

“အံမယ် ဟော့ကောင်၊ ဈေးဝယ်လာတာ မဟုတ်လား”

“အေးဟေ၊ ထားက နှရက်မှာ နည်းနည်းနေမကောင်းဖြစ်နေလို့ ဒါနဲ့ မင်းကော ”

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဈေးဝယ်လာတာလေ၊ မင်းသိတဲ့အတိုင်းပဲ၊ ဝင်းမာက နေ့စေ့ လစေ့ကြီး မဟုတ်လား"

"မင်း ဘာမှမဝယ်ရသေးဘူးလား"

"ငါ ခုမှ ဈေးထဲရောက်တာ မင်းကော"

ကြော့မောင်က သူ့အကြောင်းပြောပြသည်။ ဘဲဥနှင့်အာလူး ယင်ကောင်အုံနေကြောင်း ပြောသောအခါ ခင်မောင်ငြိမ်းက ဟားတိုက်လျက်...

"ဟား... ဟား၊ တော်တော်ကြောင်တဲ့ကောင်၊ မှတ်ထားကွ၊ ဈေးထဲမှာတော့ ဒီလိုပဲ၊ ယင်ကောင်တလောင်းလောင်း နေတာပဲ၊ ဒါကို ကျန်းမာရေးရှုထောင့်ကကြည့်ပြီး ရွံတတ်နေရင်တော့ ထမင်းမစားဘဲ နေရုံရှိတော့မပေါ့၊ မင်းက တော်သေးတယ်၊ ငါ ဈေးဝယ်စတုန်းက တော်တော်ဟားရတယ်၊ ကုန်စိမ်းဆိုင်တစ်ဆိုင်ဝင်ပြီး အဲဒီဖလံတောင်ဖုံးတွေက ဘယ်ဈေးလဲလို့ မေးမိတာ၊ ဆိုင်ရှင်မိန်းမကြီးက အဲဒါ ဖလံတောင်ဖုံးမဟုတ်ဘူးကွယ်၊ ကညွတ်လို့ခေါ်တယ်လို့ ပြန်ပြောတော့ ဆောက မိန်းမတွေက ဝိုင်းဟားလို့ လစ်ပြေးခဲ့ရသေးတယ်၊ လက်ဖက်ရည်သောက်ပြီးမှ ပြန်ဝယ်တာပေါ့ကွာ၊ မင်းဝယ်ချင်တာလည်း ငါ လိုက်ဝယ်ပေးပါ့မယ်၊ ဈေးဝယ်နည်းသင်တန်းပေါ့"

ကြော့မောင်သည် ခင်မောင်ငြိမ်းကို တွေ့သဖြင့် ဝမ်းသာအားရ ထွက်လာခဲ့သည်။ အိမ်အပြန် ဆီမဝယ်လာဖြစ်ဘဲ လက်ဖက်ရည်ဖိုးနှစ်ကျပ် ကုန်ခဲ့သဖြင့် သက်ထားကများ ပြောနေဦးမလားဟု လက်ဖက်ရည်ဆိုင်ထိုင်ပြီးမှ တွေးမိသည်။

ခင်မောင်ငြိမ်းက စ,ခေါ်တာဆိုတော့ သူ တိုက်မလို့ထင်တယ်ဟု ထင်မိသေးသည်။ 'ဒီကောင်က မိန်းမမီးဖွားကာနီးမို့ အကုန်အကျများနေမှာပါလေ၊ ငါပဲ ပေးလိုက်ပါ့မယ်'ဟု စိတ်ကူးထားလိုက်ပြန်၏။



ခင်မောင်ငြိမ်းကတော့ ဘာမှမတွေး။ ဆေးပေါ့လိပ်နှစ်လိပ်သွားဆွဲလာပြီး ကြော့မောင်ကို တစ်လိပ် လှမ်းပေးသည်။

"မင်းယောက္ခမကြီး လာနေမယ်ဆို"

ဟု ကြော့မောင်က စကားစသည်။

"အေး... ဒီအပတ်ထဲရောက်မယ်ပြောတယ်"

"မင်းတို့ ပြေလည်သွားကြပြီဆိုပါတော့"

"ပြေလည်တယ် ဘာတယ်တော့ မဟုတ်သေးပါဘူး၊ ဝင်းမာကို မီးနေလာစောင့်ပေးမယ်ပြောတာပဲ၊ ငါ့ဖက်ကတော့ မပြေလည်စရာ မရှိပါဘူး"

"မြေးလေးမျက်နှာ တွေ့လိုက်ရရင် ပြေလည်သွားမှာပါ"

"မျှော်လင့်ရတာပဲကွာ"

ကြော့မောင်သည် အေးဇော်ကိစ္စကို သွားသတိရလိုက်၏။

"ဒီမှာ ခင်မောင်ငြိမ်း၊ မင်းကို ငါမေးစရာရှိတယ်"

"ကလေးရအောင် ဘယ်လိုလုပ်ရတယ်ဆိုတာလား၊ လိုအပ်ရင်ပြောလေ၊ ငါ ကူညီပါ့မယ်"

"ခွေးကောင်၊ မင်းစကားကလဲ"

"ဩော်... ငါက နည်းလမ်းကို ပြောပြမယ်လို့ ဆိုလိုတာပါ"

"ငါပြောမှာက အဲဒါမဟုတ်ဘူးကွ၊ အေးဇော်တို့ကိစ္စ"

"ဘာဖြစ်လို့လဲ၊ အေးဇော်က ဘာဖြစ်လို့လဲ"

"ဒီကောင်ကတော့ ဘာမှမပြောပါဘူး၊ ငါ စဉ်းစားကြည့်တာပါ၊ အဲဒါ မင်းက လူကဲခတ်တတ်တယ် မဟုတ်လား၊ မင်းများ သိနေမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောက သက်ထားနှင့်သူ ဆွေးနွေးကြသည့်အကြောင်း ပြော ပြသည်။ အေးဇော်တို့မိသားစုနှင့် သီတာမျိုးတို့ အဆင်မှပြေကြရဲ့လားဟု မေးသည်။

"ပြဿနာဖြစ်တယ်လို့တော့ မကြားမိပါဘူး၊ ကောင်မလေးက နေ တတ်တယ်ကွ၊ အားလုံးနဲ့တည့်အောင် အနာခံပေါင်းနေတာပဲ ဟာ"

"အဲဒါပြောတာပေါ့၊ တစ်ယောက်ယောက်က အနာခံရတယ်ဆို ကတည်းက ဘယ်ကောင်းမလဲ၊ အများနဲ့တစ်ယောက်ပဲဟာ"

"ငါတို့က အနေသာကြီးပါကွာ"

"ဘာအနေသာကြီးလဲ၊ သီတာမျိုးက ငါတို့ သူငယ်ချင်းမဟုတ်ခဲ့ ပေမယ့် အေးဇော်နဲ့ပတ်သက်လာတော့ ငါတို့ဂရုစိုက်ရမှာပေါ့ကွ၊ မင်းပြောပုံက လက်လွှတ်စပယ် နိုင်လွန်းတယ်"

"ငါဆိုလိုတာက သီတာမျိုးကိစ္စ၊ ငါတို့နဲ့မဆိုင်ဘူးလို့ပြောတာ မဟုတ်ပါဘူးကွ၊ သူတို့ အိမ်တွင်းရေးကို ငါတို့ရေရေရာရာ သိတာ မှ မဟုတ်ဘဲ၊ သီတာမျိုးက မင်းကိုဖြစ်ဖြစ်၊ သက်ထားကိုဖြစ်ဖြစ် အေးဇော်တို့မိသားစုက သူ့ကိုနှိပ်စက်နေပါတယ်၊ သူ စိတ်ဆင်းရဲ နေရပါတယ်လို့ ဖွင့်ပြောဖူးလို့လား"

"ပြောတော့ ဘယ်ပြောမလဲကွ၊ အရိပ်အကဲကြည့်ရတာပေါ့"

"သောကနေတာမှ မသိဘဲ ဝင်ဆုံးဖြတ်တာ မကောင်းပါဘူး၊ သီတာ မျိုးကိုယ်တိုင်က အဲဒီလိုနေရတာကို ကျေနပ်နေရင် ဘယ့်နှယ့်လုပ် မလဲ"

"မဖြစ်နိုင်တာ"



"မိန်းမဆိုတာ သိပ်အသိရခက်တယ်နော်၊ ယောကျ်ားတစ်ယောက် ကို တကယ်ချစ်မိပြီဆိုရင် ဘာပဲဖြစ်ဖြစ် လိုက်လျောတတ်တယ်၊ အဲဒီလို လိုက်လျောတာကို ကျေနပ်ချင် ကျေနပ်နေတတ်တယ်"

"ငါကတော့ အေးဇော်နဲ့တွေ့ရင် အေးအေးဆေးဆေး ဆွေးနွေး ကြည့်ချင်တယ်"

"အေးဇော်အကြောင်းလည်း မင်း သိသားပဲ၊ သူ လုပ်ချင်တာရှိရင် ဇွတ်လုပ်တတ်တာ၊ ဘယ်သူ့စကားမှ နားထောင်တာမဟုတ်ဘူး၊ သူ့အမေက လွဲရင်ပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ငါတော့ပြောချင်နေတယ်၊ သူငယ်ချင်းအချင်း ချင်းပဲကွာ၊ တကယ်လို့ ငါပြောရင် မင်းကော"

"မင်းပြောရင်တော့ ငါလည်း ဝင်ပြောရမှာပေါ့ကွ"

ခင်မောင်ငြိမ်းနှင့် ကြော့မောင်တို့သည် အိမ်ချင်းနီးနေသဖြင့် မကြာခဏ ဆုံဖြစ်သည်။ အေးဇော်ကတော့ တစ်မြို့နယ်တည်းဖြစ်သော်လည်း နည်းနည်း လှမ်းသဖြင့် သူတို့နှစ်ယောက်လောက် မဆုံဖြစ်ကြချေ။ သူတို့ထဲတွင် စိန်ထွန်း က လူပျိုလူလွတ်လည်းဖြစ်ပြီး အိမ်ချင်းလည်း မနီးသဖြင့် တစ်ခါတစ်ရံမှ တွေ့ရ၏။

ခင်မောင်ငြိမ်းသည် လက်ဖက်ရည်တစ်ငုံစာ ကျန်သည်ကို မော့ချပြီး ရေနွေးဖြင့် ပန်းကန်ကိုကျင်းသည်။ ရေနွေးထပ်ထည့်ပြီး သောက်မည်ပြု၏။ ပူနေသေးသဖြင့် ပြန်ချထားလိုက်ပြီး...

"ဒါနဲ့ နေစမ်းပါဦး၊ စောစောက မင်းပြောတာ သက်ထားက နေမ ကောင်းလို့ဆို၊ ဘာဖြစ်တာလဲ"

"ခုတလောလေးကွာ၊ မနက်အိပ်ရာက ထရင် မူးမူးနေလို့ဟ"

"မူးတယ်၊ အန်ကော အန်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မသိဘူးကွ၊ မအိမလည်ကြီး ဖြစ်နေတယ်လို့တော့ ပြော
တယ်"

ခင်မောင်ငြိမ်းက ကြော့မောင် ပခုံးကိုပုတ်လိုက်ပြီး..

"ဟေ့ကောင်၊ မင်းမိန်းမ ဗိုက်ကြီးနေပြီ ထင်တယ်"

"ဟေ..."

ကြော့မောင် ခဏမျှ ငြိမ်သွားသည်၊ ထို့နောက် ဆတ်ကနဲ ထရပ်၍..

"ဟာ... ဖြစ်နိုင်တယ်ကွ၊ ဟေ့ကောင် ငါပြန်တော့မယ်"

"ဘာယ်လိုဖြစ်တာလဲ"

"ငါ ပြန်မယ်ကွာ"

ကြော့မောင် ချာကနဲလှည့်၍ သုတ်ခြေတင်သည်။ ခင်မောင်ငြိမ်းက
လှမ်း၍....

"ဟေ့ကောင်၊ ဈေးမဝယ်တော့ဘူးလား"

ကြော့မောင် လှည့်မကြည့်ဘဲ...

"မဝယ်တော့ဘူး"

ဟူ၍သာ ပြန်အော်သွားသည်။ ခင်မောင်ငြိမ်းက ပြုံး၍ ခပ်တိုးတိုးရေ
ရွတ်လိုက်သည်။

"ခွေးကောင်၊ လက်ဖက်ရည်ဖိုးတောင် ရှင်းမသွားဘူး"

☆☆☆

ကြော့မောင်သည် အပြေးအလွှား ထွက်လာခဲ့ပြီး လမ်းရောက်မှ လက်
ဖက်ရည်ဖိုး မပေးခဲ့ရကြောင်း သတိရမိလေသည်။ ဆိုင်မှာတုန်းက သူ ပေး
လိုက်မည်ဟု စိတ်ကူးထားခဲ့သည်။ ခု ရုတ်တရက် ထထွက်လာမိသည်
ဟိုကောင်တော့ မရှိမဲ့ရှိမဲ့ ပေးရတော့မှာပဲ၊ ငါ့ကိုကော တစ်မျိုးထင်သွားမလား
မသိဘူးဟူ၍ တွေးမိသည်။



ပြန်လှည့်မည် စိတ်ကူးသေးသည်။ မဖြစ်နိုင်တော့။ ခုလောက်ဆို ခင်မောင်ငြိမ်း ပိုက်ဆံရှင်းပြီး ထွက်သွားလောက်ပြီ။ နောက်တစ်ခါတွေ့မှ တောင်းပန်ရတော့မည်။

သူတို့သူငယ်ချင်းတစ်စုမှာ နှမြောတွန့်တိုတတ်သူ၊ တစ်ယောက်အပေါ်တစ်ယောက် တင်စီးတတ်သူ၊ လက်ပေါက်ကပ်သူ၊ တစ်ယောက်မှမပါ။ ထိုသို့ အထင်ခံရမည်ကို စိုးရိမ်တတ်သူများသာ ဖြစ်ကြသည်။

ကျောင်းတုန်းကဆိုလျှင် လက်ဖက်ရည်ဖိုးကို သူပေးမည် ငါပေးမည်ဟု လုရှင်းနေကျ။ အားလုံးအတွက် ပြည့်အောင်မရှိတောင် ရှိသလောက်တော့ အိတ်သွန်ဖာမှောက် ထုတ်တတ်ကြသည်။ ကိုယ့်မရှိလျှင် ခပ်ပြောင်ပြောင်ပင်။ "ဟေ့ကောင် ငါ့ကို လက်ဖက်ရည်တိုက်စမ်း"ဟု ပြောလိုက်ရုံသာ။

ခု နောက်ပိုင်းကျတော့ တစ်ယောက်အခြေအနေ တစ်ယောက်သိနေသဖြင့် အကြောင်းထူး မရှိဘဲ လက်ဖက်ရည် မတိုက်နိုင်းကြတော့။ သူငယ်ချင်းချင်း ဆုံမိလျှင်တော့ လက်ဖက်ရည်ဆိုင် မထိုင်ဘဲ မနေနိုင်။ လက်ဖက်ရည်ဖိုး ရှင်းကြသောအခါ ငယ်ကျင့်အတိုင်း အကျီအိတ်ထဲ အလျင် လက်နှိုက်မိကြသည်ချည်း ဖြစ်သည်။

တစ်ခုကွာတာက တစ်ယောက်ယောက်က ဦးအောင် ပေးလိုက်ပြီးလျှင် အရင်ကလို ပေးပြီးသားပိုက်ဆံကို လုပေးတာမျိုး သိပ်မလုပ်တော့။ ကိုယ်က တိုက်မည်ဟု စိတ်ကူးထားလျှင်လည်း အလျင်ဦးအောင် ပေးလိုက်သည်။ ကိုယ့်မှာ သိပ်မရှိလျှင်လည်း တစ်ခြားတစ်ယောက်က ပေးသည်ကို မကန့်ကွက်မိ။ ပြိုင်တူထုတ်မိပြီး တစ်ယောက်က ပေးလိုက်လျှင် ကျန်သူတွေက ကိုယ့်ပိုက်ဆံကို အိတ်ထဲ အသာ ပြန်ထည့်ထားလိုက်သည်။ လက်ဖက်ရည်တိုက်နိုင်သူ နှစ်ယောက်ဆုံနေလျှင်သာ လုပေးသောပြဿနာ ဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ၊ ကိုယ်က မပေးနိုင်သည့်တိုင် သူငယ်ချင်းကို လက်ဖက်ရည်တိုက်ချင်သော ငယ်စိတ်ကလေးတွေက မပျောက်သေး။ ငွေရှင်းလိုက်သောသူကို အားနာတတ်ကြသည်။ သူ့အခြေအနေ ကိုယ့်အခြေအနေ သိပ်ထူးကြသည်မဟုတ်။

ဒီနေရာမျိုးမှာ မိန်းကလေးတွေက ရှင်းသည်။ ကိုယ်စားတာ ကိုယ်သောက်တာ ကိုယ့်ဘာသာကိုယ်ပေး။ မွေးနေ့လက်ဆောင်ကျလျှင်သာ လေးငါးဆယ်တန် ပေးချင်ပေးမည်။ စားတာ သောက်တာကျတော့ တစ်မတ် ငါးမူးအစ စာရင်းရှင်းကြ၏။ 'အမေရိကန် စစ်စတမ်'ဟု ခေါ်ကြသည်။

ကြော့မောင်သည်လည်း 'ခေတ်ပေါ် မြန်မာစစ်စတမ်' တစ်ခုထွင်ချင်သည်။ တစ်ယောက်တည်းက အားလုံးအတွက် ရှင်းတာလည်း မကောင်း။ ကိုယ့်အတွက် ကိုယ်ရှင်းတာလည်း မကောင်း။ နည်းသည် များသည် သဘောမထားဘဲ ကိုယ်တတ်နိုင်သလောက်ထုတ်။ များများတတ်နိုင်လျှင် များများထုတ်၊ နည်းနည်းတတ်နိုင်လျှင် နည်းနည်းထုတ်။ လုံးဝ မရှိလျှင် မထုတ်နဲ့။ စုပေါင်းစိုက်ထုတ်သည့် စံနစ်ဖြစ်သည်။

ကြော့မောင်သည် လက်ဖက်ရည်ဖိုး ကိစ္စကို လျှောက်တွေးနေရာမှ သက်ထားနှင့် ပတ်သက်၍ ခင်မောင်ငြိမ်းပြောလိုက်သည်ကို သတိရသွားပြီး ခြေလှမ်းကို သွက်လိုက်သည်။

သူတို့အိမ်သည် ဈေးနှင့်မနီးမဝေးမှာ ရှိ၏။ ဘတ်စ်ကားစီးသွားလျှင် နှစ်မှတ်တိုင်လောက်ရှိမည်။ လမ်းလျှောက်လျှင်လည်း ရသည်။ ဘတ်စ်ကားစောင့်ရမှာ စိတ်မရှည်သဖြင့် လမ်းလျှောက်ခြင်းဖြစ်သည်။

"ထားရေ... ထားရေ"



အရေးကြီးသည့် အသံမျိုးဖြင့် အိမ်ပေါ်ပြေးတက်သည်။ သက်ထားက မီးဖိုခန်းထဲမှ ထွက်လာသည်။ သက်ထားသည် ပုံမှန်အတိုင်း ကြည်ကြည်လင်လင် ရှိနေ၏။ ကြော့မောင်က မောကြီး ပန်းကြီးမေးလိုက်သည်။

"ထား အန်သေးလားဟင်၊ အန်သေးလား"

သက်ထား ကြောင်သွားသည်။ ပြီးမှ...

"ဘာဖြစ်လို့ အန်ရမှာလဲ"

ဟု ပြန်မေးသည်။

"မဟုတ်ဘူးလေ၊ မနက်တုန်းက နေမကောင်းဘူးဆို၊ အဲဒါဆို ဟိုဟာတဲ့၊ ခင်မောင်ငြိမ်းက ပြောတယ်"

"ဘာလဲ ကိုမောင်ပြောတာ နားမလည်ဘူး၊ ကိုခင်မောင်ငြိမ်းက ဘာပြောတာလဲ"

"ဟိုဟာတဲ့၊ ဟိုဟာရှိနေတာတဲ့"

သက်ထားက ပြုံး၍...

"သူက ထားထက်များ ပိုသိလို့လား"

"သိဘူးလေ၊ ဒါဆို မဟုတ်ဘူးပေါ့"

"မပြောတတ်သေးဘူး၊ ဟုတ်မယ် ထင်တာပဲ"

"ဟိုဟာကော၊ ဟိုဟာ..."

ဆိုပြီး ကြော့မောင်ပြောရန် ပါးစပ်မရဲသဖြင့် စကားတစ်လုံးကို အင်္ဂလိပ်လိုပြောလိုက်၏။ သက်ထားက ခေါင်းကလေးငုံ့သွားပြီး ...

"မလာတာ နှစ်လလောက်ရှိပြီ"

"ဒါဆို... ဒါဆို"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် လမ်းမှာတုန်းက ကလေးရှိနေတာ သေချာလျှင် ရုပ်ရှင်တွေထဲကလို ထ,ခုန်လိုက်မည်ဟု စိတ်ကူးခဲ့သည်။ ခုတော့ မခုန်ဖြစ်ချေ။ ခေါင်းထဲသို့ အတွေးတစ်ခု ဖြတ်ကနဲဝင်လာသည်။

မီးဖွားစရိတ်၊ ကလေးစရိတ်၊ ပြီးတော့...

"ကိုမောင်"

သက်ထားက ခေါ်လိုက်မှ သူ ငိုင်တွေနေမိကြောင်း သတိရသည်။ သက်ထားက အားမလို အားမရဟန်ဖြင့်...

"ကိုမောင် ဝမ်းမသာဘူးလား"

"ဟင်၊ ဝမ်းသာပါတယ်"

"ဒါနဲ့ ဘာလို့ ငိုင်နေရတာလဲ"

ကြော့မောင် ပြုံးလာပြီး...

"မဟုတ်ပါဘူး၊ ထားကရှိတယ်ဆိုပြီး အန်လည်း မအန်ဘူး"

သက်ထားက ရယ်သည်။

"လူတိုင်း အန်တာ မဟုတ်ပါဘူး၊ တချို့ဆို ဘာမှတောင် မသိလိုက်ဘဲ ရှိချင်ရှိသွားတာ"

"ထားကတော့ မူးတယ်ဆို၊ ဒါဆို အန်ရဦးမှာပေါ့၊ မအန်သေးဘူးဆိုတော့ မသေချာဘူးလားလို့"

"မူးတာ အန်တာ ဖြစ်ပေမယ့်လည်း ရှိတယ်လို့ မပြောနိုင်ပြန်ဘူး၊ ကိုမောင်ရဲ့ ဆရာဝန်ကို ပြကြည့်မှ သိမှာ"

"သွားပြမလားဟေ့"

"နေပါဦး၊ သုံးလအထိတော့ စောင့်ကြည့်ရဦးမယ်၊ ဖြစ်ဖို့တော့ များပါတယ်လေ"



"ကိုမောင်တော့ ဖြစ်စေချင်တာပဲ၊ အန်ပြီဆိုရင်တော့ ကျိန်းသေပဲလို့ ထင်တယ်"

☆☆☆

နောက်ရက်များတွင် ကြော့မောင် အိပ်ရာမှနိုးတိုင်း 'ထား အန်ပြီလား ဟင်'ဟု မေးတတ်သည်။ သက်ထားက ပြုံး၍သာ နေသည်။

တစ်ရက်... ကြော့မောင် အိပ်ရာမှနိုးပြီး အိမ်နောက်ဖေးဘက် ဝင်သွားသောအခါ ရေကပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး အန်နေသော သက်ထားကို တွေ့လိုက်ရသည်။

"ဟင်... ထား၊ ထား.. အန်နေပြီ၊ အန်နေပြီ"

ကြော့မောင်သည် သက်ထားနားသို့ ပြေးသွားပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေရာမှ 'အန်နေပြီ၊ အန်နေပြီ'ဆိုသော စကားကို ဂါထာရွတ်သလို ရွတ်နေသည်။ သက်ထားက...

"ကိုမောင် ဘယ်လိုဖြစ်နေတာလဲ၊ ကျောကို နည်းနည်းလောက် ဖိပေးပါ"

ဆိုလိုက်တော့မှ သက်ထား၏ ပခုံးကို ဆုပ်နယ်ပေးလိုက်ရ၏။

"နှိပ်ခိုင်းတာ မဟုတ်ဘူး၊ ကျောကို ဖိ"

ကြော့မောင်သည် ခိုင်းသည့်အတိုင်း လိုက်လုပ်သည်။ အန်သည်ဆိုသော်လည်း အစာတွေ တဝေါဝေါထွက်သည်မဟုတ်၊ လေနှင့်တံတွေး အရည်အနည်းငယ်သာ။

"ရပြီ ကိုမောင်၊ တော်ပြီ"

ဟု ပြောပြီး သက်ထားက ကြော့မောင်ကို မော့ကြည့်ရင်း ပြုံးပြသည်။ အန်လိုက်ရသဖြင့် သက်ထားမှာ မျက်ရည်တွေ ဝဲနေသည်။ ငိုခြင်းမဟုတ်။ ကြည်နူးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် သက်ထားကို အသာတွဲ၍ ထူမ,လိုက်ပြီး အိပ်ရာဆီသို့ ခေါ်လာခဲ့သည်။ သက်ထားက...

"ရပါတယ်၊ ကိုမောင်ရဲ့ ကောင်းသွားပါပြီ"

ဟု ပြောသည်ကိုပင် မရ။

"ထား အိပ်ရာပေါ်မှာ ငြိမ်ငြိမ်ကလေးလှဲနေ၊ ထမင်းဟင်း ချက်စရာရှိတာ ကိုမောင်လုပ်လိုက်မယ်"

"ကိုမောင် ချက်တတ်လို့လား"

"မချက်တတ်လည်း ချက်မယ်ကွာ၊ အို... အကုန်လုံး ကိုမောင်လုပ်မယ်"

သက်ထားသည် အမူးလည်း သက်သာသွားပြီ၊ အန်လည်း မအန်တော့။ သို့ရာတွင် ကြော့မောင်၏ ပခုံးပေါ်မှာ ခေါင်းမှီ၍ နားနေသည်။ ပိန်ပိန်သွယ်သွယ်၊ အဆီမရှိ၊ အရိုးခပ်ငေါငေါဖြစ်နေသော ကြော့မောင်၏ ပခုံးသည် အလွန်နိုင်မာတောင့်တင်း လုံခြုံလှသည်ဟု ထင်မိ၏။

ထိုအခိုက် အိမ်ရှေ့မှ 'ကြော့မောင်ရေ၊ ဟေ့ကောင် ကြော့မောင်'ဟု လှမ်းခေါ်နေသော အေးဖော်အသံကို ကြားရသည်။

ကြော့မောင်သည် သက်ထားကို လှဲသိပ်ထားခဲ့ပြီး အိမ်ရှေ့သို့ထွက်ခဲ့၏။ တံခါးဖွင့် ပြီးပြီးချင်း...

"ဟေ့ကောင် အေးဖော်၊ အန်နေပြီကွ၊ သိရဲ့လား"

အေးဖော်သည် ကြော့မောင်စကားကို နားမလည်သဖြင့် 'ဒီကောင်ကြောင်ပြန်ပြီ'ဆိုသော အကြည့်ဖြင့် ကြည့်ရင်း...

"ဘာအန်တာလဲ"

"ထားလေကွာ၊ ထား အန်နေပြီ"

"ဟ ဘာဖြစ်တာလဲ၊ အစားမှားလို့လား"

"ဟာ မင်းကလည်း တုံးလိုက်တာ၊ ပရက်ရှိနေလို့ကွ"



ဟု ဝှံကြားစွာ ပြောသည်။ အေးဖော်က...

"ဩော်... ဟုတ်လား"

ဟုသာ ပြန်ပြောလိုက်၏။ သူက အားကြိုးမန်တက် ပြောသည်ကို အေးဖော်က အေးစက်စက် တုံ့ပြန်သဖြင့် ကြော့မောင် မကျေမနပ် ဖြစ်သွားသည်။ ထို့ကြောင့်...

"ဘာလဲကွ၊ မင်းက ငါက တကယ်ပြောနေတာ"

"အေးပါ၊ သိပါတယ်"

"ဒါကိုများ မင်းက မထုံတက်သေးနဲ့"

"ဟ.. ငါက ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ၊ ထက,နေရမှာလား၊ သက်ထားက ငါ့မိန်းမမှ မဟုတ်တာ"

ထိုအခါကျမှ သူ့ဘာသာ ဝမ်းသာလုံးဆို့ပြီး ပေါကြောင်ကြောင် ဖြစ်နေသည်ကို သတိရသွားပြီး...

"အေးကွာ၊ ဟုတ်သားပဲ"

ဟု ခပ်ရှက်ရှက်ပြောလိုက်သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်းနှင့် ဝင်းမာတို့အမေ ဒေါ်မျှင်တို့၏ ပြန်လည်တွေ့ဆုံခန်းသည် အောက်ပါအတိုင်း ဖြစ်သည်။

ဒေါ်မျှင်သည် ဝင်းမာကို ခင်မောင်ငြိမ်းနှင့် ကြည်ဖြူစွာလက်ထပ်ပေးခဲ့သည် မဟုတ်။ သမီး၏ ဆန္ဒကို မတားမြစ်သာ၍သာ အလျှော့ပေးလိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် မင်္ဂလာပွဲတွင် ဝတ်ကျေတန်းကျေသာ ပါဝင်သည်။ သားမက်အပေါ်တွင်လည်း ခပ်မှန်မှန်သာ ဆက်ဆံခဲ့သည်။

တကယ်တော့ ဒေါ်မျှင်တို့သည် ပကာသနကို မက်မောသူများကား မဟုတ်ကြ။ ရှေးရိုးအယူအဆရှိနေသောကြောင့် မျိုးရိုးဂုဏ်သိက္ခာကို မက်မောကြခြင်းသာ ဖြစ်သည်။ သို့ဖြင့် တစ်ကောင်ကြွက်ဖြစ်သော ခင်မောင်ငြိမ်းအပေါ် ရာနှုန်းပြည့် သဘောမကျနိုင်ခြင်းပင်။



နောက်ပိုင်းတွင် ခင်မောင်ငြိမ်းသည် ဝင်းမာအပေါ် ကြင်ကြင်နာနာရှိကြောင်း သတင်းစကားကြားရပြီး စိတ်ပြေသွားသည်။ ထိုစဉ်တွင် ဝင်းမာထံမှ မီးဖွားကာနီးပြီဖြစ်ကြောင်း စာရရှိသည်။ ထို့ကြောင့် မီးနေစောင့်ရန် လာခဲ့၏။

လာသာ လာရသည်။ စိတ်က ခပ်တုံ့တုံ့ဖြစ်နေသည်။ အရင်က ခပ်မှန်မှန် ဆက်ဆံခဲ့သော သားမက်သည် မိမိကို ဘယ်လိုအချိုးမျိုး ချိုးမည်နည်း။ ခုသွားနေရမည်က သမီးဆီ ဆိုသော်လည်း သားမက်အိမ်ဟု ဆိုနိုင်သည်။ ခင်မောင်ငြိမ်းက မိမိကို ကြည်ကြည်ဖြူဖြူ ရှိပါ့မလားဟု စိတ်ပူမိ၏။

ခင်မောင်ငြိမ်းသည်လည်း ထို့အတူ။ ကိုယ့်အပေါ် အေးစက်စက်နိုင်ခဲ့သော ယောက္ခမနှင့်ဆုံရမည်ကို ရှုံ့တွန့်တွန့် ဖြစ်နေသည်။ အိမ်မှာလာနေမည်ဆိုတော့ အနေကြံ့ရဦးမည်။ သူ့ဘက်ကတော့ အဘိုးကြီး အဘွားကြီးတွေအပေါ် မလိုမုန်းထားစိတ်မျိုးမရှိပါ။ ပြေပြေလည်လည် ဖြစ်ချင်သော ဆန္ဒသာရှိ၏။ အဘွားကြီးလာလျှင် အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆက်ဆံမည်ဟူ၍တော့ စိတ်ကူးထားသည်။

ဒေါ်မျှင် ရောက်သည့်နေ့က ခင်မောင်ငြိမ်းပင် သွားကြိုရသည်။ ဝင်းမာက ကိုယ်ဝန်အရင့်အမာကြီးမို့ မလိုက်နိုင်။ ဒေါ်မျှင် ရထားပေါ်မှ ဆင်းလာသောအခါ ခင်မောင်ငြိမ်းက…

"အမေ နေကောင်းလား"

ဟု နှုတ်ဆက်ပြီး လက်ဆွဲအိတ်နှင့် ကြိမ်ခြင်းတောင်းကို လှမ်းယူလိုက်သည်။ အရင်က 'ဒေါ်ဒေါ်'ဟု ခေါ်ပြီး ခု အမေဟု ပြောင်းခေါ်ကြောင်း ဒေါ်မျှင် ရုက်ချင်းသတိပြုမိ၏။

"သမီး မွေးကာနီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ပြုံးပြ နှုတ်ဆက်ရင်း မေးသည်။

"ရက်ပိုင်းအတွင်း မွေးမှာပဲ၊ အမေက အချိန်မီလေးရောက်လာတာ၊ ဝင်းမာတော့ သိပ်ဝမ်းသာမှာပဲ"

"အမေလည်း ဟိုရက်တွေကတည်းက လာမလို့ပဲကွယ့်၊ မင်းတို့ အေး... မင်းတို့အဖေက တစ်ချို ဖျားလိုက်သေးတာနဲ့၊ ခုတော် သူက နာလန်ထစရှိသေးတာ၊ ဒီမှာ မမိမှာစိုးတာနဲ့ ဟိုက သား သမီးတွေပဲ ကြည့်နိုင်းထားခဲ့ရတယ်"

သူ့ကိုယ်သူလည်း အမေဟု သုံးနှုန်းလိုက်သည်။ ခင်မောင်ငြိမ်းက သူ့ကို ပျူပျူငှာငှာဆက်ဆံသဖြင့် စိတ်အေးသွားရ၏။ ခင်မောင်ငြိမ်းသည် လည်း အဘွားကြီးက သူ့အပေါ် ချိုချိုသာသာရှိသဖြင့် စိတ်သက်သာရ ရသွားသည်။

တစ်ခုပဲ ရှိသည်။ အဘွားကြီးက ဟင်းကောင်းကျွေးကောင်း ကြိုက် တတ်၏။ ပြီးတော့ ဒီရက်တွေမှာ ဒေါ်မှျင်ပဲ ချက်ရပြုတ်ရမည်။ သူတို့ ချက်စား နေကျပုံစံမျိုးနှင့် ဖြစ်မည်မဟုတ်။ အဘွားကြီးစိတ်ကြိုက် ချက်လိမ့်မည်ထင် သည်။ စားစရိတ် ပိုတက်လာမည်မှာ သေချာ၏။

ယင်း ပြဿနာကိုလည်း အဘွားကြီးကပင် ဖြေရှင်းပေးလိုက်သည်၊ ဒေါ်မှျင်သည် သားမက်နှင့် သမီးတို့မှာ ချောင်ချောင်လည်လည် မဟုတ် ကြောင်း သိသည်။ ထို့ကြောင့် ဆီနှစ်ပိဿာငါးဆယ် ယူလာခဲ့သည်။ ကြက် သွန်ဖြူက ငါးဆယ်သား။

ထို့အပြင်...

"အမေ့ကြောင့်တော့ သမီးတို့မှာ ဝန်မပိုစေချင်ဘူး၊ သမီးတို့လည်း ဒီလိုပဲ လှည့်ပတ်နေရတယ်ဆိုတာ အမေသိတယ်၊ ကလေး



တစ်ယောက်မွေးပြီဆိုရင် ကုန်ရကျရတာကလည်း မနည်းဘူး၊ ဒီတော့..."

ဆိုပြီး ဝင်းမာလက်ထဲ ငွေသုံးရာထည့်ပေးလိုက်လေသည်။

☆☆☆

တစ်ခါတစ်လေတော့ ဒီအလုပ်ကို ခင်မောင်ငြိမ်း စိတ်ကုန်မိသည်။ ဘဏ်လုပ်ငန်းဖြစ်သောကြောင့် ငွေတွေကို အမြဲမြင်တွေ့နေရသည်။ ငွေထုတ် ပေးသည့် ကောင်တာမှာဖြစ်စေ၊ ငွေလက်ခံသည့် ကောင်တာမှာကျသည်ဖြစ် စေ၊ တစ်နေ့ တစ်နေ့ ငွေပေါင်းသိန်းနှင့်ချီ၍ ကိုင်တွယ်ရေတွက်ရသည်။ ဘဏ် သို့ဝင်လာခြင်းနှင့် ဘဏ်မှထုတ်ပေးရခြင်းတို့သာ ကွာခြားသည်။ ထိုငွေ များသည် ကိုယ်ပိုင်သည်ကား မဟုတ်ချေ။

သူရသည့် လခက နှစ်ရာကျော်။ အချိန်ပိုလုပ်ခပါပေါင်းလျှင် သုံးရာ ကျော်လောက် ရတတ်၏။ လက်ရှိ ရာထူးဖြစ်သည့် လက်ထောက်ငွေကိုင် ဘဝမှ ရှေ့ဆက်တက်ဖို့ ကြာဦးမည်။ သူတို့ဘဏ်မှာက လူသိပ်များလှသည် မဟုတ်။ ရာထူးနေရာသစ်လည်း မပေါ်တတ်၊ နေရာလစ်လပ်မှုလည်း နည်း သည်။ ရှေ့တက်လမ်းနှေးသည်ဟုပင် ဆိုနိုင်သည်။ ဘဏ်ကြီးတွေ ပြောင်း ခွင့်ရလျှင်တော့ မဆိုးလှချေ။

ခုလောလောဆယ်တော့ သူ့အတွက် မျှော်လင့်ချက်မရှိသေး။ လက် ထောက်ငွေကိုင်တွေထဲတွင် သူက ပညာအရည်အချင်းသာတာ တစ်ခုသာရှိ ၏။ လုပ်သက်ကျတော့ အနုဆုံး။ အသက်လည်း အငယ်ဆုံး။

ဘဏ်လုပ်ငန်းသည် ခေါင်းလည်းရှုပ်ရသည်။ လူက ထိုင်နေရသော် လည်း ဦးနှောက်က အနားမနေရ။ ငွေတွေ ရေတွက်ရခြင်းသည် ကျင့်သားရ ပြီမို့ ဘာမျှ မခဲယဉ်းသော်လည်း ကြာတော့ ရိုးအီလာသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



စိတ်လက်မပါဘဲ ဖြစ်သွားလျှင် အမှားအယွင်းရှိတတ်၏။ ထိုအခါ စာရင်းများနှင့် ကိုက်ညှိပြီး အမှားကိုပြန်ရှာရသည်မှာ စိတ်ပျက်ဖွယ်။

ပြီးတော့ အချို့ရုံးလုပ်ငန်းတွေလို လုပ်လက်စကို ခဏချထားပြီး နားလို့ရသည်မဟုတ်။ လက်ဖက်ရည်ဆိုင် ထိုင်နေရသည်မဟုတ်။ စာအုပ်ဖတ်နေလို့ရသည် မဟုတ်။ အပျင်းပြေ စစ်တုရင်ထိုးနေလို့ ရသည်မဟုတ်။ စားပွဲတင်တင်းနစ် ဆိုလျှင်တော့ သူတို့ဘဏ်ကလူတွေ လက်ရည်အညဲဆုံး ဖြစ်လေသည်။

ငွေထုတ်သူ၊ ငွေအပ်သူ၊ ငွေစုသူတွေမှာ ဘယ်တော့မှ ပြတ်သည်မရှိ။ ထိုသူတွေရှိနေသမျှ ဘဏ်ကငွေကိုင်တွေ ဖင်မြဲရသည်။ ခုနောက်ပိုင်း ငွေစုသူတွေ ပိုများလာသဖြင့် အလုပ်လည်း ပိုများလာသည်။

သူတို့အလုပ်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသဖြင့် တစ်ဦးကောင်း တစ်ယောက်ကောင်းလုပ်လို့ မရချေ။ တစ်ယောက်က ကြိုးစားပြီး တစ်ယောက်က လျှော့နေလျှင် အလုပ်တစ်ခုလုံး ပြီးမည်မဟုတ်။ တစ်နေ့စာ တစ်နေ့ပြီးအောင် လုပ်ရသောကြောင့် တက်ညီလက်ညီရှိမှဖြစ်သည်။ ဤနေရာတွင် အချို့လုပ်ငန်းများမှာလို ညီညီညွတ်ညွတ်နှင့် အားလုံးညှိပြီး ရေသာခိုလို့လည်း မဖြစ်ချေ။

ခင်မောင်ငြိမ်းသည် အလွန်တက်ကြွသူတစ်ယောက် မဟုတ်သည့်တိုင် သူ့တာဝန်ကိုတော့ ကျေပွန်အောင် ထမ်းဆောင်တတ်သူဖြစ်သည်။ သူ့ထုံးစံအတိုင်း လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းတတ်သည်။ အထက်အရာရှိများနှင့်လည်း အဆင်ပြေသည်။

ဒီလုပ်ငန်းကို တစ်ခါတစ်လေ စိတ်ကုန်မိသည် ဆိုရာမှာလည်း ရှေ့တက်လမ်း နေးကွေးသည်ကို တွေးမိသည့်အခါမျိုးမှသာဖြစ်၍ ကျန်အချိန်များတွင် သူ့ဝသီအတိုင်း ခပ်အေးအေး ခပ်ပျော်ပျော်ပင် နေတတ်သည်။



သူသည် ကြိုတင်တွေးတောပူပန်တတ်သူမဟုတ်။ ပြဿနာကြုံလာလျှင်လည်း ခပ်ပေါ့ပေါ့သဘောထားပြီး ခပ်လွယ်လွယ်ဖြေရှင်းချင်သူ ဖြစ်သည်။ ထို့ကြောင့်လည်း မဖြစ်သေးသည့်ပြဿနာများကိုပင် ကြိုတင်စဉ်းစားပြီး ပူပန်စိုးရိမ်နေတတ်သည်။ ကြောမောင်နှင့် တစ်ခါတစ်ခါ အခြေအတင်ဖြစ်တတ်သည်။

ဒီနေ့တော့ အငြိမ်းစားလစာ ထုတ်ပေးရမည့် ကိစ္စတွေပါရှိနေသဖြင့် …ဆောကြီးကတည်းက လာခဲ့ရသည်။ စိတ်ရောလူပါ ပင်ပန်းနေသည်။ တစ်…တ် တစ်ချက်တွင် အိမ်ကို စိတ်ရောက်သွားသည်။

ဝင်းမာသည် ရက်စေ့နေပြီ။ ဆရာဝန်ပေးသော မွေးရက်သည် နက်ဖြန်…ဖြစ်မည်။ ဒီနေ့လည်း မွေးချင်မွေးနိုင်သည်။ မနက်တုန်းက ရုံးမတက်ဘဲ…နေ့ယူမည်ဟု သူပြောခဲ့သေး၏။ ဝင်းမာက သွားသာသွား၊ ဗိုက်နာလာလည်း…ဖုန်းဆက်လိုက်မည်ဆိုသဖြင့် ထွက်လာခဲ့သည်။

"ကိုခင်မောင်ငြိမ်း၊ တယ်လီဖုန်း"

သူ့ ဆတ်ကနဲထသည်။ ရေတွက်လက်စ ငွေစက္ကူထပ်က လက်ထဲမှာ…ပါလာသည်။ ထို့ကြောင့် ငွေစုကောင်တာကလူကို အပ်ပြီး ဖုန်းသွားကိုင်သည်။

"မောင်ငြိမ်းလား"

ဝင်းမာတို့အမေ၏ အသံ။

"ဟုတ်ကဲ့ အမေ၊ ဝင်းမာ ဗိုက်နာနေပြီလား"

"အေး"

"သိပ်နာနေလား"

"သူကတော့ သိပ်မဟုတ်ပါဘူး ပြောတယ်၊ ဒါပေမယ့်…"

"ကျွန်တော် အခုပဲ လာခဲ့မယ်"

ခင်မောင်ငြိမ်း အကျိုးအကြောင်းပြောပြီး ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ရောက်သွားတော့ ဝင်းမာသည် တော်တော်ဗိုက်နာနေဟန်တူ
သည်။ တစ်ကိုယ်လုံး ချွေးစေးတွေပျံပြီး တစ်ချက်တစ်ချက် မျက်နှာကမှေ
ကန့်ဖြစ်သွားသည်။ သို့ရာတွင် ဝင်းမာက တစ်စက်ကလေးမှ မညည်းမညူ

ခင်မောင်ငြိမ်းက ဝင်းမာ၏ပခုံးကို ဆုပ်ကိုင်ပြီး 'ဝင်းမာ သိပ်နာနေ
လား'ဟု ပြောလိုက်တော့မှ 'အင့်ကနဲ'တစ်ချက် ညည်းပြီး ခင်မောင်ငြိမ်း
လက်မောင်းကို ပြန်ဆုပ်ကိုင်ထားသည်။ ပြီးတော့...

"တွတ်နီ၊ ကားသွားငှားတော့လေ"

ဟု အားတင်း၍ပြောသည်။ ခင်မောင်ငြိမ်း လမ်းမပြေးထွက်သည်
တွေ့သမျှကားကို တားသည်။

ကိုယ်ပိုင် မာဇဒါကားလေးတစ်စီး ငှား၍ရသည်။ ဗဟိုအမျိုးသမီး
ဆေးရုံကြီးရောက်တော့ ခင်မောင်ငြိမ်းက ကားသမားကို ငွေတစ်ဆယ်ငါးကျပ်
ထုတ်ပေးသည်။ ကားသမားက မယူ။ ကူညီတာပါဟု ပြောပြီး ထွက်သွားသည်။

သိပ်ကြာကြာမစောင့်လိုက်ရ။ ညနေ လေးနာရီဆယ့်ငါးမိနစ်တွင် မွေး
သည်။ ယောကျ်ားကလေး။

"ဟာ ယောကျ်ားလေးတဲ့အမေရ၊ ယောကျ်ားလေးတဲ့"

ခင်မောင်ငြိမ်းသည် ဟန်မဆောင်နိုင်ဘဲ ဒေါ်မျှင်၏ကိုယ်ကို ဆွဲလှုပ်မိ
သည်။ ဒေါ်မျှင်ကိုယ်တိုင်လည်း အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်ပါလျက်
ကတုန်ကယင် ဖြစ်နေရှာလေသည်။

ခင်မောင်ငြိမ်းသည် ဆေးရုံဆင်ဝင်အောက်မှ အများသုံးတယ်လီဖုန်း
ဖြင့် အေးဇော်တို့ရုံးသို့ ဆက်သည်။ ဖုန်းမကိုင်သဖြင့် စိန်ထွန်းတို့စက်ရုံသို့
ဆက်သည်။ ဖုန်းလာကိုင်သူအား 'စိန်ထွန်းရှိလား'ဟု မေးရာ 'ရုံးဆင်းသွား
ပါပြီခင်ဗျာ'ဟု ပြောပြီး ဖုန်းပြန်ချသွားသည်။ ထိုအခါကျမှ ရုံးဆင်းချိန်တော်
လွန်သွားပြီဖြစ်ကြောင်း သတိရမိလေ၏။

☆☆☆





ခင်မောင်ငြိမ်းတို့အိမ်မှာ လူစုံသည်။ ကြော့မောင်တို့ လင်မယား၊ အေးဇော်တို့လင်မယားနှင့် စိန်ထွန်းတို့ဖြစ်ကြသည်။

ဒီနေ့ ဝင်းမာဆေးရုံက ဆင်းသည်။ ထို့ကြောင့် သူငယ်ချင်းတွေ ရောက်လာကြခြင်းဖြစ်သည်။ သူတို့သည် ကလေးအတွက် လက်ဆောင်ပစ္စည်းကလေးတွေ ယူလာကြသည်။ အဖိုးထိုက် အဖိုးတန်များကား မဟုတ်ကြ။ ကိုယ့်အခြေအနေနှင့်ကိုယ်တတ်နိုင်သလောက် ပေးကြခြင်းသာဖြစ်သည်။ အမှန်တကယ် အသုံးဝင်သော ပစ္စည်းကလေးများသာ ဖြစ်၏။

ကြော့မောင်တို့က ပလပ်စတစ်အခင်းကလေး တစ်ခု။ အေးဇော်တို့က ကလေးအကျီသုံးထည်။ စိန်ထွန်းယူတာကတော့ နည်းနည်း တန်ဖိုးကြီးသည်။ အုပ်ဆောင်း ခြင်ထောင်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



သီတာမျိုးက သူ့ ကလေးမွေးတုန်းက အတွေ့အကြုံများကို ဝင်း…
အားပြောပြနေသည်။ ကလေးငိုပုံကိုကြည့်၍ ဘာဖြစ်သည်ကို သိသာနိုင်…
ကြောင်း။

"ရှိုးရှိုးပုံမှန်အတိုင်း တအဲအဲငိုရင် နို့ဆာလို့ပဲ၊ နို့တိုက်လိုက်တာ…
တိတ်သွားလိမ့်တယ်၊ အဲဒီလိုမှ မတိတ်ဘဲ အသားတွေ တဆတ်…
ဆတ်တုန်ပြီးတော့ ကော့ထိုးနေရင် လေနာလို့၊ ရုတ်တရက် …
ဝါးဝါး ထ,ငိုရင် ပုရွက်ဆိတ်တို့ ဘာတို့ ကိုက်တာ"

သက်ထားသည်လည်း သီတာမျိုးပြောသည်ကို လိုက်မှတ်သား…
သည်။ စိန်ထွန်းသည် အေးအေး မနေဘဲ မိန်းကလေးတွေ စကားဝိုင်း…
ဝင်ပြောသည်။

"ဝင်းမာရဲ့ကလေးကို မိခင်နို့တိုက်တာ အကောင်းဆုံးပဲ၊ နို့ဗူးတိုက်…
မယ်ဆိုရင်လည်း သန့်ရှင်းရမယ်၊ နို့ဖျော်ခါနီးတိုင်း နို့ဗူးကို ရေနွေး…
နဲ့ကျင်းပေးနိုင်ရင် ပိုကောင်းတယ်၊ ဂရိုက်မစ်ချာကို တစ်နေ့သုံးကြိမ်…
လောက် တိုက်ပေး၊ အရေးကြီးဆုံးက ကလေးရဲ့ဝမ်း ဘယ်လိုမျ…
သလဲဆိုတာပဲ၊ ဝါသလား၊ စိမ်းသလား၊ မည်းသလား၊ ပြစ်သ…
လား၊ အရည်လားဆိုတာပေါ့၊ ပြီးတော့ ကာကွယ်ဆေးတွေလည်း…
ထိုးသင့်တာထိုး၊ တိုက်သင့်တာတိုက်"

ဝင်းမာတို့အမေ ဒေါ်မျှင်က ဝင်၍…

"အံမယ်၊ ငါ့တူက တော်တော်နားလည်နေပါပကောလား၊ …
ကလေး ဘယ်နှစ်ယောက်ရှိပြီလဲ"

ဆိုသဖြင့် ဝိုင်းရယ်ကြရသေးသည်။ ဝင်းမာက ရှင်းပြရသည်။

"သူက မိန်းမတောင် မရသေးဘူး အမေရဲ့"

အေးဇော်က…



"ဒီကောင်က မိန်းမလိုချင်တာ တစ်ပိုင်းသေနေပြီ၊ မရနိုင်တော့ သူများကလေးမွေးတာ လိုက်ကြည့်၊ စာအုပ်တွေ လျှောက်ဖတ်ပြီး စိတ်ဖြေနေရတာ"

ကြော့မောင်ကလည်း…

"ဟုတ်တယ် ဒေါ်ဒေါ်ရဲ့၊ သူက သူ့ကလေးကျရင် သူ ကိုယ်တိုင် နို့တိုက်မှာတဲ့"

ခင်မောင်ငြိမ်းသည် အိပ်ရေးပျက်သဖြင့် မျက်တွင်းတွေ ချောင်ကျနေသည်။ နည်းနည်းလည်း ပိန်သွားသည်။ သို့ရာတွင် သူသည် အရင်လောက် မျက်နှာ ပြောင်စပ်စပ် မဖြစ်တော့ဘဲ အနည်းငယ် ဣန္ဒြေရနေသည်။ ရင်ကို ကော့ထားပြီး တကယ်အားကိုးလောက်ဖွယ် ယောကျ်ားကြီးတစ်ယောက်၏ ပုံစံမျိုး ဖမ်းထားလေသည်။

အေးဇော်သမီး အေးစန္ဒာမျိုးကလေးက အစပိုင်းတွင် ကလေးကို ထူးဆန်းသော ကစားစရာအရုပ်ကလေးတစ်ရုပ်ဟု ထင်ပြီး တအံ့တသြ ကြည့်နေသည်။ နောက်တော့ 'ကိုင်ကြည့်ချင်တယ်'ဟု သူ့အမေကို ပူဆာ၏။ ကလေးကို ဆွဲလိုက်၊ ကုပ်ဖဲ့လိုက်မည်စိုး၍ သူ့အမေက ခွင့်မပြု။ ဒေါ်မျှင်က…

"ကိုင်ပါစေကွယ်၊ ကလေးချင်းသိပါတယ်"

ဟု ပြောသဖြင့် အေးဇော်က 'သမီး၊ အရမ်းမဆွဲရဘူးနော်'ဆိုပြီး ကိုင်ကြည့်ခွင့် ပြုလိုက်သည်။ အေးစန္ဒာမျိုးကလည်း သည်ကလေး၏ နဖူးကလေးကို အသာပွတ်သပ်ပေးသည်။ လက်ကလေးကို ဖွဖွနမ်း၏။ ပြီးတော့ 'မောင်ရေး၊ မောင်ရေး'ဆိုကာ အနားမှမခွာတော့ချေ။

ခင်မောင်ငြိမ်းက…

"ဟော့ကောင်၊ အေးဇော် မင်းသမီး အသက်ဘယ်လောက်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်နှစ်ကျော်ပြီ"

"ဒါဆို သိပ် မကြာဘူးကွာ၊ မင်းသမီးပုံမျိုးနဲ့ဆိုရင်တော့ ငါ့သား ကြီးလာရင် မမ, မမနဲ့ ဖွဲ့နေတော့မှာပဲ"

"အောင်မယ်၊ ငါ့သမီးနဲ့ပေးစားချင်ရင် မင်းသားကို မင်းလို မဖြစ် အောင် အရင် ဆုံးမထားဦး၊ မင်းတို့ကို ရှောင်ဖို့ ငါ့သမီးအတွက် ကဗျာတစ်ပုဒ်တောင် စပ်ထားသေးတယ်"

"အံမယ်၊ လုပ်စမ်းပါဦး ဘာတဲ့လဲ"

"ငါ့သမီး၊ ဘကြီးတွေ သတိထား၊ သူတို့တွေ အလွန်ခက်တယ်၊ အရက်သမားတဲ့"

"ဟား... ဟား... ဒါ စိန်ထွန်းကြီးအတွက် ရေးထားတာ ဖြစ်ရမယ်၊ ဒီကောင်က မိန်းမ မရနိုင်တာနဲ့ အေးဇော်သမီးကို စောင့်ယူချင်ယူ မှာ"

စိန်ထွန်းက 'ခွေးကောင် ကလေးကိုရှေ့ထားပြီးတော့'ဟု ခင်မောင်ငြိမ်း ကို ပြန်ပြောသည်။

ဒေါ်မှျင်သည် မီးဖိုဘက်ထွက်သွားရာမှ ပြန်ဝင်လာပြီး...

"ဧည့်သည်တွေ တစ်ခုခုကျွေးဦးမှပဲ၊ အိမ်မှာလည်း လက်ဖက်ပဲရှိ တယ်၊ မောင်ငြိမ်း တစ်ခုခု ဝယ်ပါလားကွယ်"

"ကျွန်တော် သူတို့ကို လက်ဖက်ရည်လိုက်တိုက်လိုက်မယ်လေ"

ဝင်းမာက မျက်စောင်းထိုး၍...

"တွတ်နီနေ၁်၊ ဘာလဲ၊ လက်ဖက်ရည်ဆိုင်ထွက်ပြီး တမေ့တမော ထိုင်ကြဦးမလို့လား"



"သွားပါစေ သမီးရယ်၊ သူ့ခများ ပင်ပန်းရှာပါတယ်၊ ခဏတဖြုတ် လွတ်လွတ်လပ်လပ် နေပါစေလား၊ ကဲ... ကဲ...သွားကြ၊ ဒီက သမီးတွေတော့ လက်ဖက်ကောင်းကောင်း သုပ်ကျွေးလိုက်မယ်"

ယောကျ်ားလေးတစ်သိုက် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြ သည်။ လမ်းတွင် ကြော့မောင်က ခင်မောင်ငြိမ်းကို ပြောသည်။

"မင်းယောက္ခမကြီးက နားလည်မှု ရှိသားပဲကွ၊ ဟိုအရင် မင်းပြော တော့ မင်းကို သိပ်မကြည်ဘူးဆို၊ ခုတော့လည်း မောင်ငြိမ်း မောင် ငြိမ်းနဲ့ တယ်ဟုတ်နေပါလား"

"အေးကွာ၊ ငါလည်း အစကတော့ ခပ်လန့်လန့်ပဲ၊ ဒီရောက်လာမှ အကြောသိသွားတာ၊ အဘွားကြီးက ခပ်အေးအေးနေတာကွ"

အေးဇော်နှင့် စိန်ထွန်းကိုက နောက်ချန်လျှောက်လာကြပြီး တိုးတိုး တိုးတိုး တိုင်ပင်နေကြသည်။ ထို့နောက် အေးဇော်က...

"ခင်မောင်ငြိမ်း မင်းက သားလေးမွေးတော့ ငါတို့သူငယ်ချင်းတွေ က မင်းကို ဂုဏ်ပြုရမှာပေါ့ကွာ၊ မဟုတ်ဘူးလား ဟေ့ကောင်"

စိန်ထွန်းဘက်လှည့်၍ မေးသည်။ ကြိုတင်သဘောတူညီပြီးဖြစ်၍ စိန်ထွန်းကလည်း 'အေးပေါ့'ဟု ပြောသည်။

"ဒါဆို လက်ဖက်ရည်ဆိုင် သွားမနေနဲ့တော့၊ နည်းနည်းစီ သွားဟဲ လိုက်ရအောင်"

ခင်မောင်ငြိမ်းက သိပ်စိတ်မပါသလို အင်းအဲလုပ်နေသည်။ ငြင်းလိုက် မှာကိုလည်း အားနာနေသည်။ ကြော့မောင်က ဝင်၍ ပြောရသည်။

"ဟာကွာ၊ မကောင်းပါဘူး၊ ဟိုမှာ ကလေးနဲ့ဘာနဲ့၊ ပြီးတော့ ဝင်းမာတို့အမေကြီးလည်း ရှိနေတယ်၊ တော်ကြာ အနံ့တွေ ဘာတွေ ရသွားရင် ဘယ်ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်၏စကားမှာ နည်းလမ်းကျနေသဖြင့် အေးဇော်တို့ ဧ
ဒက မတက်နိုင်။ စိန်ထွန်းကတော့...

"ဒါဆို အပြန်ကျမှ ဝင်မယ်ကွာ၊ ခင်မောင်ငြိမ်းတော့ မလိုက်နိုင်ဘူ
ပေါ့"

ထိုအစီအစဉ်ကို ကြော့မောင် သိပ်သဘောမကျသော်လည်း မငြင်း
သာသဖြင့် အသာငြိမ်နေလိုက်သည်။

လက်ဖက်ရည်ဆိုင်ရောက်သောအခါ ကြော့မောင်နှင့် ခင်မောင်ငြိမ်းက
သောက်သော်လည်း ဟိုနှစ်ယောက်က မသောက်။ ခင်မောင်ငြိမ်းက သူတို့ကိ
တာ သောက်ရမယ်ဟု အတင်းပြောတော့မှ 'လက်ဖက်ရည်တော့ မသောက်
ဘူး၊ မုန့်စားမယ်'ဆိုပြီး စမူဆာတစ်ခုစီစား၏။

"ကလေးရလာတော့ မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ"

ကြော့မောင်က မေးသည်။ ခင်မောင်ငြိမ်းက...

"ကလေးတစ်ယောက်ရလိုက်တော့ ဘဝဟာ ပိုပြီးအဓိပ္ပာယ်ရှိလာ
သလိုပဲ"

"ဘာကြောင့်လဲ"

ဟု အေးဇော်က စကားထောက်ပေးလိုက်သည်။

"မင်းတို့ စဉ်းစားကြည့်လေ၊ သွေးမတော် သားမစပ်တဲ့ လူနှစ်ယောက်
ဟာ လင်မယားလို့အမည်ခံပြီး အတူတူနေကြတယ်၊ သူတို့ကနေ
လူသားအသစ်တစ်ယောက် ပေါက်ဖွားလာတယ်၊ ဘယ်လောက်
အံ့သြဖို့ ကောင်းသလဲ"

'ဟုတ်တာပေါ့'ဟု ကြော့မောင်က ဝင်ထောက်ခံသည်။ ခင်မောင်ငြိမ်း
အားတက်သွားပြီး...



"အဲဒီလို၊ အဲ... ဘာလဲကွာ၊ အဲဒီလို ဖြစ်ထွန်းလာတဲ့ လူသား
အသစ်တစ်ယောက်ဟာ လောလောဆယ်မှာ ငါရယ်၊ ဝင်းမာ
ရယ်နဲ့ပဲ ပတ်သက်တယ်၊ သူ့ကို ငါတို့နှစ်ယောက်က ပြုစုပျိုး
ထောင်ပြီး လူ့ဘောင်လောကကြီးနဲ့ ဆက်သွယ်ပေးရမှာပေါ့၊
ဒါကြောင့် မျိုးဆက်သစ်တစ်ခုကို ဆက်လက်ဖြစ်ထေါ်စေဖို့ တာဝန်
ကို ယူခွင့်ရတာဟာ ဘဝရဲ့အဓိပ္ပာယ်ပဲပေါ့"

စိန်ထွန်းက တစ်စုံတစ်ခုကို ဝင်ပြောမည်ပြုရာ အေးဇော်က အံသာ
လက်ကုတ်ပြီး...

"မင်းဟာ တော်တော်ရင့်ကျက်လာပြီပဲကွ၊ နော်... ခင်မောင်ငြိမ်း"

ခင်မောင်ငြိမ်း အလွန်တည်ငြိမ်သော မျက်နှာထားဖြင့်...

"ဒါပေါ့ကွာ၊ ဘဝရဲ့အခြေအနေက တောင်းဆိုလာပြီပဲ"

စိန်ထွန်းသည် စိတ်ချဉ်ပေါက်လာပေပြီ။ ထို့ကြောင့်...

"ဟော့ကောင် တော်တော့ကွာ၊ မင်းစကားလုံးတွေက မင်းရုပ်နဲ့
မလိုက်ဘူး၊ တမင်တကာ ဟန်လုပ်ပြီး ရင်ကော့ထားရတာ မညောင်း
ဘူးလား၊ သက်တောင့်သက်သာ နေစမ်းပါ"

"ဟဲ... ဟဲ၊ ဒီလိုဖြစ်အောင် ဘယ်လောက်လေ့ကျင့်ထားရတယ်
မှတ် သလဲ၊ စကားလုံးကြီးကြီး ပြောနိုင်အောင် စာအုပ်တွေဖတ်၊
စကားလုံးတွေ လိုင်းတားပြီး အလွတ်ကျက်ထားရတာကွ"

ဒါတောင် ကြော့မောင်က ထပ်ပင့်ချင်နေသေးသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်း အရင်ကထက် တည်ငြိမ်ရင့်ကျက်လာတာ
တော့ အမှန်ပဲကွ"

စိန်ထွန်းက လေထဲမှာ တစ်ခုခုကို လက်နှင့်ပုတ်ထုတ်သလို လုပ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ ကလေးရမှပဲ ရင့်ကျက်ရတော့မှာလား၊ ဝါတော်လေးငါးဆယ်ရနေတဲ့ ငယ်ဖြူဆရာတော်ကြီးတွေ ဘယ်လိုလုပ်မလဲ"

"ဒါက လောကုတ္တရာကိစ္စပဲကွ၊ ငါပြောတာက လောကီရေးရာပြောနေတာ"

"လုပ်မနေနဲ့၊ ငါပြောမယ်၊ မင်းတို့ မိန်းမရတယ်ဆိုတာ လက်ထိပ်အခတ်ခံရတာနဲ့ အတူတူပဲ၊ ကလေးရတယ်ဆိုတာကျတော့ ထိပ်တုံးပါ အခတ်ခံရတဲ့သဘော ဖြစ်သွားတာပေါ့"

"စိန်ထွန်းရာ၊ မင်းတော်တော် အပြောကြီးတဲ့ကောင်၊ မင်းလိုကောင်မျိုး မိန်းမရတော့မှ လက်ထိပ်တို့ ထိပ်တုံးတို့တင် မကဘူး၊ နဖားကြိုးပါ အထိုးခံနေရမယ်"

"ဟုတ်တယ်ကွ၊ စိန်ထွန်းကြီးဟာ သူများတွေ မိန်းမရ၊ ကလေးရတာကို မနာလိုဖြစ်ပြီး သက်သက်မဲ့အဆိုး မြင်နေတာကွ"

စိန်ထွန်းကိုဝိုင်းသွယ်ဖို့ စကားလမ်းခင်းလိုက်ကြသည်။ စိန်ထွန်းကလည်း လျင်သည်။ ချက်ချင်း စကားလမ်းကြောင်းပြောင်းပစ်သည်။

"ဒါနဲ့ နေစမ်းပါဦး၊ ငါမေးပါဦးမယ်၊ ကြောမောင်ကတော့ သက်ထားကိုယ်ဝန်ရှိနေတာ သိရတော့ စိတ်ထဲဘယ်လိုနေသလဲ"

ကြောမောင်ကလည်း သူ့အကြောင်း အလွန်ပြောချင်နေသဖြင့် မဆိုင်းမတွပင်...

"ငါလား၊ အဟီး ဒီလိုရှိတယ်ကွ၊ သက်ထားရဲ့ ဝမ်းထဲမှာ ကိန်းအောင်းနေတဲ့ ငါ့ရင်သွေးဟာ ယောကျ်ားလေးလား၊ မိန်းကလေးလား၊ ဖြူသလား၊ မည်းသလား၊ ရုပ်ဆိုးသလား၊ ချောသလား၊ မသိရသေးပေမယ့် ခုကတည်းက ငါ ချစ်နေမိပြီ၊ တစ်ခါတစ်ခါ ငါ မြို့ထဲသွားတဲ့အခါ သက်ထားကို သတိမရဘူး၊ သူ့ဗိုက်ကိုပဲ သတိရမိတယ်"



ခင်မောင်ငြိမ်းက ထောက်ခံသလို ခေါင်းညိတ်သည်။ စိန်ထွန်းက 'မေတ္တာတရားဟာ အတော်ထူးဆန်းတယ်နော်'ဟု အတည်လိုလို ငေါ့သလိုလိုပြောသည်။ အေးဇော်ကမူ...

"မိန်းမဗိုက်ကြီးကာစ၊ ကလေးမွေးကာစကတော့ လူတိုင်း ဒီလိုပဲ ရူးကြတာပါပဲ၊ နောက်ကျမှ ကလေးတစ်ယောက်ရဲ့ တာဝန်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ သိလာကြတာပဲကွ"

ဟု တကယ့် လူကြီးလေသံဖြင့် ပြောလိုက်သည်။

☆☆☆

ဝင်းမာတို့အမေ ဒေါ်မျှင်သည် တစ်လလောက်သာ နေပေးနိုင်သည်။ ခင်မောင်ငြိမ်းတို့ ဝင်းမာတို့က နေစေချင်သေးသော်လည်း နေလို့မဖြစ်။

"ဟိုမှာ မင်းတို့အဖေကလည်း ကျန်းမာရေးက သိပ်ကောင်းလှတာ မဟုတ်ဘူး၊ ဒီကိုလာဖို့တောင် သမီးတစ်ယောက်တည်းကသိနေမှာစိုးလို့ လာရတာ၊ ဟိုမှာကလည်း စိတ်ချလက်ချပစ်ထားလို့ မဖြစ်သေးဘူး မဟုတ်လား"

ဆိုပြီး မပြန်ချင့်ပြန်ချင် ပြန်သွားရသည်။ ခင်မောင်ငြိမ်းသည် ယောက္ခမကြီးကိုဖြစ်နိုင်လျှင် တစ်ခါတည်းခေါ်ထားလိုက်ချင်သည်။ အဘွားကြီး၏တန်ဖိုးကို သူကောင်းကောင်းသိသွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားမှာ သားဦးမို့ မလုပ်တတ်၊ မကိုင်တတ်ဖြစ်ရသည်။ ကလေးငိုလို့မှ ဘယ်လိုချော့ရမှန်း မသိ။ ချီတာ ပွေ့တာချင်းတူတူ သူတို့လက်ထဲမှာ ကော့ကန်ပြီး ငိုနေသော်လည်း အဘွားကြီးချီလိုက်သည်နှင့် တိတ်သွားတတ်၏။ ဒါကိုလည်း ဒေါ်မျှင်က ကျေနပ်လို့မဆုံး။

ချက်ရေး ပြုတ်ရေးကိစ္စတွေမှာလည်း စိတ်ချရသည်။ ဒေါ်မျှင်ရှိနေသောရက်များအတွင်း ထူးထူးခြားခြား ပိုမကုန်ခဲ့။ သူတို့နှစ်ယောက်တည်း ရှိစဉ်ကထက်လည်း ပို၍ဖွယ်ဖွယ်ရာရာ စားရသည်။

ဒေါ်မျှင်သည် ခင်မောင်ငြိမ်း အစကထင်ထားခဲ့သလို ဈေးသုံးကြီးသူမဟုတ်။ ကောင်းကောင်း စားတတ်သည်ဆိုရာ၌ အကုန်အကျနည်းနည်းနှင့် စားကောင်းအောင် ချက်တတ်ခြင်းဖြစ်သည်။ အသားလေး ငါးလေးလည်း ပါအောင် ချဉ်ရည်ဟင်းလေး၊ ငါးပိ၊ တို့စရာလေးလည်း စားရအောင် ကြံတတ် ဖန်တတ်သူဖြစ်သည်။ ဤအရည်အချင်းမျိုးမှာ ခေတ်ကာလသားသမီးများ အလွန်အတုယူဖွယ် ကောင်းပေသည်။

ခင်မောင်ငြိမ်းသည် ဒေါ်မျှင်ကို အသည်းစွဲဖြစ်သွားပြီး၊ မပြန်ဖို့ တဖွဖွတောင်းပန်သည်။ ဒေါ်မျှင်ကလည်း တကယ်ဆိုလျှင် မပြန်ချင်သေး။ မတတ်သာလို့သာ ပြန်ရခြင်းဖြစ်သည်။ အဘိုးကြီး နေကောင်းလျှင် တစ်ခေါက်ပြန်လာခဲ့ပါဦးမည်ဟု နှစ်သိမ့်သွားသည်။

ဒေါ်မျှင်မရှိသောအခါ လင်မယားနှစ်ယောက် ကသီလင်တဖြစ်ရပြန်သည်။ နောက်ဆယ်ရက်လောက်ဆိုလျှင် ဝင်းမာလည်း မီးနေခွင့်စေ့၍ ကျောင်းပြန်တက်ရတော့မည်။ ကလေးအတွက် ဘယ်လိုစီစဉ်ရမည်ကို စဉ်းစားကြရသည်။ လူငှားလို့လည်း မဖြစ်။ အိမ်ဖော်ဆိုသော်လည်း ခုခေတ်မှာ လွယ်လွယ်ကူကူ ငှားလို့ရသည်မဟုတ်။ ရသည်ထားဦး စိတ်ချရပါဦးမှ။



တကယ်တော့ အိမ်ဖော်ငှားဖို့ စရိတ်စက ကလည်း မတတ်နိုင်။ တစ်လလေးငါးဆယ်တော့ ပေးရမည်။ ထမင်းကျွေးရမည်။

ရပ်ကွက်ထဲက မိန်းမကြီးတစ်ယောက်က အကြံပေးသည်။ ကလေးငယ်တွေကို တစ်လအစိတ်နှင့် ထိန်းပေးသော အိမ်ရှိသည်တဲ့။ စုံစမ်းကြည့်တော့ ဝင်းမာတို့ကျောင်းသို့သွားရာ လမ်းပေါ်မှာပင် ဖြစ်နေသည်။ အဆင်ပြေသွား၏။ ဝင်းမာက ကျောင်းသွားလျှင် ကလေးကို ဝင်ထားသွား၊ ကျောင်းကအပြန် ဝင်ခေါ်၏။

ခင်မောင်ငြိမ်းကိုယ်တိုင် နို့မတိုက်ရသည်ကလွဲ၍ သိပ်တော့ မစားသာလှချေ။ ကလေး အနှီးလဲပေးရတာ၊ တစ်ခါတစ်ရံ အနှီးဝင်လျှော်ရတာ၊ ချေးပါလျှင် ဆေးကြောပေးရတာ၊ ဝင်းမာ ထမင်းဟင်းချက်နေတုန်း ကလေးထိန်းရတာနှင့် နားရသည်ပင် မရှိ။ ည,ည ကလေးနို့ဆာလို့ငိုလျှင် ဘာမှမလုပ်ပေးရသော်လည်း ငေါက်ကနဲ နိုးနိုးလာတတ်သည်။

"ကလေးတစ်ယောက် မွေးတဲ့အခါ မိန်းမကိုသာ မီးနေခွင့်ပေးတာ မဟုတ်ဘူး၊ ယောကျ်ားကိုလည်း ပေးသင့်တာပေါ့"

ဟု ပြောတတ်သည်။ ချီးကျူးဖို့ကောင်းတာက ဝင်းမာသည် ဘယ်လောက်အိပ်ရေးပျက်ပျက်၊ ဘယ်လောက် ပင်ပန်း ပင်ပန်း၊ ညည်းညူသည့်စကားဆိုလို့ တစ်ခွန်းမျှပင် မဟခြင်းဖြစ်၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် မြောက်ကြွမြောက်ကြွဖြစ်နေသည်။ အကြောင်းမှာ
မင်းကန်စီစာပေတိုက်မှ ကြော်ငြာပိုစတာတစ်ခု ဆွဲခငွေ တစ်ရာ့ငါးဆယ်
လာသောကြောင့်ဖြစ်သည်။ သူ့လို ပန်းချီဆရာမျိုးအတွက် ထိုမျှသောငွေကို
တစ်လုံးတစ်ခဲတည်းရဖို့ မလွယ်။ ခု ရလာသောကြောင့် သူ့ကိုယ်သူ ကံထ
လာပြီဟု ဝမ်းသာနေ၏။

ဒီကြားထဲ နောက်အလုပ်တစ်ခု ရလိုက်သေးသည်။ သုံးဆယ့်သုံးလမ်
ထဲမှာ ရင်ကော့၍လျှောက်လာတုန်း ပန်းချီကိုကျော်သောင်းနှင့် တွေ့သည်

"မင်းကို နတ်ခမ်းမွှေးကြီးက တွေ့ချင်လို့တဲ့၊ ခုပဲ ငါ့ကိုပြောလိုက်
တယ်၊ ကိုစံသိန်းတို့ ဆိုင်နားမှာရှိတယ်"

ဟု ကိုကျော်သောင်းက ပြော၏။ ထို့ကြောင့် နှုတ်ခမ်းမွှေးဟု ခေါ်
သော ဆောင်းသစ်စာပေမှ ကိုသန့်ဇင်ကို သွားရှာရသည်။ သူ့ကိုမတွေ့



ကားကိုသာ တွေ့သည်။ ရွှေကြည်အေးလက်ဖက်ရည်ဆိုင်ထဲမှာ ရှာသည်။
မရှိ။ တွေ့အောင်တော့ စောင့်လိုက်မှဖြစ်မည်။

ဒီလူကြီးက လူ့ဝသလောက် လမ်းများတတ်သည်။ ခု ရန်ကုန်အရှေ့
ပိုင်းမှာရှိနေသော်လည်း တော်ကြာ အင်းစိန်ရောက်ချင် ရောက်သွားတတ်သည်။
ခဏကြာတော့ သင်္ကန်းကျွန်းမှာ ရှိချင်ရှိနေသည်။ ထို့ကြောင့် လက်ဖက်ရည်
ဆိုင်ထဲမှ ကားရှိရာသို့ လှမ်းမြင်နိုင်သော စားပွဲတစ်လုံးတွင် ထိုင်စောင့်နေလိုက်
၏။

ဆယ့်ငါးမိနစ်လောက်ကြာသည်ထိ ရောက်မလာသေး။ ခဏအကြာ
တွင် နောက်ဘက်မှ ပခုံးကိုလာပုတ်သဖြင့် လှည့်ကြည့်တော့မှ ကိုသန့်ဇင်ဖြစ်
နေကြောင်း တွေ့ရသည်။

"ကိုကျော်သောင်း ပြောသေးလား"

"ဟုတ်ကဲ့၊ ခုနပဲ တွေ့လို့ပြောလိုက်ပါတယ်"

ဟု ကြော့မောင် ပျာပျာသလဲ ဖြေလိုက်သည်။

"အေးဗျ၊ ကိုဝဏ္ဏက သူ့ဝတ္ထုတစ်ပုဒ်အတွက် ပုံလေးတစ်ပုံထည့်
ချင်လို့တဲ့၊ ခင်ဗျားကို အပ်ပါဆိုလို့"

"ရပါတယ်၊ ဘယ်လိုမျိုး ဆွဲရမှာလဲ"

"ယောကျ်ားတစ်ယောက် ထမင်းအိုးငှဲ့နေတဲ့ ပုံတဲ့ဗျ၊ နှစ်ရောင်ရေး
ပေးပါ၊ အဲဒါ ဘယ်လောက်ယူမလဲ"

"အစ်ကို ကြည့်ပေးပါ"

"ဟာ ဘယ်ဟုတ်မလဲ၊ ခင်ဗျားပြောပါ"

ကြော့မောင် မပြောတတ်။ များသွားလို့ နောက်မအပ်မှာလည်း စိုး
သည်။ နည်းသွားလျှင်လည်း သိပ်ဆွဲချင်နေမှန်း သိသာသွားမည်။

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေကို ပေးရတဲ့ ထုံးစံအတိုင်းသာ ပေးပါ၊ နည်းတယ် များတယ် ကျွန်တော် မပြောပါဘူး"

"အိုကေလေ၊ ဘယ်တော့လောက် ရမလဲ၊ မြန်ရင်တော့ ကောင်းမယ်"

ဒီနေရာမှာတော့ ကြော့မောင် အိုက်တင်ခံ မနေတော့။

"ဟုတ်ကဲ့၊ နှစ်ရက် သုံးရက်ဆို ရပါတယ်"

"ကောင်းပြီလေ၊ ကျွန်တော့်အိမ် သိတယ်မဟုတ်လား၊ ခရစ်လမ်းမှာ အဲဒီကို ပို့ထားလိုက်ပေါ့၊ ကျွန်တော် မရှိရင်လည်း ကျွန်တော့်အမျိုးသမီးဆီက ငွေထုတ်သွားလို့ ရပါတယ်"

အလုပ်ကိစ္စပြောပြီးမှ ကြော့မောင် သတိရပြီး...

"အစ်ကို လက်ဖက်ရည်သောက်ပါဦး"

"တော်ပြီဗျာ၊ သွားစရာရှိသေးတယ်၊ စာပေစိစစ်ရေးပြေးရဦးမယ်"

ဆိုပြီး နှုတ်ဆက်ကာ ထွက်သွားသည်။ ကြော့မောင်သည် မစားတာကြာပြီဖြစ်သော ပေါက်စီမှာ၍ အားပါးတရစားလိုက်သည်။

ကိုသန့်ဇင်ဆီက တစ်ရာ့လေးငါးဆယ်လောက်တော့ ရလိမ့်မည်ထင်သည်။ တစ်ပတ်အတွင်း ငွေသုံးရာလောက်စီသွားသဖြင့် သူ တော်တော်ဝမ်းသာနေသည်။ ခုတိုင်းဆိုလျှင် ဒီလ သူ့ဝင်ငွေ စံချိန်တင်လိမ့်မည်။ ခြောက်ရာကျော်ကျော်လောက် ရမည်ဖြစ်သည်။

သက်ထားကြိုက်သော ငှက်သိုက်၊ မလိုင်မုန့် ဝယ်သွားမည်။ ခင်မောင်ငြိမ်းသားအတွက် ဂရိုက်မစ်ချာတစ်ပုလင်း ဝယ်မည်။ ညနေကျလျှင် အေးဖော်နှင့် ခင်မောင်ငြိမ်းကို လက်ဖက်ရည်တိုက်မည်။ ပြီးတော့...

ပုဆိုးတစ်ထည်တော့ ဝယ်ရမည်။ သူ့မှာ ပုဆိုးကောင်းကောင်း မရှိတော့။ သမီးရည်းစားဘဝက သက်ထားမွေးနေ့ လက်ဆောင်ပေးခဲ့သော



ဟသ်ာတစ်ရက်ပုဆိုးတစ်ထည်သာ အကောင်းထား၍ ဝတ်ခဲ့ရသည်။ ထိုပုဆိုးကလည်း ပွဲတိုင်းကျော်ဖြစ်၍ နည်းနည်းတောင် ရိစပြုနေပြီ။

သက်ထားကလည်း ဒီတစ်ခါ ပိုက်ဆံလေး ဘာလေးပိုရင် ကိုမောင်ပုဆိုးတစ်ထည်တော့ ဝယ်ဦး၊ မင်္ဂလာဆောင်သွားလည်း ဒီပုဆိုး၊ မွေးနေ့သွားလည်း ဒီပုဆိုးဆိုတော့ လူတွေတောင် မှတ်မိကုန်ပြီလား မသိဘူးဟု ပြောခဲ့ဖူး၏။

သူသည် လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ပြီး အနော်ရထာလမ်းပေါ်ရှိ ပုဆိုးဆိုင်များကို ကြည့်ရင်း လျှောက်လာခဲ့သည်။

ဘာပုဆိုးဝယ်လျှင် ကောင်းမလဲ။ တက်ထရက်ပုဆိုးဆိုလျှင် ရှစ်ဆယ်ကျော် ကိုးဆယ်ကျော်လောက်ရှိမည်။ အိန္ဒိယပလေကပ်က နှစ်ဆယ်ဝန်းကျင်လောက်ရှိမည်။ ဈေးကြီးပါတယ်လေ။ ပုဆိုးတစ်ထည်ကို ဒီလောက်တော့ ပေးမဝယ်နိုင်ပါဘူးဟု တွေးသည်။ ကချင်လုံချည်ဆိုလျှင် မဆိုး။ ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးလောက်ဆို ကောင်းကောင်း ရနိုင်သည်။ ခွဲလည်း တိုးသည်။ အကြမ်းကလည်း ခံသည်။

ဘားလမ်းထိပ်ကဆိုင်မှာ ကချင်လုံချည်တစ်ထည် တွေ့သည်။ အဆင်ရော အရောင်ရော သူ့အကြိုက်။ အပြာရောင်ပေါ်မှာ အနက်ကွက်။ ဝယ်တော့မည်ဟု စိတ်ကူးပြီးကာမှ တစ်စုံတစ်ခုကို သွားသတိရလိုက်၏။

သက်ထား၏ ကိုယ်ဝန်။ ကလေးမွေးပြီဆိုလျှင် ငွေကုန်ကြေးကျများမည်။ ခုကတည်းက ချွေတာစုဆောင်းထားမှ တော်ကာကျမည်။ ပြီးတော့ သက်ထားအတွက် ဗိုက်ဖုံးအကျီ င်္ဝယ်ရဦးမည်။ ဆေးခန်းပြဖို့ စရိတ်ကလည်း ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူလမ်းဘေးမှာ ပုံရောင်းနေသော လုံချည်ဆိုင်တစ်ဆိုင်မှ နှစ်ဆယ့်ရှစ်ကျပ်တန် လုံချည်တစ်ထည်ကို ဖွတ်မိုတ်၍ ဝယ်ဖြစ်လိုက်သည်။

အိမ်ပြန်ရောက်တော့လည်း လုံချည်ကို သက်ထားအားပြရင်း စိတ်ထဲက မလုံမလဲဖြစ်နေပြန်သည်။ ခုလို ရွေတာရမည့်အချိန်မှာ သူက လုံချည်တွေ ဘာတွေဝယ်လာသဖြင့် တစ်ကိုယ်ကောင်းဆန်ရာ ကျမလားဟု တွေးမိ၏။ သက်ထားကတော့...

"အဆင်ကလေးက မဆိုးပါဘူး၊ အသားတော့ သိပ်မကောင်းဘူး၊ လေးဆယ်တန်လောက် ဝယ်ရောပေါ့ ကိုမောင်ရယ်"

"ဒါတောင် ဝယ်သင့် မဝယ်သင့် အတော်စဉ်းစားပြီးမှ ဝယ်ခဲ့ရတာ၊ ပုဆိုးက အရေးမကြီးဘူး၊ ထားကိစ္စက အရေးကြီးတာ၊ ထားအတွက်တောင် ဗိုက်ဖုံးအင်္ကျီဝယ်ခဲ့ဦးမလို့၊ ဘယ်အရွယ် ဝယ်ရမှန်းလည်း မသိ၊ ထားကိုလည်း ဘာမှမပြောရသေးတာနဲ့"

"ဗိုက်ဖုံးအင်္ကျီအတွက်တော့ ပူမနေနဲ့၊ ထား အားလုံး စီစဉ်ပြီးပြီ"

"ဘယ်လို ဘာစီစဉ်ပြီးတာလဲ"

"ဒီလိုလေ ကိုမောင်ရဲ့၊ ဒီနေ့မနက် ဈေးကအပြန် ဝင်းမာအိမ်ခဏဝင်ရင်း ဝင်းမာနဲ့ စီစဉ်လာတာ"

"သူ လိုက်ဝယ်ပေးမယ်တဲ့လား၊ ဈေးသက်သာအောင်"

"ဘယ်ကလာ၊ ဝင်းမာဆီက ဗိုက်ဖုံးအင်္ကျီတွေ ပြန်ဝယ်မလို့"

"ဟာ... ထားကလဲ"

"ဘာဖြစ်လဲ၊ ကိုယ့်အချင်းချင်းက လွဲပြီး ဘယ်သူ သိတာမှတ်လို့၊ ပြီးတော့ ထားကလည်း အပြင်သိပ်ထွက်တာမှ မဟုတ်ပဲ၊ ဆေးခန်းသွားတဲ့အခါလေး ဘာလေးဝတ်လို့ရရင် ပြီးတာပဲ မဟုတ်လား"



"သူ့များ ဝတ်ပြီးသားကြီး"

"အံမယ်... လမ်းဘေးမှာ သုံးဆယ့်ငါးကျပ် လေးဆယ်နဲ့ပုံရောင်းနေတာတွေကကော ဘာထူးလဲ၊ အဟောင်းတွေပဲ မဟုတ်လား၊ ကိုယ့်ခါးပေါ်ရောက်တော့လည်း အဟောင်းလို့ ဘယ်သူမှ ထင်ကြတာ မဟုတ်ဘူး၊ နောက်ပြီး ကိုမောင်တို့ ယောကျ်ားလေးတွေလည်း ဘာထူးလို့လဲ၊ ကျောင်းတုန်းကဆိုရင် တစ်ယောက်လုံချည်တစ်ယောက်ယူဝတ်၊ တစ်ယောက်အင်္ကျီ တစ်ယောက်ကောက်ဖွတ်နဲ့ပဲ မဟုတ်လား"

"ဒါက ကျောင်းတုန်းကပဲ"

"ကိုမောင် ဘာသိလို့လဲ၊ အဲဒါ အဆန်းမဟုတ်တော့ဘူး သိလား၊ တစ်ချို့ဆိုရင် ဗိုက်ဖုံးအင်္ကျီစပ်တူ ဝယ်ကြတာတောင် ရှိတယ်"

"စပ်တူ"

ကြောမောင်သည် အထူးအဆန်းတွေ ကြားနေရသည်။ တကယ်က အထူးအဆန်းမဟုတ်။ မှတ်ထားသင့်သော ဗဟုသုတများသာ ဖြစ်၏။

"အင်းလေ၊ တစ်ယောက်ကို နှစ်ထည်စီလောက် ဝယ်ထားပြီး အလဲအလှယ်နဲ့ဝတ်တော့ တစ်ယောက်လေးထည်စီ ရှိသလိုဖြစ်သွားတာပေါ့၊ ဝင်းမာကတောင် ပြောသေးတယ်၊ တကယ်ဆိုရင် သူ မရောင်းချင်ပါဘူးတဲ့၊ အလကားပဲ ပေးချင်တာပါတဲ့၊ သူတို့မှာကလည်း ကလေးရတာနဲ့ ကုန်ကျစရိတ်က များနေလို့ပါတဲ့"

"ထားတို့မိန်းကလေးချင်း နားလည်မှုရတာက အရေးမကြီးဘူး၊ ကိုမောင်နဲ့ ခင်မောင်ငြိမ်းကျတော့ မျက်နှာပူဖို့ ကောင်းတယ်"

"ကိုမောင်တို့ယောကျ်ားတွေ အဲဒါခက်တာပေါ့၊ မျက်နှာပူတာနဲ့၊ အားနာရတာနဲ့၊ အရေးကြီးတာက အဆင်ပြေဖို့မဟုတ်ဘူး၊ ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မာက ကလေးမွေးပြီးပြီဆိုတော့ ဗိုက်ဖုံးအကျႌဝတ်စရာ မလိုတော့ဘူး၊ ထားက ဝတ်ဖို့လိုနေတယ်၊ ပြီးတော့ ခုလို ဗီစဉ်လိုက်တဲ့အတွက် ဝင်းမာကလည်း ချေးသုံးဖို့ရတယ်၊ ထားလည်း ချေးသက်သက်သာသာနဲ့ရတယ်”

သက်ထားရှင်းပြတာကလည်း မှန်နေသည်။ ကြော့မောင်နည်းနည်းတော့ မအီမလည်ဖြစ်နေတုန်း။

“ဘယ်လောက်နဲ့ ဝယ်ရမှာလဲ”

“သုံးထည်ကို ငါးဆယ်နဲ့”

“သုံးထည်မှ ငါးဆယ်တည်း”

“အင်းလေ၊ အဲဒါကြောင့် ပြောတာပေါ့၊ သိပ်တန်တာပဲ”

ကြော့မောင် ဘာမျှမပြောတော့ချေ။ ခင်မောင်ငြိမ်းနှင့် တွေ့လျှင် ထိုကိစ္စကို စကားမစပ်မိအောင် နေလိုက်မည်ဟု စဉ်းစားသည်။ ခင်မောင်ငြိမ်းကလည်း မသိလိုက် မသိဘာသာပင် နေလိမ့်မည်ဟု ထင်၏။

☆☆☆

အေးဇော်နှင့် သီတာမျိုးတို့ ကတောက်ကဆ ဖြစ်ကြသည်။ အပြန်အလှန်ပြောဆိုရင်း ဖြစ်ကြခြင်းတော့ မဟုတ်။ ထိုသို့ဖြစ်လို့လည်း မရချေ၊ သီတာမျိုးသည် ခွန်းတုံ့ပြန်တတ်သူမျိုးမဟုတ်။ အေးဇော်ကဆူလျှင် မှန်မှန်မှားမှား ခေါင်းခံသည်။ စူဆောင့်ခြင်း၊ စိတ်ကောက်ခြင်း မရှိ။ ထို့ကြောင့် ရန်ဖြစ်ချင်လို့တောင် ဖြစ်လို့မရ။

ခုဟာက အေးဇော်တစ်ယောက်တည်း တစ်ဖက်သတ်ရန်ဖြစ်ခြင်းဖြစ်သည်။



လွန်ခဲ့သော တစ်လလောက်က သီတာမျိုးက သူအလုပ်လုပ်ချင်သည်ဟု ပြောဖူးသည်။ ထိုစဉ်ကလည်း အေးဇော်က ခွင့်မပြုခဲ့။ ဤသည်မှာ ဒေါ်အေးခင်၏ ဆန္ဒဖြစ်သည်။

အိမ်မှာ ချက်ရေး ပြုတ်ရေး၊ ကလေးကိစ္စ၊ အိမ်ထောင်ထိန်းသိမ်းမှုအတွက် လူတစ်ယောက်တော့ ရှိမှဖြစ်မည်။ သမီးဖြစ်သူ အေးအေးမော်ရှိသော်လည်း သူက ဘွဲ့ရပြီးသားဖြစ်သည်။ သီတာမျိုးက ဆယ်တန်းမအောင်သေး။ အလုပ်လုပ်မည်ဆိုလျှင် အေးအေးမော်လုပ်တာက ပို၍အခွင့်အလမ်းသာနိုင်သည်။ သီတာမျိုးက ဆယ်တန်းဖြစ်သဖြင့် အလုပ်ဝင်လုပ်လည်း တက်လမ်းသိပ်မမြင်။ သူရသော လခနှင့် အလုပ်ဝင်လုပ်လည်း သူ့လမ်းစရိတ် စားစရိတ်နှင့်တွက်လျှင် လူတစ်ယောက်ထပ်ငှားရဦးမည်။ ထို့ကြောင့် သီတာမျိုးက အိမ်မှုကိစ္စပဲလုပ်။

သီတာမျိုးကတော့ အလုပ်ထွက်လုပ်ချင်နေသည်။ ဝင်းမာကို အားကျသည်။ သက်ထားသည် အလုပ်မရှိသေးသော်လည်း သင့်တော်ရာ အလုပ်ခေါ်လျှင် လျှောက်လွှာတင် စာမေးပွဲဖြေတော့ လုပ်နေသေးသည်။ ပြီးတော့ သူ့မှာ ကိုယ်ပိုင်ဝင်ငွေကလေး ရှိချင်သည်။ ရမည့်ငွေထဲက အများအပြားကို အိမ်စရိတ်ထဲ ထည့်ရမှန်း သိသော်လည်း သူ့လုပ်စာကလေးကို ထည့်ခွင့်ရလျှင်ပင် စိတ်ထဲက အနေချောင်နိုင်ပေသည်။

ထို့ကြောင့် အေးဇော်အား မိမိအလုပ်လုပ်ချင်ကြောင်း ပြောသည်။ အေးဇော်က ခွင့်မပြု။

“မင်းအလုပ်မလုပ်ဘဲနဲ့လဲ ခုနေနိုင်စားနိုင်တာပဲ မဟုတ်လား၊ မင်းအလုပ်ထွက်လုပ်ရအောင် အခြေအနေမဆိုးသေးပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကြောင့်ပြောတာ မဟုတ်ပါဘူး ကိုဇော်ရဲ့ သီတာအလုပ်လုပ်လို့ရတဲ့ငွေနဲ့ အိမ်ကိုလည်း တစ်လှည့်ပြန်ထည့်ချင်တယ်၊ သမီးအတွက်လည်း စုချင်လို့"

"ငါက သမီးအတွက် ဘာမှ လုပ်မပေးလို့လား"

"အဲဒီသဘောလည်း မဟုတ်ပါဘူး၊ သီတာ့ရွေးနည်းစာနဲ့"

"တော်ပါသီတာရယ် အလုပ်လုပ်တယ်ဆိုတာ လွယ်လွယ်လေးများမှတ်နေသလား၊ မင်းက အလုပ်လုပ်ချင်တယ်တဲ့ မင်းလုပ်ချင်တဲ့အချိန်မှာ လုပ်လို့ရအောင် အလုပ်ကပဲ မင်းကို အားကိုးတစ်ကြီးနဲ့ အဆင်သင့်စောင့်နေရမှာ ကျနေတာပဲ၊ သက်ထားတောင် ဘွဲ့ရပြီးသားပေမဲ့ ခုထိ အလုပ်မရသေးဘူး မဟုတ်လား"

သီတာမျိုး ဘာမျှပြန်မပြောနိုင်တော့။

ခုတစ်ခါ ဖြစ်တာကြတော့ စကားစပ်မိရင်း သီတာမျိုးက ဝင်းမာတို့ သက်ထားတို့လို ကိုယ့်ဘာသာ အိမ်ခန်းကလေး ငှားနေရင် ကောင်းမယ်ဟု ပြောမိ၏။ ဒါကို အေးဇော်က စိတ်ဆိုးပြီး . . .

"ဘာလဲ၊ မင်းက ငါ့မိသားစုနဲ့အတူတူနေရတာ စိတ်ဆင်းရဲနေလို့လား၊ ဘယ်သူတွေက မင်းကို နှိပ်စက်နေလို့လဲ၊ ဒီအိမ်မှာ မင်းအတွက် ဘာပူစရာရှိလဲ၊ စားဝတ်နေရေးအားလုံးလည်း ပြေလည်အောင် လုပ်ပေးထားတယ် မဟုတ်လား၊ မင်း ဘာထပ်လိုချင်သေးလို့လဲ"

အေးဇော်တစ်ယောက်တည်း ဒေါသဖြစ်ပြီး ထွက်လာ၏။ သီတာမျိုးကတော့ ဘာမျှပြန်မပြောဘဲ မျက်ရည်ဝဲပြီး ကျန်ခဲ့သည်။



အေးဇော်သည် ခင်မောင်ငြိမ်းအိမ်သွားပြီး အရက်ဆိုင်လိုက်ခဲ့ဖို့ ပြောသည်။ ခင်မောင်ငြိမ်းက ငြင်းသည်။ ပြောစရာရှိလျှင် အိမ်မှာပြောလည်းဖြစ်တာပဲဟု ဆိုသည်။ ကလေးထိုင်လျှင် ဝင်းမာတစ်ယောက်တည်း ဖြစ်နေမည် စိုးသောကြောင့် ဖြစ်သည်။ အေးဇော်က အေးအေးဆေးဆေး ပြောချင်လို့ဟု ဆိုသဖြင့် ကြံရည်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

"မင်း ဘာဖြစ်လာတာလဲ"

ကြံရည်နှစ်ခွက်မှာပြီးနောက် ခင်မောင်ငြိမ်းက မေးသည်။

"အိမ်မှာကွာ၊ အေးအေးဆေးဆေးကို မနေရဘူး"

"ဘယ်သူက ဆူပူနေလို့လဲ၊ မင်းတို့ အမေလား"

အေးဇော်က ခေါင်းခါ၍...

"သီတာပေါ့ကွ"

"ဟ... မဖြစ်နိုင်တာ၊ သီတာမျိုးက မင်းကို ဘယ်တုန်းက ဆူဆူပူပူ လုပ်ဖူးလို့လဲ"

"ဆူတာ ပူတာတော့ မဟုတ်ပါဘူးပေါ့၊ စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းတာကို ပြောတာ"

ခင်မောင်ငြိမ်းက 'မင်းကများ ပြောရတယ်ရှိသေး'ဆိုသော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ အေးဇော်က ဂရုမစိုက်ဘဲ...

"သူက အလုပ် ထွက်လုပ်ချင်နေတယ်"

"ဒါ စိတ်အနှောင့်အယှက်ဖြစ်စရာလား"

"သူ အလုပ် မလုပ်ရင် ငါတို့မိသားစု ငတ်မှာကျနေတာပဲ"

"ဒီလိုမပြောနဲ့လေကွာ၊ သူကလည်း မိသားစုဝင်ငွေလေး ဘာလေး ပိုရအောင် စေတနာနဲ့ပြောတာ ဖြစ်မှာပေါ့၊ ငွေပိုရတော့ အေးအေး မျိုးလေးအတွက် ပိုပြီး စုနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ငါတစ်ယောက်တည်း တာဝန်ယူနိုင်ပါတယ်ကွ"

"ကဲပါကွာ၊ ဒါ မင်းကို စိတ်ဆင်းရဲအောင် တမင်လုပ်တာမှ မဟုတ်ဘဲ၊ အလုပ်လုပ်ချင်တယ်ဆိုတာ ကောင်းတာပေါ့ကွ၊ တစ်ချို့မိန်းမတွေလို လင်ရှာသမျှ ထိုင်ဖြုန်းပြီး မြည်တွန်တောက်တီးနေတာမျိုးမှ မဟုတ်ဘဲ"

"ဒီလောက်နဲ့ဆို ငါမပြောပါဘူး၊ ခုတော့ သူက အိမ်ပြောင်းချင်လို့တဲ့၊ အိမ်ခန်းသပ်သပ် ငှားပြီး နေချင်သတဲ့"

"ဒါကတော့..."

ဟု ပြောပြီးမှ ပါးစပ်ထဲမှ ရေခဲတုံးက ခိုးလိုးခုလုဖြစ်နေသဖြင့် ခင်မောင်ငြိမ်း ရုတ်တရက် စကားမဆက်နိုင်။ အေးဇော်က စကားဆက်အောင် မစောင့်ဘဲ ဖြတ်ပြောသည်။

"မင်းစဉ်းစားကြည့်လေ၊ ငါတို့အိမ်မှာ နေရတာ ဘာလိုလေးသေးရှိသလဲ၊ ချက်ရေး ပြုတ်ရေးကိစ္စ အမေက တာဝန်ယူထားတယ်၊ ကလေးကြည့်ရုံနဲ့ အမေ့ကိုနည်းနည်းပါးပါးကူရုံပဲ၊ ခုတော့ သူက ကိုယ့်ဘာသာ အိမ်ခွဲနေချင်တယ်ဆိုတော့ ငါတို့အိမ်မှာ နေရတာ မကောင်းလို့လား၊ အမေတို့က သူ့အပေါ် တာဝန်မကျေသလို ဖြစ်နေတယ်"

အေးဇော် စကားခဏရပ်ပြီး ကြံရည်သောက်နေတုန်း ခင်မောင်ငြိမ်းက အလျှင်အမြန် ပြောရသည်။

"ဒါကတော့ လင်ရယ်၊ မယားရယ်ဖြစ်လာရင် ကိုယ့်အိမ်၊ ကိုယ့်ယာနဲ့ နေချင်တာပဲ၊ မိဘအိမ်မှာ ဘယ်လောက်ကောင်းကောင်း၊ လင်မယားနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေကြည့်ချင်



တာပဲ၊ အဲဒီလိုအခါမျိုးမှာ ဒုက္ခ၊ သုက္ခကြုံရရင်တောင် တစ်မျိုးတော့ ပျော်စရာကောင်းတာပဲ"

"တော်စမ်းပါကွာ၊ မင်းလည်း ကြော့မောင်လို ကောင်မျိုးပဲ၊ စိတ်ကူးတော်တော်ယဉ်တဲ့ ကောင်ကွ"

အေးဇော်သည် ခင်မောင်ငြိမ်းအိမ် လိုက်ထိုင်သေးသည်။ အတန်ငယ် ညည့်နက်မှပင် ခင်မောင်ငြိမ်းက အတင်းပြန်လွှတ်သဖြင့် အိမ်ပြန်သွားသည်။

သူ အိမ်ပြန်ရောက်တော့ အိမ်တံခါးသော့ခတ်မထားသေးချေ။ ကန့်လန့်တစ်ချက်သာ ထိုးထားသည်။ သံဇကာကြားက လက်လျှိုထည့်ပြီး ကန့်လန့်ဖြုတ်သည်။ အိမ်ထဲဝင်လိုက်သောအခါ ဧည့်ခန်းထဲက ပက်လက်ကုလားထိုင်ပေါ်မှာ ခွေခွေကလေး အိပ်ပျော်နေသော သီတာမျိုးကို တွေ့လိုက်ရသည်။ သူပြန်အလာကို စောင့်ရင်း အိပ်ပျော်သွားတာ ဖြစ်မည်။

အေးဇော် စိတ်မကောင်းဖြစ်သွား၏။ တံခါးကို အသာပြန်စေ့ပြီး အပြင်ပြန်ထွက်ခဲ့သည်။ သူတို့လမ်းထိပ်က အကြော်ဆိုင်မှာ သီတာမျိုးကြိုက်တတ်သော ပဲကပ်ကြော် သွားဝယ်ခြင်းပင် ဖြစ်သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



"သီတာမျိုးမို့ ငုံ့ခံတာပေါ့၊ ဝင်းမာကိုများ ဒါမျိုးလာလုပ်ကြည့်ပါလား၊ အကြောင်းသိသွားမယ်"

အေးဇော်သူ့ဆီလာသွားကြောင်း ခင်မောင်ငြိမ်းက ကြော့မောင်ကို ပြောပြသည်။ ကြော့မောင်က သက်ထားကိုတော့ ပြန်မပြောချေ။ ခင်မောင်ငြိမ်းက ဝင်းမာကို ပြောလိုက်သည်။ အေးဇော် သူတို့အိမ်လာစဉ်က မျက်နှာထား တစ်မျိုးဖြစ်နေသောကြောင့် ဝင်းမာက 'ကိုအေးဇော် ဘာဖြစ်လာသလဲ'ဟု ခင်မောင်ငြိမ်းကို မေးသဖြင့် ပြောပြလိုက်ခြင်းဖြစ်သည်။

သက်ထားကတော့ ခင်မောင်ငြိမ်းသားအတွက် ကြော့မောင်ဝယ်လာသော ဂရိုက်မစ်ချာလာပို့ရင်း ဝင်းမာပြောမှ သိရခြင်းဖြစ်သည်။

"ကိုခင်မောင်ငြိမ်းက သဘောကောင်းပါတယ်၊ ဝင်းမာအပေါ် အလျှော့ပေးတာချည်းပဲ မဟုတ်လား"



သက်ထားက လေပြေထိုးသည်။

"ဟင်း... ဒါကြောင့်လည်း ဝင်းမာတို့ ဒီလိုနေတာပေါ့၊ ကိုအေးဇော် သီတာ့ကိုနိုင်သလိုများ လာလုပ်ကြည့်စမ်းပါလား၊ အသေကို သတ်ပစ်မယ်"

သက်ထားက ရယ်နေသည်။ ဝင်းမာက...

"ထားလည်း သတိထား၊ ကိုကြော့မောင်ကို အလိုမလိုက်နဲ့"

"သူကတော့ ခပ်အေးအေးသမားပါ"

"အဲ...အဲ...ဒီ ခပ်အေးအေးသမားလည်း ကြောက်ရတာပဲ၊ ခင်မောင်ငြိမ်း ကြည့်ပါလား၊ ဒီလောက် နှိမ်ထားတာတောင် တစ်ခါ တစ်ခါ မဟုတ်တရုတ် လုပ်ချင်သေးတယ်"

"ကိုအေးဇော်က လူဟောင်းပါ၊ မဟုတ်တာလည်း မလုပ်ပါဘူး၊ သီတာ့ကိုလည်း တကယ်ချစ်တာပါ၊ သူက စိတ်ထက်တယ်ခေါ် မလား၊ စိတ်ကြီးတယ်ခေါ်မလား"

"ဘာပဲဖြစ်ဖြစ်လေ၊ သီတာခများ တစ်ကောင်ကြွက်တစ်မျက်နှာပဲ မဟုတ်လား၊ ကိုအေးဇော်ကို အားကိုးပြီး ဒီအိမ်မှာ လာနေရတာ၊ ထား စဉ်းစားကြည့်လေ၊ သီတာက အေးတယ်၊ အားလုံးနဲ့တည့် အောင်ပေါင်းတယ်၊ အားလုံးကို သည်းညည်းခံတယ်၊ ဒါကို ကို အေးဇော်က အနိုင်မယူသင့်ဘူးပေါ့၊ ကိုယ့်အိမ်မှာ လာတည်းတဲ့ ဧည့်သည်တောင် ဧည့်ဝတ်ကျေအောင် ပြုစုရသေးတာပဲ၊ ခုဟာက ကိုယ့်မိန်းမပဲ၊ ထားတို့ ဝင်းမာတို့လို သီးသီးသန့်သန့်နေကြတဲ့ လူတွေက ပြဿနာမရှိဘူး၊ သီတာက ယောက္ခမအိမ်မှာနေရတာ၊ မနေချင်လို့ ဆင်းသွားချင်ရင်တောင် သီတာ့မှာ ဆင်းစရာမိဘ

www.burmeseclassic.com



အိမ်မရှိဘူး၊ ဘယ်ဆွေမျိုးကကော လက်ခံမှာလဲ၊ အဲဒါကို ကိုအေးဇော်က နားလည်ရမယ်၊ ယောက္ခမတွေ ယောက်မတွေကြားမှာ အနေမကျို့ရအောင် သူကတောင် ပ,စားပေးသင့်တယ်၊ ခုတော့ သူကပါ နှိမ်ချင်နေတော့"

"ခု ပြဿနာက သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးလေ၊ အခန့် မသင့်လို့ ဖြစ်ကြတာမျိုးပါ"

"သီတာက ခံလို့ပေါ့၊ မခံတဲ့လူမျိုးဆိုရင် ပြဿနာကြီးထွားလာနိုင်တာပေါ့၊ ပြီးတော့...."

ထိုအခိုက်တွင် ပုခက်ထဲကလေးက ထငိုသည်။ ဝင်းမာက ကလေးကို သွားချော့ရင်း သေးစိုနေသော အနှီးကို လဲပေးသည်။ ထို့နောက် ကလေးကို ချီယူလာခဲ့ပြီး နို့တိုက်သည်။ နို့တိုက်နေရင်း စကားကိုဆက်၏။

"သီတာက အလုပ်လုပ်ချင်တယ်၊ ကိုအေးဇော်တို့က မလုပ်စေချင်ဘူး၊ ခုခေတ်ကြီးမှာ ဘယ်မိန်းကလေးမဆို အလုပ်လုပ်ချင်ကြတာချည်းပဲ၊ ဘာအလုပ်ပဲဖြစ်ဖြစ်၊ ဝင်ငွေ ဘယ်လောက်ပဲရရ၊ မိန်းမဆိုတာ ကိုယ့်ယောကျ်ားရတဲ့ ဝင်ငွေကို ကိုယ်ကိုယ်တိုင်ပဲ ကိုင်ချင်ကြတာ သဘာဝပဲ၊ ကိုယ်ကိုယ်တိုင်လည်း ဝင်ငွေ မရှာရဘူး၊ ကိုယ့်ယောကျ်ားရတဲ့ ပိုက်ဆံလည်း မကိုင်ရဘူး၊ အိမ်ထောင်ထိန်းသိမ်းမှုလည်း ကိုယ့်စိတ်ကြိုက် လုပ်ခွင့်မရှိဘူးဆိုရင် အိမ်ရှင်မဆိုတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ နောက်ပြီး သီတာက အိမ်ခန်းငှားပြီး နေချင်တယ်ပြောလို့ ကိုအေးဇော်က ဒေါသူပုန်ထသတဲ့၊ နေချင်မှာပေါ့၊ သူတို့အိမ်မှာနေရတာ သီတာ့အဖို့ ဘယ်လောက် အနေကျို့သလဲ၊ အားလုံးကို ကြောက်နေရတာ၊ ဒီတစ်ခါ သီတာနဲ့တွေ့ရင် ထပ်ပြီး မြှောက်ပေးလိုက်ဦးမယ်"



"အမယ်လေး... မလုပ်ပါနဲ့ ဝင်းမာရယ်၊ ကိုအေးဇော်အကြောင်းလည်း သိသားနဲ့၊ သူထင်တာ သူလုပ်တာ၊ သူငယ်ချင်းတွေ ပြောလို့တောင် ရတာမဟုတ်ဘူး"

"စကားကောင်းနေလိုက်တာ၊ ထား ဆာရင် ကော်ဖီဖျော်သောက်ပါလား၊ ဝင်းမာကတော့ဘာ ဖျော်မပေးအားဘူး၊ ဒီကောင်က နို့ချွတ်လိုက်တာနဲ့ ငိုမှာ"

"ထား မဆာပါဘူး၊ ဝင်းမာသောက်ချင်လို့လား"

"အင်း... ဝင်းမာလည်း သောက်မယ်လေ၊ ဖျော်ပါလား၊ ကြောင်အိမ်ထဲမှာ ကော်ဖီမှုန့်ရော၊ သကြားရော၊ နို့မှုန့်ပါရှိတယ်"

သက်ထားက ကော်ဖီနှစ်ခွက်သွားဖျော်ပြီး ယူလာခဲ့သည်။

"အရင်ကတော့ ဝင်းမာလည်း ကော်ဖီတွေဘာတွေ မကြိုက်လှဘူး၊ အိမ်မှာလည်း မထားဘူး၊ ခုတော့ ကလေးနို့ဆွဲလို့လား မသိဘူး၊ ဝမ်းထဲက ဟာ,ဟာနေတယ်၊ ဒါကြောင့် ဝယ်ထားရတာ၊ ကော်ဖီပေမယ့် သူ့စရိတ်ကလည်း မသေးဘူးနော်၊ ထားလည်း မွေးပြီးရင်တော့ ကော်ဖီမှုန့်တို့ ဘာတို့ ဝယ်ထား၊ သိပ်ဆာတာ"

သက်ထားက ဝင်းမာ အဆင်သင့်သောက်နိုင်ရန် မတ်ခွက်နှစ်ခွက်ထဲမှ ကော်ဖီများကို တစ်လှည့်စီပြောင်းထည့်ရင်း အအေးခံနေရာမှ...

"ဝင်းမာတို့ရော ပြေလည်ကြရဲ့လား"

ဟု မေးလိုက်သည်။

"ဒီလိုပါပဲ၊ ပြေလည်တယ်တော့ မဟုတ်ပါဘူး၊ ဖြစ်အောင်တော့ ဖန်တီးယူရတာပဲ၊ ထားတို့ကော"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ မွေးဖွားဖို့အတွက် ငွေလေး ဘာလေးခုမယ် စိတ်ကူးပေ မယ့်လည်း သုံးစရာက ပေါ်ပေါ်လာတော့ အရင်အတိုင်းပဲ ဖြစ်ဖြစ် သွားတာပါပဲ"

"ကိုကြော့မောင်ကကော ပိုက်ဆံတွေ ဘာတွေ မှန်မှန်အပ်ရဲ့လား"

"အပ်ပါတယ်၊ သူ့ဝင်ငွေက ပုံမှန်မရှိတော့ တစ်လ ဘယ်လောက်ရယ် တော့ မဟုတ်ပါဘူး"

"ထားကို ပြောရဦးမယ်၊ သိသင့်သိထိုက်တယ် ထင်လို့ပါ၊ ကို ကြော့မောင်က ငွေကျိတ်စုနေတယ် သိလား"

"ဘယ်လို၊ ထား မသိပါလား"

"အင်းပေါ့၊ ထား မသိအောင် စုတာ၊ ဘယ်မှာစုသလဲသိလား"

သက်ထားက ခေါင်းခါသည်။

"ခင်မောင်ငြိမ်းဆီမှာလေ၊ ဒီလို ထားရဲ့"

တစ်နေ့တွင် ခင်မောင်ငြိမ်းငှားလာသော ဝတ္ထုစာအုပ်ကြားထဲမှ အစိတ် တန်နှစ်ရွက်ကို ဝင်းမာတွေ့ရသည်။ ခင်မောင်ငြိမ်းကို မေးသောအခါ ကြော့မောင် ပိုက်ဆံ သူ့ကိုအပ်ထားတာဟု ဆိုသည်။ ကြော့မောင်က သက်ထားမသိပါစေ နဲ့ဟု မှာထားသည်ဟုလည်း စကားပိတ်ထားသည်ဟု ဝင်းမာက ပြောသည်။ သက်ထား အံ့သြသွား၏။

"ဟင်… ဟုတ်လား၊ ဒီလိုလား"

☆☆☆



ကြော့မောင်ပြန်လာတော့ အိမ်တံခါးအပြင်မှ သော့ခတ်ထားသည်။ သော့မှာ စာချိတ်သွားသည်။

ဝင်းမာတို့အိမ် သွားတယ်၊ ဂရိုက်မစ်ချာပုလင်း သွားပေးတာ၊ မမောင်ခင် ပြန်လာမယ်။ ထမင်းဆာရင်လည်း စားနှင့်။ ကိုမောင့် အကြိုက် အမဲသားကို ခရမ်းချဉ်သီးနဲ့စပ်စပ်ကလေး ချက်ထား တယ်။ အချိန်စောနေရင်လည်း လိုက်ချင်လိုက်ခဲ့ပေါ့။

ထား။

ဟု ရေးထားသည်။ ကြော့မောင်သည် လွယ်အိတ်ထဲမှ သော့ကိုထုတ် ပြီးမှ စိတ်ကူးတစ်မျိုးပြောင်းကာ ခင်မောင်ငြိမ်းတို့ အိမ်ဘက်သို့ ထွက်လာခဲ့ သည်။ ခင်မောင်ငြိမ်းသည် အိမ်ရှေ့မှာရပ်နေသည်ကို လှမ်းမြင်ရသည်။ ဒီကောင် ဘာကြောင့်ပြီး ရပ်နေသလဲဟု ကြော့မောင်တွေးမိသည်။ အနားရောက်မှ အိမ်ထဲက လှမ်းအော်ပြောနေသော ဝင်းမာ၏အသံကို ကြားရလေသည်။

"နင် အိမ်ထဲမလာနဲ့၊ ဝင်လာတာနဲ့ အသိပဲ"

ကြော့မောင် ခင်မောင်ငြိမ်းနား သွားရပ်ပြီး…

"ဘယ်လိုဖြစ်ကြတာလဲဟ"

ကြော့မောင်ကို မြင်သောအခါ ဝင်းမာက…

"ရှင်လည်း အတူတူပဲ၊ ဝင်မလာနဲ့"

ဝင်းမာ၏ လက်ထဲတွင် မတ်ခွက်တစ်လုံးကိုင်ထားသည်။ စိတ်မထင် လျှင် လှမ်းပေါက်တော့မည့်ဟန်။ ဝင်းမာ၏ဘေးတွင် သက်ထားက ရပ်နေ၏။ ကြော့မောင်က အကူအညီတောင်းသလို လှည့်ကြည့်သောအခါ သက်ထား ၏ မျက်နှာကလည်း တင်းမာသယောင် ဖြစ်နေသည်။ ကြော့မောင် နားမ လည်ဟန်ဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာတွေလဲ၊ ဘာဖြစ်ကြတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်တို့နှစ်ယောက် ဘာတွေကျိတ်ကြံထားသလဲ၊ ကိုယ့်ဘာသာ သိမှာပေါ့"

ကြော့မောင် မရှင်းသေးခင် ခင်မောင်ငြိမ်းက 'ဟိုမိုက်ဆံကိစ္စကွာ၊ သူတို့သိသွားပြီ' တိုးတိုးပြောသည်။ ထိုအခါကျမှ ကြော့မောင် နားလည်သွား၏။

သူတို့သူငယ်ချင်းသုံးယောက် ကြံစည်ထားတာ တစ်ခုရှိသည်။ သကန်းကျွန်းဘက်မှာ 'အရှေ့ရွာ'ဆိုသော စားသောက်ဆိုင်တစ်ဆိုင်က အတော်နာမည်ကြီးနေ၏။ သူတို့ မရောက်ဖူးသေး။ တစ်ခါလောက် သွားရအောင်ဟု စကားစပ်မိကြသည်။ တစ်ယောက် ငါးဆယ်စုလျှင် ကောင်းကောင်းလောက်သည်ဟု စိန်ထွန်းက ပြော၏။

စိန်ထွန်းနှင့် အေးဇော်အတွက်က သိပ်အရေးမကြီး။ သူတို့ကျတော့ ကလေးစရိတ်၊ မီးဖွားစရိတ်တွေ ရှိနေသဖြင့် သက်ထားတို့ ဝင်းမာတို့ဆီက တောင်းဖို့မလွယ်။ ဒီကိစ္စမျိုးဆိုတော့ ပိုခက်သည်။ ထို့ကြောင့် သူတို့ မိန်းမတွေ မသိအောင် ကျိတ်၍စုရသည်။ ကိုယ်ပိုင် အသုံးစရိတ်ထဲက ခွဲ၍တစ်မျိုး၊ အိုဗာတိုင်တို့၊ ပန်းချီဆွဲခတို့ထဲမှ အနည်းငယ်ကဲ့၍ တစ်ဖုံ၊ ယူရသည်။

ခင်မောင်ငြိမ်းကို ဝင်းမာက မိသွားသောအခါ ကြော့မောင်အပ်ထားတာ ပါဟု ပြောသည်။ သက်ထား မသိပါစေနဲ့ဟု ပိတ်သည်။

ကြော့မောင်၏ ပန်းချီဆွဲသည့်စားပွဲထဲက နိုင်ငံခြားမဂ္ဂဇင်းတစ်စောင် ကြားမှ ငွေကို သက်ထားတွေ့သွားသောအခါ ခင်မောင်ငြိမ်း ပိုက်ဆံပါ၊ ဝင်းမာ မသိပါစေနဲ့ဟု လိမ်ထား၏။ ကိုယ့်မိန်းမတွေကို နှုတ်လုံပြီဟု ထင်ခဲ့မိတာ မှားသည်။ ခုတော့ သက်ထားနှင့် ဝင်းမာ တစ်ယောက်နှင့်တစ်ယောက် ပြော ပြလိုက်ကြလို့ ပေါ်ကုန်ပြီ။



"နေကြပါဦး၊ ဒီလိုရှိပါတယ်"

ကြော့မောင်က ပြေလည်ဖို့ ကြိုးစားရင်း ခြေတစ်လှမ်းတိုး လိုက်သည်။

"ဝင်မလာနဲ့နော်၊ ကိုကြော့မောင်ကော ဘာကော နားမလည်ဘူး"

ဝင်းမာက လှမ်းဟောက်သဖြင့် ကြော့မောင်ခြေလှမ်းပြန်ဆုတ်လိုက်ရသည်။ ခင်မောင်ငြိမ်းသည် ကိုယ့်အိမ်ထဲကိုယ် ပြန်ဝင်ခွင့် မရသဖြင့် ရှက်နေသည်။ ကြော့မောင်ရှေ့မှာ ဖြစ်နေသောကြောင့် ဝင်းမာကို ဒီလောက်တောင် ကြောက်ရသလားဟု အထင်ခံရမှာ စိုးသည်။ ထို့ကြောင့် အရဲစွန့်ပြီး အိမ်ထဲ ဝင်လိုက်၏။

"ပြောနေတာ မရဘူးလား"

ဟုဆိုပြီး ဝင်းမာက မတ်ခွက်နှင့် လှမ်းပေါက်လိုက်သည်။ ခင်မောင် ငြိမ်းက တစ်ဖက်သို့ စုန့်၍ရှောင်လိုက်၏။ မတ်ခွက်က ကြော့မောင်ရင်ဘတ်ကို လာမှန်သည်။ ကော်ဖီအနှစ်များ အကျႌမှာပေကုန်သည်။

"ဟာ... တကယ် ချတယ်"

ကြော့မောင် ယောင်၍အော်လိုက်သည်။ သက်ထားလည်း 'ဟင်'ဆို ပြီး ကြော့မောင်ဆီ သွားမည်ဟု ခြေလှမ်းပြင်သည်။ ဝင်းမာက သက်ထား လက်မောင်းကို လှမ်းဆွဲလိုက်ပြီး...

"ဘာလဲ၊ ထားကပါ အလိုတူချင်နေပြီလား"

ဟု သတိပေးလိုက်မှ သက်ထားပြန်ရပ်နေသည်။ မျက်နှာထားကို လည်း ပြန်တင်းလိုက်၏။

"အေးအေးဆေးဆေး ပြောကြတာပေါ့၊ အိမ်ထဲဝင်ပါရစေဦး"

ဝင်းမာသည် ကျန်နေသေးသော မတ်ခွက်တစ်ခွက်ကို ဆတ်ကနဲ ကုန်းကောက်လိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"မဝင်နဲ့၊ နင်တို့ဘာသာ နှစ်ယောက်တည်း သွားနေကြ၊ ထားကို ငါခေါ်ထားလိုက်မယ်"

"မလုပ်ပါနဲ့ဟာ၊ ထားက မပေါ့မပါးနဲ့၊ ပြီးတော့ သားကလဲ"

ခင်မောင်ငြိမ်းက လေပျော့ကလေးဖြင့် ဝင်ပြောသည်ကို ဝင်းမာကဖြတ်၍...

"ဘာခုမှ လာလွမ်းပြနေတာလဲ၊ သားကို တကယ်ချစ်ရင် ခုလိုလုပ်ပါ့မလား၊ ဒီက မိန်းမတွေကတော့ မစားရက် မသောက်ရက်နဲ့ ချွေတာသုံးစွဲ ဖန်တီးနေရတာ၊ သူတို့ကတော့ ကိုယ့်ဖို့ပဲ စဉ်းစားနေတယ်၊ တစ်ကိုယ်ကောင်းသမားတွေ၊ နင်တို့ဘာသာ နေကြ"

ခင်မောင်ငြိမ်းသည် သိက္ခာမကျစေရန် နောက်တစ်ကြိမ် ကြိုးစားဖို့ပြင်သည်။ ဝင်းမာ၏ မတ်ခွက်ကိုင်ထားသော လက်ကို သက်ထားက ဖမ်းဆုပ်ထားသဖြင့် ရုတ်တရက်မလှုပ်ရှားနိုင်ကြောင်း သိသောကြောင့် အရဲစွန့်ဝံ့ခြင်းဖြစ်သည်။

"ဝင်းမာနော်၊ ငါက ကလေးမျက်နှာကြောင့် အလျှော့ပေးနေတာကို ကမ်းတက်ချင်လို့လား၊ ငါ့အကြောင်း သိချင်ပြီထင်တယ်"

ဆိုပြီး ခြေတစ်လှမ်း တိုးသွား၏။

"ဘာပြောတယ်၊ နင်ကများ ငါ့ကို၊ ခင်မောင်ငြိမ်း နင်သတ္တိရှိရင် လာခဲ့လေ"

ဝင်းမာသည် သက်ထား၏ လက်ကိုဖယ်လိုက်၏။ သူ၏ ဒုတိယလက်နက်ဖြစ်သော မတ်ခွက်ကို လက်ပစ်ဗုံးကိုင်သလို ကိုင်ပြီး အသင့်အနေအထား ပြင်လိုက်သည်။

"ဟော့... နေဦး"



ခင်မောင်ငြိမ်း တုန့်ကနဲရပ်သွားသည်။ ဟန်ဆောင်ပြီး တင်းထားသောမျက်နှာက လျော့ကျသွားသည်။

"ငါပြောတာကိုလည်း ဆုံးအောင်နားထောင်စမ်းပါဦးလေ၊ ငါတို့ပိုက်ဆံကျိတ်စုနေတယ်ဆိုတာက ငါတို့သုံးဖြုန်းဖို့ မဟုတ်ပါဘူး၊ ငါကလည်း ကလေးတစ်နှစ်ပြည့်ရင် ဆွမ်းလေးဘာလေး ကျွေးရအောင်လို့၊ ကြော့မောင်ကလည်း သက်ထား ကလေးမွေးရင် အဆင်သင့် သုံးနိုင်အောင်လို့ပါ၊ ဟုတ်တယ် မဟုတ်လား ကြော့မောင်"

"အဲ... အင်း၊ ဟုတ်တယ်၊ ဒါ ဟုတ်တယ်"

ဝင်းမာက သိပ်တော့ မယုံသေး။ သို့ရာတွင် ခုလောက် ပညာပေးရရင်တော်လောက်ပြီဟု သဘောထားသလားမသိ။ 'လာ ထား'ဆိုပြီး သက်ထား၏ လက်ကိုဆွဲ၍ နောက်ဖေးဘက် ဝင်သွားသည်။ ထိုအခါကျမှ ခင်မောင်ငြိမ်းနှင့် ကြော့မောင်တို့ အိမ်ထဲ ဝင်ခွင့်ရသွား၏။

☆☆☆

အိမ်အပြန်လမ်းတစ်လျှောက်တွင် သက်ထားက ကြော့မောင်ကို လုံးဝစကားမပြောဘဲ နေသည်။

ကြော့မောင်ကို မတ်ခွက် မှန်သွားတုန်းကတော့ သနားသလိုလို ဖြစ်သွားမိသည်။ ခင်မောင်ငြိမ်းက သူတို့ငွေစုနေရသည့်အကြောင်း ပြောတုန်းကလည်း နားယောင်မိသလို ဖြစ်သွားသေးသည်။

ဝင်းမာ အခန်းထဲဆွဲခေါ်သွားပြီး ခင်မောင်ငြိမ်းနှင့် ကြော့မောင်တို့ လိမ်နေခြင်းဖြစ်ကြောင်း၊ ကလေးစရိတ် မီးဖွားစရိတ်အတွက် ငွေစုတာဆိုလျှင် မိမိတို့အနေဖြင့် ကန့်ကွက်စရာမရှိသည့်အပြင် ဝမ်းတောင်သာရမည်ဖြစ်

www.burmeseclassic.com



ကြောင်း၊ ဤသို့ ဝမ်းသာစရာကိစ္စမျိုးကို မိမိတို့မသိအောင် လျှို့ဝှက်ထားသည်မှာ အဓိပ္ပာယ်မရှိကြောင်း ရှင်းပြသည်။ ထိုအခါ သက်ထားလည်း ဝင်းမာစကားကို နားဝင်သွားပြန်သည်။

ကြော့မောင်သည် အကျပ်အတည်းတစ်ခုနှင့် ကြုံနေရသည်။ ခင်မောင်ငြိမ်းက ပြဿနာပြီး ပြီးရောဆိုပြီး သူတို့ငွေစုတာ ကလေးအတွက်ပါဟု ဆိုသည်။ ကြော့မောင်ကလည်း ဟုတ်ပါတယ်ဟု ပြောလိုက်ရသည်။

တစ်ခုခက်နေတာက သူ စုထားသောငွေလေးဆယ်အနက်က နှစ်ဆယ်ကို သုံးထားမိသည်။ နု အိမ်ပြန်ရောက်လို့ ထိုငွေကို သက်ထားက တောင်းလျှင် ခက်မည်။ သူ သုံးဖို့အတွက် သက်ထားဆီက ငွေအစိတ်ယူထားတော့ ရှိသည်။ ထိုအထဲက ယူပြီးဖြည့်လျှင် ငါးကျပ်သာ သူ့အတွက် ကျန်မည်။ ငွေငါးကျပ်ကို ဆယ်ရက်လောက် သုံးဖို့ဆိုသည်မှာ မဖြစ်နိုင်၊ ဘယ်လိုလုပ်ရပါ့မလဲ။

အကြံတစ်ခုရသည်။ အသိမိတ်ဆွေတစ်ယောက်ယောက်၏ နာမည်ကို အလွဲသုံးစားလုပ်ရမည်။ အိမ်ကို အရောက်အပေါက် မရှိတတ်သူမှ ဖြစ်မည်။ ဒါမှ သက်ထား မရိပ်မိဘဲ နေမည်။ ဟုတ်ပြီ။ ကာတွန်းမောင်မောင်ဆေးရုံတင်ထားရသည်ဟု ပြောမည်။ မုန့်လေး ဘာလေးသွား ပို့ချင်လို့ဆိုပြီး သက်ထားဆီက ငွေဆယ့်ငါးကျပ်လောက်တောင်းမည်။ ဒီလောက်ဆိုလျှင် သိပ်မဆိုးတော့။ ခုလောလောဆယ်မှာ သက်ထားစိတ်ဆိုးပြေအောင် လုပ်ရဦးမည်။

"ထား... ကိုမောင် ပြောပြဦးမယ်"

ဟု စကားစလိုက်ရာ၊ သက်ထားက...

"မပြောနဲ့၊ ဘာမှ မကြားချင်ဘူး"

"မဟုတ်သေးပါဘူးလေ"



"မပြောနဲ့ဆို၊ မပြောနဲ့"

"ဟိုဒင်း..."

"မရဘူးလား"

ထိုအချိန်မှာ ဘတ်စ်ကားမှတ်တိုင်နား ရောက်လာသည်။ ကားတစ်စီးကလည်းရပ်ထားဆဲ။ ကားထွက်လုလုတွင် သက်ထားက ကားပေါ်ဖွေ့ခနဲ တက်သွားသည်။ ကြော့မောင် ကြောင်ကြည့်နေတုန်း ကားထွက်စပြုသည်။ ကြော့မောင်သည် ကားပေါ်ပြေးတက်ရမလို ဘာလိုလို ယောင်ချာချာဖြစ်ရင်း ကျန်ရစ်ခဲ့သည်။

သူတို့အိမ်ကို ရောက်ဖို့ တစ်မှတ်တိုင်လောက်သာ လိုတော့သည်။ ထို့ကြောင့် သူ ဆက်လျှောက်လာခဲ့၏။ သက်ထားကတော့ သူ့ထက် ငါးမိနစ်ဆယ်မိနစ်လောက် စောရောက်သွားပေလိမ့်မည်။

သက်ထားသည် ကျောင်းတုန်းက မကြာခဏစိတ်ကောက်လေ့ရှိသည်။ လက်ထပ်ပြီး ခုနောက်ပိုင်းမှာ စိတ်မကောက်တာ တော်တော်ကြာပြီ။ ကြော့မောင်က 'ထား၊ အရင်ကလို စိတ်မကောက်တော့ဘူးလား'ဟု မေးလျှင် 'ကိုမောင်ပြောမှပဲ သတိရတော့တယ်၊ အလုပ်များတော့ စိတ်မကောက်ဖြစ်ဘူး၊ တစ်ခါတစ်ခါတော့ ကိုမောင် လုပ်ပုံတွေကြောင့် စိတ်ကောက်ချင်သလိုလိုရှိသား၊ မအားသေးတာနဲ့ အောင့်ထားရတယ်'ဟု ရယ်၍ပြန်ပြောတတ်သည်။ ဒီတစ်ခါတော့ တကယ်စိတ်ကောက်ပြီမှာ သေချာ၏။

ကြော့မောင်သည် လမ်းထဲ ချိုးဝင်လိုက်သည်။ သက်ထားသည် အိမ်ထဲသို့ မဝင်သေးဘဲ တံခါးရှေ့ရပ်နေသည်ကို တွေ့ရ၏။ ကြော့မောင်က 'ထား၊ ဘာလို့ရပ်နေတာလဲ'ဟု မေးသည်။ သက်ထားက ဘာမျှပြန်မပြော။

အမှန်က သက်ထားသည် စိတ်ဆိုးပြီးထွက်လာခဲ့ရာ အိမ်ရှေ့ရောက်မှ ဝင်းမာတို့အိမ်မှာ ပိုက်ဆံအိတ်မေ့ကျန်ခဲ့ကြောင်း သိရခြင်းဖြစ်သည်။ သော့က

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ထဲမှာ။ ဒါကို ကြော့မောင်ကလည်း ရိပ်မိသွားသည်။ လွယ်အိတ်ထဲမှ သော့ကိုယူပြီး တံခါးဖွင့်လိုက်သည်။

"တကယ်လို့ ကိုမောင်သာ လိုက်မလာဘဲ တစ်ခြားကို ထွက်သွားရင် ထားတော့ အိမ်ရှေ့မှာ အကြာကြီးစောင့်နေရမှာပဲနော်"

သက်ထားက ပြန်မပြောဘဲ ဆောင့်ဆောင့်နှင့် အိမ်ထဲဝင်သွားသည်။ ကြော့မောင်လည်း ဘေးက ကုပ်ကုပ်လေးလိုက်သွား၏။ အိမ်ခန်းထဲကျမှ ကောင်းကောင်းချော့မည်ဟု စိတ်ကူးလိုက်သည်။

ကြော့မောင်သည် အိပ်ခန်းထဲဝင်လိုက်သော်လည်း သက်ထားက လိုက်မဝင်ဘဲ မီးဖိုခန်းဘက် ဆက်လျှောက်သွား၏။ အိမ်သာတွေ ဘာတွေ သွားတာဖြစ်မှာပဲဆိုပြီး စောင့်နေလိုက်သည်။ တော်တော်နှင့် ပြန်မလာ။

မီးဖိုခန်းထဲ လိုက်သွားတော့မှ သက်ထားထမင်းစားနေသည်ကို တွေ့လိုက်ရလေသည်။ ကြော့မောင်က ဘေးမှာ သွားထိုင်ပြီး...

"ထားက တစ်ယောက်တည်း လာစားနေတာကိုး၊ ကိုမောင့်တောင် မခေါ်ဘူး"

သက်ထားက နှုတ်ဆိတ်နေမြဲ။

"ထားကလည်း ကိုမောင် ရှင်းပြဦးမယ်၊ ကိုမောင်တို့ ငွေနုတဲ့ အကြောင်းကို ထားကိုမပြောဘဲနေတာက ထားတို့ ရုတ်တရက် ဝမ်းသာသွားအောင်လို့ပါ"

သက်ထားသည် ထမင်းကိုသာ ငုံ့စားနေသည်။ ကြော့မောင်သည် ကျောင်းတုန်းက သက်ထားစိတ်ကောက်ပုံကို သွားသတိရသဖြင့်...

"ထား မှတ်မိလားဟင်၊ ကျောင်းမှာတုန်းက ထား စိတ်ကောက်ပြီဆိုရင် ဘာမှမစားဘဲ နေတာလေ၊ ဘယ်လိုကျွေးလို့မှလည်း မရဘူး၊ တစ်ခါတော့ ကိုမောင်က စားကိုစားရမယ်ဆိုပြီး ရွှေမန်းခေါက်ဆွဲသုပ်မှာလိုက်တာလေ၊ ရောက်လာတော့ ထားက မစားဘူးလေ၊ ကိုမောင်က အတင်းစားခိုင်းပေမယ့်လည်း မစားဘူး၊ ထိုင်တာကလည်း ကြာပြီ၊ အသုပ်ပန်းကန်ကလည်း ဒီအတိုင်းပဲ၊ အဲဒီအချိန်မှာ ပန်းချီခန်းက ညိုဝင်းမောင်ရောက်လာလို့ ထားက မိုက်အောင့်ပြီး အသုပ်စားလို့မဖြစ်ဘူးဆိုပြီး ညာကျွေးတော့ ဒီကောင်လည်း ဆာနေတာနဲ့ အတော်ပဲဆိုပြီး ဝင်တွယ်တာလေ၊ ရေရေလည်လည် ဟားရတယ်"



ဆိုပြီး ကြော့မောင်တစ်ယောက်တည်း ရယ်သည်။ သက်ထား၏ နှုတ်ခမ်းသည် တွန့်ခနဲဖြစ်သွား၏။ ပြီးမှ ပြန်တည်လိုက်ပြီး ထထွက်သွားသည်။ ထမင်းထပ်ထည့်ပြီး ပြန်လာသည်။ ကြော့မောင်နှင့် ဝေးရာဘက်မှာ သွားထိုင်သည်။ ကြော့မောင်ကလည်း နေရာရွှေ့ပြီး သက်ထားနား ကပ်ထိုင်သည်။

"ထား၊ ကိုမောင့်ကို မကျွေးတော့ဘူးလား"

သက်ထားက ခွန်းတုံ့မပြန်ဘဲ ထမင်းသာ ဆက်စားနေသည်။ သူ ထမင်းစားနေပုံမှာ အတော်ဆာဟန်ဖြင့် အားပါးတရရှိလှသည်။ ကြော့မောင် ဗိုက် သွားရည်ယိုလာ၏။

"ထားရယ်၊ ကိုမောင့်ကို မသနားတော့ဘူး မဟုတ်လားဟင်၊ အေးလေ ထား မကျွေးချင်ဘူးဆိုရင် မစားပါဘူး"

"ကိုယ့်ဟာကိုယ် ထည့်စားပါလား"

ဟု ဆောင့်ဆောင့်အောင့်အောင့် ပြောသည်။

"ဟင့်အင်း မစားဘူး၊ ထား ထည့်မကျွေးရင် မစားဘူး၊ တစ်ညလုံး အငတ်နေမယ်"

သက်ထား ထမင်းစားပြီးသွားသည်။ ရေကပြင်သို့ သွားပြီး ပန်းကန်ဆေးနေ၏။ ကြော့မောင် အတော်ဆာလာသည်။ အိုက်တင်မခံတော့ဘဲ ကိုယ့်ဘာသာ ထည့်စားလိုက်ရကောင်းမလားဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ဖွန်းသံ ပန်းကန်သံကြားရသည်။ ပြီးတော့ သက်ထားက စားပွဲဝိုင်းပေါ်သို့ ထမင်းနှင့်ဟင်းပန်းကန်များ လာချပေးသည်။ ကြော့မောင် ကျွန်တော်မဆယ်နိုင်ဘဲ ထမင်းပန်းကန်ကို လှမ်းအဆွဲတွင်...

"လက်ဆေးဦးလေ"

ဟု သက်ထားက ပြောသည်။ ကြော့မောင်သည် လှည့်ထွက်သွားသော သက်ထား၏လက်ကို ဖမ်းဆွဲလိုက်ပြီး...

"ထား ခဏထိုင်ပါဦး"

သက်ထား ကြော့မောင်ဘေးမှာ ဝင်ထိုင်သည်။ မျက်နှာက ကြည်ကြည်သာသာ ရှိနေပြီ။

"ထားရယ်၊ ကိုမောင် အမှန်အတိုင်းပဲ ပြောပါတော့မယ်၊ တကယ်တော့ ကိုမောင်ငွေစုနေတာ ထားအတွက်မဟုတ်ဘူး သိလား"

"ဟင်...ဘယ်သူ့အတွက်လဲ၊ ဘယ်သူ့အတွက်လဲ"

"သူ့အတွက်လေ"

ကြော့မောင်က သက်ထား၏ဗိုက်ကို လက်ဖြင့်အသာ ပွတ်သပ်ပြီး ပြောလိုက်၏။ သက်ထားက ပြုံးလိုက်သည်။ ပြီးတော့ ...

"လက်ဆေးတော့လေ၊ တော်ကြာ အဆာလွန်ပြီး ဗိုက်အောင့်နေဦးမယ်"

ကြော့မောင် လက်ဆေးရင်း တစ်ခုသွားတွေးမိပြီး စိတ်မကောင်းဖြစ်သွား၏။ ချစ်သူငယ်ချင်း ခင်မောင်ငြိမ်းတစ်ယောက်တော့ ဒီနေ့ ညစာငတ်ဖို့ သေချာနေသည့်အကြောင်းပင် ဖြစ်လေသည်။

☆☆☆



အေးဇော်၏ညီအေးကျော် မိန်းမခိုးပြေးသွားခြင်းသည် ပြဿနာ၏ အစဖြစ်သည်။

အေးကျော် ရည်းစားရှိကြောင်း အေးဇော်သိသည်။ တက္ကသိုလ်မှာတုန်းက အတန်းတူတွေဟု သိထားရသည်။ တစ်ခါတုန်းက သူတို့အတွဲနှင့် အေးဇော် လမ်းမှာ ဆုံဖူးသည်။ အေးကျော်က အစ်ကိုဆူမည်စိုး၍ မျက်စိမျက်နှာပျက်နေသည်။ အေးဇော်က နားလည်မှုရှိစွာ ပြုံးပြုံးရယ်ရယ် နှုတ်ဆက်ခဲ့၏။ နောက်ပိုင်းတွင်လည်း ထိုအကြောင်းကို စကားမစပ်ဘဲ နေလိုက်သည်။

အေးကျော်သည် ဘွဲ့ရပြီးကာစ၊ အလုပ်မရသေးသဖြင့် ခုလောက်မြန်မြန် မိန်းမယူဖြစ်မည်ဟု မထင်ခဲ့။ သို့ရာတွင် အေးကျော်က 'အခြေအနေအကြောင်းကြောင်းကြောင့်'ဟု စာရေးခဲ့ပြီး သူ့ကောင်မလေးကို ခိုးပြေးသွား၏။ လွန်လွန်ကျူးကျူးတွေများ ဖြစ်ကုန်လို့လား၊ တစ်ဖက်က မိဘတွေက သဘောမတူဘဲ ကောင်မလေးကို အကျဉ်းအကျပ်ဖြစ်အောင် လုပ်လို့လား။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးခင်သည် အေးကျော်ကို အငယ်ဆုံးသားမို့ တော်တော်ချစ်သည်။ ခုကိစ္စ မှာတော့ သူတို့အိမ်ပေါ် ပြန်မတက်စေရဟု တင်းမာနေသည်။ အေးအေးမော်က တိတိကျကျဖွင့်မပြောသော်လည်း ကြည်ကြည်ဖြူဖြူ လက်ခံချင်ပုံမရ။ အေးဇော်တို့အဘွားက ပြန်ခေါ်ချင်သည်။ သိတာမျိုးက ထုံးစံအတိုင်း ဘာမျှ ဝင်မပြော။ အေးဇော် သမီးက...

"ဦးဦးကျော်ကလဲ မီးမီးဖို့ မုန့်သွားဝယ်တာ ကြာလိုက်တာ"

ဟု ပြောသည်။ အေးဇော်သည် အေးကျော်တို့ကို ပြန်ခေါ်ရန် ဆုံးဖြတ်လိုက်သည်။ ဒေါ်အေးခင်က အေးဇော်ဆန္ဒကို လိုက်လျောလိုက်သည်။

အေးကျော် အလုပ်မရမချင်း မိမိအပေါ် မှီခိုနေရဦးမည်ဖြစ်ကြောင်း အေးဇော် မတွေးမိဘဲ မနေ။ သူ မတွေးမိသောအချက်ကား အေးကျော်၏ ကောင်မလေးနှင့် အေးအေးမော်၊ သိတာမျိုးတို့ သုံးဦး၊ တစ်အိမ်တည်းထားလျှင် သင့်မြတ်မှု ရှိ၊မရှိဆိုသော အချက်ပင်ဖြစ်သည်။

အေးကျော်တို့ အိမ်ပေါ်ပြန်ရောက်လာသည်။ အေးကျော်၏ မိန်းမဖြစ်သော ကေသွယ်သည် အေးကျော်နှင့် ရွယ်တူပင်ဖြစ်သည်။ နှယ်ဆယ့်တစ်နှစ်နှစ်ဆယ့်နှစ်နှစ်လောက် ရှိမည်။ ရုပ်က အလှကြီး မဟုတ်သော်လည်း ပြင်တတ်ဆင်တတ်သည်။ ဆံပင်ပုံစံ၊ အဝတ်အစားတို့သည် ခေတ်မီဆန်းပြား၏။ ပြီးတော့ ပွင့်လင်းရဲတင်းသည်။

သူတို့ကို ဒေါ်အေးခင်က ပြန်လက်ခံသဖြင့် အိမ်ပေါ်စတက်လာလာချင်းပင် ဒေါ်အေးခင်အား 'မာမီ နေကောင်းရဲ့လား'ဟု နှုတ်ဆက်သည်။ သူ့ဟန်ပန်က ခိုးရာလိုက်ပြေးပြီး ယောက္ခမအိမ်ပေါ်သို့ တက်လာရသောပုံစံမျိုးမဟုတ်။ ရှိုးတိုးရှန့်တန့် ဖြစ်မနေ။ မိမိ အရင်းနှီးဆုံး သူငယ်ချင်းအိမ်သို့လာလည်သည့်ဟန်မျိုး ပေါက်နေသည်။



ကေသွယ်သည် သိတာမျိုးကို 'မမက အစ်ကိုအေးဇော်ရဲ့ အမျိုးသမီးမဟုတ်လား'ဟု မေးသည်။ သိတာမျိုးက ပြုံး၍ ခေါင်းညိတ်ပြသည်။

ထို့နောက် အေးအေးမော်နှင့် ကေသွယ်တို့ မျက်လုံးချင်းဆုံမိ၏။ သူတို့နှစ်ယောက်သည် ပထမဆုံးအကြိမ် မြင်ဖူးကြခြင်းဖြစ်သော်လည်း ဒီအိမ်မှာ ထိပ်တိုက်တွေ့မည့် အဓိကပြိုင်ဘက်များဖြစ်ကြောင်း ချက်ချင်းသိလိုက်ကြလေသည်။

☆☆☆

ဒေါ်အေးခင်နှင့် အေးဇော်တို့သည် ကေသွယ်တို့အိမ်ကို သွားကြသည်။ ကေသွယ်တို့ မိဘများက အခြေအနေ ကောင်းသည်။ သိပ်အချမ်းသာကြီးမဟုတ်တောင် အေးဇော်တို့ထက် လေးငါးဆယ်ဆသာတာ အမှန်ပင်။

ဒေါ်အေးခင်က 'ကလေးတွေကိစ္စ ဘယ်လိုဖြစ်ချင်သလဲ'ဟု မေးသည်။ ကေသွယ့်မိဘများက အေးကျော်နှင့် ကေသွယ်ကို သဘောမတူခဲ့။ ထို့ကြောင့် ဒေါ်အေးခင်နှင့် အေးဇော်တို့ကို အထက်စီးက ဆက်ဆံလိုက်သည်။ 'ဘယ်လောက် တင်တောင်းနိုင်လို့လဲ'ဟု စကားမျိုး ပြောလွှတ်လိုက်၏။

အေးဇော် ဆတ်ဆတ်ခါအောင် နာပြီးပြန်လာသည်။ ဒေါ်အေးခင်ကတော့ အတတ်နိုင်ဆုံး ချုပ်တည်းခဲ့၏။ စသွားကတည်းက ဒီလို စကားမျိုး အပြောခံရလိမ့်မည်ဟု ခန့်မှန်းခဲ့ပြီးသား ဖြစ်သောကြောင့်ပင်။ နောက်တစ်ချက်က ထိုကိစ္စပြေပြေလည်လည် ဖြစ်မသွားသဖြင့် မင်္ဂလာဆောင်ပေးဖို့မလိုတော့။ ကိုယ့်ဘက်က တာဝန်ကျေခဲ့ပြီ။ သူတို့ လက်မခံတာတော့ မတတ်နိုင်ဟု ပြောလို့ရသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အေးကျော်တို့ မင်္ဂလာမဆောင်ဖြစ်။ ဒေါ်အေးခင်လည်း မင်္ဂလာဆောင်ဖို့စရိတ်သက်သာသွားသည်။ ကေသွယ်တို့ မိဘများလို ပြည့်စုံသူမျိုးနှင့် ရှေ့ဆက်၍ သိကျွမ်းခင်မင်ခွင့် မရလိုက်သည့်အတွက်တော့ စိတ်မကောင်းစရာဟု ဆိုကောင်း ဆိုနိုင်ပေသည်။

☆☆☆

အေးကျော်ကတော့ သူ့ဝသီအတိုင်း ခပ်ပျော်ပျော်ပင် ဖြစ်သည်။ အေးဇော်ရှိနေတုန်းအချိန်ပဲ သူ ခြေငြိမ်သည်။ အေးဇော်ရုံးသွားသည်နှင့် တပြိုင်နက် သူလည်း အလုပ်ကိစ္စဆိုပြီး အပြင်ထွက်တော့သည်။ သူသည် အိမ်ထောင်ကျပြီးသွားသော်လည်း သိပ်အပြောင်းအလဲ မရှိသေး။ လမ်းထိပ်က အုတ်ခုံမှာ သူငယ်ချင်းတွေနှင့် ညဥ့်နက်အောင် ထိုင်ချင်တုန်းပင်ဖြစ်သည်။ အေးဇော်ကို ကြောက်သဖြင့်သာ တစ်ခါတစ်ရံမှ ထိုသို့ နေဝံ့ခြင်းဖြစ်သည်။

အေးဇော်ကတော့ ခုနောက်ပိုင်း သူ့ညီကို နည်းနည်း လိုက်လိုက်လျောလျော ရှိလာသည်။ သူ့ အိမ်ထောင်နှင့်သူ ဖြစ်သွားသဖြင့် သိပ်မပြောတော့ခြင်းဖြစ်သည်။ ဒေါ်အေးခင်ကလည်း အေးဇော်၏ သဘောထားအခြေအနေကို လိုက်၍ လောလောဆယ်တွင် အေးကျော်တို့အပေါ် ဘာမျှ မပြောသေး။ အရေးကြီးဆုံးမှာ အေးကျော် အလုပ်ရဖို့ဖြစ်သည်ဟု နားလည်ထားသော ကြောင့်ဖြစ်သည်။

အေးကျော်က တစ်ခုတော့ကောင်းသည်။ အလုပ်လုပ်ချင်စိတ် ရှိခြင်းပင်ဖြစ်သည်။ ဘာအလုပ်ပဲ ဖြစ်ဖြစ်၊ လုပ်မည်ဟု လေသံပစ်ထားသည်။



ဒေါ်အေးခင်နှင့် အေးဇော်တို့ကမူ အကြောင်းတစ်ခုကို ချင့်တွက်နေရသည်။ ကေသွယ်တို့မိဘများ၏ အထင်သေးခြင်းကို မခံရစေရန် ဖြစ်သည်။ ထို့ကြောင့် အေးကျော်အဖို့ သိက္ခာလေး ဘာလေးရှိသော အလုပ်တစ်ခုရရန် လိုသည်ဟု သဘောပိုက်မိကြ၏။

ကေသွယ်ကတော့ ထိုကိစ္စများကို နားမလည်။ စိတ်ဝင်စားပုံမရ။ အေးကျော်နှင့် နီးရာလိုက်ခဲ့ရသည်ကို စွန့်စားခန်းတစ်ရပ်အဖြစ် ကျေနပ်နေဟန် တူသည်။ သူ့ မိဘများနှင့် ပြန်လည်စေ့စပ်ရေး မအောင်မြင် ဖြစ်ခဲ့သောနေ့က သူ ငိုသည်။ အေးကျော်က ချော့လိုက်သောအခါ တိတ်သွားသည်။ သီတာမျိုးက အားပေးစကားပြောလျှင် ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။ နောက်တစ်နေ့ကျတော့ ထိုကိစ္စကို သတိတောင် ရတော့ဟန်မတူ။

ကေသွယ်သည် အိမ်မှုကိစ္စများကို သိပ်မကျွမ်းကျင်ချေ။ သို့ရာတွင် နှုတ်က ချိုသည်။ ဒေါ်အေးခင်ကို 'မာမီ မာမီ'ဆိုပြီး ချွဲသည်။ အေးဇော်ကို 'အစ်ကိုဇော်'ဟု ခေါ်ပြီး ရိုရိုသေသေဆက်ဆံသည်။ အေးဇော်တို့ အဘွားကို 'ဘွားဘွား၊ ဘွားဘွား'နှင့် နှုတ်ဖျားက မချ။

တကယ်တော့ သူ ရောက်လာခြင်းဖြင့် အိမ်အတွက် ဘာမျှထူးထူးခြားခြား အကူအညီမရ။ လုပ်စရာရှိသမျှကို သီတာမျိုးကသာ နိုင်ခံလုပ်ရသည်။ ယင်းအတွက်တော့ သီတာမျိုးက စိတ်မကွက်မိ။ သူ့သမီးလေးကို ကူထိန်းပေးဖော်ရသေးသည်ဟုပင် သာသာထိုးထိုး တွက်ထားလိုက်သေးသည်။

မကျေနပ်သူက အေးအေးမော်ဖြစ်သည်။ သူ့ စိတ်ထဲတွင် နှုတ်ဖျားကလေးဖြင့် စားနေသည်ဟု သူ ထင်နေသည်။ ဒေါ်အေးခင်နှင့် အေးဇော်တို့ကို ဖားခြင်းဖြင့် ဒီအိမ်၏အညာကို ကိုင်ဖို့ကြိုးစားနေသည်ဟု မြင်သည်။ သီတာမျိုးလို နုံနုံအအ အေးအေးသမားမဟုတ်ဘဲ ခပ်သွက်သွက်ဖြစ်သောကြောင့် သူနှင့် ပြိုင်ဘက်ဟု သဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာစတုန်းက ကေသွယ်သည် အေးအေးမော်ကို 'မမ မမ'နှင့် ဝင်ရောဖို့ ကြိုးစားသေးသည်။ အေးအေးမော်က ခပ်တည်တည် လုပ်နေလိုက်သည်။ တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါရှိလာသောအခါ ကေသွယ်လည်း ပြန်၍ ခပ်တန်းတန်းဆက်ဆံလာသည်။

ဤသည်ပင် ပြဿနာ၏ အစဖြစ်လေသည်။

☆☆☆

ခင်မောင်ငြိမ်းသည် ကော်ဖီမှုန့်ဝယ်ရန် ထွက်လာခဲ့သည်။ သူတို့အိမ်မှာ အရင်က ကော်ဖီဖျော်သောက်လေ့ မရှိ။ ခင်မောင်ငြိမ်းက ကော်ဖီထက် လက်ဖက်ရည်ကို ပိုကြိုက်သည်။ ထို့ကြောင့် အိမ်မှာပဲ လက်ဖက်ရည်ဖျော်သောက်သည်ဟု မဆိုလို။ ဘာမျှ ဖျော်မသောက်ချေ။ အိမ်မှာ အဆင်သင့်ရှိနေလျှင် သောက်ချင်တိုင်း ထထဖျော်သောက်နေမည်ကို စိုးသောကြောင့် ဖြစ်သည်။

ခုနောက်ပိုင်း ဝင်းမာသည် ကလေးနို့တိုက်ရသဖြင့် မကြာခဏ ဆာတ်သည်။ ထို့ကြောင့် အိမ်မှာ ကော်ဖီမှုန့်၊ သကြား၊ နို့မှုန့်တို့ကို ဝယ်ထားရသည်။ ကျိုက္ကဆံ ဘိစကွတ်ပါ ဝယ်ထားရ၏။ ထိုဘိစကွတ်မှာ အရင်က သိပ်လူသိမများသေး။ နောက် ကောင်းမှန်းသိလာကြသောအခါ လူသုံးများလာသည်။

ကုန်တိုက်သို့ သမဝါယမဆိုင်တို့က ပေးလျှင် အလုအယက်ဝယ်ယူကြသည်။ လူကြိုက်များမှန်း သိလာသောအခါ အပြင်ဆိုင်တွေမှ တဆင့်ပြန်ရောင်းသူတွေဆီက ကောက်ပြီး အမြတ်တင်ရောင်းသည်။ ကုန်တိုက်ဈေးလေးကျပ်ပြားရှစ်ဆယ်၊ သမဝါယမဈေး လေးကျပ်ရှစ်ဆယ့်ငါးပြား ဖြစ်သော်လည်း အပြင်ဆိုင်တွေက ခြောက်ကျပ်ခွဲ ခုနစ်ကျပ်ဖြင့် ရောင်းကြသည်။



ကော်ဖီမှုန့်ကတော့ ကုန်တိုက်မှာ လိုသလောက် ဝယ်လို့ရသည်။ ဟသ်ာကော်ဖီမှုန့် ပေါင်ဝက်ထုပ်ကို ခုနစ်ကျပ်ခွဲပေးရသည်။ ဈေးသက်သာသော်လည်း အဆင့်အတန်းမီသည်။ အပြင်မှာ တစ်ပေါင်နှစ်ဆယ် အစိတ်ပေးရသော ကော်ဖီမှုန့်တွေလိုပင် ကောင်းသည်။

ကုန်တိုက်ပေါ်သို့ တက်လာခဲ့သည်။ ကော်ဖီမှုန့်ရောင်းသော ကောင်တာဆီသို့ လှေကားတက်တက်ချင်း ချိုးဝင်လို့မရ။ လက်ဝဲရစ်ပတ်ပြီး ဝင်ရသည်။ စီးပွားရေးအမြင်ဖြင့် စီစဉ်ထားသလား မသိ။ ဝယ်သူသည် မိမိဝယ်ည်ဟု စိတ်ကူးလာသော ပစ္စည်းအပြင် အခြားကုန်ပစ္စည်းများကိုပါ မြင်ခွင့်ရသွားသည်။ ထိုအခါ အကြောင်းတိုက်ဆိုင်တုန်း အခြားပစ္စည်းပါ ဝယ်ချင်ယ်သွားမိပေလိမ့်မည်။

ငါးပိ၊ ငံပြာရည်ကောင်တာ၊ ပန်းကန်ခွက်ယောက်ကောင်တာ၊ ဖျော်ည်ကောင်တာ၊ ပလပ်စတစ်ပစ္စည်း ကောင်တာတို့ကို ဖြတ်ကျော်ပြီးသောအခါ မြင်ရသောမြင်ကွင်းကြောင့် ခင်မောင်ငြိမ်း စိတ်မောသွားသည်။ ထိုကောင်တာမှာ တန်းစီနေသော လူတန်းကြီးကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ကော်ဖီမှုန့်ဝယ်ဖို့ တန်းစီနေခြင်း မဟုတ်။ ဘာလီရည်ပုလင်းနှင့် မြုံခြောက် တွဲပေးနေသောကြောင့် ဖြစ်သည်။ ဒီလူအုပ် ရှင်းအောင် စောင့်ရလျှင် နာရီဝက်လောက် ကြာသွားနိုင်သည်။ လူအုပ်ကြားက ဖောက်ထွက်ပြီး ကော်ဖီမှုန့်ရောင်းသောနေရာကို သွားမှဖြစ်မည်။ သူ ဆက်လျှောက်သွားရာ ကပ်နက်ကျ ဝန်ထမ်းတစ်ယောက်က…

"ဘယ်သွားမလို့လဲ"

ဟု မေးသည်။

"ကော်ဖီမှုန့် ဝယ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်ပါဦး၊ ဟိုမှာ ရောင်းနေတာတွေ ပြီးမှ ဝယ်လို့ရမယ်"

ခင်မောင်ငြိမ်း စိတ်တိုသွား၏။ ကော်ဖီမှုန့် ပေါင်ဝက်ဝယ်ဖို့ နာရီဝက် တောင် စောင့်ရမည်ဆိုသည်မှာ သဘာဝမကျ။ ပြီးတော့ ခု တန်းစီနေသူများ ထဲတွင် တစ်ဆင့်ပြန်ရောင်းမည့်သူတွေ အများအပြား ပါသည်။ ထိုသူတွေကို ရောင်းနေသဖြင့် စောင့်ရမည်ဆိုသည့်အတွက် ပို၍ သဘာဝမကျဟု ထင် သည်။ ထို့ကြောင့်...

"ကျွန်တော်က တကယ်သုံးမှာ"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ကျွန်တော်တို့ဆီက တကယ်သုံးမယ့် လူတွေ ကိုပဲ ရောင်းတာပါ"

ထိုဝန်ထမ်းသည် ရည်ရည်မွန်မွန်နှင့် စိတ်ရှည် လက်ရှည်ပြန်ဖြေသဖြင့် ခင်မောင်ငြိမ်း ဘုပြောဖို့ ခက်သွားသည်။

"သူတို့ ရောင်းပြီးမှဆိုရင် အကြာကြီးစောင့်ရမှာပေါ့"

"မကြာပါဘူး၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်ဆို ကိစ္စပြတ်မှာပါ ခုလည်း ကော်ဖီမှုန့်ရောင်းဖို့ လူရှိမှာမဟုတ်ဘူး၊ အရောင်းစာရေး တွေ တစ်ယောက်မှ မအားကြဘူး"

ခင်မောင်ငြိမ်း စောင့်နေလိုက်ရသည်။ သူ တစ်ခု စဉ်းစားမိသည် ကလေးနို့မှုန့်ဗူး၊ ဆေး၊ ကော်ဖီမှုန့်၊ ဘီစကွတ်စသည်ဖြင့် အကုန်အကျတွေ ပိုများလာသည့်အကြောင်း ဖြစ်သည်။

ခုလို စောင့်ရမည့်အတူတူ ဝင်တန်းစီလိုက်ရကောင်းမလားဟု စိတ် ကူးမိလိုက်သည်။ ဘာလီပုလင်းသည် ကုန်တိုက်ဈေး ခုနစ်ကျပ်ခွဲ၊ အပြင်မှာ ဆယ့်နှစ်ကျပ် ဆယ့်သုံးကျပ်ရောင်းနေကြသည်။ ကောက်ဈေးဆိုလျှင်



တစ်ဆယ်လောက်တော့ ရမည်။ မြူစွမ်ကတော့ ဈေးရင်းလောက်ပဲ ရမည်။ နှစ်ကျပ်ခွဲ သုံးကျပ်လောက် မြတ်နိုင်သည်။ ကော်ဖီမှုန့်ဖိုး တစ်ဝက်လောက် တော့ ထွက်လာနိုင်သည်။

ဝင်တန်းစီရ ကောင်းနိုးနိုး၊ စဉ်းစားနေသော်လည်း စိတ်ထဲက ရွံ့တွန့် တွန့် ဖြစ်နေ၏။ ဘေးက ဖြတ်လျှောက်သွားသော မိန်းမကြီးတစ်ယောက်၏ လက်ထဲတွင် ဖလန်နယ်စ တွေ့လိုက်ရသည်။ ဝင်းမာပြောဖူးသော တစ်ကိုက် တစ်ဆယ်ဆိုတာ ဖြစ်လိမ့်မည်။ သားအတွက် အနွေးထည်ကလေး ချုပ်ပေး ချင်သည်။ တစ်ကိုက်ဆိုလျှင် အကျႌရော ဘောင်းဘီပါ ရနိုင်မည်ထင်သည်။

သူသည် တန်းစီနေသူများ၏ နောက်ဆုံးနေရာသို့ လျှောက်လာခဲ့ ၏။ အနားရောက်မှ ဝင်မစီ ဖြစ်သေးဘဲ ယောင်လည်လည် လုပ်နေပြန်သည်။ သုံးလေးယောက် ဝင်တန်းစီသွား၏။ တန်းစီနေသူများကို အကဲခတ်ကြည့် သည်။ များသောအားဖြင့်တော့ အိမ်မှာ ဘာလီရည် ဖျော်သောက်တတ်သူ၊ မြူစွမ်ပြုတ်သောက်တတ်သူများ ဟုတ်ဟန်မတူ။ မနက်ကတည်းက လာ စောင့်နေပြီး ဝင်တန်းစီရမည်ကို ရှက်သလိုဖြစ်မိသည်။

လူတန်းကြားထဲတွင် တိုက်ပုံဝတ်နှစ်ဦး၊ သုံးဦးကို တွေ့မိ၏။ မိမိလို သူမျိုးတွေ ဖြစ်နိုင်သည်ဟု တွေးမိပြီး အားတက်သွားသည်။ နောက်ဆုံးက ဝင်ပြီး တန်းစီလိုက်၏။ ၅

လူတန်းသည် တဖြည်းဖြည်း ရှေ့သို့ရွေ့သွားသည်။ ခင်မောင်ငြိမ်း သည် သူ့ကို လူတွေကများ ကြည့်နေမလားဟု စိတ်မလုံဘဲ ဖြစ်နေသည်။ သူ့နောက်ကလည်း တဖွဲဖွဲရှိနေ၏။

သူသည် တန်းစီနေရင်း အသိတွေ ဘာတွေနဲ့များ တိုးမလားဟု တွေးလိုက်မိပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မုန့်ရောင်းသော ကောင်တာဘေး မှ လျှောက်လာနေသော လူတစ်ယောက်ကို သွားမြင်သည်။ တကယ်ပိုလ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တန်းက တစ်တန်းတည်းနေ အတူနေခဲ့သော သူငယ်ချင်း။ သူ လူတန်းအပြင်သို့ထွက်ရန် ရုတ်တရက် ခြေလှမ်းပြင်မိသည်။ ထိုအချိန်တွင် သူ့ရှေ့က မိန်းမကြီးက ရှေ့ကိုရွေ့သွားသည်။ သူ့နောက်မှ လူက သူ့ကိုတွန်းပြီး လိုက်ရွေ့နေသဖြင့် ယိုင်ထိုးပြီး လူတန်းအပြင်ဘက် ရောက်သွားသည်။

ခင်မောင်ငြိမ်း မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။ ဒါတောင် သူ့ မှတ်မိသွားပြီး လာနှုတ်ဆက်မလားဟု ရင်တထိတ်ထိတ် ဖြစ်နေရသေးသည် မသိမသာ လှည့်ကြည့်၏။ သူ့ သူငယ်ချင်းက အရက်ကောင်တာ တစ်ဖက်ဆီသို့ လှည့်ထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

ရှေ့ကို တရွေ့ရွေ့တိုးရင်း တစ်ဖက်သို့ လှည့်ထားလိုက်သည်။ အရောင်းစာရေးက...

"ဘာလိုကုန်ပြီ၊ ဖိုးပဲ ရမယ်"

ဟု ပြောသည်။ ခင်မောင်ငြိမ်းက ယောင်အအဖြင့် 'ဟုတ်ကဲ့'ဟု ပြောပြီး ပိုက်ဆံလှမ်းပေးသည်။ ဖိုးဖျော်ရည်ပုလင်းနှင့် မြူဖွမ်ထုပ်ရပြီး နောက်ကိုလှည့်ကြည့်လိုက်သောအခါ စောစောက သူ့နောက်က လိုက်လာသော လူတန်းကြီးမှာ တစ်ယောက်မှ မပါလာကြောင်း သိရလေသည်။ သူ နားမလည်ဘဲ ဖြစ်သွားရ၏။

ကော်ဖီမှုန့်ဝယ်ပြီးနောက် အောက်ထပ်သို့ ဆင်းခဲ့သည်။ ဖလန်နယ်စဝယ်ဖို့ ပိုက်ဆံ မလောက်တော့။ ဖိုးနှင့်မြူဖွမ်ရောင်းပြီးမှ အခြေအနေကြည့်၍ ပြန်တက်တော့မည်ဟု စိတ်ကူးသည်။

သူ တွက်ထားသည်မှာ သူ့ကိုမြင်သည်နှင့် ပစ္စည်းကောက်သူတွေက 'ရောင်းမလား'ဟု အတင်းဝိုင်းမေးကြလိမ့်မည်ဟူ၍ ဖြစ်သည်။ လက်တွေ့တွင် ထိုသို့မဟုတ်ချေ။ ဘယ်သူမှ လာမမေး။ ဗိုလ်ချုပ် ပလက်ဖောင်းပေါ်မှာ



ထိုင်တချို့ ရပ်တချို့ရှိနေသော ပစ္စည်းကောက်သူတွေနားမှာ မယောင်မလည်သွားရပ်သည်။ သူ့ကို စိတ်ဝင်စားဟန်ပင် မပြကြ။

ငါးမိနစ် ဆယ်မိနစ်မျှ ဟိုနား၊ ဒီနား လျှောက်ပြီးမှ မနေနိုင်တော့သဖြင့် သဘောကောင်းပုံရသော လူကြီးတစ်ယောက်နားကပ်၍ မရဲတရဲ မေးလိုက်သည်။

"ဒါတွေ ယူမလား"

ထိုလူကြီး ပြုံး၍ ခေါင်းခါပြသည်။

"ဖိုးက မကိုက်ဘူး၊ ဘာလီဆို ကောက်တယ်"

ခင်မောင်ငြိမ်း စိတ်ဓာတ်ကျသွားသည်။ ဒါကြောင့် စောစောက သူ့နောက်မှလူတွေ ဆက်တန်းမစီဘဲ ထွက်သွားကြကြောင်း သဘောပေါက်သွားရသည်။

ရလို ရငြား တစ်ယောက်စ နှစ်ယောက်စကို တိုးတိုးကပ်၍မေးသည်။ ခေါင်းပင် ခါပြကြ၏။ နောက်ဆုံး သုံးဆယ့်ခုနှစ်လမ်းထဲက ကုန်စုံဆိုင်တစ်ဆိုင်မှာ ဝင်ရောင်းလိုက်ရသည်။ ပစ္စည်းနှစ်မျိုးကို ငါးမူးအရှုံးပေါ်သွားလေ၏။

☆☆☆

"ဟိုးရှေးရှေးတုန်းက မြို့ကြီးတစ်မြို့မှာ ကောင်လေးတစ်ယောက်ရှိတယ်တဲ့၊ အဲဒီကောင်လေးက ရွှေမင်းသားလေးလိုပဲ သိပ်ချောတာပဲတဲ့၊ သူက မြို့ပေါ်မှာ နာမည်ကျော် ပန်းချီဆရာလေးပေါ့"

အိမ်ရှေ့ခန်းမှာ ဖျာလေးခင်း၍ သက်ထားက အကျီတွေကို သီစာတွေပြည်နေသည်။ ကိုယ်ဝန်ရှိပြီးနောက် လူက ဝလာသဖြင့် အကျီတွေ ကျပ်ကုန်သည်။ တခြားလူတွေလောက် ပိုက်မထွက်သောကြောင့်သာ ပိုက်ဖုံးအကျီ

www.burmeseclassic.com

www.burmeseclassic.com



မဝတ်ရခြင်း ဖြစ်သည်။ ဒါလည်း အိမ်နေရင်းမို့လို့သာ။ အပြင်ထွက်ရလျှင်တော့ ဗိုက်ပုံးအကျီ မဝတ်လျှင် သိပ်ကြည့်မကောင်းတော့။ ကြော့မောင်က ဖျာပေါ်တွင် ဆောင်းစောင်းလှဲရင်း ပုံပြောနေသည်။ သက်ထားက 'ဘာပေါက်နေပြန်တာလဲ'ဟု မေးသည်။

"ပုံပြောတာလေ"

"မကြီး မငယ်နဲ့"

"ထားကို ပြောတာမှ မဟုတ်တာ၊ ဗိုက်ထဲက သားလေးကို ပြောပြနေတာ"

သက်ထားက ရယ်၍...

"သားလေးလို့ ဘယ်လိုလုပ် သိလဲ"

"သိတာပေါ့၊ ဆေးပညာ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်"

ဆိုပြီး သက်ထား၏ နားနားသို့ကပ်၍ တစ်စုံတစ်ခု တိုးတိုးပြော၍...

"……………… ဆိုရင် ယောကျ်ားလေးတဲ့"

"သွား ရှက်စရာကြီး" ,

ကြော့မောင်က သက်ထားပေါင်ပေါ်မှာ ခေါင်းအုံးလိုက်သည်။

"ဟယ်... ဘုန်းနိမ့်မယ်"

သက်ထားက ကြော့မောင်ခေါင်းကို ပြန်တွန်းချလိုက်၏။

"ဒီခေတ်ကြီးမှာ ဒီအယူအဆတွေ အစိပ္ပာယ် မရှိတော့ပါဘူး ထားရယ်"

"ရှိရှိ၊ မရှိရှိလေ၊ လူမြင်လို့ ဘယ်ကောင်းမလဲ"

"ကဲပါ... မအုံးတော့ပါဘူး၊ ထား လုပ်တာနဲ့ ပုံပြောနေတာတောင် အဆက်ပြတ်သွားပြီ၊ အထဲက သားလေးက မကျေမနပ်ဖြစ်နေပြီ၊ အဲဒါနဲ့ ဘာလဲ"



ဆိုပြီး မေ့သွားသဖြင့် ခဏစဉ်းစားပြီးမှ...

"အင်း... တစ်နေ့တော့ အဲဒီပန်းချီဆရာလေးဟာ တောရွာတစ်ရွာက ရှုခင်းတွေကို ပန်းချီဆွဲဖို့ သွားရင်း တောသူမလေးတစ်ယောက်ကို တွေ့သတဲ့၊ အဲဒီတောသူလေးက တော်တော်အရုပ်ဆိုးသတဲ့"

"ကြည့်စမ်း...ကြည့်စမ်း၊ သူ့ကျတော့ ရွှေမင်းသားလေးလိုပဲတဲ့၊ သူများကျတော့ အရုပ်ဆိုးတယ်တဲ့"

သက်ထားက လက်ထဲက ကတ်ကြေးကလေးဖြင့် ကြော့မောင်ကို ထိုးမည့်ဟန်ပြင်သည်။ ကြော့မောင်က ရယ်၍...

"ဟ... ပုံပြင်ပါလို့ ပြောထားတာပဲ၊ ကဲပါ... အေးအေး နားထောင်စမ်းပါ၊ ထား လုပ်တာနဲ့ သားလေးနားထောင်ရတာ စိမ်ပျက်နေဦးမယ် နော်...သားရယ်"

ဟု သက်ထား၏ ဗိုက်ကိုပွတ်ရင်းပြောသည်။ သက်ထားက 'ရှုံးနေပြီ' ဆို၏။

"အဲဒါနဲ့ ပန်းချီဆရာလေးက ကောင်မလေးကိုသနားပြီး လက်ထပ်လိုက်တယ်တဲ့၊ နောက်တော့ ပန်းချီဆရာလေးဟာ သူ ဆွဲတဲ့ပန်းချီတွေ လူကြိုက်များလွန်းလို့ သူဌေးကလေး ဖြစ်သွားသတဲ့ကွယ်"

သက်ထား မအောင့်နိုင်ဘဲ အသံထွက်အောင် ရယ်လိုက်သည်။

"ဟား... ဟား... သူဌေးလေးဖြစ်သွားတယ်တဲ့၊ အဲဒီ သူဌေးလေးရဲ့ မိန်းမက အကျီသစ်မဝယ်နိုင်လို့ အဟောင်းတွေဖြည်ပြီး ဝတ်ရတယ်ဆိုတာကော မပါဘူးလား"

"ဟာကွာ၊ ထားကလည်း စိတ်ကူးနဲ့ ဘဝင်မြင့်နေတာလေးတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်က ရှုံ့ရှုံ့မဲ့မဲ့ပြောရင်း ထ,ထိုင်လိုက်သည်။ သက်ထားက သီစာတွေ ဖြည်ပြီးသား အင်္ကျီတစ်ထည်မှ အပ်ချည်စ,တွေကို ဆွဲထုတ်ရင်း...

"ကိုမောင်က သိပ်စိတ်ကူးယဉ်တတ်တာပဲ"

ဟု ပြောလိုက်သည်။

"ကိုမောင်မှ မဟုတ်ပါဘူး၊ လူတိုင်း လူတိုင်း စိတ်ကူးယဉ်ကြတာပါပဲ၊ ကိုယ့်မှာ မရှိသေးတဲ့အရာတစ်ခုကို ရှိနေသယောင်ယောင် စိတ်ကူးယဉ်ကြည့်တာ အရသာတစ်မျိုးပဲ၊ မပြည့်စုံတဲ့ လူတွေအဖို့ စိတ်ကူးယဉ်တာလောက်နဲ့ ခိုမ်ယူရတာ တရားပါတယ်လေ၊ သဘာဝယုတ္တိနဲ့ မကင်းကွာဘူးဆိုရင် စိတ်ကူးယဉ်ခြင်းဟာ တခါ စိတ်ချမ်းသာမှုကို ပေးနိုင်တဲ့ထွက်ပေါက်တစ်မျိုးမို့ လက်ခံသင့်တယ်လို့ စိတ်ပညာရှင်တွေက ပြောတယ်၊ တကယ်တော့ လူတွေမှာ တစ်ခုမဟုတ် တစ်ခုတော့ လိုအပ်ကြတာချည်းပါပဲ၊ ဒါကြောင့်လည်း မျှော်လင့်ချက်တစ်ခုနဲ့ လုပ်နေကိုင်နေ ကြိုးစားနေကြတာပေါ့၊ ဘာမှ လိုလေသေးမရှိအောင် အဖက်ဖက်က ပြီးပြည့်စုံတဲ့ လူတစ်ယောက်အဖို့တော့ လူဖြစ်နေရတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ၊ ဒါပေမယ့် လူတွေဟာ ပြီးပြည့်စုံခြင်းကို လိုလားတောင့်တပြီး ကြိုးစားနေကြတာပါပဲလေ"

"ပြီးပြည့်စုံခြင်း မရှိပေမယ့်လည်း ဘာမှလိုချင်စိတ် မရှိဘူးဆိုရင် စိတ်ချမ်းသာတာပဲ မဟုတ်လား"

"အဲဒီလို စိတ်မျိုးထားနိုင်ဖို့က သာမန်လူတွေအတွက် မလွယ်ပါဘူး ထားရယ်"



"ကိုမောင် ပြောသလို စိတ်ကူးယဉ်တာဟာ တစ်ခါတစ်လေ လိုအပ်တာတော့ မှန်ပါတယ်၊ အမြဲတော့ မကောင်းဘူး၊ ကဲ...ထ၊ ကိုမောင် အလုပ်ရှိသေးတယ် မဟုတ်လား၊ ခု ဆွဲနေတဲ့ပုံက နက်ဖြန်ပေးရမှာဆို"

ကြော့မောင်သည် သာမန်အားဖြင့် စိတ်သဘောထား ပျော့ပျောင်းသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် အနုပညာနှင့် ပတ်သက်လျှင်တော့ နည်းနည်း ခေါင်းမာချင်သည်။ အနုပညာသမားဆိုသည်မှာ အလုပ်တစ်ခုကို စိတ်မပါဘဲ မလုပ်ချင်။ စိတ်ပါပြီ၊ ဈာန်ဝင်စားပြီဆိုလျှင် နေ့မအိပ်၊ ညမအိပ် ထမင်းမစား ရေမသောက်ဘဲ ဆက်တိုက် လုပ်လိုက်ချင်သည်။

တော်ရုံတန်ရုံ လူတစ်ယောက်က သူ့ကို 'မင်း အလကားထိုင်နေမယ့်အတူတူ တစ်နေ့ ပန်းချီတစ်ပုံလောက် ဆွဲပါလား၊ ပိုက်ဆံရတာပေါ့'ဟု လာပြောလျှင် အနည်းဆုံး မကျေမနပ်တော့ ပြန်ကြည့်မိပေလိမ့်မည်။

ခု သက်ထား သူ့ကိုပြောလိုက်သည့်စကားကတော့ ယင်းအဓိပ္ပာယ်မျိုးမဟုတ်။ သက်ထားကို သူ နားလည်သည်။ သက်ထားကလည်း သူ့ကို နားလည်သည်။

သက်ထားသည် သူ့ကို ပန်းချီဆရာတစ်ယောက်၊ အနုပညာသမားတစ်ယောက်အဖြစ် လေးစားချစ်ခင်စွာ လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ကြီးပွားမည့် အလားအလာ ရှိသည်ဟု မျှော်လင့်ပြီး လက်ထပ်ခဲ့ခြင်း မဟုတ်။ ပြီးတော့ သက်ထားကိုယ်တိုင် အနုပညာကို ဝါသနာပါသည်။ ကျောင်းတုန်းက ကဗျာလေးများပင် ရေးခဲ့ဖူးသည်။ သက်ထားက သူ့ကို ခုလို ပြောလိုက်သည့်အတွက် စိတ်မခုဇချ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆတ်ခနဲထလိုက်ပြီး အလုပ်စားပွဲရှိရာသို့ သွားပြီး ထိုင်လိုက်သည်။ လက်ရှိ အခြေအနေအရ ဈာန်ဝင်စားလာအောင် စောင့်နေလို့ မဖြစ်ကြောင်း သူသိပါသည်။

အစာအိမ်နှင့် ကိုယ်ဝန်သည် 'ဈာန်'ကို မစောင့်တတ်ချေ။

☆☆☆



အေးဇော်သမီး အေးစန္ဒာမျိုး၏ မွေးနေ့ဖြစ်သည်။ သုံးနှစ်ပြည့်ခြင်းဖြစ်၏။ မွေးနေ့ပါတီဆိုပြီး ကြီးကြီးကျယ်ကျယ် လုပ်ခြင်းမဟုတ်။ ဖိတ်ကြားထားသူများမှာ စုစုပေါင်း ငါးယောက်သာရှိသည်။ ခင်မောင်ငြိမ်းနှင့် ဝင်းမာ၊ ကြောမောင်နှင့် သက်ထား၊ ပြီးတော့ စိန်ထွန်းတို့ဖြစ်၏။

ကလေးများသည် လူကြီးများကို အတုခိုးတတ်သလို ကလေးအချင်းချင်းလည်း အတုခိုးတတ်သည်။ ကျောင်းတွေမှာ တစ်ယောက်က ခဲတံ ပေတံ စသည်တို့ထည့်သည့် ဗူးလှလှလေးယူလာလျှင် နောက်တစ်ယောက်ကလည်း လိုချင်သည်။ တစ်ယောက်က ဖိနပ်လှလှကလေး စီးလာလျှင် တစ်ယောက်ကလည်း လိုက်စီးချင်သည်။ တစ်ယောက် တစ်ယောက် မနာလိုလို့တော့ မဟုတ်။ ပြိုင်ချင် ဆိုင်ချင်လို့လည်း မဟုတ်။ ကလေးတို့ သဘာဝ အတုခိုးခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပွဲပြုလုပ်ခြင်းသည်လည်း ကလေးတို့ကို အလွန်ကူးစက်စေနိုင်လေသည်။ သူများကလေးတွေ မွေးနေ့ပွဲကို ကိုယ့်ကလေး ခေါ်သွားမိလျှင် ပိုဆိုးသည်။

မွေးနေ့လက်ဆောင်အဖြစ်၊ မုန့်တွေ၊ အင်္ကျီဘောင်းဘီတွေ၊ ဂါဝန်တွေ ကစားစရာတွေ၊ ပေးကြသည်ကို တွေ့ပြီး အားကျသွားတော့သည်။ သူလည်း မွေးနေ့လုပ်ချင်လာသည်။ မိဘကို ပူဆာသည်။ တတ်နိုင်သူများဆိုလျှင် ကိစ္စမရှိ။ မပြေလည်သူမျိုးဆိုလျှင်တော့ ကလေးစိတ်မကောင်း ဖြစ်ရတတ်သည်။

ကလေးကတော့ ရှင်းသည်။ မွေးနေ့ပွဲ လုပ်ချင်သည့်အကြောင်းရင်းမှာ လက်ဆောင်တွေ လိုချင်သောကြောင့် ဖြစ်၏။ ထို့ကြောင့်...

"ဖေဖေ... သား-သမီး မွေးနေ့လုပ်ချင်တယ်၊ ဒါမှ အင်္ကျီတွေ ကစားစရာတွေ အများကြီးရမှာ"

ဟု ပြောတတ်သည်။

တကယ်တော့ မွေးနေ့ပွဲကျင်းပခြင်းသည် မြန်မာ့ဓလေ့ထုံးစံ မဟုတ်ချေ။ မြန်မာတို့အဖို့ ပုခက်တင်၊ ခေါင်းဆေး၊ ကင်ပွန်းတပ်ခြင်းတို့ကိုသာ ပို၍ မင်္ဂလာယူလေ့ ရှိသည်။ နှစ်စဉ်နှစ်တိုင်း မွေးနေ့ပွဲကျင်းပသည့် ဓလေ့မရှိခဲ့။

နောက်ပိုင်း ပုခက်တင်တို့ ခေါင်းဆေးတို့ သိပ်မလုပ်ကြတော့၊ ကလေးတစ်နှစ်ပြည့်မွေးနေ့နှင့် ကင်ပွန်းတပ်မင်္ဂလာကို ပေါင်းလုပ်ကြသည်။

တချို့ကျတော့ နှစ်စဉ်နှစ်တိုင်း မွေးနေ့မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပကြလေသည်။ ကလေးကို အကြောင်းပြုပြီး 'လူကြီးကိစ္စ'များ ပြုလုပ်ကြသူတွေလည်း ရှိသည်။ ကလေးမွေးနေ့သာဆိုသည် ကလေးက ဘယ်ချောင်ရောက်နေမှန်း မသိ။ ကြွရောက်လာသူများကလည်း ကလေးကို ပစား



ထားပြီး မမေးကြ။ တချို့ဆိုလျှင် မွေးနေ့ပိုင်ရှင်ကလေးကို မြင်တောင် မမြင်ဖူးလိုက်ဘဲ ပြန်သွားကြသည်။

ကလေးမွေးနေ့မှာ လူကြီးတွေ အလုပ် လုပ်တတ်ကြသည်။ ဧည့်သည်နှင့် အိမ်ရှင် သို့မဟုတ် ဧည့်သည်အချင်းချင်း အလုပ်စကားပြောကြသည်။ အပေးအယူလုပ်ဖို့ ညှိနှိုင်းကြသည်။ တချို့ကလည်း ကလေးတွေအတွက် မွေးနေ့လက်ဆောင်ဆိုပြီး ကက်ဆက်၊ ရကော်ဒါ၊ တိုင်ကပ်နာရီ စသည်တို့ကို လည်းကောင်း၊ ကလေးမုန့်ဖိုးဆိုပြီး ငွေထောင်ဂဏန်းကို လည်းကောင်း၊ ပေးကြလေသည်။ အန္တရာယ်ကင်းသော လာဘ်ပေးနည်းဖြစ်၍ လိပ်ပြာသန့်သော လာဘ်ယူနည်း ဖြစ်ပေသည်။

အေးဇော်တို့က ထိုအဆင့်အတန်းထဲတွင် မပါချေ။ သူသည် မွေးနေ့ပွဲတွေ ဘာတွေ ဝါသနာပါသူ မဟုတ်။ တတ်လည်း မတတ်နိုင်ခဲ့။ ပြီးခဲ့သော နှစ်ပတ်လောက်ကတော့ ရုံးမှာ အရာရှိတစ်ဦး၏ သမီးမွေးနေ့သို့ သူ့သမီးကို ခေါ်သွားမိ၏။ အေးစန္ဒာမျိုးသည် မွေးနေ့ပွဲလုပ်လျှင် လက်ဆောင်တွေ ရတတ်သည်ဆိုသော အသိတစ်မျိုး တိုးလာခဲ့သည်။

အေးဇော်ကို ကြောက်သဖြင့် မွေးနေ့ပွဲလုပ်ချင်သည်ဟူ၍တော့ မပြောရဲ၊ 'သမီးမှာကော မွေးနေ့ရှိလားဟင်'ဟုသာ မေးသည်။ 'ရှိတာပေါ့ သမီးရဲ့၊ ဒါပေမယ့် အကြာကြီး လိုသေးတယ်'ဟု အေးဇော်က ပြန်ပြောလိုက်သည်။

သိတာမျိုးက သမီးအတွက် အကျဉ်းရုံးပြီးတော့ပဲ ဖြစ်ဖြစ်၊ လုပ်ပေးချင်သည်။ အေးဇော်မှာ ပိုက်ဆံသိပ်မရှိကြောင်းလည်း သိသည်။ နောက်ပိုင်းမှာ ကေသွယ်တစ်ယောက်တိုးလာသဖြင့် အိမ်စရိတ် နည်းနည်း ပိုတက်လာကြောင်းလည်း သိသည်။ ထို့ကြောင့် ဘာမျှ မပြောဘဲ နေလိုက်၏။

အေးစန္ဒာမျိုးသည် အေးဇော်တို့အဘွားအား သူရောက်ခဲ့သည့် မွေးနေ့ပွဲအကြောင်း ပြောပြသည်။ မွေးနေ့လက်ဆောင်တွေကိုလည်း သူမှတ်မိ

www.burmeseclassic.com



သမျှ အားရပါးရ ပြောပြသည်။ အဘွားကြီး စိတ်မကောင်းဖြစ်သွား၏။ သူ ကျိတ်ပြီးစုထားသောငွေတစ်ရာကို သူ့မြေးမလေး မွေးနေ့ပြုလုပ်ပေးရန် ထုတ်ပေးသည်။ သို့ဖြင့် အေးစန္ဒာမျိုး မွေးနေ့လုပ်ဖြစ်သွားသည်။

အေးဇော်သည် သူငယ်ချင်းတွေကို ဖိတ်သာဖိတ်ရသော်လည်း အားနာနေသည်။ လက်ဆောင်လိုချင်လို့ လုပ်တာမဟုတ်မှန်း သူငယ်ချင်းတွေက နားလည်မည် အမှန်ဖြစ်သော်လည်း မပေးဘဲနေမည် မဟုတ်ကြောင်း သူ သိသည်။ ထို့ကြောင့် 'ဘာညာ ဘာညာတွေ လုပ်မနေပါနဲ့ကွာ' ဟူ၍သာ ပြောထားခဲ့၏။

သို့တိုင်အောင် သူငယ်ချင်းတွေက သူတို့တတ်နိုင်သမျှ ယူလာခဲ့ကြသည်။ ကြော့မောင်တို့ လင်မယားက မုန့်ထည့်သည့်ဗူးကလေးတစ်ခု။ ခင်မောင်ငြိမ်းတို့ လင်မယားက ဖိနပ်ကလေးတစ်ရံ။ စိန်ထွန်းက ဂါဝန်ကလေး တစ်ထည်။

အေးဇော်တို့က သူငယ်ချင်းတွေကို အုန်းထမင်းနှင့် ဆိတ်ကလီစာ ဟင်းကျွေးသည်။ မွေးနေ့ပွဲသည် ခြိမ့်ခြိမ့်သဲသဲ မဟုတ်။ အိမ်ရှင်တွေပါနှင့်မှ စုစုပေါင်း လူဆယ့်နှစ်ယောက်သာ ရှိသည်။ ထမင်းစုပြီး ချက်စားကြသည့် သဘောလောက်သာ။

သို့ရာတွင်...

သူငယ်ချင်းတွေ ဆုံမိကြသဖြင့် တစ်ယောက်နှင့် တစ်ယောက် နောက်ကြ၊ ပြောင်ကြ၊ ရယ်မောကြနှင့် ပျော်စရာတော့ ကောင်းသည်။ အေးစန္ဒာမျိုး ကလေးလည်း ပျော်နေသည်။ သူများတကာလို လက်ဆောင်တွေ အများကြီး မရသော်လည်း ရသမျှကလေးဖြင့် ကျေနပ်နေသည်။

ခင်မောင်ငြိမ်းက သူ့သားကိုပွေ့ချီပြီး...



"ယောက္ခမကြီးလို့ ခေါ်လိုက်လေ သား"

ဟု အေးဇော်ကို စသည်။ သီတာမျိုးက...

"ကိုခင့်မောင်ငြိမ်းသားနဲ့တော့ မပေးစားဘူး၊ ကိုခင်မောင်ငြိမ်း သားက အဖေနဲ့တူတယ်၊ ချောမှာ မဟုတ်ဘူး"

ဟု ပြန်ချေသည်။ ကြော့မောင်က အားကျမခံ။

"ငါ့သားကျရင်တော့ ငါနဲ့တူမှာပဲ၊ ချောမှာ သေချာတယ်၊ ဟော့... သား ယောက္ခမကြီးလို့ ခေါ်လိုက်စမ်း"

ဟု သက်ထား၏ ဗိုက်ကိုပုတ်ပြီး ပြောလိုက်သည်။ ခင်မောင်ငြိမ်းက...

"အင်း...သက်ထားသာ မိန်းကလေးမွေးရင် ငါ့သားတော့အရွှေးရ ခက်နေမှာပဲ"

"မိန်းကလေးမမွေးဘဲ ယောက်ျားလေးမွေးရင် မင်းသားနဲ့ ငါ့သား ဗိုက်တင်ချရမှာပဲ၊ အေးဇော်သမီးအတွက်နဲ့"

ကြော့မောင်က ပြောသည်။ အေးစန္ဒာမျိုးက ခင်မောင်ငြိမ်းသားကို အနီးကပ်ကြည့်ပြီး နဖူးကလေးကို နမ်းလိုက်၏။

ထို့နောက်...

"မီးမီးကို မောင်ရေးပေး၊ မွေးနေ့ လက်ဆောင်ပေး"

ဟု ပြောသဖြင့် ရယ်ကြရသေးသည်။

"တွေ့လား၊ တွေ့လား၊ ခုကတည်းက ကလေးကို မုန့်ပေးကြိုက် ချင်နေပြီ"

ဝင်းမာကပြောသည်။ အေးဇော်က...

"တော်ပြီကွာ၊ မင်းသားနဲ့ မပေးစားနိုင်ဘူး၊ စိန်ထွန်းကြီးနဲ့ပဲ ပေး စားတော့မယ်၊ ဒီကောင်က ငါ့သမီးအရွယ်ရောက်တဲ့အထိ မိန်းမ ရမှာ မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း စောင့်မလားလို့ စဉ်းစားနေတာပဲ"

စိန်ထွန်းက ဝင်ပြောရာ အေးဇော်က...

"ဟုတ်တယ်ကွ၊ စိန်ထွန်းနဲ့ပေးစားရမယ်၊ ဒါမှ ငါ့သမီးအသက် သုံးဆယ်မှာ ဒီကောင်က ခြောက်ဆယ်လောက်ရှိပြီး လေဖြတ်သေရော၊ ငါ့သမီးက ဒီကောင်ကျန်ခဲ့တဲ့ ပစ္စည်းတွေ အကုန်ရရော"

"ဟင်... ကိုစိန်ထွန်းကြီး ကျန်ခဲ့တဲ့ ပစ္စည်းတွေဆိုရင်တော့ အရက်ပုလင်းခွံတွေ ဖြစ်မှာပဲ"

သက်ထားက စိန်ထွန်းကို တွယ်သည်။

"အံမယ်... အဲဒီပုလင်းခွံတွေကိုက သိန်းနဲ့ချီပြီး ရချင်ရနေမှာ"

စိန်ထွန်းက ပြန်လည်ချေပသည်။ ဆက်လက်၍ ခင်မောင်ငြိမ်းကို မေး သည်။

"မင်းသားကို နာမည်ပေးပြီး ပြီလား"

"ပြီးပြီကွ"

"ဘာတဲ့လဲ"

"ဝင်းငြိမ်းတဲ့"

အားလုံးပျော်ပျော်ရွှင်ရွှင် ရှိကြသည်။ အေးဇော်တို့အဘွားနှင့် အမေကလည်း သူတို့မြစ်နှင့်မြေးဖြစ်သော အေးစန္ဒာမျိုးအတွက် ကြည်နူးနေကြသည်။ အေးအေးမော်နှင့် အေးကျော်မိန်းမ ကေသွယ်တို့အကြား အတွင်းကျိတ်မကျေနပ်မှုကလေးများ ဖြစ်သွားသည်ကိုတော့ ဘယ်သူမှ သတိမထားလိုက်မိကြချေ။

မိန်းကလေးတွေ စကားဝိုင်းဖွဲ့ပြောကြရင်း ဝင်းမာက ကေသွယ်ကို အေးကျော်နှင့် ခိုးရာလိုက်ပြေးတုန်းက အိမ်က မသိအောင် ဘယ်လိုထုတ်လာသလဲဟု မေးသည်။



"နှစ်ကြိမ် သုံးကြိမ်တော့ ခွဲထုတ်ရတာပေါ့၊ သူငယ်ချင်းတစ်ယောက်ယောက်ရဲ့အိမ်ကို လာလည်သလိုလိုနဲ့ သူပြန်ရင် ထည့်ထည့်ပေးလိုက်တယ်လေ"

"အိမ်က အကျႌ လုံချည်တွေ လျော့လျော့သွားတာ မသိဘူးလား"

"မာမီတို့ မပြောနဲ့၊ ကေသွယ့်ဘာသာတောင် ကိုယ့်ဘယ်နှစ်ထည်ရှိမှန်း မသိဘူး၊ ခုတော့ ဆယ်စုံလောက်ပဲ ပါလာတယ်"

ကေသွယ်သည် ရိုးရိုးသားသားပြောခြင်းဖြစ်မည်။ ကြွားတာလေးလည်း ပါချင်ပါမည်။ တခြား [illegible] ကိစ္စမရှိ။ အေးအေးမော်က မခံချိ မခံသာဖြစ်သွား၏။

ခိုးရာလိုက်ရသဖြင့် အိမ်က ဝှက်ယူလာရတာတောင် ဆယ်စုံလောက်ပါလာသည်ဆိုသောကြောင့် လည်းကောင်း၊ အဝတ်အစားတွေ လျော့သွားတာ အိမ်က မသိလောက်အောင် များစွာရှိသည်ဆိုသောသဘော ပြောလိုက်သောကြောင့် လည်းကောင်း၊ အေးအေးမော် မခံချင်ဖြစ်သွားသည်။

ဆယ်စုံဆိုသည်မှာ အေးအေးမော်ရှိသော အရေအတွက်နှင့် မတိမ်းမယိမ်းလောက်ပင်၊ ပြီးတော့ ကေသွယ်ပါလာသော အဝတ်အစားများသည် လက်ရွေးစင်တွေချည်း ဖြစ်သည်။ အေးအေးမော်ဆီမှာ နှစ်ထည် သုံးထည်သာရှိသော အကောင်းဆုံးဆိုတာထက် နည်းနည်းတော့ သာတာတွေချည်းပင်။ ကေသွယ်ရောက်ခါစတုန်းက အိမ်နေရင်းဝတ်ရလောက်အောင် နွမ်းတာတောင်မပါ၍ သီတာမျိုးဆီက ယူဝတ်ရသေးသည်။

ကေသွယ်ပြောနေတုန်း အေးအေးမော်က မျက်စောင်းမသိမသာ လှမ်းခဲလိုက်သည်။ ဘယ်သူမှတော့ မမြင်လိုက်ချေ။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အေးဇော်တို့အိမ်မှာ တစ်နေ့လုံး နေကြသည်။ ညနေစောင်းသောအခါ ဝင်းမာက စပြီးပြန်ဖို့ပြောသည်။ ကလေးနှင့်မို့ မမှောင်ခင် ပြန်မှဖြစ်မည်ဟု ဆိုသည်။ ခင်မောင်ငြိမ်းက...

"အေးလေ၊ ပြန်တာပေါ့"

ဟုဆိုပြီး ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေသည်။

သက်ထားက ကြောင်မောင်ကို လက်ကုတ်ပြီး ပြန်မယ်ဟု တိုးတိုးပြော သည်။ ကြောင်မောင် 'အင်း၊ အဲ'လုပ်နေသည်။ အေးဇော်က သူ့မှာ တပ်မတော် မှ ရမ်ပုလင်းတစ်ပုလင်းရှိသည်။ ညနေ [illegible]ကြ[illegible]ည်ဟု ကျိတ်မှာထားသော ကြောင့် ဖြစ်သည်။

ထုံးစံအတိုင်း စိန်ထွန်းက စကားစသည်။

"ဟေ့ကောင် အေးဇော်၊ ဘာအစီအစဉ်ရှိသေးလဲကွ"

"ငါပြောထားတဲ့ အတိုင်းပဲလေ၊ အပြင်ထွက်ကြတာပေါ့"

မိန်းကလေးအုပ်စုက ချက်ချင်းသဘောပေါက်သွားသည်။

"သူတို့ကတော့ ဒါပဲစဉ်းစားနေတာပဲ"

ဟု ဝင်းမာက ပြောသည်။ ဆက်လက်၍...

"ခင်မောင်ငြိမ်းနော်၊ သားက ညညကျရင် လေထိုးလို့ ထထအော် တာ နင်လည်းအသိပဲ"

"အေးပါဟာ၊ ငါ..."

"ဘာလဲ၊ မင်း မလိုက်ဘူးလား"

စိန်ထွန်းက ဝင်ပြောသည်။ ခင်မောင်ငြိမ်း အကျပ်ကျနေ၏။ ထို့အတူ ကြောင်မောင်လည်း အခက်တွေ့နေသည်။ သူ့ကို လိုက်မလား၊ မလိုက်ဘူး လားဟုမေးလျှင် ဘယ်လိုပြန်ဖြေရမှန်းမသိ။ သက်ထားက သူ့ပုဆိုးစကို လူတွေ မမြင်အောင် ဆွဲထားသောကြောင့် ဖြစ်သည်။



"ငါကွာ၊ အိမ်မှာ..."

"မင်း မလိုက်ဘူးပေါ့"

ခင်မောင်ငြိမ်းကို အေးဇော်က ခြိမ်းခြောက်လိုက်သည်။ ခင်မောင်ငြိမ်း [illegible]ဝင်းမာကို အသနားခံသောအကြည့်ဖြင့် ကြည့်လိုက်သည်။ စိန်ထွန်းကဝင်၍ ပြောလိုက်သည်။

"ဝင်းမာကလည်းဟာ၊ တစ်ခါတစ်လေပဲ၊ ပြီးတော့ အေးဇော်ရဲ့ သမီးမွေးနေ့မို့လို့ပဲဟာ၊ ခွင့်ပြုသင့်ပါတယ်"

"ခင်မောင်ငြိမ်းက နင့်လို လူဖျိုမဟုတ်ဘူး၊ လပ်ယား လပ်ယားနဲ့ ဘော်ကြောလုပ်နေလို့ မဖြစ်ဘူး၊ သားနဲ့ မယားနဲ့"

စိန်ထွန်း အ်သွားသည်။ အေးဇော်က ဝင်ကူရသည်။

"ငါလည်း သားနဲ့မယားနဲ့ပါဟ၊ တကတည်းကွာ၊ ချစ်တီးမယား တွေ အိမ်တွင်းပုန်းနေရတယ်လို့ ကြားဖူးပါတယ်၊ ခုတော့ ခင်မောင် ငြိမ်းက ချစ်တီးမ လင် ဖြစ်နေပြီ"

"ဘာပြောတယ်"

"ကဲပါဟာ၊ ဝင်းမာကလဲ၊ ဒီတစ်ညတော့ ခွင့်ပြုလိုက်ပါ"

စိန်ထွန်းက ပြန်ဖြေလိုက်ရသည်။ ဝင်းမာက အနည်းငယ် ပျော့ပြောင်း [illegible]လာပြီး...

"အိမ်မှာ ငါတစ်ယောက်တည်းဟ၊ ကလေးက ထငိုရင်..."

ဝင်းမာက ခင်မောင်ငြိမ်းဘက် လှည့်ပြီး....

"ဒါပဲနော်၊ ရှစ်နာရီကျော်ရင် တံခါးမဖွင့်ပေးဘူး"

ခင်မောင်ငြိမ်းကတော့ 'ပါမစ်'ကျသွားပြီ၊ အေးဇော်က ကြောင်မောင် [illegible]ဘက်လှည့်၍...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကော လိုက်မှာမဟုတ်လား"

ကြောင်မောင်သည် သက်ထားကို လှည့်ကြည့်ပြီး 'ထား'ဟု ညောင်နာနာအသံဖြင့် ခေါ်လိုက်သည်။ ဝင်းမာကတောင် ခွင့်ပြုနေမှတော့ သက်ထားမတားမြစ်သာတော့ချေ။ ပြီးတော့လည်း လူရှေ့သူရှေ့မှာ ကြောင်မောင်သိက္ခာကျသွားမှာလည်း စိုးသည်။ ထို့ကြောင့် ပုဆိုး၊စ,ကို လွှတ်ပေးပြီး 'သိပ်မများစေနဲ့နော်'ဟု ထုံးစံအတိုင်း မှာလိုက်သည်။

သီတာမျိုးကတော့ ဘာမှဝင်မပြော။ အားလုံးကို ပြုံးပြီးကြည့်နေသည်။ အေးဇော်သည် သီတာမျိုး၏ ပခုံးကိုလှမ်းဖက်ပြီး 'ကိုဇော် လိုက်သွားပါရစေ'ဟု ပြောသဖြင့် ရယ်ကြရသေးသည်။

သူတို့တတွေမှာ အမြဲသောက်နေသူများလည်း မဟုတ်သဖြင့် တစ်လုံးကို လေးယောက် အတော်ပြိုယူရသည်။ အေးဇော်တို့ရပ်ကွက်ထဲက ကာကူးဆိုင်တွင် သွားထိုင်ကြခြင်းဖြစ်သည်။ ဒီဆိုင်က သူတို့နှင့် သင့်တော်သည်။ စားစရာ သောက်စရာတွေက သိပ် ကောင်းကောင်းတော့ မဟုတ်။ ဝက်ခေါင်းသုတ်၊ အခေါက်သုတ်၊ အသားကင်၊ ဝက်ခြေထောက်စွပ်ပြုတ်၊ ခေါက်ဆွဲသုတ် စသည်တို့ဖြစ်၏။

ဆိုင်၏ နံရံပေါ်တွင် 'ဆိုင်အတွင်း အရက်သေစာ သောက်စားခြင်း သည်းခံပါ'ဟု မြေဖြူခဲဖြင့် ရေးထားသည်။ သို့ရာတွင် စားပွဲလေးလုံးအနက် သုံးလုံးမှာ သောက်နေသူတွေ ဖြစ်၏။ ဆိုင်ရှင် ကိုကာကူးကတော့ 'သူတို့ဘာသာ ယူလာပြီး သောက်တော့လည်း ဘယ်တတ်နိုင်မလဲ'ဟု ပြောတတ်၏။

ကာကူးဆိုင်သည် ရောင်းကောင်း၏။ ဆင်းရဲသား ပါသော ရပ်ကွက် ဖြစ်၍ ဝက်ခေါင်းသုတ်ကို ဟင်းအဖြစ် စားသောသူ များ၏။ သူ့အတွက် တစ်နေ့ ငါးဆယ်ခြောက်ဆယ် ကျန်တတ်သည်။ တစ်ကိုယ်တည်း လူပျိုကြီး



ဖြစ်သောကြောင့် လိမ်လိမ်မာမာ နေတတ်လျှင် အခြေအနေကောင်းလာနိုင်သည်။

သို့ရာတွင် ကိုကာကူးသည် ဘယ်တော့မှ ပြောင်ပြောင်ရောင်ရောင် မရှိ၍ ဆိုင်မှာနေလျှင် အကျီတောင် ဝတ်လေ့မရှိ။ လုံချည်လည်း တစ်ခါတစ်ရံမှ ဝတ်သည်။ သူ့ကိုကြည့်လိုက်လျှင် ဆောင်းဘီတိုနှင့် ခုံဖိနပ်နှင့် ကျောပြောင်ကြီးနှင့် ရသမျှငွေလေးကို လေးကောင်ဂျင်ဝိုင်းတွင် ရှုံးပစ်သောကြောင့် ဖြစ်သည်။ သူကတော့ သိပ်ဂရုမစိုက်။ လာရောက် စားသောက်သူတွေထဲက စကားပြောဖော် မရှိလျှင် ထိုစားပွဲမှာ သွားထိုင်ပြီး လက်ဘန္ဒန် အရေးအခင်း၊ ပင်လယ်ကွေ့စစ်ပွဲ၊ အိပ်ဆိုးဆေး၊ ဒုံးပျံစသည်တို့ အကြောင်း အာဘောင်အရင်းသန်သန် ပြောနေရလျှင် ကျေနပ်နေသည်ပင်။

အေးဇော်တို့ဝိုင်းမှာ တစ်ယောက်နှစ်ခွက်စီလောက် ကြိတ်ပြီးနောက် မျက်နှာပြည်စ ပြုလာသည်။ ခင်မောင်ငြိမ်းက သူ၏ ကုန်တိုက်အတွေ့အကြုံကို ပြောပြသည်။ ကော်ဖီမှုန့်သွားဝယ်ရင်း ဘာလီရည်ပေးတာတွေ့သဖြင့် စိတ်ကူးပေါက်ပြီး ဝင်တန်းစီမိသည့် အကြောင်း။

"ငါလည်း ဘယ်သိမလဲကွ၊ ဝင်တန်းစီရင်းနဲ့ ငါ့အလှည့်ရောက်တော့ ဘာလီက ကုန်သွားပြီ၊ စီးပဲရမယ်ဆိုတော့ ယောင်ကြောင်ပြီး ယူလိုက်မိတယ်၊ စီးက အပြင်မှာ ပြန်ရောင်းရင် ရှုံးတယ်ဟ၊ ငါ့နောက်က စီနေတဲ့ လူတွေတစ်ယောက်မှ မယူကြဘူး၊ အဲဒါ ငါလည်း စီးဖျော်ရည် ပုလင်းကြီးကိုင်ပြီး လျှောက်ရောင်းလိုက်တာ ငါးမူးရှုံးသွားတယ်"

"မင်းက မကျွမ်းဘဲနဲ့ သွားလုပ်တာကိုး"

ဟု စိန်ထွန်းက ပြောသည်ကို ခင်မောင်ငြိမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ကျွမ်းသွားပါပြီဗျ"

"ဘယ်လို ကျွမ်းသွားပြီဟုတ်လား၊ ဒါဆိုမင်း ..."

ကြော့မောင် ဝင်မေး၏။

"အေးလေ၊ ခုနောက်ပိုင်းမှာ ငါကုန်တိုက်ကို ကြုံသလို ဝင်ဝင်သွားတယ်၊ အပတ်စဉ် စနေနေ့ဆို ရောက်တတ်တယ်ကွ၊ မနေ့က တောင် ကြွေရည်သုတ် ပစ္စည်းတွေပေးလို့ ခြောက်ကျပ်လောက် ရလိုက်သေးတယ်၊ ဘာပဲဖြစ်ဖြစ် တစ်လတစ်လ ကလေးနို့မှုန့်ဖိုး လောက်တော့ ရတာပေါ့ကွ"

ကျန်လူတွေက ဘာမျှဝင်မပြောဘဲ နေသည်။ စိန်ထွန်းက ဖန်ခွက်ထဲက လက်ကျန်ကိုမော့ပြီး ပုလင်းကို လှမ်းကိုင်လိုက်၏။ ခင်မောင်ငြိမ်း ဆက်ပြောသည်။

"အစပိုင်းတုန်းက ရှက်သလိုလို ဘာလိုလိုပဲကွ၊ အသိတွေ ဘာတွေနဲ့ တိုးမှာလည်း စိုးရိမ်ရသေးတယ်၊ နောက်တော့လည်း ရိုး သွားတာပါပဲ၊ မင်းတို့စဉ်းစားကြည့်လေကွာ၊ ရုပ်ရှင်ကြည့်တဲ့အခါ လက်မှတ်တန်းစီရတာပဲ မဟုတ်လား၊ ဒါကျတော့ မရှက်ကြဘူး မဟုတ်လား၊ ခုဟာလည်း အလုပ်လုပ်တာပဲကွာ၊ ရှက်စရာ မဟုတ်ပါဘူး"

စိန်ထွန်းကတော့ တစ်ခုခုပြောမည် ပြုပြီးမှ မပြောဘဲ နေလိုက်သည်။ အေးဇော်ကတော့...

"မင်းကွာ အဲဒါတွေ လုပ်မနေစမ်းပါနဲ့"

ဟု ပြောလိုက်သည်။ ခင်မောင်ငြိမ်းက ဝက်နားရွက်ဖတ်ကို တူနှင့် လှမ်းညှပ်နေရာမှ တူကိုပြန်ချလိုက်ပြီး...



"ဘာလဲ၊ မင်းက သိက္ခာကျတယ် ထင်လို့လား"

အေးဇော်က ဘာမျှဝင်မပြော။ ခင်မောင်ငြိမ်းကပင်...

"ငါလည်း ဘယ်လုပ်ချင်ပါ့မလဲ၊ ဒီလိုပဲ ဖြစ်သလို ကြံဖန်ရတာ ပေါ့"

"တခြားနည်းနဲ့ ကြံဖန်စမ်းပါကွာ"

ကြော့မောင်က ယောင်တောင်တောင်နှင့် ဝင်ပြောသည်။

"မင်းတို့မှာ ကြံဖန်လို့ရသေးတယ်၊ အေးလေ၊ ကြံဖန်လို့ရနေသေး လို့ပေါ့ကွာ၊ တစ်နေ့နေ့ ငါ့လို လုပ်ချင်တဲ့စိတ်ပေါ်လာချင် ပေါ်လာ မှာပါ"

အေးဇော်က တစ်ခုခုပြန်ပြောမည်ပြုသည်။ စိန်ထွန်းက စကားဖြတ် ဖြစ်လိုက်၏။

"ဝိစတော့ ဟီးယား၊ ဗျို့ ကိုကာကူး၊ ဝက်သားပေါင်းတစ်ပွဲ"

ပုလင်းကို ကိုင်လိုက်ပြီး...

"ကဲ... ဘယ်သူလဲ ယူဦးမလဲ၊ နည်းနည်းကျန်သေးတယ်၊ ကြော့ မောင်"

"ဟာ... ဒီည ဒိုင်းတစ်ခု လုပ်စရာရှိသေးတယ်၊ ပြီးတော့ အိပ်ရေး လည်းပျက်ထားလို့ နည်းနည်းလေးနဲ့ ထိတယ်ကွာ၊ နောက်ပြီး..."

"တော်တော့၊ ခင်မောင်ငြိမ်း မင်းကော ဘယ်လိုလဲ"

ခင်မောင်ငြိမ်းက ဖန်ခွက်အလွတ်ကို စားပွဲပေါ်မှာ ခပ်စောင်းစောင်း ထားရင်း လှည့်ကစားနေသည်။ အေးဇော်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ စိန်ထွန်း၊ ခင်မောင်ငြိမ်းက နှစ်ခွက်သုံးခွက်ထက်ပိုပြီး သောက်တဲ့ကောင်မှ မဟုတ်တာ၊ ကျန်နေတာကို မင်းနဲ့ငါ နှစ်ယောက်မျှပြီး ချလိုက်မယ်"

ထို့ကြောင့် စိန်ထွန်းက အေးဇော်ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးနေတုန်း ခင်မောင်ငြိမ်းက...

"ငါ့လည်း ထည့်ကွာ"

ဟု ပြောလိုက်သည်။

☆☆☆



ကြော့မောင်သည် အပြင်က ခုံတန်းမှာ ထိုင်စောင့်နေသည်။ သက်ထားက စမ်းသပ်ခန်းထဲ ရောက်နေသည်။

ပန်းဘဲတန်းမြို့နယ် သမဝါယမဆေးခန်းမှာ ဖြစ်သည်။ သက်ထား၏ ကိုယ်ဝန်ကို ပြသရန် ရက်ချိန်းအတိုင်းလာခြင်း ဖြစ်သည်။ သမဝါယမဆေးခန်းဖြစ်သဖြင့် တစ်ခါပြမှ တစ်ဆယ်သာပေးရသည် ဆရာမကြီး ဒေါက်တာ ဒေါ်မေသွင်သည် သဘောလည်း ကောင်းသည်။ လူနာတွေကိုလည်း ဂရုစိုက်သည်။ ထို့ကြောင့် ပြချင်သူတွေများ၏ ။ မနက်ငါးနာရီလောက်ကတည်းက စာအုပ်ထပ်ပြီး တိုကင်နံပါတ် ယူထားရသည်။

သက်ထား ပြန်ထွက်လာသည်။ ငွေသွင်းပြီးနောက် ဆေးခန်းထဲမှ ထွက်လာခဲ့ကြသည်။

"ဘာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ကောင်းပါတယ်တဲ့"

"ဆေးသောက်ဖို့ ဘာပြောသေးလဲ"

"ပရိုနေတယ် ဆက်သောက်ရမယ်၊ ဖျူရာမင်းဘီစိနဲ့ ဖောလစ်အက်ဆစ် သောက်ရမယ်၊ အင်ဖရွှန်ကတော့ လောလောဆယ် မလိုသေးဘူး၊ နောက်တစ်ပတ်ကြည့်ပြီးမှ ပြောမယ်တဲ့"

ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းဆုံ အရောက်တွင် သက်ထားက ပစ္စည်းလေးတွေ လျှောက်ကြည့်ရအောင်ဟု ဆိုသဖြင့် အနော်ရထာလမ်းပေါ် ချိုးကွေ့ခဲ့ကြသည်။

ညနေစောင်းပြီဖြစ်၍ လမ်းဘေးဈေးသည်တွေ စုံအောင်ထွက်နေကြပြီ။ ထားသည် မြို့ထဲသိပ်ထွက်လေ့ရှိသူ မဟုတ်သဖြင့် ပစ္စည်းအသစ်အဆန်းတွေကို အနှမ်းမြင်ဖူးသည်။ ပလပ်စတစ်ပစ္စည်းတွေဆိုလျှင် ခုတစ်မျိုး တော်ကြာတစ်မျိုး ပုံစံသစ်ပေါ်ထွက်တတ်၏။ အိမ်ရှင်မတွေအဖို့ မျက်စိကျစရာ။

"ကုန်ဈေးတန်းနားမှာ ဟင်းသီး ဟင်းရွက်ဆိုင်တွေ ရှိသေးလား"

ဟု သက်ထားက မေးသည်။

"ရှိမှာပေါ့၊ ဘာဖြစ်လို့လဲ"

"အိမ်မှာ ဟင်းချက်စရာ မရှိဘူးလေ၊ ညနေစာအတွက် ခုချိန်ဆို ဂေါ်ဖီပန်းတွေ ပေါ်ရောပေါ့၊ မုန့်ညင်းဖူးရရင်လည်း ကောင်းတယ်၊ ပေါင်းစားရအောင်"

"တစ်နပ်တစ်လေ ဝယ်စားရအောင်"

သက်ထားက ခဏစဉ်းစားပြီး...

"စားချင်လည်း စားလေ၊ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ခုပဲခြောက်နာရီထိုးတော့မယ်၊ အိမ်ပြန်ရောက်မှာနဲ့ ချက်မှာနဲ့ဆို ရှစ်နာရီလောက်မှ စားရမှာ၊ ဘာစားမလဲဟင်"



ကြော့မောင်သည် သက်ထား ဒံပေါက်ထမင်းကြိုက်တတ်သည်ကို ချက်ချင်းသတိရလိုက်ပြီး...

"ဒံပေါက်စားပါလား"

သက်ထားက ဘာမှ ပြန်မပြော။

"လာပါ၊ ထား ဒံပေါက်မစားရတာလည်း ကြာပြီပဲ"

ဆိုပြီး ကြော့မောင် သက်ထားလက်မောင်းကို ဆွဲပြီးနောက်ပြန်လျှောက်သည်။ ရွှေဘုံသာလမ်း ပြန်ရောက်တော့ အထက်ဘက်သို့ ချိုးကွေ့သည်။

ရွှေဒံပေါက်ထမင်းဆိုင်ထဲသို့ ဝင်သည်။ ဒီဆိုင်မှာ သမီးရည်းစားဘဝက မြို့ထဲထွက်ဖြစ်လျှင် စားနေကျ။

ဆိုင်ထဲမှာ ထိုင်ကြပြီးနောက် ကြော့မောင် လက်နှစ်ချောင်းထောင်လိုက်ချိန်တွင် သက်ထားက...

"ထား အသည်းအမြစ်နဲ့ စားမယ်"

ဟု ပြောသည်။

"ဘယ်လိုဖြစ်တာလဲ၊ အရင် ထား ဘယ်တုန်းကမှ အသည်းအမြစ်နဲ့ မစားဖူးပါဘူး၊ အသည်းအမြစ်က ဒံပေါက်နဲ့ မလိုက်ဘူးဆို"

ပြောနေရင်းမှ ကြော့မောင် သဘောပေါက်သွားသည်။ နံရံတွင် ချိတ်ထားသော ဆိုင်းဘုတ်ကလေးမှ စာကိုမြင်လိုက်ရသောကြောင့် ဖြစ်သည်။

ကြက်သား ၈–ကျပ်။

အသည်းအမြစ် ၇–ကျပ်။

ကြော့မောင် ရယ်လိုက်သည်။

"ထားကလည်းကွာ၊ ပိုက်ဆံတစ်ကျပ်လေးနဲ့များ"

တစ်ဆက်တည်း...

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်သားနဲ့ နှစ်ပွဲပေးပါ"

ဟု မှာလိုက်သည်။ စားပွဲထိုးက ဖွန်းခက်ရင်းများ လာချမည်ပြုရာ ကြော့မောင်က လက်ကာပြသည်။

"ထား လက်နဲ့ပဲ စားမယ် မဟုတ်လား"

သက်ထားက ခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက် လက်ဆေးကြွေခွက်တွင် လက်သွားဆေးကြသည်။

သမီးရည်းစားဘဝဆိုလျှင် ဖွန်းခက်ရင်းဖြင့်သာ စားကြသည်။ စပြီးကြိုက်ခါစ ပထမဆုံးအကြိမ် လာစားကြတုန်းက အကြောင်းကို ကြော့မောင်မှတ်မိသေးသည်။

သူတို့နှစ်ယောက်စလုံး ဖွန်းခက်ရင်းကို သိပ်ကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်ကြသူများ မဟုတ်ကြချေ။ ထို့ကြောင့် ကြက်သားဖဲ့ရာတွင် အခက်အခဲတွေ့နေသည်။ ကြော့မောင်က ယောကျာ်းလေးတို့ ထုံးစံအတိုင်းလုတတ်ကြီးလုပ်ပြီး သက်ထားပန်းကန်ထဲ ကြက်သားဆို ဖွန်းနှင့်ဖိ ခက်ရင်းနှင့် ထိုးပြီး ဖဲ့ပေးရသည်။ ရုတ်တရက် အရှိန်လွန်ပြီး ခက်ရင်းဖြင့် ဖိထိုးချလိုက်ရာ အရှိန်လွန်ပြီး ခုန်တက်သွားကာ ကြမ်းပေါ်ပြုတ်ကျသွားသည်။ ဘေးကဝိုင်းကြည့်သဖြင့် နှစ်ယောက်စလုံး ရှက်သွားကြသည်။

လက်ထပ်ပြီးနောက်မှာတော့ လက်ဖြင့်ပင် စားကြသည်။ 'ဖွန်းနှင့်ခက်ရင်းနဲ့စားရတာ မတန်ဘူး၊ အသားတွေ ကပ်ကျန်ခဲ့တယ်'ဟု သက်ထားက ပြောလေ့ရှိသည်။

ခုလည်း သက်ထားသည် အသားတစ်စတစ်မျှင်မျှ မကျန်အောင် ဖဲ့စားသည်။ အရိုးနကိုပါ ဝါးစားသည်။ ထို့ပြင် အရိုးတွေကို ကိုက်ပြီး ချဉ်ဆီတွေကို အားရပါးရ စုပ်နေလိုက်သေးသည်။ ချဉ်ပေါင်ရွက်ဟင်းချိုကိုတော့ ကြော့မောင်က တာဝန်ယူ၍ ရှင်းပစ်လိုက်သည်။



ဆိုင်ထဲက ထွက်လာကြတော့...

"ထားကတော့ကွာ၊ အရိုးပါ ဝါးစားတာပဲ၊ ရှစ်ကျပ်မတန်မှာ စိုးလို့လား"

ဟု ကြော့မောင်က စသည်။

"အံမယ်... ကိုမောင် ဘာသိလဲ၊ ရိုးတွင်းချဉ်ဆီက သိပ်အားရှိတာတဲ့၊ ကလေးအတွက် ကယ်လ်ဆီယမ်ဓာတ်လည်း ရတာပေါ့၊ ဒံပေါက်ဈေးကလည်း ဈေးတက်သွားပြီနော်၊ အရင်က ခုနစ်ကျပ်ခု ရှစ်ကျပ်ဖြစ်သွားပြီ၊ နှစ်ယောက်ဆို ဆယ့်ခြောက်ကျပ်၊ ဈေးဖိုးသုံးလေးရက်စာလောက် ချောသွားပြီ"

"ထားကလည်း စားပြီးလို့ ကုန်ပြီးပြီပဲဟာ၊ ဘာလို့သျှောက်တွက်နေရတာလဲ၊ ကိုယ်ဝန်ဆောင်ဆိုတာ ကောင်းကောင်းစားရတယ်တဲ့"

"အိမ်မှာဆိုလည်း ကောင်းကောင်းချက်စားလို့ ရသားပဲ၊ ဒီလောက်တောင် မကုန်ဘူး"

"ကဲ... တော်တော့၊ ဒံပေါက်အရသာလေး ပျက်သွားဦးမယ်၊ လာလာ ဒီဘက်ကွေ့ရမှာပါ၊ အမြန်ကား ပတ်စီးမယ်လေ"

"ဘာလို့ ပတ်စီးရမှာလဲ၊ ပိုက်ဆံပိုကုန်တယ်၊ အောက်လမ်းက ဆင်းပြီး တစ်ခါတည်း စီးမှာပေါ့"

"အဲဒီကဆို နေရာရမှာ မဟုတ်ဘူး"

"ဒါဆို မထူးပါဘူး၊ ဘတ်စ်ကားပဲ ပတ်စီးရအောင်"

"ဘတ်စ်ကားက ဟိုးဘက်အောက်အထိ ဆင်းရမှာ၊ နေရာရမယ် မရဘူးဆိုတာလည်း မသေချာဘူး၊ လာပါ၊ မှတ်တိုင်က ဒီနားလေးတင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်က ပိုက်ဆံပိုကုန်ရဖို့ပဲ စဉ်းစားနေတာပဲ"

"ဟာ ထားရဲ့၊ ကိုယ့်ဗိုက်ကိုလည်း ညှာပါလေ"

"အံမယ်လေး... သူများ ဗိုက်ကြီးသည်တွေလဲ ဒီလိုပဲ သွားကြလာကြတာပါပဲ"

"ထားက သူများနဲ့မတူဘူးလေ၊ ဘတ်စ်ကားက နေရာရမယ်ဆိုရင်တောင် ဆင်းတဲ့အခါကျတော့ တိုးဝှေ့ဆင်းရမှာ၊ တော်ကြာ လူကြားထဲညှပ်ပြီး ဗိုက်ပြုတ်ကျနေဦးမယ်၊ ပိုက်ဆံတစ်ကျပ်နှစ်ကျပ်နဲ့တော့ ဗိုက်အပြုတ်ကျ မခံနိုင်ဘူး"

သူတို့သည် လမ်းသုံးဆယ်မှတ်တိုင်မှ ဆယ့်သုံးအမြန်ကားကို စောင့်စီးကြသည်။ ဂိတ်ဆုံးခါနီးသဖြင့် လူချောင်သည်။ ဂိတ်အထိ ငါးမူးပေးစီးပြီးမှ ထိုကားနှင့်ပင် ပြန်လိုက်ကြမည်ဖြစ်သည်။ ဤသည်ကို 'ပတ်စီးသည်'ဟု ခေါ်သည်။

အမြန်ကားသည် ရှေ့ကကားတွေကို မြွေလိမ်မြွေကောက်တက်ပြီး နောက် မော်တင်လမ်းဆုံကိုဖြတ်ပြီး ချိုးကွေ့လိုက်သည်။

"အမြန်ကားစီးလည်း ဗိုက်က ပြုတ်ကျချင် ပြုတ်ကျမှာပဲ"

ဟု ရယ်ရင်း တိုးတိုးပြောသည်။

မော်တင်ဂိတ်မှာ ကားထိုးရပ်လိုက်သောအခါ အသင့်စောင့်နေသော လူအုပ်ကြီးသည် အတင်းတိုးဝှေ့တက်လာကြသည်။ မိန်းမဝဝကြီးတစ်ယောက်သည် သက်ထားဆောင်းက လွတ်နေသောနေရာ ကျဉ်းကျဉ်းလေးပေါ် ဖိထိုင်ချလိုက်ရာ သက်ထား'အင့်ကနဲ'ဖြစ်သွားသည်။ ကြော့မောင်က...

"ဟာ... အတင်းဖိထိုင်တာပဲ"

ဟု လွှတ်ကနဲ ရေရွတ်မိသည်။ မိန်းမကြီးက လှည့်ကြည့်ပြီး...



"ချောင်ချောင်ချိချိ ထိုင်ချင်ရင် ကိုယ်ပိုင်ကား ဝယ်စီး"

ဟု ကားစပယ်ယာတွေ သံယောင်လိုက်ပြီး ပြော၏။ ကြော့မောင် ...တ်တရက် ဘာပြန်ပြောရမှန်းမသိ။ မျက်နှာချင်းဆိုင် လူကြီးတစ်ယောက်က ကြော့မောင်ဘက်မှ ဝင်ကူ၍ ပြောသည်။

"ကိုယ်ဝန်ကြီးနဲ့မို့ ပြောတာဗျ၊ မိန်းမချင်း ကိုယ်ချင်းစာမှပေါ့"

မိန်းမကြီးသည် ဝင်ပြောသော လူကြီးကို ဘုကြည့် ကြည့်ပြီး...

"ကိုယ်ချင်းစာရအောင် ကျုပ်က ဗိုက်မှ မကြီးဖူးတာ၊ ကျုပ်က ဒိဒုက္ခမျိုးတွေကြောက်လို့ အပျိုကြီး လုပ်နေတာ"

ဟု ချေပလိုက်သဖြင့် တစ်ကားလုံး ဝိုင်းရယ်လိုက်ကြသည်။

ခဏအကြာတွင် ကားထွက်တော့သည်။

ကြော့မောင်သည် သက်ထား၏ ကိုယ်ဝန်အကြောင်းကို စဉ်းစားလာ...။ သားလေး မွေးမလား၊ သမီးလေး မွေးမလား။ ဘာလေးဖြစ်ဖြစ် ချစ်ရ...ည်။ သမီးဆိုလျှင် အမေ့အတွက် အဖော်ရမည်။ အဖေ အပြင်ထွက်ခါနီး...ျှင် အကျီလုံချည်ထုတ်ပေးတာတို့၊ ဖိနပ်ယူပေးတာတို့ လုပ်မည်။ ဖေဖေ ...ပြန်လာရင် မုန့်ဝယ်ခဲ့၊ အကျီလှလှလေး ဝယ်ခဲ့ဟု ချွဲချွဲနွဲ့နွဲ့လေး မှာမည်။ ...ားလေးဆိုလျှင် မိမိအတွက် အဖော်ရမည်။ မျောက်ရှုံးအောင် ဆော့မှာ...သချာသည်။ မိမိတို့ အပြင်ထွက်လျှင် မရမက ပူဆာပြီး လိုက်မည်။ ကားစီး...သာအခါ ပေါင်ပေါ်မှာ မထိုင်ဘဲ လူကြီးတွေလို ခုံပေါ်မှာ ထိုင်ချင်ထိုင်ပေ...မည်။ ထိုအခါ စပယ်ယာက 'ကလေးခ ပေးမှာလား'ဟု မေးမည်။

ကြော့မောင်က 'ပေးမှာပေါ့ဗျ'ဟု ပြောပြီး ကျပ်တန်သုံးရွက်ထုတ်ပေး...တစ်ကျပ်သုံးယောက်ဟု ပြောလိုက်သည်။ သက်ထားက သူ့နံဘေးကို ...တောင်နှင့် တွက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် ဘာကြောင်တာလဲ၊ ဘာလို့ သုံးယောက်အတွက် ပေး ရမှာလဲ"

ဆိုမှ သူ စိတ်ကူးယဉ်လွန်သွားကြောင်း သတိရလိုက်မိသည်။ ဟုတ် သား၊ ကလေးက မွေးတောင် မမွေးရသေး။

"အဲ... နှစ်ယောက်၊ နှစ်ယောက်"

ကြော့မောင်ပေးသော ကျပ်တန်နှစ်ရွက်ကို လှမ်းယူရင်း ကားစပယ် ယာက သက်ထား၏ ကိုယ်ဝန်ကို မြင်သွားသည်။

စောစောက 'သုံးယောက်'ဟု ပြောသည်မှာ ကြော့မောင် တမင်နောက် နေတာဟု ထင်သွားသဖြင့် စပ်ဖြဲဖြဲလုပ်ရင်း...

"ကလေးခတော့ မပေးပါနဲ့တော့ ဆရာ"

☆☆☆

သက်ထားသည် အလုပ်အတွက် အင်တာဗျူးဖြေပြီး ပြန်လာသည်။ ခြောက်ကျပ်ခွဲနေ့စား လုပ်အားပေးအဖြစ် ခေါ်သော အလုပ်ဖြစ်သဖြင့် ရေးဖြေ စာမေးပွဲ ဖြေစရာမလိုချေ။ အလုပ်သမား မှတ်ပုံတင်ရုံးများမှ ပေးပို့သော စာရင်းတွင် ပါဝင်သူများကို လူတွေ့စစ်ဆေးခြင်းသာ ပြုလုပ်သည်။

သွားတုန်းကတော့ မျှော်လင့်ချက်ကလေးနှင့်ပင်။ ဘွဲ့ရ သိပ်ပါလိမ့် မည်ဟု မထင်ခဲ့။ လူတွေ့စစ်ဆေးမည့် ရုံးခန်းရှေ့မှာ ထိုင်စောင့်နေတုန်း အနီးအနားက မိန်းကလေးတွေကို စပ်စုကြည့်တော့မှ ဖြေမည့်သူ တစ်ဝက် လောက်က ဘွဲ့ရသူတွေဖြစ်မှန်း သိရသည်။ ဒီကြားထဲ ကောင်မလေးတစ် ယောက်က 'ယောကျ်ားလေးတွေပဲ ခန့်မယ်လို့ ပြောသံကြားတယ်'ဟု ပြော



သေးသည်။ ယောကျ်ားလေးသာ ခန့်မည်ဆိုလျှင် အစကတည်းက အမျိုး သမီးများ ဖြေဆိုရန် မလိုဟု ကြေငြာထားမှာပေါ့'ဟု သက်ထားက တွေး လိုက်၏။

သူ့အလှည့်ကျ၍ ရုံးခန်းထဲဝင်သွားသောအခါ စစ်မေးသူလူကြီး အားလုံးလိုလိုက သူ့ကိုယ်ဝန်ကို ပြိုင်တူစိုက်ကြည့်ကြလေသည်။ မေးသော မေးခွန်းများကလည်း...

"ဘယ်နှစ်လ ရှိပြီလဲ"

"ဂျူးဒိတ်က ဘယ်တော့လဲ"

"ဘယ်မှာ အပ်ထားတာလဲ"

စသည်ဖြင့် ကိုယ်ဝန်နှင့် ပတ်သက်တာတွေချည်း ဖြစ်သည်။ အလုပ် နှင့်ဆိုင်တာဆိုလို့ တစ်ခွန်း နှစ်ခွန်းသာ မေးပြီး ပြန်လွှတ်လိုက်သည်။

သက်ထားသည် ကြော့မောင်နှင့် ရခါစကတည်းက အလုပ်လုပ်ချင်ခဲ့ သည်။ သို့ရာတွင် ကြော့မောင်က သက်ထားအလုပ် လုပ်ရန်မလို။ အေးအေး သက်သာနေ။ သူ လုပ်ကျွေးမည်ဆိုသဖြင့် ကြော့မောင်ကျေနပ်အောင် နေခဲ့ သည်။ ခုနောက်ပိုင်းကျမှ အလုပ်စာမေးပွဲတွေ လျှောက်ဖြေနေရခြင်း ဖြစ် သည်။ တစ်ခုကမှ ဟန်မကျသေး။ ဒီနေ့လည်း သိပ်ဟုတ်ပုံမရ။

ရုံးရှေ့သို့ ထွက်လာခဲ့သည်။ ကြော့မောင်က လာကြိုမည်ဆိုသော် လည်း မရောက်သေး။ ဆင်ဝင်အောက်မှာ ရပ်စောင့်နေလိုက်သည်။ ဆယ်မိနစ် လောက်ကြာမှ ကြော့မောင် အမောတကော ရောက်ရှိလာ၏။

"ဆောရီးပဲ ထားရယ်၊ စောင့်နေရတာ ကြာပြီလား"

"ဆယ်မိနစ်လောက်ပဲ ရှိပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဂ္ဂဇင်းတိုက်မှာ နည်းနည်းကြာသွားတယ်၊ ခေါင်းစီးစာတမ်းက သတ်ပုံမှားနေလို့၊ ဘလောက်က ဒီနေ့ အပ်မှ ဖြစ်မှာမို့ ချက်ချင်း ပြန်ပြင်ပေးနေရကာနဲ့၊ ဘယ်လိုလဲ ထား၊ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်တာပေါ့၊ သူတို့မေးတဲ့မေးခွန်းတွေက ထား သိပြီးသားတွေ ချည်းပဲ"

သက်ထားက ရယ်၍ ပြောသည်။

"ဟုတ်လား၊ ဘာတွေ မေးလို့လဲ"

"ကိုယ်ဝန် ဘယ်နှစ်လ ရှိပြီလဲတဲ့၊ ဘယ်တော့ မွေးမှာလဲတဲ့၊ ဘယ်မှာ အပ်ထားသလဲတဲ့"

"ဟင်... ဘာဆိုင်လို့လဲ"

"စဉ်းစားကြည့်ပါလား၊ ထား ဒီအလုပ် မရနိုင်ဘူးဆိုတဲ့ သဘောပေါ့"

"ဘယ်လို... ဘယ်လို"

"ဒီလိုလေ၊ ထားက ကိုယ်ဝန်ကြီးနဲ့ မဟုတ်လား၊ အလုပ်ဝင်ပြီး တစ်လလောက်အကြာမှာ မီးဖွားခွင့်ယူမယ့် လူကို ဘယ်သူက ခန့်ချင်မှာတဲ့လဲ"

"အေး ... ဟုတ်သားပဲ"

အရင်ကဆိုလျှင် 'မရလည်း ဘာအရေးလည်းကွာ၊ ကိုမောင်တစ်ယောက်လုံး ရှိသားပဲ'

ဟု ပြောပေလိမ့်မည်။ ခုတော့ မပြောမိ။ စိတ်ထဲက နမျောသလိုလို ခံစားရသည်။

"မွေးပြီးတော့မှ နောက်တစ်ခု ထပ်ရှာတာပေါ့"



ဟု ကြော့မောင်က ပြောသည်။

"မွေးပြီးရင် သာတောင် မလွယ်သေး။ ကလေးတစ်ဖက်နဲ့ ဘယ်လိုလုပ် သွားရမလဲ၊ ထား အလုပ်သွားရင် ကိုမောင် ကလေးထိန်းမလား"

"လူငှားမှာပေါ့"

"အံမယ်... လွယ်လိုက်တာ၊ ကလေးအတွက်ဆိုတော့ လုံးဝ စိတ်ချရတဲ့လူမျိုးမှ ဖြစ်မှာ၊ နာနီ ငှားရင်တော့ ရတယ်၊ ကလေးကိစ္စ လုံးဝတာဝန်ယူတယ်၊ ကလေးနဲ့ အတူတူအိပ်ပေးတယ်၊ လှည့်ကြည့်စရာတောင် မလိုဘူး"

"ငှားလေ"

"ဘယ်လောက်ပေး ရမယ်ထင်လို့လဲ"

"ဘယ်သိမလဲ"

"သုံးရာတဲ့"

"အံမယ်လေး... ကြောက်ပါပြီ ခင်ဗျ"

"ဒါတောင် အဲဒီ နာနီက ကလေးထိန်းရုံပဲ၊ အနီးမလျှော်ဘူး၊ ထမင်းပွဲရှေ့ရောက်ကျွေးရတယ်၊ ကော်ဖီချိန်ဆို ကော်ဖီတိုက်ရတယ်"

"တော်ပါတော့၊ ကလေးထိန်းဖို့ မိန်းမတစ်ယောက်ပဲ ထပ်ယူလိုက်ပါတော့မယ်"

"အဲဒီတော့မှ နောက်မိန်းမကလည်း ကလေးထပ်မွေး၊ အဲဒီ ကလေးအတွက် မိန်းမတစ်ယောက်ထပ်ယူ၊ အဲဒီမိန်းမ ကလေးထပ်မွေး"

"ဟာ... ဓိမ်ပဲ"

"ကျွေးနိုင်ရင် ယူလေ"

www.burmeseclassic.com

www.burmeseclassic.com



"ထားရဲ့ စကားက ချက်ကောင်းကို ထိသွားတာပဲ"

လမ်းလျှောက်လာခဲ့ကြရာ ကားမှတ်တိုင်နားအရောက်တွင် သက်

ထားက လေသံပျော့ပျော့ဖြင့်....

"တို့တွေ ညားခါစတုန်းက မူလတန်းပြဆရာမတွေခေါ်တာ ဝင်

လျှောက်လိုက်ရရင် ကောင်းသား၊ ကိုမောင်က မလုပ်နဲ့ဆိုလို့၊ နု

တိုင်းဆို ထား အလုပ်မှ လုပ်ဖြစ်ပါတော့မလား မသိဘူး"

"ဝင်ငွေပိုရအောင် ကိုမောင် ကြိုးစားပြီး လုပ်ပါ့မယ်ကွာ"

"နှစ်ယောက်ရှာတော့ ပိုကောင်းတာပေါ့၊ အိမ်မှာ ကလေးထိန်းပို့

စိတ်ချရတဲ့သူ တစ်ယောက်ယောက်ရှိရင် ကောင်းမယ်၊ တစ်ခါ

တစ်ခါကျရင် အမေ့ကို လှမ်းခေါ်ရရင် ကောင်းမလားလို့တောင်

စဉ်းစားမိသေးတယ်"

"ကိုမောင်လည်း တစ်ခါတစ်ခါ ကိုမောင်တို့အမေကို လှမ်းခေါ်ဖို့

စိတ်ကူးကြည့်မိသေးတယ်၊ ဒါပေမယ့် အဘွားကြီးတွေကို ဒုက္

မပေးချင်ပါဘူးလေ၊ သူတို့မှာလည်း ဒေါင်ဒေါင်မြည် ကျန်းမာကြ

တာမှ မဟုတ်တာ၊ ဟိုက မြေးတွေနဲ့ နေသားတကျနေပြီးမှ နောက်

ပြီးတော့လည်း...

"ဟုတ်တယ် ကိုမောင်၊ ထားလည်း စဉ်းစားမိတယ်၊ လူကြီးတွေ

ဆီကို ငွေကလေး လေးငါးဆယ်လောက်တောင် မပို့နိုင်၊ မထောက်

နိုင်ပဲနဲ့ အကူအညီလိုမှ သတိရမိကြတော့တယ်"

"မိဘဆိုတာ ဒီလိုပါပဲလေ၊ သားသမီးကို ကိုယ်ကသာ ပေးချင်

ကမ်းချင်တယ်၊ သားသမီးဆီက ဘာမှပြန်ပြီး မမျှော်လင့်ဘူး၊

ကိုမောင်တို့ကိုပဲ ကြည့်၊ ကလေးမွေးရင် ဘယ်လိုပြုစုပျိုးထောင်



လိုက်မယ်ဆိုတာပဲ သိတယ်၊ သူ့ဆီက ပြန်ရဖို့ဆိုတာ သတိတောင်

မရဘူး မဟုတ်လား"

"ကိုမောင်"

သက်ထားက သူ့ဗိုက်ကို အသာကိုင်ရင်း ခေါ်လိုက်သည်။

"ထား ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ"

"ကလေးက လှုပ်တယ် သိလား၊ ကလေးက လှုပ်တယ်"

"ဟုတ်လား"

ကြော့မောင်သည် သက်ထား၏ဗိုက်ကို လှမ်းကိုင်မည်ပြုပြီးမှ ဆပ်ပြာဖောင်းလေးကို မထိရက်သလိုဟန်မျိုး ဖြစ်သွားပြီး သက်ထား၏ လက်ကလေးကို ဆုပ်ကိုင်ထားလိုက်မိသည်။

သူတို့ရပ်နေသော နေရာသည် မြို့လယ်ကောင်က ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ဖြစ်သည်။ ကားစောင့်နေသူတွေ၊ လမ်းလျှောက်နေသူတွေ၊ လမ်းပေါ်မှာ ပြေးလွှားနေသော မော်တော်ကားတွေ ရှုပ်ယှက်ခတ်နေသည်။ လူသည်တို့၏ ဈေးခေါ်သံ၊ စကားပြောသံ၊ ယာဉ်တို့၏စက်သံ၊ ဟွန်းသံတွေ ဆူညံနေသည်။

ထိုအရာများကို သူတို့ သတိမမူမိကြ။ ကြော့မောင်သည် သက်ထား၏ မျက်နှာကို ငေးကြည့်နေမိသည်။ သက်ထား၏ မျက်နှာကား ဘယ်တုန်းကမှ မခံစားဖူးသော အရသာတစ်မျိုးကို တစိမ့်စိမ့်ခံစားရင်း ကြည်နူးနေသလိုပင်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



ကြောမောင် ပန်းရှီဆွဲနေသည်။ ရှုမဝတိုက်သို့ မျက်နှာဖုံးပန်းချီဆွဲပြီး ပို့ချင်သောကြောင့်ဖြစ်သည်။ ခုခေတ် မဂ္ဂဇင်းအားလုံးလိုလိုမှာ အဖုံးတွင် ပန်းချီ မသုံးကြတော့။ ဓာတ်ပုံကိုသာ သုံးကြသည်။-အရင်က ပန်းချီသုံးခဲ့သော မဂ္ဂဇင်းအချို့ပင် ဓာတ်ပုံပြောင်းသုံးလာကြ၏။ ပေဖူးလွှာကတော့ ဓာတ်ပုံနှင့် ပန်းချီကို တွဲပြီးသုံးသည်။

ရှုမဝကတော့ ခုထိ မူမပြောင်းသေး။ အဖုံးတွင် ပန်းချီကိုသာ သုံးသည်။ ရှုမဝ၏ထုံးစံမှာ တစ်လပန်းချီဆရာတစ်ယောက် ပြောင်းအပ်လေ့ရှိသည်။ တစ်ခါတစ်ရံ ပန်းချီဆရာများက ရှုမဝအဖုံးနှင့် သင့်တော်မည့် စိတ်ကူးရလျှင်လည်း ဆွဲပြီး ပို့လို့ရသည်။ သို့ရာတွင် ထိုအခွင့်အရေးမျိုးက နာမည်ကြီးပန်းချီဆရာများသာ ရနိုင်၏။



ကြောမောင်တို့ကျတော့ အဖုံးပန်းချီဆွဲခွင့်ရဖို့နေနေသာသာ၊ အတွင်းပုံပင် လစဉ်မှန်မှန် မရတတ်ချေ။ မည်သို့ပင်ဖြစ်စေ၊ အဖုံးတစ်ခုဆွဲပြီး ပို့ကြည့်မည်ဟု သူ စိတ်ကူးထားသည်။

မဂ္ဂဇင်းစာတည်းတို့သည် တစ်ခါတစ်ရံ ထူးထူးခြားခြား လုပ်ချင်တတ်ကြသည်။ သူ့ မဂ္ဂဇင်းကို ပရိသတ်မြင်နေကျ ပုံစံမျိုးမဟုတ်ဘဲ အမြင်ဆန်းသွားအောင် လုပ်ချင်တတ်ကြသည်။ ရှုမဝ ကိုဆွေတင့်တို့၊ ကိုမြင့်မြတ်တို့မှာ ထိုသို့သော စိတ်ကူးမျိုးပေါ်နေသောအခိုက်နှင့် ကြုံလျှင်တော့ သူ့အဖုံးပုံကို သုံးကောင်း သုံးပေလိမ့်မည်။ မျှော်လင့်ချက်ကား ရာခိုင်နှုန်းအားဖြင့် မဆိုသလောက်သာ ရှိပေသည်။ သူကတော့ ဆွဲကြည့်ချင်သောစိတ်ဖြင့် ဆွဲနေခြင်းဖြစ်သည်။

စိတ်ကူးကတော့ သူများနှင့် မတူ။ ဆွဲနေကျ ပုံစံများလို မိန်းကလေးတစ်ယောက်ထဲပုံ မဟုတ်ဘဲ သုံးယောက်ဆွဲမည်။ ထိုသုံးယောက်မှာလည်း မိန်းကလေးတစ်ယောက်ထဲကို ဟန်သုံးမျိုး ဝတ်စားဆင်ယင်ပုံ သုံးမျိုးနှင့် ဆွဲမည်။ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ ယခုခေတ် သုံးမျိုးကို ယှဉ်ပြထားခြင်းဖြစ်သည်။

ကောက်ကြောင်းပုံကြမ်းဆွဲပြီးနောက် သူ့ပုံကို စစ်ဆေးကြည့်သည်။ တစ်မျိုးဖြစ်နေသည်။ ပုံများ၏ အနေအထားက အောက်ပိုင်းလေးနေပြီး အပေါ်ပိုင်းက ဟာနေသည်ဟု ထင်သည်။ အပေါ်ပိုင်းမှထည့်မည့် ရှုမဝဟူသော စာလုံးကို အရောင်ရင့်လိုက်ပြီး ပြန်ထိန်းလိုက်မည်ဟု စိတ်ကူးလိုက်သည်။

ပုံကို ရေမျှောနည်းဖြင့် ဆွဲမည်။ ရေဆေးအပါးရေးရာတွင် အဆင့်ဆင့် မပြီးခင် 'ဆွဲလက်စကို ရပ်လိုက်ဖို့ မကောင်း။ ထို့ကြောင့် နောက်တစ်ဆင့် မစခင် ခဏနားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာသည်။ ကိုယ်ကို ခပ်လျှော့လျှော့ထားပြီး ကုလားထိုင်နောက်မှီမှာ ခေါင်းတင်လိုက်သည်။ ပန်းချီဆွဲသည့် စားပွဲရှေ့နံရံမှာ ချိတ်ဆွဲထားသော ပုံကလေးကို ကြည့်သည်။

ကျောင်းမှာတုန်းက ပန်းချီခန်းနံရံကပ် စာစောင်အတွက် သက်ထားက ကဗျာပို့သည်။ ထိုကဗျာကို ကြော့မောင်က သရုပ်ဖော်ပုံ ဆွဲရ၏။ ထိုကဗျာကြောင့်ပင် သူတို့နှစ်ယောက် ချစ်သူများ အဖြစ်သို့ လှမ်းတက်နိုင်ခဲ့လေသည်။ ထို့ကြောင့် ကြော့မောင်က ထိုကဗျာနှင့် သရုပ်ဖော်ပုံကို အမှတ်တရ သိမ်းထားခဲ့သည်။ သူတို့နှစ်ယောက် လက်ထပ်ပြီးနောက် ထိုပုံကို မှန်ဘောင်သွင်းပြီး ချိတ်ထားခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ကြော့မောင် လက်ရာမှာ အလွန်ဝါနုသေးကြောင်း သိသာလှသည်။ သို့ရာတွင် ပန်းချီဆွဲရင်းက ညောင်းလာသည့်အခါမျိုး၊ စိတ်ရှုပ်လာသည့်အခါမျိုးတွင် ထိုပုံကလေးကို တစိမ့်စိမ့်ကြည့်၍ အပန်းဖြေရသည်။ ထိုအခါမျိုးတွင် အင်အားသစ်တွေ တွေ့လာရတတ်၏။

သက်ထား၏ ကဗျာလေးကား.....

ပြတင်းပေါက်မှ
ညညအခါ
သူ လာကြည့်တယ်
အိုကွယ်... သိပ်ရှက်
အနေခက်ပြီ
မျက်လုံးစူးရဲ
သွားဆိုလဲလေ
ဇွတ်ပဲ အတင်း
လမင်းအရောင်
သူဆောင်တယ်။



သက်ထားသည် ကဗျာမရေးတာ ကြာပြီ။ တစ်ခါ တစ်ခါတွင် သက်ထားအရင်က ကဗျာရေးခဲ့ဖူးကြောင်းကိုပင် ကြော့မောင် မေ့မေ့နေတတ်၏။

သူ သက်ထားဘက် လှည့်ကြည့်လိုက်သည်။ သက်ထားသည် ကြမ်းပေါ်တွင်ထိုင်နေရင်း စပါးလုံးရွေးနေသည်။ သူ့ကိုယ်ဝန်မှာ ခြောက်လကျော်ပြီဖြစ်၍ တော်တော်ထွက်နေပြီဖြစ်သည်။ သူ့မှာ ဗိုက်ဖုံးအင်္ကျီများများစားစား မရှိသဖြင့် အိမ်နေရင်းဆိုရင် ရိုးရိုးအင်္ကျီ ခပ်ပွပွသာ ဝတ်လေ့ရှိသည်။ အပွဆုံးအင်္ကျီကို ဝတ်ထားသည့်တိုင် သက်ထားနှင့် ကျပ်နေလေသည်။ အောက်ဆုံးကြယ်သီးနှစ်လုံးကို ဖြုတ်ထားရ၏။ ထိုအင်္ကျီနှင့် သက်ထားကိုကြည့်ရသည်မှာ လုံးဝ ကဗျာမဆန်ချေ။ သို့တည်းမဟုတ် အလွန် ကဗျာဆန်နေသည်။

"ထား..."

ကြော့မောင်က ခေါ်လိုက်သဖြင့် သက်ထားမော့ကြည့်သည်။ ကြော့မောင် သက်ထားနားသို့ လျှောက်သွားပြီး ဘေးမှာ သွားထိုင်သည်။

"ထား ကဗျာ မရေးတာကြာပြီနော်"

သက်ထားသည် ဆန်တွေကို လက်နှင့်ဖွလိုက်သည်။

စပါးတစ်လုံး တွေ့နေသဖြင့် ကြော့မောင်ကို ပြန်မပြောအားသေး။ စပါးလုံးကို ကောက်ပြီးမှ...

"ကိုမောင်က ဘာစိတ်ကူးပေါက်ပြီး မေးတာလဲ"

"သြော်...နံရံမှာ ချိတ်ထားတဲ့ ထားရဲ့ ကဗျာလေးတွေ့လို့ သွားသတိရတာပါ၊ ထား ကဗျာ ပြန်ရေးပါလား၊ မဂ္ဂဇင်းတိုက်တွေ ပို့ကြည့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါ တစ်ခါတော့ ရေးချင်စိတ်ပေါ်သား၊ ဒါပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ် မအားရတော့ ရေးမယ့်စိတ်ကူးလေးတွေ ပျောက်ပျောက်ကုန်တယ်၊ ဒါနဲ့ မရေးဖြစ်တော့တာ၊ ခုချိန်ရေးရင်လည်း ကျောင်းတုန်းက ကဗျာမျိုးထွက်ချင်မှ ထွက်တော့မှာ၊ 'မမြင်ဖူးခင် ချစ်စိတ်ဝင်သည်၊ မိခင်မေတ္တာပါတကား'ဆိုတာမျိုးပဲ ရေးဖြစ်လိမ့်မယ် ထင်တယ်"

ကြော့မောင်က ဆန်တစ်ဆုပ်ကို နှိုက်ယူလိုက်ပြီး...

"တော်သေးတာပေါ့၊ 'ဆန် ဆီ ဆားပင် နေ့တိုင်းမြင်သည်၊ လင်ယူမိတာ မှားသတည်း'ဆိုတာမျိုး မဖြစ်ပေလို့"

သက်ထားက ရယ်၍....

"ကိုမောင်ကလဲ၊ ကဗျာစပ်တတ်သားပဲ၊ ဒါပေမယ့် လောလောဆယ်ဆယ်မှာ ကဗျာစပ်တာ ကိုမောင့်အလုပ် မဟုတ်ဘူး၊ ကိုမောင့်အလုပ်က..."

"သိပါတယ်၊ ပုံဆွဲနေရင်း ညောင်းလည်း ညောင်း၊ ပျင်းလည်း ပျင်းလို့ ထားကို စကားလာပြောတာ"

"ကဲ... သွားဆွဲချည်လေ၊ ထားကြောင့် အလုပ်ပျက်နေပြီ"

ကြော့မောင်က သက်ထားနဖူးကလေးကို နမ်းလိုက်ပြီး အလုပ်စားပွဲရှိရာ ပြန်လာခဲ့သည်။ စုတ်တံတွေကို ရေသန့်သန့်ဖြင့် သေသေချာချာ ဆေးထားပြီးဖြစ်သည်။ ရေကား အကြည်ရေးဆွဲရာတွင် လုံးဝ အညစ်အကြေး မခံသောကြောင့် ဖြစ်သည်။



တကယ်တော့ ကြော့မောင်၏ လက်ရာများမှာ တည်ငြိမ်သော ရေးဟန် လိုနေသေးသည်။ ယနေ့ နာမည်ကြီးနေသော ပန်းချီဆရာများဖြစ်သည့် ကိုစံတိုး၊ ကိုမျိုးညွန့်၊ ကိုဝသုန်၊ ကိုကျော်သောင်း၊ ကိုမောင်မောင်သိုက်၊ ကိုညိုဝင်း၊ ကိုတင်လှဝင်းထင်၊ ကိုမျိုးမြင့် စသည်တို့မှာ သူတို့၏ ကိုယ်ပိုင်ဟန် သီးခြားဆီရှိကြ၏။ ဤသို့ ကိုယ်ပိုင်ရေးဟန်ကို တည်ဆောက်နိုင်သောကြောင့်သာ သူတို့ နာမည်ကြီးနေကြခြင်း ဖြစ်သည်။ ကြော့မောင်သည်လည်း သူ၏ ကိုယ်ပိုင်ဟန်တစ်ခု တည်ဆောက်နိုင်လျှင် နာမည်ကြီးလာမည့် အလားအလာ ရှိလေသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ ဖြစ်သည်။ ခင်မောင်ငြိမ်းသည် ဝင်းမာအား ရုံးမှာ စာရင်းတွေ လုပ်စရာရှိသည်ဟု ပြောပြီး ထွက်လာခဲ့သည်။ အမှန်မှာ ကုန်တိုက်သို့ လာခြင်း ဖြစ်သည်။ သူ လုပ်နေသော ကိစ္စကို ဝင်းမာကြိုက်ချင်မှ ကြိုက်မည်ဖြစ်သောကြောင့် အသိမပေးခဲ့ခြင်း ဖြစ်သည်။

ဒီနေ့ ကုန်တိုက်နှစ်ခုသို့ သွားမည်။ ကုန်တိုက်တို့၏ မူအရ အမှန်တကယ် သုံးစွဲလိုသူများကိုသာ ပစ္စည်း ရောင်းသည်။ တစ်ဆင့် ပြန်ရောင်းစားသူတွေကို လုံးဝ မရောင်းချေ။ သို့ရာတွင် အမှန်တကယ် သုံးစွဲသူနှင့် တစ်ဆင့် ပြန်ရောင်းသူကို မည်သို့ခွဲခြားနိုင်မည်နည်း။ လွတ်လပ်စွာ ဝယ်ယူနိုင်သော နေရာဖြစ်သဖြင့် ငွေပေးပြီး ဝယ်လျှင် ရောင်းရမည်ပင် ဖြစ်သည်။



တစ်ခုတော့ ချွင်းချက်ထားရ၏။ မကြာခဏ ဝင်ပြီး တန်းစီသူတွေ၊ ကုန်တိုက်အနီးအနား တစ်ဝိုက်မှာ အမြဲရှိနေတတ်သူတွေကိုတော့ မျက်မှန်းတန်းမိနေပြီး ဖြစ်သဖြင့် ပစ္စည်းမရောင်းချေ။

ထိုအချက်ကို အလုပ်လုပ်သူတွေကလည်း သိသည်။ ထို့ကြောင့် ကုန်တိုက်တစ်ခုတည်းမှာ ကြာရှည်မနေ။ ကုန်တိုက်တစ်နှင့် နှစ်ကို တစ်လှည့်စီ သွားကြသည်။

ခင်မောင်ငြိမ်းသည် ထိုအလုပ်မျိုး လုပ်စားသူမဟုတ်။ တစ်ပတ်တစ်ခါလောက်သာ အဆင်ပြေသလို လုပ်နေရခြင်းဖြစ်သည်။ အပိုဝင်ငွေကလေး ရရုံလောက် လုပ်နေခြင်းဖြစ်သည်။ ဘာသပြဖြစ်ဖြစ် သူများလုပ်သလို လုပ်တာက အန္တရာယ်ကင်းသည်။ ထို့ကြောင့် ဒီတစ်ပတ် ကုန်တိုက်နှစ်သို့ လာခဲ့ခြင်း ဖြစ်သည်။

ကုန်တိုက်နှစ်ဖွင့်သည်မှာ မကြာသေးချေ။ လျှပ်စစ်လှေကားကိုပင်သူ မစီးကြည့်ဖူးသေး။ သားငါးနှင့် သစ်သီးဝလံအရောင်းခန်းဘက်မှ ဝင်ခဲ့သည်။

ထိုအခန်းကို သူ တော်တော်သဘောကျသည်။ သားငါးများကို မှန်ကာထားသည့် အအေးခန်းများတွင် ထည့်ထားပုံ၊ သစ်သီးများ ခင်းကျင်းထားပုံ၊ အချို့ကို ပလပ်စတစ်ဖြင့် အသင့်ထုပ်ထားပုံတို့မှာ သပ်ရပ်သန့်ရှင်းပြီး အဆင့် အတန်းမြင့်လှသည်။ နိုင်ငံခြားရုပ်ရှင်ကားများတွင် တွေ့ရတတ်သည့် အရောင်း ဆိုင်ကြီးများလို ခေတ်မီလှသည်။

အချို့က အပြင်ဈေးနှုန်းနှင့် သိပ်မကွာလှသဖြင့် ဘာမှုမထူးဟု ထင်ကြသည်။ အမှန်မှာ သေချာစွာ တွက်ကြည့်လျှင် တွက်သားကိုက်သည်။ သန့်ရှင်းလတ်ဆတ်ခြင်း၊ အမျိုးမှန်ပြီး အရည်အသွေးကောင်းခြင်းတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲသူများအဖို့ များစွာအဆင်ပြေသည်။ ပြီးတော့ ဈေးဆစ်စရာမလို။ ပစ္စည်း မစစ်မမှန်မှာ မပူရ။

ဝင်းမှာ ကလေးမွေးပြီးခါစတွင် ခင်မောင်ငြိမ်း ငါးရံ့ခြောက် ဝယ်ဖူးသေးသည်။ သန့်စင်ပြီး နုတ်ထွင်ပြီးသားဖြစ်၍ တွက်ခြေကိုက်သည်။ ဆားပေါ့ပြီး နေရောင်ကောင်းကောင်းရထားသဖြင့် အသားကပွပြီး အရသာရှိသည်။

ဒီတစ်ခါတော့ သူဘာမျှ မဝယ်ဖြစ်။ စားသောက်ကုန်အရောင်းခန်းမဘက်သို့ ဖြတ်ထွက်သည်။ ကောင်တာ အချို့နားတွင် လူများရစ်သီ ရစ်သီ လုပ်ရင်း စနည်းနာနေကြသည်ကို တွေ့ရသည်။

အလယ်ဝင်ပေါက်နား ရောက်လာ၏။ လျှပ်စစ်လှေကားမှ လူအချို့ တက်နေကြသည်။ ရိုးရိုးအအပုံစံရှိသော မိန်းမကြီးတစ်ယောက်သည် လှေကားရင်းမှာ ရပ်နေသည်။ ချီတုံချတုံ ဖြစ်နေဟန်ဖြင့် ရွံ့တွန့်တွန့် ဖြစ်နေ၏။ လုံခြုံရေးဝန်ထမ်းတစ်ယောက်က....

"ထီးကို လှေကားပေါ် မထောက်ပါနဲ့၊ လက်တန်းကို ကိုင်ထားပါ"

ဟု လှမ်းအော်သည်။ ထို့ကြောင့် မိန်းမကြီးသည် ထီးကို ချိုင်းကြားတွင် ကျန်လက်တစ်ဖက်ဖြင့် လက်တန်းကို လှမ်းကိုင်ရင်း လှေကားထစ်ပေါ် မရဲတရဲ ရပ်လိုက်သည်။ အပေါ်သို့ ဇွေ့ကနဲပါသွားသောအခါ ပြုံးပြုံးကြီး ဖြစ်သွား၏။

ခင်မောင်ငြိမ်း ပြုံးလိုက်သည်။ လျှပ်စစ်လှေကားဆိုသည်မှာ ဘာမျှ ထူးဆန်းသည်မဟုတ်။ လှေကားက ရွေ့လျားနေသဖြင့် လူကတက်စရာမလိုခြင်းသာ ရိုးရိုးလှေကားနှင့် ကွာခြားမှုရှိသည်။

သူသည် လှေကားရင်းသို့ ဣန္ဒြေရရလျှောက်သွားသည်။ ထို့နောက် ကြမ်းပြင်နှင့် တစ်ပြေးတည်းဖြစ်နေသော ပထမထစ်အပေါ်သို့ ခပ်တည်တည်



နင်းတက်လိုက်သည်။ လှေကားထစ်က အပေါ်သို့ ထိုးတက်သွားသောအခါ သူ့ကိုယ်က နောက်သို့ယိုင်သွားသည်။ သူသည် ယိုင်သွားသောကိုယ်ကို ထိန်းရန် ခြေတစ်လှမ်း ဆုတ်လိုက်၏။ ထိုအခါ အောက်က လှေကားထစ်သည် သူ့ကိုအပေါ်သို့ ပြန်တွန်းတင်လိုက်သည်။ သူ့ကိုယ်အပေါ်ပိုင်းသည် နောက်သို့ ယိုင်သွားပြန်၏။ ထိုအခါ ခြေတစ်လှမ်းဆုတ်လိုက်ပြန်သည်။ အောက်က လှေကားထစ်က ပြန်တွန်းတင်လိုက်ပြန်သည်။ သို့ဖြင့် သူက နောက်ဆုတ်လိုက်၊ လှေကားက တွန်းတင်လိုက်နှင့်၊ သူသည် အပေါ်သို့လည်း မရောက်၊ အောက်သို့လည်း မရောက်ဘဲ တစ်နေရာတည်းမှာပင် တိုးလို့တန်းလန်း ဖြစ်နေသည်။

တစ်စုံတစ်ယောက်က 'လက်တန်းကို ကိုင်လိုက်လေ'ဟု လှမ်းပြောသဖြင့် ကိုင်လိုက်သည်။ ထိုအခါကျမှ အပေါ်သို့ပါသွားသည်။ လက်တန်းလည်း ရွေ့လျားနေသဖြင့် လူကိုထိန်းပြီး ခေါ်သွားခြင်း ဖြစ်သည်။

အပေါ်ရောက်တော့ သူ ချွေးပျံနေသည်။ ခေတ်ပညာတတ်ဆိုပြီး ကိုယ့်ကိုကိုယ် အထင်ကြီးခဲ့မိသည့်အတွက်လည်း နည်းနည်းရှက်သွား၏။

သည်နေ့ ခြင်ထောင်ဈာနှင့် ပုဆိုးတွဲပေးသည်။ ခင်မောင်ငြိမ်းသည် စောစောရောက်သွားသဖြင့် စောစောပင် ရလာခဲ့သည်။ ပြီးတော့ အစဦးပိုင်းဖြစ်သဖြင့် လူကြိုက်များသော အဝါရောင်ခြင်ထောင်ဈာ ရလာသည်။

အောက်သို့ပြန်အဆင်းတွင် ရိုးရိုးလှေကားမှပင် ဆင်းလာသည်။ လျှပ်စစ်လှေကားက အဆင်းအတွက် မရှိသောကြောင့် ဖြစ်၏။ ထွက်ပေါက်မှ ထွက်ပြီး ဆင်ဝင်အောက် ခပ်လှမ်းလှမ်းအရောက်တွင် 'ရောင်းမလား'ဆိုသော အသံကြားရသည်။ ပစ္စည်းဟောက်သူ တစ်ဦး။

"ဘယ်လောက် ပေးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုက် တစ်ဆယ်မတ်တင်း"

ခင်မောင်ငြိမ်း ခေါင်းခါပြီး ထွက်ခဲ့သည်။ အရွယ်ကောင်းအမျိုးသမီး တစ်ယောက် ဆောမှကပ်လိုက်လာသည်။ ဝတ်စားထားပုံက သားသားနားနား၊ ပခုံးသိုင်း သားရေအိတ် မလွယ်ဘဲ ဂျင်းလွယ်အိတ် လွယ်ထားခြင်း တစ်ခုသာ ပြောစရာရှိ၏။

"တစ်ဆယ်တိ ပေးမယ်"

"ပုဆိုးရော"

"နှစ်ကျပ်လျှော့"

"ကျွန်တော့်အဆင်က ကောင်းတယ်၊ အရင်းတိုင်းပေး"

"တစ်ကျပ်လျှော့လိုက်"

အရောင်းအဝယ်ဖြစ်သွားသည်။ အမျိုးသမီးသည် အစကတည်းက တွက်ချက်ပြီး အဆင်သင့်လုပ်ထားဟန်တူသည်။ လက်ထဲမှ အသင့်ဆုပ်ကိုင်ထားသော ငွေစက္ကူများကို မရေတွက်တော့ဘဲ ခင်မောင်ငြိမ်းလက်ထဲ ထည့်လိုက်သည်။ ခင်မောင်ငြိမ်းက ပစ္စည်းလှမ်းပေးသည်။ ထိုအချိန်တွင်....

"ဒီနားမှာ မရောင်းနဲ့ဆိုတာ ပြောလို့မရဘူးလား"

အောင်မြင်ကျယ်လောင်စူးရှသော အသံတစ်ခု ထွက်လာသည်။ အပေါက်ဝမှ လုံခြုံရေးဝန်ထမ်းတစ်ဦးက လှမ်းအော်လိုက်ခြင်း ဖြစ်သည်။ ဟုမ်းမား၏ အီလိယတ်မဟာ ကဗျာထဲမှ လူငါးဆယ်နှင့် ညီမျှသော အသံဖြင့် ကျယ်လောင်စွာ အော်နိုင်သော ခေါမမစ်သည် 'စတင်တာ'လို ပုဂ္ဂိုလ်မျိုးကိုများ တမင်ရွေးခန့်ထားလေသလား မသိ။

ထိုသူ၏ အသံကို ကြားသောအခါ အမျိုးသမီးမှာ ဆတ်ကနဲတုန်သွားသည်။ ခင်မောင်ငြိမ်းကား တစ်ကိုယ်လုံး ရှိန်းကနဲ ဖိန်းကနဲ ဖြစ်သွား၏။



သူ တော်တော်ရက်သွားသည်။

☆☆☆

"ခင်မောင်ငြိမ်း၊ နင်... ဘယ်က ပြန်လာတာလဲ"

ခင်မောင်ငြိမ်းသည် ဒီနေ့ဆယ့်နှစ်ကျပ်လောက် ရလာသဖြင့် လေကလေးဟစ်ချွန်ချွန်နှင့် ပြန်လာသည်။ အိမ်ပေါ်တက်လျှင်ပင် ဝင်းမာက ဆီးမေးလိုက်ခြင်းဖြစ်သည်။

"ရုံးကလေ၊ ရုံးက ...."

ခင်မောင်ငြိမ်းသည် ဝင်းမာကိုမကြည့်ဘဲ ခပ်မြှုံးမြှုံးဖြေပြီး အိပ်ခန်းထဲဝင်ခဲ့သည်။ ပုဆိုးစုတ်ကလေး လဲသည်။ စွပ်ကျယ်ပင် မဝတ်တော့ဘဲ အပေါ်ပိုင်းဗလာဖြင့် နောက်ဖေးဘက် ထွက်ခဲ့ပြန်သည်။ ရေနစ်ခွက် ဆင့်သောက်သည်။ ရေပုံး၊ ကြိုးနှင့်လက်ဆွဲသံပုံးတို့ကို ယူပြီး အိမ်ရှေ့ထွက်ခဲ့သည်။

သူသည် ဝင်းမာကို သေသေချာချာ မကြည့်မိသေးသဖြင့် ဝင်းမာ၏ မျက်နှာထား မကြည်မသာ ဖြစ်နေသည်ကို သတိမထားမိသေး။ သူ့အရှိန်နှင့်သူ သီချင်းကလေးညည်းပြီး ထွက်လာသည်။

ဝင်းမာက ကလေးပုခက်လွှဲနေသည်။ ကလေးက မအိပ်သေး။ မျက်လုံးကလေးပြူးပြီး ယက်ကန် ယက်ကန်လုပ်နေသည်။ ခင်မောင်ငြိမ်းသည် 'သားလေးက အိပ်တော့မလို့လား' 'ဟေး ဟေး'ဆိုပြီး ကလေးကို ကလူကျီဆယ်လိုက်သည်။

"ခင်မောင်ငြိမ်း..."

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမာက သံပြတ်ဖြင့် ခေါ်လိုက်၏။ ထိုအခါကျမှ ဝင်းမာ၏ မျက်နှာလေးကို ခင်မောင်ငြိမ်း သတိပြုမိသည်။ ဘာကြောင့်များလဲဟု ခင်မောင်ငြိမ်း သွေးမနေတော့။

"ဘာလဲဟ"

ဟုရှုသာ စပ်ဖြဲဖြဲ ပြန်ထူးလိုက်သည်။

"ဘယ်သွားတာလဲ၊ ဘယ်က ပြန်လာတာလဲလို့ ငါမေးနေတယ်လေ"

"ဟ… ပြောပြီးပါပကော၊ ရုံးက လာတာပါလို့"

"နင် ငါ့ကို မညာနဲ့နော်"

"အို…ဘယ်တုန်းက ညာဖူးလို့လဲ"

"ရုံးကလည်း အပတ်တိုင်းလိုလို သွားနေရတာပဲလား"

"အင်း ဟုတ်တယ်၊ နောက်နှစ်လလောက်ထိတော့ သွားနေရမှာပဲ၊ ဘဏ်မှာက နှစ်ချုပ်စာရင်းတွေ သိပ်အရေးကြီးနေတယ်လေ"

ခင်မောင်ငြိမ်းက ခပ်တည်တည် လိမ်နေ၏။ ဝင်းမာက ယုံကြည်သွားပုံမရ။ ခင်မောင်ငြိမ်းမျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး…

"တစ်ခြား ဘယ်ကို သွားသေးလဲ"

ခင်မောင်ငြိမ်း တစ်ချက်တွေသွားသည်။ ဝင်းမာသည် သူ့အကြောင်းတွေ သိများနေပြီလား။ တစ်ယောက်ယောက်ကများ ကုန်တိုက်မှာ သူ့ကို တွေ့ခဲ့သဖြင့် ဝင်းမာကို ပြောပြလိုက်လေသလား။

"ပြည်… ပင်းမာရယ်၊ နင်က ငါ့ကိုမယုံဘူးပေါ့၊ ကဲ… ကဲ ဒါဆိုလည်း ပြောရတာပေါ့၊ ငါ တခြားကောင်မလေးတစ်ယောက်နဲ့ ချိန်းတွေ့နေတာ၊ ရှင်းပြီလား"



ဟု ရယ်သွမ်းသွေး ပစ်လိုက်သည်။ သို့ရာတွင် ဝင်းမာက…

"လုပ်မနေနဲ့၊ နင့်လိုကောင်ကို ဘယ်ကောင်မကမှ မကြိုက်ဘူး"

"ဒါဆို နင့်အတွက် စိတ်ချရတာပေါ့ဟာ၊ ပြီးတော့…."

"နင် ကုန်တိုက်မှာ ဘာသွားလုပ်တာလဲ"

ဝင်းမာက ဖြတ်မေးလိုက်၏။ ခင်မောင်ငြိမ်း ရုတ်တရက် အငိုက်မိသွားပြီး ဝန်ခံလိုက်တော့မလိုပင် ဖြစ်သွားသည်။ တစ်စုံတစ်ခုကို ဖြတ်ကနဲ သတိရသဖြင့်….

"ဟာ… ဟုတ်သားပဲ၊ မေ့နေလိုက်တာ"

ဆိုပြီး အိပ်ခန်းထဲသို့ လှစ်ကနဲ ဝင်ပြေးသွားပြန်သည်။

"ရော့… ရော့၊ အဲဒါ သွားဝယ်တာလေ၊ နာနတ်ယို၊ နှစ်ကျပ်ဆယ်ပြားတဲ့"

အထုပ်ကို ဝင်းမာလက်ထဲ ထိုးထည့်ပေးလိုက်ရင်း အကဲစမ်းလိုက်၏။ ဝင်းမာက….

"ကုန်တိုက်ရောက်တာ သားရေစာတွေ ဘာလို့ ဝယ်လာရတာလဲ၊ အပိုကုန်တယ်၊ ကြက်ဥလေး ဘာလေး၊ ဝယ်ခဲ့ရောပေါ့"

ခင်မောင်ငြိမ်း စိတ်အေးသွားသည်။ ဝင်းမာသည် သူ့အကြောင်း သေသေချာချာ မသိသေး။ တစ်ယောက်ယောက်က သူကုန်တိုက်ထဲ ဝင်သွားတာလောက်သာ မြင်သွားပြီး ဝင်းမာကို ပြန်ပြောခြင်း ဖြစ်မည်။ လိမ့်လက်စနှင့်…

"စားစေချင်လို့ပေါ့ ဝင်းမာရယ်၊ နင်က နာနတ်ယိုကြိုက်တယ်ဆို၊ ဒါကြောင့် တကူးတကန့်တောင် သွားဝယ်လာရတာ၊ ဒါကို နင်က အပြစ်တင်တော့"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်းသည် စိတ်မကောင်းဟန်ဖြင့် စကားကို မဆက်ဘဲ နေလိုက်သည်။ သူ့ အိုက်တင်က အောင်မြင်သည်။

"အပြစ်ပြောတာ မဟုတ်ဘူးဟဲ့၊ လကုန်ခါနီး ရက်ကြီး ပိုက်ဆံက လည်း သိပ်မရှိဘဲ ဝယ်လာလို့ပြောတာ"

ဝင်းမာ၏ လေသံက သိသိသာသာလျော့ကျသွားပြီး ခင်မောင်ငြိမ်းသည် သူ၏ လုပ်စာတ်ကို ပီပြင်အောင် ဆက်ပြောလိုက်ပြန်၏။

"ဒီနေ့ ရုံးက ဒူးယားဗူး ပေးတယ်လေ၊ အဲဒါ ပြန်ရောင်းလိုက်တာ တစ်ဆယ်ငါးမူးမြတ်တယ်၊ ရုပ်အင်္ကျီအိတ်ထဲမှာ ပိုက်ဆံရှစ်ကျပ် ရှိတယ်၊ ယူထားလိုက်"

ဝင်းမာ၏ ပါးတစ်ချက်ကို လိမ်ဆွဲလိုက်သည်။

"ဟင်း.... လက်က ချွေးတွေနဲ့"

"အံမယ်... နင့်ပါးလည်း ချွေးတွေနဲ့ပါပဲ"

ခင်မောင်ငြိမ်းသည် ရေပုံးတွေ ကောက်ဆွဲပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ သူသည် ဝင်းမာကို ကောင်းကောင်းလိမ့်နိုင်ခဲ့သဖြင့် ဝမ်းသာနေသည်။ ဘယ်ရမလဲ၊ ဟိုနေ့ကပဲ မောင်မိုးသူ မြန်မာပြန်တဲ့ ကင်ဖောလေးရဲ့ စာအုပ် ဖတ်ထားတာဟု တွေးရင်း ရေတွင်းဆီသို့ လာခဲ့၏။

☆☆☆



ကြော့မောင်၏ မျက်နှာဖုံးပုံကို ရှမဝက မသုံးဖြစ်ချေ။ ထို့ကြောင့် သူ့ပုံကို ပြန်ယူ၊ အတွင်းပုံအတွက် အပ်လိုက်သော စာမူကို ယူပြီး ပြန်ထွက်လာခဲ့သည်။ သူနှင့်အတူ ပန်းချီကိုမျိုးမြင့်ပါ ပြန်လိုက်လာသည်။ ကိုမျိုးမြင့်ကလည်း အပ်ထားသော ပုံတွေလာပို့ရင်း ရှမဝကို ရောက်နေခြင်း ဖြစ်သည်။

မီးရထားခုံးတံတားကို ကျော်လာပြီးနောက် ဗိုလ်ချုပ်ဈေးထဲ ရောက်လာသည်။ အရှေ့တန်းဘက်က ဖြတ်လျှောက်ခဲ့ကြ၏။

"ကျွန်တော် တင်လိုက်တဲ့ အဖုံးပုံကို တွေ့လိုက်သေးလား"

ကြော့မောင်က မေးရာ ကိုမျိုးမြင့်က ခေါင်းညိတ်ပြသည်။

"ဘယ်လို သဘောရသလဲ"

"အိုင်ဒီယာက ကောင်းပါတယ်"

"ဘာလိုနေလို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမြင့်က ချက်ချင်းမပြောသေး။ စကားလုံးရွေးနေဟန် တူသည်။ မိုလ်ချုပ်လမ်းအရောက်တွင် ကားမရှင်းသေးသဖြင့် မျဉ်းကြားထိပ်မှာ ခဏစောင့်ရသည်။ ယာဉ်ထိန်းရဲမေက ကားများကို တားလိုက်တော့မှ ဖြတ်ကူးခဲ့ကြသည်။ တစ်ဖက် ပလက်ဖောင်းပေါ် တက်မိကြသောအခါ ကိုမျိုးမြင့်က..

"အရောင်တွေက...."

ဆိုပြီး စကားဖြတ်ထားပြန်သည်။

"ပြောသာပြောပါ၊ ကျွန်တော် ဘာတွေလိုသေးတယ်ဆိုတာ သိရမှ ပြင်လို့ရမှာပေါ့"

ကြော့မောင်က ပြောရန် တိုက်တွန်းလိုက်၏။

"ဒီလိုကွာ၊ ဆရာလုပ်တယ်လို့တော့ မထင်နဲ့၊ ငါတို့ဆီမှာ ပုံနှိပ်လုပ်ငန်းက သိပ်တိုးတက်သေးတာ မဟုတ်ဘူးကွ၊ ဝါ နီ ပြာ နက်ဆိုပြီး ဖလင်လေးချပ်လောက် ခွဲ၊ လေးရောင်လောက်ပဲ ရိုက်နိုင်တာ၊ ပုံနှိပ်မင်ဆိုလည်း တစ်ရောင်မှာ အလွန်ဆုံး နှစ်မျိုး သုံးမျိုးလောက်သာ မှုကွဲရှိတာ၊ ဒီတော့ အရောင်ပေးတာလည်း ကြည့်ပေးရတယ်၊ ပုံနှိပ်ပြီးတဲ့အခါမှာလည်း ကိုယ်ပေးတဲ့အရောင်အတိုင်း ထွက်ချင်မှ ထွက်မှာကွ၊ ပုံနှိပ်စက်တွေကလည်း မူရင်းပုံက အရောင်ထက် ရင့်သွားတဲ့၊ ပျော့သွားတဲ့စက်ဆိုပြီး ရှိသေးတယ်၊ နောက်ဆို ပုံဆွဲတဲ့အခါ ဘယ်စက်မှာရိုက်မှာလဲ၊ ကာလာ ဘယ်သူခွဲမှာလဲလို့ မေးပြီးမှ ဆွဲရမလိုဖြစ်နေပြီ၊ မင်း ပုံထဲမှာ ပဝါကို ရေးရေးမှုန်မှုန်ကလေး ဆွဲထားတယ်နော်၊ တစ်ချို့စက်ကျတော့ လုံးဝပျောက်သွားလိမ့်မယ်၊ ပြီးတော့ မင်းပုံထဲမှာ အာထရာမရင်းကို ဖောက်ထည့်ထားတယ်နော်၊ စက်တင်လိုက်ရင် အဲဒီ အရောင်ထွက်မှာမဟုတ်ဘူး၊ ကြောင်ထွက်လာလိမ့်မယ်"



ကြော့မောင်သည် ခေါင်းတညိတ်ညိတ် နားထောင်ရင်း...

"ခင်ဗျားပြောမှပဲ အဲဒါတွေ သိတော့တယ်၊ မူရင်းပုံစံတွေနဲ့ ရိုက်ပြီးသားကို ယှဉ်ကြည့်ရင် ပိုနားလည်မှာပဲ"

"ငါ့ဆီမှာ လာကြည့်လေ၊ စုထားတာတွေ ရှိတယ်"

"ကျွန်တော် လာခဲ့ဦးမယ်ဗျာ၊ ပြီးတော့ ပြောပါဦး၊ ကျွန်တော့်မှာ ဘာလိုသေးလဲ"

ကိုမျိုးမြင့်က ခဏဆိုသည့်သဘော လက်ကာပြပြီး လမ်းဘေးကွမ်းယာဆိုင်မှာ ဒူးယားနှစ်လိပ်ဝယ်သည်။ ကြော့မောင်ကို တစ်လိပ်ပေး၏။ ဆေးလိပ်မီးညှိ၊ သုံးလေးဖွာ ဖွာကြပြီးမှ....

"ပန်းချီမှာ ဟန်ဆိုတာ လိုသေးတယ်၊ ရှင်းရှင်းပြောရရင် ကိုယ်ပိုင်ဟန်ပေါ့ကွာ၊ ပုံတစ်ပုံဟာ ဘယ်သူဆွဲတယ်ဆိုတာ ထိုးထားတဲ့လက်မှတ်ကို ကြည့်စရာမလိုဘူး၊ ရေးဟန်ကို ကြည့်လိုက်တာနဲ့ တန်းသိရမယ်၊ ကိုယ်ပိုင်ရေးဟန်ရှိမှလည်း သူများတွေနဲ့ ကွဲပြားမှာပေါ့၊ ဒါမှလည်း အောင်မြင်မှာပေါ့၊ မင်းတို့ထဲက ပိုပိုဆိုရင်ကြည့်၊ သူ့ လက်ရာလေးတွေက ထူးခြားတယ်၊ သူများကို မတုဘူး၊ သီးခြားဟန်ရှိလို့ သူ့ကို လူသိများစ ပြုလာပြီ မဟုတ်လား"

"ကျွန်တော်လည်း ကြိုးစားပါ့မယ်ဗျာ"

"ရွှေစိုးဟန်ဆိုလည်း ဦးလေး ဗဂျီအောင်စိုးမိုးအိမ်မှာနေပြီး ပညာသင်ခဲ့တာ၊ ဒါပေမယ့် ဦးလေးအောင်စိုးဟန်ရဲ့ဟန်ကို ပုံတူမကူးဘူး၊ သူ့ပုံစံနဲ့သူ ထွက်လာတာပဲ မဟုတ်လား"

"စကားစပ်မိလို့ သွားစဉ်းစားမိတယ်၊ ဦးလေးအောင်စိုးလို လူမျိုးကတော့ တကယ်ရှားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်ပြောပါလိမ့်ကွာ၊ ဦးအောင်စိုးလို လူမျိုးကလည်း မပေါ်ဖူးသေးဘူး၊ နောက်လည်း ပေါ်လာဖို့ မလွယ်ဘူး၊ မင်း စဉ်းစားကြည့်လေ၊ ဦးလေးရဲ့ လက်ရာတွေက အရှေ့တိုင်းဟန် အပြည့်ပဲ၊ ပြည်တွင်း ပြည်ပက ဘယ်ပန်းချီဆရာကိုမှ တုပထားတာ မဟုတ်ဘူး၊ သူ့တစ်ဦးတည်း မူပိုင်ပဲ၊ သူက ဘယ်သူ့ကိုမှ မတုသလို ဘယ်သူကမှလည်း သူ့ကို မတုပနိုင်ဘူး၊ ခုထိ ဦးလေးနေရာကို အပြည့်အဝ ဆက်ခံနိုင်မယ့်သူ မပေါ်သေးတာ အမှန်ပဲကွ"

"လူငယ်တွေက ကြိုးစားရမှာပေါ့လေ၊ ဦးလေးကလည်း သူသာ တတ်တယ်၊ သူသာ တော်တယ်လို့ ဘယ်တော့မှ မပြောပါဘူး၊ လူငယ်တွေကို အမြဲချီးကျူးနေကျ မဟုတ်လား"

စကားတပြောပြော လျှောက်လာခဲ့ကြရာ ပြည်သူ့မုန့်ဆိုင်ဆင်ဝင်အောက်သို့ ရောက်လာသည်။ ကိုမျိုးမြင့်က 'ပေဖူးလွှာ လိုက်ဦးမလား'ဟု မေးသည်။ ကြော့မောင်က 'မနေ့ကပဲ ရောက်ပြီးပြီ'ဟု ပြန်ပြောသည်။

ဆူးလေဘုရားလမ်းထောင့်သို့ရောက်သောအခါ လမ်းခွဲလိုက်သည်။ ကိုမျိုးမြင့်က သုံးဆယ့်သုံးလမ်းဘက် ဆက်သွားသည်။ ကြော့မောင်က ညာဘက်ချိုးပြီး ဆူးလေဘုရားလမ်းအတိုင်း လျှောက်လာခဲ့၏။

ကိုမျိုးမြင့်ပြောသော စကားများကို စဉ်းစားလာခဲ့သည်။ သူ ပြောတာ မှန်သည်။ ကိုယ်ပိုင်ရေးဟန်ရှိမှ ပရိသတ်က ကွဲကွဲပြားပြား မြင်လာမည်။ မျက်မှန်းတန်းမိလာမည်။ သို့မှသာ အောင်မြင်နိုင်ပေမည်။

လောလောဆယ်မှာတော့ သူ့အခြေအနေက သိပ်မကောင်းသေး။ မဂ္ဂဇင်းတိုက်ပေါင်းစုံသို့ ခြေတိုအောင် လျှောက်သွားရင်း ပုံအပ်ဖို့တောင်းရသည့် အဆင့်မှာပင်ရှိသေးသည်။ သူ့လက်ရာမှာ မဆိုးလှသဖြင့် မဂ္ဂဇင်းတိုက်



အချို့က တစ်လခြားလောက်တော့ ပုံအပ်ကြပါသည်။ မက်လောက်စရာကား မရှိသေး။ အရောင်ပြည့် ရေးဆွဲခွင့်ကတော့ သုံးလေးလမှ တစ်ခါလောက်သာ ကြုံတတ်သည်။

ဤသို့သော အဆင့်မှာရှိသေးသူက ရှုမဝလို မဂ္ဂဇင်းကြီးမှာ မျက်နှာဖုံးဆွဲဖို့ ကြံစည်လိုက်သည်မှာ ရယ်စရာကောင်းနေမလား မသိ။

တကယ်တော့ သူတို့ စာနယ်ဇင်း ပန်းချီဆရာလောကတွင် မျက်နှာဖုံးဆွဲသူတွေကလည်း အရည်အချင်းရှိသူတွေချည်း။ စာရေးဆရာဆိုသူ အချို့ကဲ့သို့ သူများကိုရေးခိုင်းပြီး အမည်ခံရုံသက်သက် လုပ်လို့လည်း ဖြစ်နိုင်သည် မဟုတ်ချေ။ သူ့အနေဖြင့် ဝင်တိုးဖို့ တော်တော်အချိန်ယူ ကြိုးစားရပေဦးမည်။

ရုပ်ရှင်ရုံများကလည်း လွန်လာသည်။ အကျီအရောင်းဆိုင်တွေ၊ နိုင်ငံခြားပစ္စည်း အတိုအထွာရောင်းသော နံရံကပ်ဆိုင်တွေကို ကျော်ဖြတ်လာပြီးနောက် ပန်းခြံကလေးနား ရောက်ရှိလာ၏။

လမ်းဆုံမီးပွိုင့်နားတစ်ဝိုက်တွင် ထီဆိုင်တွေ ရှိတတ်သည်။ ထီဖွင့်နေနေပြီဖြစ်၍ တစ်စောင် တစ်ကျပ်ခွဲလောက်သာ ပေးရမည်။ ထီတစ်စောင်လောက်တော့ ထိုးဦးမှပဲဟု စိတ်ကူးမိသည်။

လမ်းတစ်ဖက်သို့ကူးပြီး ထီဆိုင်အုပ်စုရှိရာသို့ လျှောက်လာသည်။ အလွယ်တကူထမ်းယူရွှေ့ပြောင်းနိုင်သော ထီဆိုင်တစ်ဆိုင်တွင် သူ့ထက်အရင် ဦးအောင်ရောက်နေသူ တစ်ယောက်သည် ထီလက်မှတ်များရွေးနေသည်ကို ကြော့မောင် မြင်လိုက်ရသည်။

ခင်မောင်ငြိမ်း ဖြစ်၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



စိန်ထွန်းက အေးဇော်တို့ရုံးနှင့် ခင်မောင်ငြိမ်း အလုပ်လုပ်သည့် ဘဏ်တိုက်သို့ ဖုန်းဆက်သည်။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်တာ ကြာပြီ၊ စနေနေ့ဆုံရအောင်ဟု ပြောသည်။ ခင်မောင်ငြိမ်းက ကြော့မောင်ကိုပါ သွားမှာထားသဖြင့် စနေနေ့ညနေပိုင်းဆုံဖြစ်ကြခြင်း ဖြစ်သည်။

အေးဇော်တို့လမ်းထဲက စွယ်တော်ရိပ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြခြင်းဖြစ်သည်။ စွယ်တော်သုံးပင် ဖိုခနောက်ဆိုင်အုပ်မိုးနေသော နေရာတွင် စားပွဲပုကလေးတွေ ခင်းပြီး ဆိုင်ဖွင့်ထားခြင်း ဖြစ်သည်။ အေးအေးဆေးဆေး စကားထိုင်ပြောလို့ အလွန်ကောင်းသောနေရာ ဖြစ်သည်။

သူတို့ကျောင်းသားဘဝတုန်းက အဆောင်ကျောင်းသားများ ဖြစ်ကြသော ကြော့မောင်နှင့် ခင်မောင်ငြိမ်းတို့သည် အေးဇော်တို့အိမ်မှာ မကြာခဏ လာအိပ်တတ်ကြသည်။ ထိုစဉ်ကလည်း ဒီဆိုင်မှာ လာလာထိုင်ကြ၏။

ခင်မောင်ငြိမ်း အိမ်ထောင်ကျသောအခါ အေးဇော်တို့နှင့် နီးနီးနားနား နေချင်သည်။ သို့ရာတွင် အေးဇော်တို့ရပ်ကွက်မှ အိမ်ခန်းများက ဈေးကြီးသည်။ ထို့ကြောင့် သိပ်နီးနီးတော့ မရ။ သိပ်မဝေးလွန်းသော စုနေသည့် နေရာတွင် ရရှိခြင်းဖြစ်သည်။ တစ်မြို့နယ်တည်းဖြစ်၍ အဆက်အသွယ်တော့ မပြတ်။ ကြော့မောင်နှင့် သက်ထားတို့ လက်ထပ်ပြီးသောအခါတွင်လည်း ခင်မောင်ငြိမ်းတို့နားမှာပင် ငှားနေသည်။

အိမ်ထောင်ကျပြီးခါစတွင် တစ်ပတ်တစ်ခါလောက် ဆုံမြဲဖြစ်သည်။ စနေနေ့ညလိုမျိုးတွင် သူငယ်ချင်းလေးယောက် မပျက်မကွက်ဆုံပြီး ဒီဆိုင်မှာ ကိုးနာရီ ဆယ်နာရီထိထိုင်ပြီး ထွေရာလေးပါး စကားပြောကြသည်။

ခုနောက်ပိုင်း သိပ်မဆုံဖြစ်ကြချေ။ ကြော့မောင်နှင့် ခင်မောင်ငြိမ်းတို့ကတော့ အိမ်နီးချင်းဖြစ်သဖြင့် မကြာခဏဆုံဖြစ်သည်။ အေးဇော်နှင့် တစ်ခါ



တစ်ရံမှ ဆုံသည်။ စိန်ထွန်းပါ လေးယောက်ဆုံဖို့ကား တစ်လတစ်ကြိမ်လောက်တောင် မဖြစ်တော့။

"ငါတို့ သူငယ်ချင်းတွေလည်း အိမ်ထောင်တွေကျ၊ ကလေးတွေရနဲ့၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ရှုတ်နေကြလို့ မဆုံဖြစ်ကြတာ ကြာပြီ၊ ဒီဆိုင်မထိုင်ဖြစ်တာတောင် နှစ်လသုံးလလောက် ရှိပြီလားမသိဘူး၊ ဒါနဲ့ ငါလည်း အေးအေးဆေးဆေး စကားလေး ဘာလေးပြောရအောင်ဆိုပြီး ချိန်းလိုက်တာပဲ၊ မင်းတို့ အချိန်ရကြတယ် မဟုတ်လား"

ခင်မောင်ငြိမ်းက တစ်စုံတစ်ခု ဝင်ပြောမည်ပြုရာ စိန်ထွန်းကပင်...

"ညဉ့်မနက်ပါဘူးကွာ၊ ရှစ်နာရီလောက် ပြန်ကြတာပေါ့"

"တစ်ခြားဟာတော့ အရေးမကြီးပါဘူးကွာ၊ သားက နုတလော တစ်ခါတစ်ခါ လေထ ထနေလို့၊ ဒီနေ့တော့ မဖြစ်ဘူး ထင်ရတာပဲ"

ခင်မောင်ငြိမ်းက ပြောသည်။ အေးဇော်က...

"တစ်ရက် တစ်လေပဲကွာ"

"အေးကွာ၊ တစ်ခါတစ်လေ အိမ်အကြောင်းမေ့ထားပြီး လူပျိုဘဝလို ပြန်နေကြည့်ရတာပေါ့"

ကြော့မောင်က ဘာမျှဝင်မပြောသေးဘဲ အုပ်ဆိုင်းနေသော စွယ်တော်ပင်ကြီးကို မော့ကြည့်နေသည်။

"သူငယ်ချင်းတို့၊ ငါ ကြိုကြိုတင်တင် ပြောထားမယ်နော်၊ ဒီနေ့ မင်းတို့ကို ငါ လက်ဖက်ရည်တိုက်မယ်၊ မုန့်ပါ စားကြ၊ ငါရှင်းမယ်"

စိန်ထွန်းက ကြော်ငြာလိုက်သည်။ မည်သူမျှ မကန့်ကွက်ကြ။ အေးဇော်ကမူ...

www.burmeseclassic.com

www.burmeseclassic.com



"ဒွေးယားကော ကွာ"

"သောက်ကွာ"

ခင်မောင်ငြိမ်းသည် ကြောမောင်ပခုံးကို လှမ်းပုတ်ပြီး...

"ဒီကောင်တွေ ရောက်လာတာနဲ့ အတော်ပဲကွ၊ ကြောမောင်၊ ငါတို့ တိုင်ပင်ထားတာလေ"

ကြောမောင်က သတိမရသလို ဖြစ်နေသည်။ ခင်မောင်ငြိမ်းက သတိမပေးတော့ဘဲ...

"ကဲ... လက်ဖက်ရည်တိုက်တာ နောက်ထားပြီး အေးဇော်နဲ့ စိန်ထွန်း တစ်ယောက် တစ်ကျပ်ခွဲစီပေးကြ"

"ဘာလုပ်ဖို့လဲ"

"ဘာပဲလုပ်လုပ်ကွာ၊ ပေးစမ်းပါ"

"ဟာကွာ၊ ခင်မောင်ငြိမ်း၊ မင်းအဖြစ်က တော်တော်ဆိုးနေပြီလား၊ ဝင်းမာကို တစ်ကျပ်ခွဲနဲ့ ပေါင်တော့မလို့လား"

အေးဇော်က ပြောလိုက်ရာ စိန်ထွန်းကလည်း...

"ဝင်းမာတော့ အပေါင်မခံပါရစေနဲ့ကွာ၊ လက်သံပြောင်လွန်းလို့ ကြောက်ပါတယ်"

"ဟာ မင်းတို့ နမတွေသာ ပေါင်ကြ၊ ငါပြောတာက တစ်ခြား မဟုတ်ဘူး၊ ဟိုတစ်နေ့က မြို့ထဲမှာ ကြောမောင်နဲ့ငါဆုံတယ်၊ အဲဒါ စိတ်ကူးတစ်ခုရလို့ ငါတို့လေးယောက် ထီစုထိုးရအောင်"

"အေး...ကောင်းသားပဲ"

ဟု အေးဇော်က ပြောသည်။ စိန်ထွန်းကမူ...

"ငါ ထီထိုးတာ ဝါသနာ မပါဘူး"



"မပါလို့ မရဘူး ဟေ့ကောင်၊ ထီတစ်စောင် တစ်ကျပ်ခွဲနဲ့ လေးယောက်အတွက် လေးစောင်ဝယ်ထားပြီးပြီ၊ မင်းတို့ နှစ်ယောက် ကျန်သေးတယ်၊ အခုပေး"

"ဒီနေ့လောက်ဆို ထီတစ်စောင် ငါးမတ်လောက် ဖြစ်နေပြီ၊ ငါးမတ်ပဲ ပေးမယ်ကွာ"

"မလိုချင်ဘူး၊ တစ်ကျပ်ခွဲပဲ၊ ငါက မင်းတို့ကို သနားလို့ စေတနာနဲ့ ပြောတာ"

"အံမယ်...သနားလို့တဲ့"

"ဟုတ်တယ်လေ၊ အဲဒီနေ့က ကြောမောင်နဲ့ ငါနဲ့ထီဆိုင်မှာ ဆုံကြတာ၊ ကိုယ့်အတွက်ပဲ ကိုယ်ထိုးကြမလို့၊ နောက်မှ တစ်ခုသွားစဉ်းစားမိတာနဲ့"

"ဘာ စဉ်းစားမိတာလဲ"

"ဒီလိုလေ၊ ငါတို့က ထီထိုးလိုက်လို့ ပေါက်ကရော၊ အဲဒီတော့ ငါတို့နှစ်ယောက်က အခြေအနေတွေ ကောင်းပြီး ပြောင်ပြောင်ရောင်ရောင်ဖြစ်နေတဲ့အချိန်မှာ မင်းတို့နှစ်ကောင်က ချို့ချို့တဲ့တဲ့ဖြစ်နေမှာကို မကြည့်ရက်လို့၊ ထီပေါက်ရင်လည်း သူငယ်ချင်းတွေအားလုံး ရကြပါစေဆိုတဲ့ စေတနာနဲ့ မင်းတို့အတွက်ပါ ထိုးလာတာ၊ ပေး... တစ်ကျပ်ခွဲစီ"

"ပေးလိုက်စမ်းပါ စိန်ထွန်းရာ"

အေးဇော်က ပြောပြောဆိုဆို အိတ်ထဲက ပိုက်ဆံတွေ ထုတ်သည်။ ကျပ်တန်တစ်ရွက်ယူပြီး အကြွေတွေ ရေတွက်ကြည့်နေ၏။ စိန်ထွန်းက အကြွေမရှိဘူးဆိုပြီး ကျပ်တန်နှစ်ရွက်ပေးသည်။ အေးဇော်က...

www.burmeseclassic.com

www.burmeseclassic.com



"အကြွေမပြည့်ဘူးဟေ့၊ ပြားလေးဆယ်ပဲ ရှိတယ်၊ ဆယ်ပြား မင်းစိုက်လိုက်"

"ငါစိုက်စရာမလိုပါဘူး၊ စိန်ထွန်းကို ပိုက်ဆံအမ်းပေးရဦးမှာ၊ အဲဒီ ပြားလေးဆယ် ဒီကောင့်ပေးလိုက်"

စိန်ထွန်းက အေးဖော်ပေးသော အကြွေပြားလေးဆယ်ကို စားပွဲပေါ်မှာ အထပ်လိုက်တင်ထားပြီး...

"ကဲ... ထီပေါက်ပြီဆိုပါတော့ကွာ၊ တစ်သိန်းဆုထားပါတော့၊ တစ်ယောက်နှစ်သောင်းခွဲစီ ရမယ်၊ ဘာလုပ်ကြမလဲ"

အေးဖော်က မေးစေ့ကိုပွတ်၍ စဉ်းစားလိုက်ပြီး...

"မော်တော်ကား အစုတ်ကလေး တစ်စီးဝယ်ပြီး ဓာတ်ဆီထုတ် ရောင်းစားမယ်"

"အေးကွ၊ မင်းအကြံမဆိုးဘူး၊ ကြော့မောင်ကော"

ကြော့မောင်က မဆိုင်းမတွပင်...

"ကိုယ်ပိုင် စာအုပ်ထုတ်ဝေရေး လုပ်မယ်၊ ထွက်သမျှ စာအုပ်အဖုံး ပန်းချီတွေ ငါ့ဘာသာ ဆွဲမယ်"

"ကောင်းတယ်ကွာ၊ မင်းဆန္ဒ ပြည့်သွားပြီပေါ့၊ ခင်မောင်ငြိမ်း မင်းကော ဘာလုပ်မလဲ"

"ငါလား၊ အလုပ်က ထွက်မယ်၊ အဲဒီငွေကို အရင်းအနှီးလုပ်ပြီး စီးပွားရေး တစ်ခုခု လုပ်မယ်"

ခင်မောင်ငြိမ်းက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်ဟန်မျိုးဖြင့် ပြောသည်။ စိန်ထွန်းက ခင်မောင်ငြိမ်း ဟန်ပန်ကို သိလိုက်သဖြင့်...



"မင်း တကယ် အတည်ကြီး ပြောတာကိုး"

ခင်မောင်ငြိမ်းက...

"ဟ... အတည်ပြောတာကွ၊ မင်းတို့က မလုပ်ဘူးလို့ မသိဘူး၊ လုပ်ငန်းတစ်ခု လုပ်တဲ့အခါမှာ အရင်းအနှီးရှိတဲ့သူနဲ့ အရင်းအနှီး မရှိတဲ့သူ အများကြီးကွာခြားတာပဲ၊ အရင်းအနှီးမရှိတဲ့လူက ပင်ပင်ပန်းပန်း အားသွန်ခွန်စိုက်လုပ်ပြီးမှ မဖြစ်စလောက် ရမယ်၊ အရင်းအနှီးရှိတဲ့လူကျတော့ ခွန်အား စိုက်စရာမလိုဘူး၊ အကြံ ဉာဏ် ထုတ်ဖို့တောင် သိပ်မလိုဘူး၊ အရင်းအနှီးက သူ့ဘာသာ ဖန်တီးသွားတာပဲ"

မည်သူမျှဝင်၍ ထင်မြင်ချက်မပေး။ ခင်မောင်ငြိမ်း ဆက်ပြောသည်။

"ပစ္စည်းတိုးတဲ့လူနဲ့ ကောက်တဲ့လူနဲ့ အမြတ်ချင်း အများကြီးကွာ တယ်၊ ကောက်တဲ့သူကလည်း ဆိုင်ကြီးမှာ ပြန်သွင်းရတာပဲ၊ အမြတ်ဆုံးကတော့ အဲဒီဆိုင်ကြီးတွေပဲ"

"အေး... အဲဒီအမြတ်တွေ အားလုံးကိုမျှပြီး အကုန်အကျခံနေရတာ ကတော့ စားသုံးသူတွေပါပဲကွာ"

စိန်ထွန်းက ဝင်ပြောသည်။ သို့ရာတွင် ခင်မောင်ငြိမ်းက အားတက်သ ရော ပြောနေသဖြင့် ကျွန်နှစ်ယောက် ဝင်မပြောဖြစ်ချေ။

ခင်မောင်ငြိမ်းကပင်...

"ထီပေါက်တာ မပေါက်တာ နောက်ထားပေါ့ကွာ၊ အခုလည်း လုပ်မယ်ဆို လုပ်လို့ရပါတယ်၊ ငါတို့ကောင်တွေ စုပြီး လုပ်ရင် ဖြစ်တာပေါ့"

"ဘာ... ငါတို့စုပြီး လုပ်ရမယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်က ဝင်ပြောသည်။

"အေးလေ၊ ငါက အရင်းအနှီးမရှိလို့ ငြိမ်နေတာ၊ အဲဒီတော့ မင်းတို့မှာ နည်းနည်းပါးပါးရှိရင် ထည့်ပေါ့၊ အားလုံးပေါင်းလိုက်ရင် အသင့်အတင့်လုပ်နိုင်တဲ့ အရင်းအနှီးရလာမှာပဲ"

"ဟာ... မင်းကလဲ"

"တကယ်ပြောတာ"

"ဘာလို့ မဖြစ်ရမှာလဲ"

"ငါတို့နဲ့ ဒီအလုပ်မျိုးနဲ့ မကိုက်ပါဘူးကွာ၊ ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေး လုပ်တာပဲ ကောင်းပါတယ်"

စိန်ထွန်းက ဝင်ပြောသည်။ ကြော့မောင်သည် ဘာမျှ ဝင်မပြော။ သူ့စိတ်ထဲတွင် ခင်မောင်ငြိမ်းပြောတာက မှန်သလိုလို ဝေခွဲမရ ဖြစ်နေ၏။

"အေးပါကွာ၊ မင်းတို့ကတော့ အေးအေးဆေးဆေး နေနိုင်သေးတော့ ဒီလိုပြောမှာပေါ့၊ ငါကတော့ မလုပ်လို့ မဖြစ်ဘူးကွ၊ ငါ့သားက ခုဆိုရင် တစ်လကို နို့မှုန့်နှစ်ဗူးလောက် အုပ်နေပြီ၊ လက်တိုကျင်တွေက ဆိုင်တွေမှာ ပြတ်နေပြန်ပြီ၊ အပြင်မှာ ခုနှစ်ဆယ်ကျော်၊ မင်းတို့ စဉ်းစားကြည့်လေ၊ ဒါတောင် နို့မှုန့်ဖိုးပဲ ရှိသေးတယ်၊ တစ်ခြားဟာတွေ မပါသေးဘူး၊ ကလေးတစ်ခါလောက် နေမကောင်းဖြစ်ပြီဆိုရင် ငွေတစ်ဆယ်၊ ဆယ့်ငါးကျပ်က ပြေးလို့ မလွတ်တော့ဘူး"

ခင်မောင်ငြိမ်း အတည်ကြီးပြောနေသဖြင့် စကားဝိုင်းသည် တည်ငြိမ်၍ နေသည်။ စိန်ထွန်းသည် စကားလမ်းကြောင်းပြောင်းမှ ဖြစ်တော့မည်ဟု စဉ်းစားမိပြီး...



"အဲဒါ ထားစမ်းပါဦးကွာ၊ မင်းလျှောက်ပြောနေတာနဲ့ စောစောက စကား စ,တောင် ပြတ်သွားပြီ၊ ဘာလဲကွာ၊ ထိပေါက်ရင် ဘာလုပ်မလဲဆိုတာလေ၊ မင်းတို့ကတော့ ပြောပြီးပြီ၊ ငါက ထိပေါက်ရင် ဘာလုပ်မယ် ထင်လဲ"

စကားဝိုင်းကို ပြန်သွက်အောင် ကြိုးစားလိုက်သော စိန်ထွန်း၏ ရည်ရွယ်ချက်ကို အေးဖော်က ရိပ်မိသဖြင့် ဝင်၍ အရွှန်းဖောက်လိုက်၏။

"မင်းလား အရက်မျိုးစုံဝယ်ပြီး တစ်နေ့ တစ်မျိုးလောက် သောက်နေလိမ့်မယ် ထင်တယ်"

"မင်း မဆိုးဘူး၊ အနီးစပ်ဆုံး ခန့်မှန်းနိုင်တယ်၊ ငါ့စိတ်ကူးက အရက်ဆိုင် ဖွင့်မလို့၊ ဒါမှ ဝင်ငွေလည်း ရမယ်၊ ပြီးတော့ မင်းတို့ကိုလည်း အချိန်မရွေး အလကားသောက်နိုင်တဲ့ ကတ်ပြားတွေ ထုတ်ထားပေးမယ်"

"စိန်ထွန်းရာ၊ မင်းလည်း သောက်သောက်စားစားနဲ့ ပေါက်တတ်ကရတွေ ပြောလိုက်၊ သူငယ်ချင်းတွေဆီ သွားလိုက်နဲ့၊ ဒီလိုပဲ နေနေတော့မှာလား"

ကြော့မောင်က အရင်လို စိန်ထွန်းကို ဝိုင်းနောက်ကြဖို့ စကား စ,လိုက်သည်။ စိန်ထွန်းက...

"အေး... မင်းတို့နဲ့ တွေ့ချင်နေတဲ့အကြောင်းထဲမှာ အဲဒါလည်း ပါတယ်ကွ"

"ဘာလဲ၊ ဘုန်းကြီးဝတ်တော့မလို့လား"

အကြောင်းအရာ တစ်ခုခုကို စိတ်ထဲမှာ ကြာကြာစွဲမထားတတ်သည့်သီအတိုင်း ခင်မောင်ငြိမ်းသည် စောစောက ပြောခဲ့သော စကားများကို မေ့ပစ်လိုက်ပြီး စိန်ထွန်းကို နောက်လိုက်၏။ စိန်ထွန်းက မရယ်ဘဲ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ ငါလည်း မင်းတို့လို အိမ်ထောင်ပြုရင် ကောင်းမလားလို့ပါ"

"ဟား... ဟား... ဟား"

အေးဖော်က အားရပါးရရယ်လိုက်၏။ စိန်ထွန်းက ပြုံး၍....

"ဘာရယ်တာလဲ ဟေ့ကောင်"

"မင်း အိမ်ထောင်ပြုရင် ကောင်းမလားဆိုလို့ပါ"

"မင်းတို့က ငါနောက်နေတယ် ထင်လို့လား"

"နေစမ်းပါဦး၊ မင်း တွေ့ထားပြီးပြီလား"

ခင်မောင်ငြိမ်းက ရယ်သံတစ်ဝက်ဖြင့် ဝင်မေးပြန်သည်။

"ဆိုပါတော့ကွာ"

"ပြောစမ်းပါဦး၊ ဘယ်သူလဲ"

ခင်မောင်ငြိမ်းက ဆက်မေးသည်ကို စိန်ထွန်းက ချက်ချင်းမဖြေသေးဘဲ မေးစေ့ကို ပွတ်နေသည်။ အတန်ကြာမှ...

"အဲဒါကို တိတိကျကျ မပြောနိုင်သေးဘူးကွာ"

"ဩော်...သိပြီ၊ မင်း ကြိုက်နေတဲ့ ကောင်မလေးက ဘယ်သူလဲဆိုတာ မင်း ဘာသာ မင်းတောင် မသိသေးဘူး မဟုတ်လား"

အေးဖော်က ဝင်ကလိလိုက်ပြန်သည်။ စိန်ထွန်းသည် လက်ဖက်ရည်ပန်းကန်ထဲသို့ ရေနွေးကြမ်း အနည်းငယ်ထည့်ပြီး ကျင်းလိုက်သည်။ ထို့နောက် ရေနွေးကြမ်း ထပ်ငှဲ့လိုက်ပြီး ဖြည်းဖြည်းချင်း မှုတ်သောက်နေသည်။ ကုန်တော့မှ ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး...

"ဒီလိုကွာ၊ ငါ့မှာက ရွေးစရာနှစ်ယောက် ဖြစ်နေတယ်"

"ဟာ...ဟ"



ခင်မောင်ငြိမ်းက လှောင်လိုက်သည်ကို ဂရုမစိုက်ဘဲ ဆက်ပြော၏။

"မြို့နယ်သမဝါယမအသင်းတစ်ခုကို ငါက အလုပ်ကိစ္စတစ်ခုနဲ့ မကြာခဏ ရောက်တတ်တယ်၊ အဲဒီမှာ အမျိုးသမီးတစ်ယောက်နဲ့ ခင်မိတာ၊ သူက ငါ့ထက် လေးနှစ်လောက် ကြီးတယ်"

"ဒါဆို လေးဆယ်ကျော်ပြီပေါ့"

ဟု အေးဖော်က ဝင်ဖောက်သည်။ ခင်မောင်ငြိမ်းနှင့် ကြော့မောင်တို့က ရယ်ကြသည်။ စိန်ထွန်းက မရယ်။

"သူက သုံးရာနှစ်ဆယ် စကေးကွာ"

"ဘယ်ဆိုးလို့လဲ"

"ငါ့အတွက်တော့ အဲဒါ စဉ်းစားစရာ ဖြစ်နေတယ်"

"ဆိုစမ်းပါဦး"

ထောင်ပေးသည့်အသံဖြင့် ကြော့မောင်က စကားဝင်ထောက်၏။

"သူက ငါ့ထက် ရာထူးကြီးတယ်၊ ပြီးတော့ သူတို့မိသားစုအားလုံးထဲမှာ သူက အကောင်အသေးဆုံး၊ ကျန်တာတွေက ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ဗိုလ်မှူးကတော်ဆိုတာမျိုးတွေချည်းပဲ၊ သူတို့ အသိုင်းအဝိုင်းထဲ ဝင်သွားရင် ငါလို ပါမွှားတစ်ယောက်အဖို့ ဘယ်လွယ်မလဲ"

"သူကကော မင်းအပေါ် ဘယ်လိုသဘောထားသလဲ"

"သူကတော့ ငါ့အပေါ်မှာ လိုက်လိုက်လျောလျော ရှိပါတယ်၊ ငါ့ကို စိတ်ဝင်စားနေတာလည်း သေချာတယ်၊ ငါက ဖွင့်ပြောလိုက်ရင် ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ ဒါဆို ကိစ္စပြတ်ပြီပဲကွ၊ မင်းတို့ချင်း နားလည်မှုရှိဖို့ အရေးကြီးတာပဲ"

"မဟုတ်သေးဘူးလေ၊ အခြေအနေချင်းက မတူဘူးကွ"

"မင်းဟာကလဲ၊ ဆွေမျိုးတစ်ခုလုံးကို ထည့်စဉ်းစားနေတာကိုး၊ ဒီလိုဆို သူတို့အဘိုးကြီးက စစ်ကဲကြီးလား၊ သူတို့အဘိုးရဲ့ အဖေက သီပေါမင်းလက်ထက်က ဝန်ထောက်ကြီးလား၊ သူတို့အမေဘက်က အဘွားက မြို့ဝန်ရဲ့သမီးလားဆိုတာထိ ထည့်တွက်ရမလို ဖြစ်နေပြီ၊ ဒီလိုပြောကြေးဆိုရင် ငါလည်း ပြောလို့ရတာပဲ၊ ဝင်းမာတို့အမေရဲ့ အဘိုးက ကင်းဝန်မင်းကြီးအိမ်တော်က စားတော်ကဲရဲ့ ယောက်ဖကွ"

ခင်မောင်ငြိမ်းက ဝင်လောင်နေပြန်သည်။ ကြော့မောင်က...

"နေဦး၊ နေဦး၊ မင်းပြောတော့ နှစ်ယောက်ဆိုကွ စိန်ထွန်း၊ တစ်ယောက်က ဘယ်သူလဲ"

"တစ်ယောက်က ငါတို့စက်ရုံကပဲကွ၊ ငါနဲ့ ရာထူးချင်း တူတူပဲ၊ ဌာနချင်းတော့ မတူဘူး၊ သူက စီမံရေးရာက ငါ့ထက်တစ်နှစ်ငယ်တယ်၊ သူကတော့ နည်းနည်းနွမ်းပါးတယ်ကွ၊ ဘွားအေကြီးကို လုပ်ကျွေးနေတာ၊ သူ့ ညီမလေးက လက်နှိပ်စက်စာရေး၊ စာပေးစာယူနောက်ဆုံးနှစ် တက်နေတယ်၊ သူက ငါ့ကို သံယောဇဉ်ဖြစ်ပြီး ခင်တွယ်နေတယ်"

"မင်း ယူမယ်ဆိုရင် အဲဒီကောင်မလေးကို ယူကွ၊ သူ့မှာ ညီမလေးရှိတယ်ဆိုတော့ လိုက်ပွဲပါ ပါလာတဲ့သဘောပေါ့"

အေးဇော်က နောက်လိုက်၏။ ကြော့မောင်ကလည်း...



"စိန်ထွန်းရာ၊ မင်းက ဂျိန်းစဘွန်းကျနေတာပဲ၊ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်လို့"

ခင်မောင်ငြိမ်းက...

"ဟာ ဖြစ်နိုင်တယ်လေကွာ၊ ငါတို့ထဲမှာ စိန်ထွန်းက ရုပ်ရည်အပြေပြစ်ဆုံး မဟုတ်လား၊ ကြည့်လေ၊ ဒီကောင့်ဆံပင်က ထွန်းထွန်းဝင်းဆံပင်မျိုး၊ အရုပ်ရှည်ပုံ ခါးကိုင်းပုံက နေအောင်နဲ့ တူတယ်၊ ရုပ်ကတော့ ဇော်လင်းနဲ့ ခပ်ဆင်ဆင်၊ အဲ အသားအရောင်ကတော့ သုမောင်နဲ့ တူတယ်"

စိန်ထွန်း ဘာမျှဝင်မပြောချေ။ ဒူးယားတစ်လိပ်ယူပြီး မီးညှိရှိုက်ဖွာနေသည်။ ကျန်သုံးယောက်က တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြီး ပြုံးစိစိဖြစ်နေကြ၏။ စိန်ထွန်းသည် တစ်ခါတစ်လေ ခုလို ခပ်တည်တည်နှင့် နောက်တတ်သည်။

"ဒါနဲ့ ငါမေးပါရစေဦး၊ မင်း အခုပြောတဲ့ ဝတ္ထုက ဘယ်သူရေးတာလဲ၊ ဇာတ်သိမ်းခန်းကျတော့ ဘာဖြစ်သွားလဲ"

အေးဇော်က မေးလိုက်သည်။ စိန်ထွန်းသည် စီးကရက်မီးနိုးများကို ခတ်ထုတ်လိုက်ပြီး...

"ငါ နောက်နေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ"

စိန်ထွန်း၏ မျက်နှာထားကို ဝိုင်းအကဲခတ်ကြသည်။ ကြော့မောင်သည် စိန်ထွန်းစကားကို အရင်ဆုံး ယုံကြည်သွား၏။

"စိန်ထွန်း မင်း တကယ်နော်"

စိန်ထွန်းက ခပ်တည်တည်ပင် ခေါင်းညိတ်လိုက်သည်။

"ကြည့်လဲ လုပ်စမ်းပါဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦး သူငယ်ချင်းရာ"

ခင်မောင်ငြိမ်းကပါ ဝင်ပြောသည်။ အေးဇော်လည်း ယုံကြည်စပြုလာပြီး...

"စိန်ထွန်း မင်းဘာသာမင်း ခုအတိုင်း အေးအေးဆေးဆေး နေစမ်းပါကွာ၊ ကိုယ့်ဒုက္ခ ကိုယ်မရှာစမ်းပါနဲ့"

စိန်ထွန်း အံ့သြသွားသည်။

"ဟာ ဘယ်လိုဖြစ်ကြတာလဲ၊ မိန်းမရှိတဲ့သူတွေက ဒီစကားမျိုးပြောတာ အံ့သြစရာပဲ၊ မင်းတို့ပဲ ငါ့ကိုပြောတယ်၊ အရွယ်ရောက်လို့မှ မိန်းမမယူတဲ့သူဟာ မျောက်သင်းကွဲလိုပဲဆို"

စိန်ထွန်း၏ စကားကို အေးဇော်ကပင် ပြန်လည်ချေပသည်။

"မင်းလည်း ငါတို့ကို ပြောဖူးတာပဲ၊ မိန်းမယူတယ်ဆိုတာ ဒုက္ခကို စာချုပ်စာတမ်းနဲ့ အပိုင်မွေးစားတာနဲ့ အတူတူပဲဆို၊ မင်းလိုကောင်မျိုးက ဒီစကားမျိုးပြောတာ အံ့သြစရာ ကောင်းတယ်"

"ဟိုတုန်းကတော့ စကားနိုင်လုပြောတာကိုးကွ၊ ကိုယ့်စကားနိုင်အောင် ပြောရတာပေါ့၊ တကယ် စဉ်းစားကြည့်ရင်တော့ မင်းတို့ပြောတဲ့စကားက မှန်တယ်ကွ၊ တစ်ယောက်တည်း အထီးကျန်နေရတာ မလွယ်ကူဘူး၊ သိပ်ငြီးငွေ့ဖို့ ကောင်းတာပဲ၊ ဘဝဟာ အဓိပ္ပာယ်မရှိသလိုကြီး ခံစားရတယ်"

စိန်ထွန်းသည် တကယ်ဆွေးဆွေးမြည့်မြည့်ကြီး ပြောနေခြင်း ဖြစ်သည်။ ကြော့မောင်ပင် စိန်ထွန်းကို သနားသလို ဖြစ်သွား၏။ ခင်မောင်ငြိမ်းကတော့...

"မင်းပြောသလိုပဲ ပြန်ပြောရမယ်ဆိုရင် ဟိုအရင် မင်းပြောခဲ့တာတွေ မှန်တယ်ပဲ ပြောရမှာပဲ၊ မိန်းမယူတယ်ဆိုတာ ပျော်စရာ



ကောင်း သင့်သလောက် ကောင်းတာပဲ၊ ဒါပေမယ့် လူပျိုဘဝကလို လွတ်လွတ်လပ်လပ် မပျော်ရတာတော့ အမှန်ပဲ၊ ကျောင်းသားဘဝတုန်း ကဆိုရင် အပူအပင် အကြောင့်အကြရှယ်လို့ သိပ်ရှိတာ မဟုတ်ဘူး၊ ပိုက်ဆံမရှိလည်း သိပ်အရေးမကြီးဘူး၊ သူငယ်ချင်းတွေ တစ်ယောက်မရှိ တစ်ယောက်ဆီက သုံးစွဲလို့ရတယ်၊ အဲဒီအတွက်လည်း ဘယ်သူမှ စိတ်ညစ်မနေကြဘူး၊ နောက်ဆုံး လက်ဖက်ရည် တစ်ခွက်ကို လေးငါးယောက် မျှသောက်ရတာကိုတောင် တစ်မျိုးပျော်စရာကောင်းတယ်လို့ ထင်ခဲ့ကြတာ၊ ခုကျတော့ ဒီလို မဟုတ်ကြတော့ဘူးကွာ၊ ပိုက်ဆံမရှိဘူးဆိုတာ တော်တော် စိတ်ညစ်ဖို့ ကောင်းတာပဲ၊ မရှိလည်း မစားဘဲ နေမယ် ဆိုလို့ မရတာ မဟုတ်ဘူး၊ ကိုယ်တစ်ယောက်တည်း မဟုတ်တော့ဘူးလေ၊ မိန်းမနဲ့ ကလေးက ရှိသေးတယ်၊ အိမ်ဦးနတ်ဆိုတဲ့ ဘွဲ့ကလေးတစ်ခု ရဖို့လောက်နဲ့တော့ ဒီလောက် မစွန့်စားချင်ပါနဲ့၊ စိတ်ကူးမလွဲစေချင်ဘူး၊ သူငယ်ချင်း ခုအတိုင်းသာ အေးအေးနေစမ်းပါ၊ မလွယ်ဘူးနော် ဟေ့ကောင်"

အေးဇော်က ခင်မောင်ငြိမ်းစကားကို ထောက်ခံသလို ခေါင်းတဆတ်ဆတ် ညိတ်သည်။ ကြော့မောင်သည်လည်း ခင်မောင်ငြိမ်းတို့ဘက် ယိမ်းသွားပြန်၏။ စိန်ထွန်းကတော့ ခင်မောင်ငြိမ်းစကားကို ဆုံးအောင် နားထောင်နေပြီးမှ...

"လွယ်တဲ့အလုပ်ကို ရွေးပြီးလုပ်မယ်ဆိုရင် ဘာတန်ဖိုးရှိတော့မှာလဲ၊ မင်္ဂလာဆောင်ကနေစပြီး အိမ်ထောင်သက်တစ်လျှောက်လုံး ပြေပြေလည်လည် နေသွားရတယ်ဆိုတာ လူနည်းစုပါကွာ၊ ငွေကြေးပြည့်စုံတိုင်း အိမ်ထောင်ရေးမှာ သာယာမယ်လို့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်မလဲ၊ မလွယ်တာကို တွေးပြီး အိမ်ထောင်မပြုဘဲ နေကြမယ်ဆိုရင် ကမ္ဘာပေါ်မှာ လူဦးရေပေါက်ကွဲမှုဟာ စိုးရိမ်စရာတောင်လိုမှာတောင် မဟုတ်ဘူး၊ လူဟာ အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ပြုတယ်ဆိုတာ တရားနည်းလမ်းကျပါတယ်ကွာ၊ အိမ်ထောင်ပြုရင် အခက်အခဲတွေ တွေ့ရမယ်ဆိုတာ ငါသိပါတယ်၊ အဲဒီ အခက်အခဲတွေကို ကြိုးစားပြီး ကျော်လွှားရမယ်၊ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာထက် ကျော်လွှားနိုင်အောင် ကြိုးစားနေဖို့သာ အရေးကြီးတာပါ"

စိန်ထွန်း၏ စကားကို ကျန်သုံးယောက်က ငြိမ်ပြီးနားထောင်နေသည်။ ဆက်လက်၍...

"တကယ်တော့ အိမ်ထောင်တစ်ခုကို အောင်မြင်အောင် ထူထောင်နိုင်ရင် တိုင်းပြည်အပေါ်မှာ အထိုက်အလျောက် အကျိုးပြုရာရောက်တယ်ကွ၊ အိမ်ထောင်တိုင်း အိမ်ထောင်တိုင်း၊ စားဝတ်နေရေး ဖူလုံနေမယ်ဆိုရင် အဲဒီတိုင်းပြည်ဟာ သာယာဝပြောတာပဲ၊ ဘာကြောင့်လဲဆိုတော့ ရိုးရိုးရှင်းရှင်းလေး တွေးကြည့်ရင် တိုင်းပြည်တစ်ပြည်ဆိုတာ အိမ်ထောင်စုတွေ စုပေါင်းထားတာ မဟုတ်လား၊ ကိုယ့်မိသားစုကို ဖူလုံစေတဲ့အပြင် အများအကျိုးကိုပါ ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့ကွယ်"

မည်သူမျှ ငြင်းချက်မထုတ်ကြ။ စိန်ထွန်းသည် စကားပြောရသဖြင့် မောသွားဟန်တူသည်။ ခင်မောင်ငြိမ်းက ရေ့တွင် အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းပန်းကန်ကို ယူပြီး မော့ချလိုက်သည်။ အေးဇော်က ဆေးလိပ်ဖွာရင်း စဉ်းစားနေသည်။ ခင်မောင်ငြိမ်းသည် ရေနွေးကြမ်းကို ထပ်ငှဲ့လိုက်သည်။ ကြော့မောင်ကတော့ စွယ်တော်ပင်တွေကို မော့ကြည့်နေပြန်သည်။



စွယ်တော်ပင်တွေ တော်တော်ကြီးလာပြီ။ သူတို့ ကျောင်းသားဘဝတုန်းကဆိုလျှင် စွယ်တော်ရွက်တွေကို ထိုင်လျက်ပင် ခူးလို့ရသေးသည်။ တစ်ခါက ကြော့မောင်သည် စွယ်တော်ရွက်တစ်ရွက်ကို ထိုင်နေရင်း ခူးလိုက်ပြီး 'တားနဲ့ ငါ့ဘဝဟာ စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သလိုပါပဲ' ဟု ပြောခဲ့ဖူးသည်။ ခုတော့ မတ်တတ်ရပ်ခူးလို့တောင် မမီနိုင်တော့။ ငါတို့သည်း အသက်တွေ ကြီးလာကြပြီပဲဟု ကြော့မောင် တွေးနေသည်။

စွယ်တော်ပင်ကြီးများ၏ မလှမ်းမကမ်းမှာ စွယ်တော်ပင်ပေါက်ကလေးတွေ ထွက်နေသည်ကိုတော့ သူမမြင်မိချေ။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်၏ညီ အေးကျော်၏ အလုပ်ကိစ္စနှင့် ပတ်သတ်၍ တိုင်ပင်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် အေးဖော်တို့အမေ ဒေါ်အေးခင်၊ အေးဖော်နှင့် အေးကျော်တို့ သုံးဦးပါဝင်သည်။

အေးကျော်မှာ ပါဝင်ဆွေးနွေးနေသော်လည်း ဆုံးဖြတ်ချက်ချနိုင်သည် မဟုတ်။ ကာယကံရှင်ဖြစ်နေ၍သာ ပါဝင်ခွင့်ရခြင်းဖြစ်သည်။ တကယ်ဆုံးဖြတ်မှာက ဒေါ်အေးခင်ဖြစ်သည်။

သူတို့ရပ်ကွက် စားသုံးသူသမဝါယမအသင်းက ဆေးခန်းဖွင့်မည်ဖြစ်သည်။ ထိုဆေးခန်းတွင် ဆေးပေးဖို့၊ ဆေးရောင်းဖို့အတွက် လူလိုသည်။ ညနေခြောက်နာရီခွဲမှ ညရှစ်နာရီခွဲထိ လုပ်ရမည်။ လခ တစ်ရာ။

သမယဝါယမအသင်း အစည်းအဝေး ဆုံးဖြတ်ချက်အရ ထိုနေရာတွင် ပညာတတ်ပြီး ဆေးဝါးနှင့် ပတ်သက်၍ ဗဟုသုတရှိသူကို လိုချင်သည်။



အေးကျော်သည် ထိုအချက်များနှင့် ကိုက်ညီသည့်အပြင် ရပ်ကွက်ထဲမှာ လူချစ်လူခင် ပေါများသဖြင့် သူ လုပ်ချင်လျှင် ရနိုင်စရာအကြောင်းရှိသည်။ အေးကျော်ကလည်းလုပ်ချင်သည်။ အေးဖော်ကလည်း ဘာပဲဖြစ်ဖြစ် အလုပ်လေးတစ်ခုခု ရှိထားလျှင် အေးကျော်ပိုပြီး တည်ငြိမ်လာမည်ဟု သဘောရသည်။

သို့ရာတွင် ဒေါ်အေးခင် ကန့်ကွက်၏။ သူ့မှာလည်း သူ့တွက်ကိန်းနှင့်သူ။ ကေသွယ်တို့ မိသားစုက လောလောဆယ်တွင် တင်းနေသော်လည်း တစ်ချိန်ချိန်တွင် ပြန်လက်ခံလိမ့်မည်ဟု သူ တွက်ထားသည်။ ကေသွယ်ကို သူ့မိဘများက သိပ်ချစ်ကြသည် မဟုတ်လား၊ ထိုအခါ သမီးကိုပါမက သားမက်ကိုပါ အိမ်ပေါ်ခေါ်တင်ရလိမ့်မည်။ ပြီးတော့ သူတို့ အဆက်အသွယ်နှင့် အေးကျော်အတွက် အလုပ်ကောင်းကောင်း ရှာပေးနိုင်ပေလိမ့်မည်။ ကံကောင်းလျှင် သဘော်သားတောင် ဖြစ်သွားနိုင်၏။

ဒေါ်အေးခင်က သူ့စိတ်ကူးကို အေးဖော်တို့အား ဖွင့်မပြော။ အေးဖော်ကတော့ နည်းနည်းရိပ်မိ၏။ ဒေါ်အေးခင်သည် အေးကျော်သာ ဆေးခန်းမှာ လုပ်ဖို့ကိစ္စကို ကန့်ကွက်ရာတွင်...

"ခုလိုအချိန်မျိုးမှာ မေမေတို့ဘက်က နည်းနည်းသတိထားနိုင်မှ ကွယ့်၊ မောင်အေးကျော်က ဒီအလုပ် ဝင်လုပ်လိုက်မယ်ဆိုရင် ဟိုဘက်က ဘာပြောမလဲ၊ အခြေအနေမဟန်လို့ ရရာအလုပ် ဝင်လုပ်နေရတယ်လို့ ပြောမှာပေါ့၊ အမေတို့ကတော့ မကျေနိုင်တော့ဘူးလို့ အထင်မခံနိုင်ဘူး၊ ငွေတစ်ရာလောက်ကို မက်မနေကြနဲ့"

အေးဖော်နှင့် အေးကျော်တို့ ဒေါ်အေးခင်စကားကို နာခံရုံသာ ရှိတော့သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



သမဝါယမဆေးခန်းမှာ အေးကျော်အလုပ် မလုပ်ဖြစ်သည့်အကြောင်း ကေသွယ်ပြောပြသဖြင့် သီတာမျိုး သိရသည်။ ကေသွယ်သည် အေးအေးမော်နှင့် သိပ်အစေးမကပ်သဖြင့် ပြောစရာရှိလျှင် သီတာမျိုးကိုသာ ပြောသည်။ တိုင်ပင်စရာရှိလျှင်လည်း သီတာမျိုးကိုသာ တိုင်ပင်သည်။ ကေသွယ်အနေဖြင့် အေးကျော် အလုပ်မဝင်ဖြစ်ခြင်းမှာ လခနည်းလို့ဟုသာ သိထားသည်။

ဤကိစ္စကို သီတာမျိုးသိသောအခါ စိတ်ကူးပေါက်စ ပေါ်လာသည်။ ထိုအလုပ်ကို သူ ဝင်လုပ်ရင် ကောင်းမလား။ ဟိုတစ်ခါ အလုပ်လုပ်ချင်ကြောင်း အေးဖော်ကို ပြောကြည့်တုန်းက သူက အဆူခံခဲ့ရသည်။ ခု အလုပ်ကတော့ သိပ်ပြဿနာမရှိနိုင်။ ညဘက်ကျ ရှစ်နာရီလောက် သွားလုပ်မည်ဖြစ်သည်။ ထိုအချိန်ဆိုလျှင် အိမ်မှာ လူစုံနေပြီ။ ကေသွယ်ပါရှိနေသဖြင့် သမီးအတွက် စိတ်မပူရ။ သမီးကလည်း နည်းနည်းကြီးလာပြီဖြစ်၍ မျက်စိဒေါက်ထောက် ကြည့်နေစရာ မလိုတော့။ နောက်ပြီး အိမ်မှာ ကေသွယ်တစ်ယောက် ပိုလာသော်လည်း ဝင်ငွေတိုးမလာခဲ့။ ငွေရေး ကြေးရေး အခက်အခဲရှိကြောင်း သူ ရိပ်မိသည်။ မိမိက တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာပေးချင်သည်။ ထို့ကြောင့် အေးဖော်ကို စကားစ, ကြည့်ရာ...

“မင်း လုပ်လို့ မဖြစ်ပါဘူး”

ဟု ခပ်ငေါက်ငေါက် ပြန်ပြောသဖြင့် နောက်ထပ် ထိုအကြောင်း မပြောဖြစ်တော့ချေ။

☆☆☆



တစ်နေ့။ အေးအေးမော် ရုံးကပြန်လာသည်။ ထိုနေ့က အိမ်မှာ ဒေါ်အေးခင် မရှိချေ။ အေးဖော်သည်လည်း အပြင် သွားနေသည်။

အေးအေးမော်သည် ရေမိုးချိုး၊ အဝတ်အစားလဲပြီး ထမင်းစားမည်ဟု မီးဖိုထဲ ဝင်သွားသည် သီတာမျိုး ထမင်းအိုးတည်နေသည်။ မကျက်သေး။ တော်တော်ဆာနေပြီဖြစ်သော အေးအေးမော် ဒေါသဖြစ်သွားသည်။

“အလုပ်က မောမောပန်းပန်းပြန်လာပြီး အိမ်ရောက်ရင် ဘာမှ အဆင်သင့် မရှိဘူး၊ စိတ်ညစ်စရာကောင်းလိုက်တာ”

သီတာမျိုးက အကြောင်းသိပြီးဖြစ်သောကြောင့် ဘာမှ ပြန်မပြော၊ အေးအေးမော်ကတော့ မကျေနပ်သေး။ အသံကို နည်းနည်းမြှင့်ပြီး ပြောပြန်သည်။

“အလုပ်လုပ်ပြီး ပိုက်ဆံရှာတဲ့သူက ရှာနေတာကို အခန့်သားစားနေရတာကို အားမနာဘူး၊ ဘာလုပ်နေကြတာလဲ”

မီးပျက်နေသဖြင့် လျှပ်စစ်မီးဖိုနှင့် တည်လို့မရ။ မီးသွေးကလည်း အဆင်သင့်မရှိသဖြင့် ဝယ်ရသေးသည်။ မီးမွှေးရသေးသည်။ ထို့ကြောင့် ထမင်းတည်တာ နောက်ကျသွားကြောင်း သီတာမျိုး မရှင်းပြတော့။ အကြောင်းထူးမည် မဟုတ်သောကြောင့် ဖြစ်သည်။ ဆင်ခြေ လက်ခြေတွေကတော့ အပြည့်ပဲဟု ပြောမည်သာ ဖြစ်သည်။

“အတင်းပြောနေကြတာလား၊ ဒါမှမဟုတ် ယောက်ျားနား ကပ်ပြီး ချွဲနေသလားမှ မသိတာ”

ခုနောက်ပိုင်း အေးအေးမော်သည် သီတာမျိုးကိုလည်း သိပ်မကြည်မလင် ဖြစ်နေသည်။ အကြောင်းမှာ ကေသွယ်သည် သဘောကောင်းသော သီတာမျိုးကိုသာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပြုသည်။ အေးအေးမော်နှင့် ပတ်သက်၍ မကျေနပ်တာရှိလျှင် သီတာမျိုးကိုသာ ပြောပြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သီတာမျိုးအနေဖြင့် နားမထောင်ချင်၍ မရ။ လာပြောသူက ပြောနေသည်ကို မပြောနှင့်ဟု တားလို့မဖြစ်ချေ။ ထို့ကြောင့် ကေသွယ်ကို ဖျောင်းဖျောင်းဖျဖျ ပြောရသည်။

ဒါကို အေးအေးမော်က တစ်မျိုးမြင်သည်။ ကေသွယ်နှင့် သီတာမျိုးတို့ တိုးတိုးတိတ်တိတ်တဆ ပြောနေကြသည်ကို သုံးလေးခါ တွေ့ဖူးသည်။ သီတာမျိုးနှင့် ကေသွယ်တို့ ပူးပေါင်းပြီး မိမိကို တိုက်ခိုက်နေပြီဟု မြင်သည်။ ယောကျ်ားနားကပ်ပြီး ချွဲနေသလားမှ မသီတာ ဆိုသောစကားသည် ကေသွယ်ကို ရည်ညွှန်းခြင်း ဖြစ်၏။

သီတာမျိုးက ဘာမှပြန်မပြောသော်လည်း ကေသွယ်က မခံ။ မီးဖိုခန်း တံခါးဝတွင် လာရပ်ပြီး...

"ယူ့ တို့ကို စောင်းပြောနေတာလား"

"ဟုတ်ရင် နာပေါ့"

"ယူက အက်ဂျူကိတ်တက်ဖြစ်နေလျက်သားနဲ့ တော်တော် ရိုင်းတာပဲ"

"ဘာပြောတယ်"

"တော်ကြပါတော့ကွယ်၊ ကိုယ့်ညီအစ်မ အချင်းချင်းတွေပဲ လူကြီးတွေသိသွားရင် မကောင်းပါဘူး၊ ဘွားဘွားလည်း ကောင်းကောင်း နေမကောင်းဘူး မဟုတ်လား"

သီတာမျိုးက ဝင်၍ဖျန်ဖြေသည်။ ကေသွယ်က...

"မမသီတာသာ ဘာပြောပြော ငုံ့ခံနေတာ၊ ကေသွယ်ကိုတော့ ဒါမျိုးလုပ်လို့မရဘူး သိလား၊ အိမ်မှာတုန်းကဆိုရင် ထမင်းချက်ဖို့ မပြောနဲ့၊ ပန်းကန်တောင် ဆေးတာတောင် မဟုတ်ဘူး၊ ဒါပေမယ့် ဒီအိမ်ရောက်တော့ ကေသွယ် အလုပ်ကားနေလို့လား၊ မမသီတာကို မကူညီဘူးလား"



"ဟုတ်ပါတယ် ကေသွယ်ရယ်၊ ကူညီပါတယ်"

သီတာမျိုးက ရန်ပွဲပြီးသွားအောင် လိုက်လိုက်လျောလျော ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို အေးအေးမော်က ဘက်လိုက်သည်ဟု ယူဆလိုက်၏။

"သြော်... သိပ်ညီညွတ်နေတာပေါ့လေ၊ ဒီမှာ မသီတာ အရင်အချိုးမျိုး မဟုတ်ပါဘူး၊ နုမှ မဟာမိတ်ဆွေတွေ ဘာတွေ ရလာလို့ ခပ်ထောင်ထောင် ဖြစ်လာတာပေါ့ ဟုတ်လား"

သီတာမျိုးသည် ပြန်ပြီးရန်မတွေ့တတ်။ မျက်ရည်သာ ဝဲလာပြီး...

"မဟုတ်ပါဘူး အေးအေးမော်ရယ်"

ဟုသာ ပြန်ပြောသည်။ ကေသွယ်ကတော့ မခံ။

"ဒါပေါ့ ဒါပေါ့ မဟာမိတ်ဆိုတာ ဘုံရန်သူကို တိုက်ခိုက်ဖို့ မဟုတ်လား၊ အေးမော်ရဲ့"

အေးအေးမော်သည် ကေသွယ်ဘက်ကို ဆတ်ကနဲလှည့်ပြီး တည့်တည့်ကြီး စိုက်ကြည့်လိုက်၏။

"နေစမ်းပါဦး ကေသွယ်ရဲ့၊ အခုရပ်နေတာ ဘယ်နေရာမှာလဲ၊ ဘယ်သူ့အိမ်ပေါ်မှာလည်းဆိုတာကော သတိရရဲ့လား"

ကေသွယ်သည် 'ဟင်'ဆိုပြီး ရှေ့သို့ တစ်လှမ်းနှစ်လှမ်း တိုးသွားသည်။ နောက်တစ်လှမ်းလောက် တိုးလိုက်လျှင် တစ်ယောက်ပါး တစ်ယောက် ရိုက်နိုင်လောက်သည့် အကွာအဝေးသို့ ရောက်သွားပေတော့မည်။

သီတာမျိုးသည် ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။ တစ်ခုခုပဲ ဝင်ပြောရမလား။ တစ်ယောက်ယောက်ကိုပဲ ဝင်ဆွဲရမလား။ သူတို့၏ ရန်ပွဲကို မီးဖိုခန်းအဝမှ မျက်လုံးကလေးပြူးပြီး ကြည့်နေသော အေးစန္ဒာမျိုးလေးက...

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ညှော်တယ်"

ဟု အော်ပြောတော့မှ ထမင်းအိုးတူးနံ့ကို သတိထားမိကြတော့သည်။

သီတာမျိုးက ထမင်းအိုးတည်ထားရာဆီသို့ ပြေးသွားသည်။ အေးအေးမော်နှင့် ကေသွယ်တို့လည်း ထမင်းအိုးဆီသို့ ခဏအာရုံပြောင်းသွားကြ၏။ တင်းမာမှုသည် နည်းနည်းလျော့သွားသည်။ မျက်လုံးချင်း ပြန်လည်ရင်ဆိုမိကြသောအချိန်တွင်...

"ဟဲ့... ဆူဆူညံညံနဲ့ ဘယ်လိုဖြစ်နေကြတာလဲ၊ ဒီမှာ နေမကောင်းလို့ တစ်မှေးအိပ်မယ် ကြံကာရှိသေးတယ်"

အဘွား၏ အော်သံထွက်ပေါ်လာသည်။ ဆက်ရန်ဖြစ်နေတော့၍ မရကြောင်း နားလည်သွားကြသည်။ အေးအေးမော်က ကေသွယ်ကို တစ်ချက်စိုက်ကြည့်ပြီး...

"သိပ် လူဝါးဝတာပဲ"

ဟု ပြောပြီး ချာကနဲလှည့်ထွက်သွားသည်။

"ဘာပြောတယ်"

ကေသွယ်က ခြေလှမ်းပြင်သည်။ သီတာမျိုးက ကေသွယ့်လက်မောင်းကို ဆွဲ၍...

"ဘွားဘွားကြားသွားရင် စိတ်မကောင်းဖြစ်နေပါ့မယ်ကွယ်"

ဆိုပြီး တားလိုက်ရသည်။

ကေသွယ် နှုတ်ခမ်းကိုက်ထားလိုက်သည်။

☆☆☆



ထိုကိစ္စကို ကေသွယ် အေးကျော်ကို ပြန်တိုင်သည်။ အေးကျော်က အေးအေးမော်ကို သွားမေးသည်။ အေးအေးမော်က နင့်မိန်းမက ဘာတွေအတို့အထောင် လုပ်လိုက်ပြန်ပြီလဲဆိုသော စကားဖြင့် စပြီး မချေမငံပြောသည်။ အေးကျော်နှင့် အေးအေးမော်တို့ ဆက်ဖြစ်ကြပြန်သည်။ အေးကျော်က...

"နင် သိပ်ချိုထောင်နေတယ်"

ဟု ပြောသည်။ အေးအေးမော်က...

"ဘာ... နင်က ငါ့ကို ဘယ်တုန်းက ဒီလိုပြောဖူးလို့လဲ၊ ခု သူစိမ်းဖက်လာမှ ကိုယ့်အစ်မတောင် နှားနဲ့နှိုင်းတယ်ပေါ့၊ မယားထိ ဓားကြည့်ဆိုတဲ့ ကောင်စားမျိုးပါလား၊ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်တဲ့ ဝင်ငွေတစ်ပြားမှ မရှာနိုင်တဲ့ကောင်ကများ"

အေးကျော် ဒေါသကိုမထိန်းနိုင်ဘဲ အေးအေးမော်ကို ထိုးမည် ကြိတ်မည် ပြုသည်။ သီတာမျိုးကပင် ဝင်ဆွဲရပြန်သည်။

ထိုအကြောင်းကို သီတာမျိုးက အေးဇော်အား ပြန်မပြောလိုက်ချေ။ သို့ရာတွင် အေးစန္ဒာမျိုးက အေးဇော်ကို ပြန်ပြောပြသည်။

"ဖေဖေ၊ ဦးဦးကျော်က ဒေါ်လေးကို လက်သီးနဲ့ ထိုးမလို့တဲ့"

အေးဇော် သီတာမျိုးကို ဘာဖြစ်တာလဲဟု မေးသည်။

သီတာမျိုးက...

"သူတို့မောင်နှမ စ,ကြ၊ နောက်ကြတာနဲ့ တူပါတယ်"

ဟု ကာကွယ်သည်။ သီတာမျိုး ညာနေကြောင်း အေးဇော်သိသည်။ သီတာမျိုးမျက်နှာက ညာလို့ရသော မျက်နှာမျိုးမဟုတ်။ ပြီးတော့ အေးအေးမော် မကြည်မသာဖြစ်နေကြောင်းကိုလည်း ရိပ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မညာနဲ့နော်၊ သီတာ၊ မှန်မှန်ပြောစမ်း"

ဆိုတော့မှ...

"နည်းနည်းပါးပါး ကတောက်ကဆ ဖြစ်ကြတယ်ထင်ပါရဲ့၊ သီတာလည်း ထမင်းအိုးတည်နေတာနဲ့ သေသေချာချာ မသိလိုက်ပါဘူး"

အေးဇော်က အေးကျော်၊ အေးအေးမော်နှင့် ကေသွယ်တို့ သုံးယောက်လုံးခေါ်၍ စစ်မေးသည်။ အေးဇော်အနေဖြင့် တရားနည်းလမ်းကျကျ ဆုံးဖြတ်ရမည်ဟု နားလည်ထားသည်။ ထို့ကြောင့် သုံးယောက်စလုံးကိုပင် ဆူလိုက်သည်။

အေးအေးမော်က သူ အဆူခံရသည်မှာ သီတာမျိုးက အေးဇော်ကို တိုင်လိုက်လို့သာ ဖြစ်ရမည်ဟု တွက်သည်။ ထို့ကြောင့်...

"ဒီအိမ်မှာ တို့မီး ရှို့မီးတွေ များများလာပြီ"

ဟု သီတာမျိုးကို စောင်း၍ မကြားတကြားပြောလေသည်။ ထို့အပြင် ဒေါ်အေးခင်အား မိမိက ဦးအောင်တိုင်မှ ဖြစ်တော့မည်။ သို့မဟုတ်လျှင် ကေသွယ်တို့၊ သီတာမျိုးတို့က လက်ဦးမှုရသွားပေလိမ့်မည်ဟု အေးအေးမော်တွေးမိသည်။

ထို့ကြောင့် ဒေါ်အေးခင်ကို တိုင်လိုက်သည်။ မိမိအား ကေသွယ်နှင့် သီတာမျိုးတို့ နှစ်ဦးက ပူးပေါင်းပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ကြောင်း၊ ကေသွယ်က စွာကြောင်း၊ အေးကျော်က လက်သီးနှင့် ထိုးမည်ပြုကြောင်း၊ သီတာမျိုးက အေးဇော် မိမိအပေါ် အထင်လွဲအောင် တို့ပေးနေကြောင်း စသည်ဖြင့်။



ထိုသို့ပြောနေသည်ကို အေးဇော်တို့ အဘွားက နားစွန်နားဖျား ကြားသွားသည်။ ဘွားဘွားသည် သီတာမျိုးကို သနားပြီး ချစ်နေသူဖြစ်၏။ ထို့ကြောင့် ဒေါ်အေးခင်အား...

"ဒီကိစ္စမှာ ငါ့မြေးသီတာနဲ့ လုံးဝမပတ်သက်ဘူးနော်၊ ဟိုကောင့်မနှစ်ကောင် သူတို့ချင်း ပြဿနာဖြစ်ကြတာ၊ သီတာကတောင် ဝင်ဖျန်ဖြေရသေးတယ်"

ဟု ပြောလိုက်သည်။

ဒေါ်အေးခင်ကလည်း သိသည်။ သီတာမျိုးသည် ရန်ဖြစ်တတ်သူမဟုတ်။ ဘယ်သူက ဘာပြောပြော ခေါင်းငုံ့ခံတတ်သူ ဖြစ်သည်။ အတို့အထောင် မလုပ်တတ်။ သီတာမျိုးနှင့် အေးအေးမော်ဆိုလျှင် အေးအေးမော်လွန်နိုင်ကြောင်း နားလည်ပြီးဖြစ်၏။

ကေသွယ်နှင့် အေးအေးမော်ကျတော့ ချိတ်ချိတ်ခြင်း ဖြစ်ကြောင်းရိပ်မိသည်။ သို့ရာတွင် ကေသွယ့်ကိုတော့ ဆူတာ ကြိမ်းတာ မလုပ်ချင်။ ကေသွယ်အပေါ် အတတ်နိုင်ဆုံး လိုက်လိုက်လျောလျော ရှိချင်သည်။ ကေသွယ် အနေဖြင့် မိမိတို့အပေါ် တစ်စုံတစ်ရာ စိတ်ခုပြီး သူ့အိမ် သူပြန်ပြေးမှာကို စိုးရိမ်သည်။ လူငယ်တွေ စိတ်မြန်လက်မြန်ရှိသဖြင့် သိပ်စိတ်ချရသည် မဟုတ်။ အေးကျော်နှင့်ကေသွယ်တို့ ကွဲကွာကြတာမျိုး ဖြစ်မည်ကို မလိုလား။ ကေသွယ်ကိုမှီ၍ အေးကျော် ကောင်းစားသွားလျှင် မိမိတို့အတွက် အသက်ရှုချောင်သွားနိုင်သည်ဟု သူ မျှော်လင့်ထားသည် မဟုတ်လား။

ထို့ကြောင့်....

"အမေ ကြည့်ပြောလိုက်ပါ့မယ်ကွယ်၊ နောက်ဒါမျိုး မဖြစ်ရအောင်"

ဟု၍ အေးအေးမော်ကို ချော့သိပ်ထားလိုက်သည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်သည် သူ့အိမ်၏ အခြေအနေကို ပြန်လည်သုံးသပ်ကြည့်မိလေသည်။ အိမ်မှာ လူပိုများလာသည်နှင့်အမျှ ပြဿနာက ရှုတ်ထွေးလာသည်။

ပထမအချက်က ငွေရေး ကြေးရေးဖြစ်သည်။ ကေသွယ်တစ်ယောက်တိုးလာသဖြင့် ကုန်ကျစရိတ်ထူးပြီး တက်မလာပါဟု သာမန်အားဖြင့် ယူဆနိုင်စရာရှိသည်။ လက်တွေ့အားဖြင့် စားစရိတ်မှာ မသိသာလှသော်လည်း အခြား အသေးအဖွဲ ကုန်ကျမှုလေးတွေ ရှိလာသည်။

ကေသွယ့်ဆီမှာ အဝတ်အစားတွေ တော်တော်များများ ကျန်သေးသော်လည်း အိမ်နေရင်းဝတ်ဖို့က မရှိ။ ရောက်ခါစက သီတာမျိုး အဝတ်အစားတွေ ယူဝတ်လို့ရသေးသည်။ အမြဲကျတော့ မကောင်း။ သီတာမျိုးမှာလည်း သိပ်များများ ရှိသည်မဟုတ်ချေ။ ထို့ကြောင့် ဒေါ်အေးခင်က အိမ်နေရင်းဝတ်ဖို့ သုံးစုံဝယ်ပေးခဲ့ရသည်။



ပြီးတော့ မိန်းကလေးတို့၏ အကျီပုံစံများ၊ ထမီများသည် မကြာခဏ အဆန်းပေါ်တတ်သည်။ ဆယ်မျိုးပေါ်လျှင် တစ်မျိုးတော့ အေးအေးမော်ဝယ်ဖြစ်ချင်သည်ပင်။ ထိုအခါ ကေသွယ်ကပါ လိုချင်လာမည်မှာ အမှန်။

နောက်တစ်ခု။ သီတာမျိုးက အေးဖော်ကို ပြောသည်။ 'ကေသွယ့်ကြည့်ရတာ တစ်မျိုးပဲ၊ ကောင်မလေး ကလေးများရှိနေသလား မသိဘူး'တဲ့၊ ပါးစပ်ပေါက်တစ်ပေါက် တိုးလာဦးတော့မည်။ ဝင်ငွေက သည်အတိုင်း။

ဘွားဘွားကိစ္စက ရှိသေးသည်။ ဘွားဘွားသည် ခုတစ်လ နှစ်လအတွင်း ချုချာလာသည်။ အသက်ကလည်း တော်တော်ကြီးပြီကိုး။ ဘွားဘွား ကြီးကြီးကျယ်ကျယ်ဖြစ်လာလျှင် ဆေးဖိုးဝါးခ လိုလာပေလိမ့်မည်။ ပြီးတော့ ဘွားဘွားများ ဖိတ်ဖိတ်စင်စင် ဖြစ်ခဲ့လျှင် လိုအပ်လာမည့် စရိတ်ကဆိုသည်ကို အေးဖော် မတွေးချင်။ မတွေးရက်ဘဲ တွေးလာရသည်။

သူ့မိသားစု၏ လစဉ်ဝင်ငွေစုစုပေါင်းမှာ ပုံမှန်စားသောက်သွားနေရုံသာ ရှိသည်။ အကြောင်းထူး တစ်ခုခုရှိလို့ ကုန်ကျစရာ ရှိလာလျှင် ဒေါ်အေးခင် စုဆောင်းထားတာလေးတွေ ထုတ်ရ၏။

ပြီးခဲ့သောလကပင် ရွှေလက်ကောက်တစ်ကွင်း ရောင်းလိုက်ရသေးသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်အေးခင်ဆီမှာ ကျန်ရှိနေသေးသော အတွင်းစွည်းများကလည်း သုံးလေးထောင်ဖိုးထက်တော့ မပိုနိုင်တော့။ ဒါကို အရေးအကြောင်း ပေါ်လာလျှင် သုံးဖို့အဆင်သင့်ထားရမည်။ အရေးအကြောင်းဆိုတာကလည်း ပေါ်လာဖို့ အခြေအနေက ဖြစ်နိုင်ချေ များနေ၏။

လူမှုရေး ပြဿနာတွေလည်း ရှိသေးသည်။ အိမ်မှာ လူစိမ်းဆို၍ သီတာမျိုးတစ်ယောက်သာ ရှိသည်။ သီတာမျိုးကလည်း ပြဿနာရှာတတ်သူမဟုတ်ချေ။ ကေသွယ်ရောက်လာသောအခါ မကျေမလည်တာတွေ ဖြစ်

www.burmeseclassic.com



လာဆဲ။ အေးအေးမော်နှင့် ကေသွယ်တို့ မတည့်ကြ။ နောက်တော့ အေးအေးမော်က သီတာမျိုးကိုပါ မကျေမနပ်ဖြစ်လာသည်။ သီတာမျိုးကြောင့် ပြဿနာတွေ ဖြစ်ရသည်ဟု အေးဇော် မတွက်ချင်။ အေးအေးမော်သည်လည်း အပြစ်မကင်း။ ထားတော့။ ထိုကိစ္စကို မိမိက အတင်း ဝင်ရှင်းမရ။

အေးအေးမော်နှင့် ကေသွယ်တို့ ရန်ဖြစ်ကြပြီးနောက် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြတော့။ အေးအေးမော်သည် သီတာမျိုးကိုပင် ခပ်တန်းတန်းဖြစ်လာကြောင်း အေးဇော်ရိပ်မိသည်။ သီတာမျိုးက လိုက်စကားပြောတာတောင် မကောင်းတတ်လို့ တစ်ခွန်းနှစ်ခွန်း မပြောချင် ပြန်ပြောရပုံမျိုး ဆက်ဆံလာသည်။

အေးအေးမော်နှင့် ကေသွယ်တို့ တစ်ယောက်နှင့် တစ်ယောက် မထိတထိ စောင်းမြောင်းပြောဆိုခြင်း၊ ပစ္စည်းတစ်ခုခုကို ဒုံးဒိုင်းမြည်အောင် ပစ်ချခြင်း၊ တစ်ယောက်ရှေ့က တစ်ယောက်ဖြတ်လျှောက်လျှင် ခြေဆောင့်သွားခြင်းတို့ကို နေ့စဉ်နှင့်အမျှ ပြုလုပ်နေကြမည်မှာ မလွဲချေ။

သူတို့နှစ်ယောက်ကို တစ်အိမ်တည်းမှာ ကြာကြာထားလို့ မသင့်။ တစ်နေ့မဟုတ် တစ်နေ့ ထိပ်တိုက်တွေ့ကြဦးမည်မှာ သေချာသည်။ ပြဿနာကြီးကြီးကျယ်ကျယ် ထပ်မဖြစ်ခင် လူစုခွဲမှ တော်မည်ဟု စိတ်ကူးမိသည်။

ဘယ်လိုနည်းနဲ့ လူစုခွဲမည်နည်း။ အိမ်ခွဲနေကြဖို့သာ ရှိသည်။ ဒေါ်အေးခင်တွက်သလို ကေသွယ်တို့ မိဘများနှင့် ပြေလည်သွားပြီး အေးကျော်က ကေသွယ်တို့ အိမ်ကိုလိုက်နေ၊ သူတို့ အဆက်အသွယ်နှင့် အေးကျော်က အလုပ်ကောင်းကောင်းရ၊ သို့မဟုတ် သဘောလိုက်ဆိုသည်မှာ မျှော်လင့်ချက် သိပ်မရှိလှဟု ထင်သည်။



အေးဇော်၏ စိတ်ကူးမှာ အိမ်ငှားတင်ထားသော တစ်ဖက်ခန်းကို ပြန်ယူဖို့ ဖြစ်သည်။ ထိုအခန်းမှာ အေးကျော်တို့ လင်မယားကို ထားမည်။ တခြား အိမ်ခန်းတစ်ခန်း ရှာတာထက်စာလျှင် ခု အစီအစဉ်ကို ဒေါ်အေးခင်က လက်ခံနိုင်စရာရှိသည်။ ပြီးတော့ အေးအေးမော်နှင့် ကေသွယ်တို့ကိုလည်း ခွဲခြားထားပြီးသား ဖြစ်သွားမည်။

ထိုအခန်းကို ပြန်လိုချင်လျှင် စပေါ်ငွေ လေးထောင်ငါးရာ ပြန်အမ်းရမည် ဖြစ်သည်။ ထိုမျှသော ငွေကိုရှာဖို့ရာ မလွယ်တော့ချေ။ ဒေါ်အေးခင်က ထုတ်ပေးနိုင်လျှင် အလွန်ဆုံး နှစ်ထောင်၊ မိမိက နှစ်ထောင့်ငါးရာ၊ သုံးထောင်လောက် ရှာရမည်။

မိမိ၏ အစီအစဉ်သည် စိတ်ကူးယဉ် ဆန်ကောင်းဆန်နေမည် ဖြစ်သော်လည်း ဒေါ်အေးခင်၏ စိတ်ကူးယဉ်ထက်စာလျှင်တော့ ရေရေရာရာ ရှိနိုင်သေးသည်ဟု အေးဇော် စဉ်းစားမိသည်။

ဘာပဲဖြစ်ဖြစ်၊ မိမိတို့မိသားစုတွင် ဝင်ငွေပိုလာအောင် လုပ်မှဖြစ်မည်။ ခု လောလောဆယ်မှာတော့ ထိုတာဝန်ကို မိမိသာ ယူရမည်ဖြစ်သည်။ ဒေါ်အေးခင်သည် မိသားစု၏ အခြေအနေကို နှစ်အတော်ကြာ ထိန်းထားနိုင်မည် မဟုတ်။ မိမိက ဝင်ထိန်းဖို့သာ ရှိတော့သည်။ မိမိ ဦးဆောင်မည်ဟု ဒေါ်အေးခင်ကို ပြောလို့တော့ မဖြစ်သေး။

ဒေါ်အေးခင်မှာ သူသာ ဦးစီးလိုသော မာနကလေးရှိသည်။ ထို့ကြောင့် မိမိက မသိမသာ လုပ်ကိုင်သွားရမည်။

ငွေရှာရမည်။ ဝင်ငွေပိုလာအောင် လုပ်ရမည်။ ရုံးအလုပ်ကတော့ ဝင်ငွေပိုရနိုင်စရာ လမ်းမရှိ။ မိမိရုံးအလုပ်ကိုမှီပြီး အပြင် ဝင်ငွေရှာဖို့၊ အကြံအဖန် လုပ်ဖို့တော့ လုံးဝ စိတ်မကူး။ မိမိ၏ နေရာသည် လုပ်တတ်လျှင် အဟာန်

www.burmeseclassic.com

www.burmeseclassic.com



အတင့်တော့ ရနိုင်သည်။ သို့ရာတွင် အလုပ်နှင့်ပတ်သက်၍ နာမည်ပျက်မရှိခဲ့သော မိမိ၏ဂုဏ်သိက္ခာကိုတော့ အထိမခံနိုင်။

သို့ဆိုလျှင် ဝင်ငွေကို အပြင်မှာ ရှာရုံသာရှိသည်။ ဘယ်လို ရှာမည်နည်း။ ခင်မောင်ငြိမ်းကို သတိရသည်။

☆☆☆

"အေးကွ၊ မင်းပြောတဲ့အတိုင်းဆိုရင် မင်းတို့အိမ်မှာ မင်းပဲ ဦးဆောင်ရှာဖွေရတော့မှာပေါ့"

ခင်မောင်ငြိမ်းက အုတ်ခုံပေါ်မှာ ဝင်ထိုင်ရင်း ပြောလိုက်သည်။ အေးဇော်က 'အေး'ဟု ပြန်ပြောသည်။ သူတို့နှစ်ယောက်သည် အေးအေးဆေးဆေး စကားပြောချင်သဖြင့် ခင်မောင်ငြိမ်းတို့ လမ်းထိပ်က အုတ်ခုံသို့ လာခဲ့ကြခြင်းဖြစ်သည်။ လမ်းလျှောက်လာရင်း အေးဇော်က သူ့အခြေအနေနှင့် သူ့စိတ်ကူးကို ပြောပြခဲ့သည်။

"နေဦးကွာ၊ မင်းက ငှားထားတဲ့အိမ်ခန်းကို ပြန်လိုချင်တယ်ဆိုရင် အဲဒီကရတဲ့ အိမ်လခကို ဘယ်ရတော့မလဲ၊ ဝင်ငွေ ထပ်လျော့သွားဦးမှာပေါ့"

"အေး.. အဲဒါကို စဉ်းစားမိတယ်၊ ဒါက လောလောဆယ်ဆယ် လုပ်မှာ မဟုတ်သေးပါဘူး၊ အဆင်ပြေရင် လုပ်မယ်ဆိုတဲ့ စိတ်ကူးပါ၊ ဒီကြားထဲမှာ ဝင်ငွေရအောင်တော့ တစ်နည်းနည်းနဲ့ ရှာရမှာပဲ"

"ဒီလိုလုပ်ကွာ၊ အေးအေးမော်ကို ယောကျ်ားပေးစားလိုက်၊ ဒါဆို သူက သူ့ယောကျ်ားနဲ့သွားနေရင် ပြဿနာတစ်ခု အေးသွားမယ်၊ အေးအေးမော်မှာ ရည်းစားတွေ ဘာတွေ မရှိဘူးလား"



"ရှိမယ်ထင်တာပဲ၊ အံမယ်.. ဟော့ကောင်၊ သူက သူ့ယောကျ်ားနောက် လိုက်မသွားဘဲ သူ့ယောကျ်ားက ငါတို့အိမ်ပေါ် ရောက်လာရင်ကော"

"အေး..ဟုတ်သားပဲ၊ ဒါလည်း ထည့်တွက်ရမယ်"

"အမေကလည်း ခက်တယ်ကွာ၊ နုထိ စိတ်ကို မလျှော့ဘူး၊ သူ့အယူအဆတွေက တစ်ချို့နေရာမှာ ခေတ်မမီတော့ဘူးကွ၊ ခုထိတစ်အိမ်လုံးကို သူပဲ စီမံအုပ်ချုပ်ချင်သေးတယ်၊ အေးကျော်ကိစ္စပဲကြည့်၊ ရရာအလုပ်တစ်ခုခုကို ဝင်လုပ်နိုင်းသင့်လျက်သားနဲ့"

"အေးကျော်က သူ့သဘောနဲ့သူ လုပ်တာဆိုပြီး အတင်းလုပ်ရင်ကော"

"အေးကျော်က ငယ်သေးတယ်ကွ၊ အဲဒီလောက် အခွင့်အရေးမရသေးဘူး၊ အမေက မလုပ်နဲ့ဆို လုပ်ရဲမှာ မဟုတ်ဘူး"

"ဖြစ်သင့်တာက မင်းတို့တစ်အိမ်သားလုံး အလုပ်ကိုယ်စီ ရှိသင့်တာကွ၊ သီတာမျိုးက အစပေါ့"

အေးဇော်က ခဏမျှစဉ်းစားပြီး...

"သီတာကတော့ လုပ်ဖြစ်မယ် မထင်ပါဘူးကွာ၊ သူကက သိပ်ရိုးသိပ်အေးတာ၊ ဆယ်တန်းလည်း အောင်မထားဘူး၊ ပြီးတော့ အိမ်မှာ ချက်ရေး ပြုတ်ရေးမှာလည်း သူကပဲ အမေ့ကို ကူညီနေရတာ"

ခင်မောင်ငြိမ်းက 'ခဏလေးကွာ'ဟု ဆိုပြီး ထထွက်သွားသည်။ အေးပေါ့လိပ်နှစ်လိပ် ဝယ်လာပြီး အေးဇော်ကို တစ်လိပ်ပေးသည်။ မီးညှိထားသော သူ့ဆေးလိပ်ကို အေးဇော်ကို ကမ်းပေး၏။ ဆေးလိပ် မီးကျူးသွင်းနေတုန်း...

www.burmeseclassic.com

www.burmeseclassic.com



“ဒီတော့ မင်းပဲ အလုပ်တစ်ခုခု ထပ်လုပ်ရမယ်ဆိုပါတော့”

အေးဇော်က ခေါင်းညိတ်သည်။ ခင်မောင်ငြိမ်းက…

“မင်း ဘာလုပ်မယ်စိတ်ကူးလို့လဲ”

“ငွေလေး နည်းနည်းပါးပါး ရင်းနှီးပြီး တိုးပွားအောင် လုပ်ရမှာပေါ့”

“မင်း အဘွားကြီးဆီက တောင်းမှာလား”

“အမေ့ဆီက တောင်းလို့မဖြစ်သေးဘူး၊ ရုံးက ငါ့သူငယ်ချင်းတစ်ယောက်ဆီက ငွေတစ်ထောင်လောက် ချေးမယ်စိတ်ကူးထားတယ် စိတ်ကူးထားတာ မဟုတ်ပါဘူးလေ၊ ချေးဖို့ ပြောတောင် ပြောလိုက်ပြီ၊ အဲဒါ ဘာလုပ်ရင် ကောင်းမလဲလို့ မင်းကို အကြံဉာဏ်တောင်းချင်လို့”

ခင်မောင်ငြိမ်းက ဆေးလိပ်ကို လေးငါးဖွာလောက် ဖွာရင်း စဉ်းစားသည်။

“မင်း လုပ်ချင်ရင် လုပ်လို့ရတာ တစ်ခုရှိတယ်၊ အဲဒီငွေတစ်ထောင်ကို ကိုင်ထား၊ ရုံးမှာ သကြားတို့၊ဒူးယားတို့၊ဆပ်ပြာတို့ ပေးတဲ့အခါ အမြတ်ပေးပြီးကောက်၊ ပြီးတော့ ဆိုင်ကြီးတွေမှာ သွားပြန်သွင်း၊ မဆိုးဘူးကွ၊ တစ်ခုတော့ ရှိတယ်၊ မင်းတို့ရုံးမှာ အဲဒါမျိုးလုပ်တဲ့ တခြားလူတွေ ရှိမှာပဲ၊ သူတို့နဲ့ ပြိုင်ပြီး လုပ်ရမှာ၊ သူတို့ ကောက်နေကျလူကို မင်းက ဝင်လုတာမျိုးဖြစ်ရင် မျက်နှာပူရမှာတော့ ရှိတယ်၊ အေးလေ၊ မင်း ဝင်ဖို့တောင် သိပ်မလွယ်ဘူး၊ ဒါမျိုး လုပ်နေကျလူတွေက သူများ ဝင်မလုနိုင်အောင် ပိုက်ဆံကြိုပြီး ထုတ်ချေးတတ်တယ်၊ ပစ္စည်းပေးတော့မယ်ဆိုတော့ သူ့ဆီက ပိုက်ဆံချေးထားတဲ့သူတွေက သူ့ဆီပဲ သွင်းကြရတော့တာပေါ့၊ ကောက်တဲ့သူဆီမှာသွင်းရင် ရသမျှအမြတ်နဲ့ ကျေနပ်ကြရတာကိုး”



“ငါတော့ ရုံးမှာ ဘာမှမလုပ်ချင်ဘူး၊ အပြင်မှာပဲ လုပ်ဖို့ စဉ်းစားချင်တယ်”

“ဟုတ်တာပေါ့လေ၊ မင်းက ရုံးမှာ ကိုယ့်သိက္ခာနဲ့ကိုယ် နေတာကိုး၊ ဒါမျိုး မလုပ်သင့်ဘူးပေါ့၊ ဒါပေမယ့် လုပ်သင့် လုပ်ရမှာပဲကွ”

“ခင်မောင်ငြိမ်း မင်း ငါတို့ကို တစ်ခါပြောဖူးတယ် မဟုတ်လား၊ အရင်းအနှီးမရှိလို့ ငြိမ်နေတာဆို၊ ငါ မင်းကို အရင်းအနှီးထုတ်ပေးမယ်၊ မင်း လုပ်မလား၊ အမြတ်ကို ခွဲယူကြတာပေါ့”

ဩော်…အေးဇော်၊ အေးဇော်၊ ခုတော့ မင်းလည်း စိတ်ဝင်စားလာပြီပေါ့နော်ဟု ခင်မောင်ငြိမ်း စိတ်ထဲက ပြောနေသည်။ နှုတ်ကတော့မှု–

“အေးလေ၊ မင်းတို့ကိုတောင် ငါပြောသေးတာပဲ၊ ငါတို့တွေ စုပြီး လုပ်ရအောင်လို့ ဒါပေမယ့်ကွာ၊ မဖြစ်နိုင်ဘူးထင်တယ်”

“ဘာဖြစ်လို့လဲ ”

“ငါ့မှာ အရင်းအနှီး မရှိဘူးကွ”

“မင်း အရင်းအနှီးမလိုပါဘူး၊ ငါထုတ်ပေးမယ်”

“ငါ တစ်ခုပြောမယ် အေးဇော်၊ ခုလောလောဆယ် လုပ်မယ်ဆို လုပ်နိုင်တာ တစ်ခုရှိတယ်”

“ဘာလဲကွ”

အေးဇော် စိတ်ဝင်တစားဖြင့် မေးသဖြင့် ခင်မောင်ငြိမ်းက…

“တပေါင်းပွဲတော်က စတော့မယ်လေ၊ အဲဒီမှာ အရောင်းဆိုင်တွေက ပစ္စည်းတွေ ပေးလိမ့်မယ်၊ ငါတို့ သွားကောက်ကြရအောင်

“မင်း ကောင်းမယ်ထင်ရင် လုပ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ရှိတယ်၊ မင်းရဲ့ ငွေတစ်ထောင်က နည်းနေတယ်ကွ၊ ပစ္စည်းကများများရရင် မလောက်ဘဲ နေမယ်၊ ငါကလည်း မထည့်နိုင်ဘူး၊ ချေးလို့လည်း မလွယ်ဘူး၊ ချေးလို့ရရင် သိပ်ပြောလို့လည်း မဖြစ်သေးဘူး၊ အခု လုပ်မယ်ဆိုရင်တောင် တခြားအကြောင်း တစ်ခုခုပြပြီး သွားရမှာ"

"ငါ့မှာတော့ ဒါပဲရှိတာပဲ၊ ထပ်ရှာဖို့ မလွယ်ဘူး၊ ရှိသလောက်ပဲ လုပ်တာပေါ့"

"နေဦးလေကွာ၊ ငါ စဉ်းစားမိတာက ငါတို့ သူငယ်ချင်းတွေ စုလိုက်ရင် ကောင်းမလားလို့၊ ကြော့မောင်ကို စည်းရုံးကြည့်ရအောင်"

"ဒီကောင်နဲ့ ဖြစ်ပါ့မလားကွာ၊ ပျော့စိစိနဲ့"

"ဖြစ်ပါတယ်ကွာ၊ ဒီကောင့်ကို အရေးမကြီးတဲ့ တာဝန်ပေးတာပေါ့၊ လူများရင် ပိုကောင်းတယ်ကွ"

"အေးလေ၊ ကြော့မောင်ဆီ သွားကြတာပေါ့၊ စိန်ထွန်းကော"

"ဒီကောင်ကတော့ ပါချင်မှပါမှာ၊ ပြောတော့ ပြောကြည့်သေးတာပေါ့"

☆☆☆



ကြော့မောင်သည် ပန်းချီဆွဲသည့် စားပွဲပေါ်ထိုင်ရင်း ငိုင်တွေတွေ ဖြစ်နေသည်။ ပြီးခဲ့သောလက အိမ်မှာ ဧည့်သည်တွေ ရောက်နေသဖြင့် အလုပ်ရှုတ်သွားသည်။ မဂ္ဂဇင်းတိုက်တွေဘက် အထွက်နောက်ကျသွား၏။ ထို့ကြောင့် သရုပ်ဖော်ပုံ သိပ်ဆွဲခွင့် မရလိုက်။ ဒီလအဖို့ ဝင်ငွေ စံချိန်မှာ အနိမ့်ဆုံးမှာ ရှိနေသည်။

ထိုအချိန်တွင် အေးဖော်နှင့် ခင်မောင်ငြိမ်းတို့ ရောက်လာသဖြင့် သူဝမ်းသာသွားသည်။ ဘာအကြောင်းကြောင့်မှတော့ မဟုတ်ချေ။ တစ်ယောက်တည်း ပျင်းနေတုန်း စကားပြောဖော် သူငယ်ချင်းတွေကို တွေ့လိုက်ရသောကြောင့် ဝမ်းသာသွားခြင်း ဖြစ်သည်။

"ထိုင်ကြကွာ၊ မင်းတို့ ဘယ်မှာ ဆုံလာကြတာလဲ"

"ဒီကောင် ငါ့ဆီ ရောက်လာတာကွဲ"

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ငြိမ်းက ပြန်ပြောရင်း အိမ်ထဲသို့ ဟိုဟိုဒီဒီ အကဲခတ်ကြည့်သည်။ လေသံအုပ်အုပ်ဖြင့်...

"သက်ထားရော..."

"အပေါ်ထပ် အိမ်ရှင်တွေဆီ သွားတယ်၊ အိမ်လခ သွားပေးတာလေ"

"ဟင် ခုမှ ပေးရတယ် ဟုတ်လား၊ ဒီနေ့ပဲ ကိုးရက်နေ့ ဖြစ်နေပြီ"

"အေးကွာ၊ ငါတို့ အလုပ်က မင်းတို့လို လကုန်ရင် လခထုတ်ရတာမှ မဟုတ်တာ၊ မဂ္ဂဇင်းတွေက ငွေထုတ်ပေးတဲ့ ရက်ကျမှ ပိုက်ဆံရတာ မဟုတ်လား၊ အိမ်ရှင်က သဘောကောင်းလို့ တော်သေးတာပေါ့၊ သက်ထားကလည်း အိမ်လခ နောက်ကျသွားတာနဲ့ တောင်းပန်စကားပြောရင်း ကြာနေတာ ထင်ပါရဲ့ကွာ"

သက်ထားမရှိသဖြင့် သူတို့ကိစ္စကို ကြော့မောင် အိမ်မှာပဲ ထိုင်ပြောတော့မည်ဟု ခင်မောင်ငြိမ်း စိတ်ကူးလိုက်သည်။

"မင်းတို့ လာတာနဲ့ အတော်ပဲကွာ၊ ငါလည်း တစ်ယောက်တည်း ပျင်းနေတာနဲ့"

ကြော့မောင်က ပြောလိုက်သည်။

"ပြီးခဲ့တဲ့လက အိမ်ကို ဧည့်သည်လာတယ်လေ၊ အလုပ်ရှုတ်သွားတာနဲ့ မဂ္ဂဇင်းတိုက်တွေ နောက်ကျမှ ရောက်တယ်၊ မင်းတို့သိတဲ့အတိုင်းပဲလေ၊ ငါ့အဆင့်က မဂ္ဂဇင်းတွေမှာ ပုံမပါဖြစ်လို့ စောင့်အပ်ရတဲ့ အဆင့်မှမဟုတ်ဘဲ၊ စောစောစီးစီး ဦးအောင်သွားနိုင်မှ တော်ကာကျမှာ၊ ခု ငါက နောက်ကျသွားတော့ ပုံ သိပ်မရတော့ဘူးပေါ့"



"မင်း အိမ်ကို ဧည့်သည်တွေ ရောက်တယ်ဆိုတာတော့ ခင်မောင်ငြိမ်း ပြောပြလို့သိတယ်၊ မင်းအမျိုးတွေဆို၊ ဆေးလာကုတာ မဟုတ်လား"

အေးဇော်က မေးသဖြင့် ကြော့မောင်က...

"အေး... ငါတို့ ဦးကြီးနဲ့ ဒေါ်ကြီးက သူတို့လှည်းကူးကို အထူးကုအဖွဲ့တွေ ကွင်းဆင်းတုန်း ဦးကြီးရဲ့မျက်စိကို ပါရဂူကြီးဆီမှာ ပြကြည့်တော့ မျက်စဉ်းဆေးတွေ၊ သောက်ဆေးတွေ ပေးခဲ့တယ်တဲ့၊ မသက်သာရင် ရန်ကုန်မှာလာပြ၊ ပစ္စည်းကိရိယာအစုံအလင်နဲ့ စမ်းသပ်ပေးမယ်၊ လိုအပ်ရင် ခွဲစိပ်ပေးမယ်လို့ မှာခဲ့တယ်တဲ့၊ ဒါကြောင့် လာကြတာလေ၊ တော်သေးတာပေါ့၊ ခွဲရတဲ့အဆင့်ကို မရောက်လို့၊ မျက်ရည်အိတ်ကို ဖာတယ်ဆိုလား၊ အကြောတွေကို ပိတ်တယ်ဆိုလား မသိပါဘူး၊ စုစုပေါင်း တစ်ပတ်လောက် ရန်ကုန်မှာ နေသွားတယ်၊ ဘာပဲဖြစ်ဖြစ် ဆေးရုံကို ထမင်းသွားပို့ရတာနဲ့၊ ခရီးစရိတ်နဲ့၊ ဆေးဝယ်ရတာနဲ့ ငွေသုံးရာလောက် ကုန်သွားတယ်"

"မင်း တော်တော် အီသွားတာပေါ့"

"ထားရဲ့ တစ်ကုံးတည်းသော ဆွဲကြိုးကလေးကို အားကိုးရတာပေါ့ကွ"

"ပေါင်လိုက်တာလား"

"ငါလိုကောင်မျိုး ပေါင်လို့ ဘာထူးမှာလဲဟ၊ ပြန်ရွေးနိုင်မှာမှ မဟုတ်တာ"

"ရောင်းလိုက်တာလား"

"နည်းနည်းရောင်းလိုက်တယ်"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေကွာ၊ ဆွဲကြိုးရှိတဲ့လူက ဒီနေရာမှာ တစ်ပန်းသာတယ်၊ လက်ကောက်တို့၊ လက်စွပ်တို့ဆိုရင် ရောင်းချင်ရင် တစ်ခါတည်း အကွင်းလိုက်ရောင်းမှ ရတယ် မဟုတ်လား၊ ဆွဲကြိုးကျတော့ လိုသလောက် ဖြတ်ဖြတ်ပြီး ရောင်းလို့ရတာကွ၊ ဒါကြောင့် အနုနည်းနည်းဖြတ်ရောင်းလိုက်တယ်လို့ ပြောတာ၊ အရင်လည်း အသုံးလိုလို့ နှစ်ခါဖြတ်ပြီးပြီ"

"မင်းဟာက တိုသွားမှာပေါ့"

"အေးပေါ့၊ ခုဆိုရင် အဲဒီဆွဲကြိုး သက်ထားကို ဆွဲပေးရင် လည်ပင်းညှစ်သလို ဖြစ်နေမှာပဲ"

"ကိစ္စမရှိဘူးလေ၊ သက်ထားမွေးလို့ မိန်းကလေးဖြစ်နေရင် ဆွဲပေးလို့ ရသေးတာပေါ့"

"အဲဒီလောက်ထိ ခံမယ်မထင်ပါဘူးကွာ၊ သက်ထားမွေးဖို့ စရိတ်လိုလာရင် ရောင်းရမှာပဲ၊ ဒီတစ်ခါတော့ အပြတ်ရှင်းဖြစ်လိမ့်မယ်ထင်တယ်"

"မင်းမှာ မီးဖွားစရိတ် လိုနေတာပေါ့"

"လိုဖို့က ကြိမ်းသေလောက်ပဲ"

အေးဇော်နှင့် ခင်မောင်ငြိမ်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ ခင်မောင်ငြိမ်းကပင် သူတို့နှစ်ယောက် စိတ်ကူးထားသော လုပ်ငန်းအစီအစဉ်ကို ပြောပြပြီး...

"အဲဒါ မင်း ဘယ်လိုသဘောရသလဲ"

ဟု တစ်ဆက်တည်း မေးလိုက်သည်။

"ဖြစ်မယ် မထင်ပါဘူးကွာ၊ ငါ့မှာ ပိုက်ဆံမှမရှိဘဲ"



"မင်းပဲ ခုနက ပြောတယ်မဟုတ်လား၊ မီးဖွားစရိတ်လိုရင် ဆွဲကြိုးရောင်းရမယ်ဆို၊ ရောင်းရမယ့်အတူတူ ခုရောင်းလိုက်ပေါ့၊ အဲ့ဒါကို အရင်းအနှီးလုပ်လိုက်ရင် တိုးပွားလာမှာပေါ့ကွ၊ သက်ထားမွေးတဲ့အခါ ပြည့်ပြည့်စုံစုံ ဖြစ်သွားတာပေါ့"

ကြော့မောင် တွေပြီး စဉ်းစားနေသည်။ ပြီးတော့...

"ငါက ဘာမှ လုပ်တတ်တာ မဟုတ်ဘူးကွ"

"ငါတို့ ကြည့်လုပ်မှာပေါ့၊ မင်းက အဖော်လိုက်ခဲ့ပေါ့၊ ငါတို့ ပြောတာ လိုက်လုပ်ပေါ့"

ကြော့မောင်က 'အင်း အဲ'လုပ်နေသဖြင့် အေးဇော်က...

"ဟော့ကောင် ငါပြောမယ်၊ မင်း သက်ထားနဲ့ တိုင်ပင်လိုက်ဦး၊ ဟုတ်လား၊ ငါ စိန်ထွန်းဆီဖုန်းဆက်ပြီး နက်ဖြန်ညနေ ချိန်းလိုက်မယ်၊ အဲဒီအခါကျတော့ မင်းဘယ်လိုသဘောရတယ်ဆိုတာပြော"

"ဟာ မင်းပြောမှ ငါသတိရတယ်၊ ဟိုတစ်နေ့က စိန်ထွန်းနဲ့ မြို့ထဲမှာ တွေ့တယ်ကွ၊ ဒီကောင် တပေါင်းပွဲတော်က အရောင်းဆိုင်မှာ တာဝန်ကျတယ်တဲ့"

"ဟင်...ဟုတ်လား၊ အဲဒါ အကွက်ပဲကွ"

ဟု ခင်မောင်ငြိမ်းက ပြောလိုက်သည်။

☆☆☆

သူတို့လုပ်မည့် အလုပ်အကြောင်းကို ခင်မောင်ငြိမ်းက အားတက်သရော ပြောနေသည်။ စိန်ထွန်းက စကားဆုံးအောင် နားထောင်ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ မင်းတို့ ငါတို့နဲ့ လုပ်လို့ဖြစ်နိုင်တဲ့ အလုပ်မျိုး မဟုတ်ဘူး"

"ဘာလို့ မလုပ်နိုင်ရမှာလဲ"

"ကိုယ်မှ မကျွမ်းကျင်တဲ့ ကိစ္စကို သွားလုပ်ရင် ခံသွားရမှာပေါ့"

"ဘာလို့ ခံရမှာလဲ၊ ငါ လေ့လာထားပြီးပြီပဲ"

ခင်မောင်ငြိမ်းက ပြန်ငြင်းရာ စိန်ထွန်းက…

"လေ့လာတာ အပေါ်ယံပဲ သိမှာပေါ့၊ တကယ်လုပ်နေကျ လူတွေနဲ့ ယှဉ်လို့မရပါဘူးကွာ"

"ဒီမှာ စိန်ထွန်းရ၊ ဒီအလုပ်မျိုးဟာ သိပ်ခဲခဲယဉ်းယဉ်း မဟုတ်ပါဘူးကွ၊ အရေးကြီးတာက ဒါပဲ"

ခင်မောင်ငြိမ်းက လက်ညှိုးနှင့် လက်မကို ပိုင်းပြီး ပိုက်ဆံဆိုသော သဘောလုပ်ပြသည်။ စိန်ထွန်း ခေါင်းခါပြ၏။

"ငါ့မှာ ပိုက်ဆံမရှိဘူးကွာ၊ ပြီးတော့ ငါဝင်လုပ်ဖို့လည်း အချိန်မရပါဘူး၊ ငါက အရောင်းဆိုင်မှာ တာဝန်ကျနေတာ"

"အဲဒါကြောင့် ပိုပြီးကောင်းတာပေါ့ကွ၊ မင်းတို့ အရောင်းဆိုင်က ပေးမယ့် ပစ္စည်းတွေက အလုပ်ဖြစ်မယ့်ဟာတွေ များတယ်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ စနိုး၊ သင်းပေါင်ဒါ၊ အရောင်းထိုင်း ပစ္စည်းနဲ့ တွဲပေးတယ်ပဲထားဦး၊ မမြတ်စရာ အကြောင်းဘာမှမရှိဘူး၊ ဆိုင်ကနေ တိုက်ရိုက်ရမယ်ဆိုရင် ကြားထဲက တဆင့် ခံမနေတော့ဘူး၊ အပင်ပန်းခံပြီး ကောက်နေစရာလည်း မလိုတော့ဘူး၊ အမြတ်က ပိုထွက်လာမှာ အမှန်ပဲ"



ခင်မောင်ငြိမ်းက စိတ်ပါဝင်စားစွာ တွက်ချက်ပြနေသည်။ စိန်ထွန်းက မျက်မှောင်ကုတ်ပြီး ကြည့်နေ၏။ ဒီလို စိတ်ကူးမျိုးတွေ ဒီကောင် ဘယ်လို ရလာပါလိမ့်ဟု တွေးပြီး အံ့သြသလိုဖြစ်နေလေသည်။ ခင်မောင်ငြိမ်းကတော့ ဆက်ပြောနေသည်။

"အဲဒီလို ဆိုင်မျိုးမှာ မင်းလိုလူရင်းမျိုးတစ်ယောက် ရှိနေရင် ငါတို့အတွက် ဘာလိုတော့မှာလဲကွ"

"ဟာ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ငါမလုပ်နိုင်ဘူး"

စိန်ထွန်းက ပျာပျာသလဲ ဝင်ပြောသည်။

"အေးပါ၊ မင်းလုပ်စရာ မလိုပါဘူး၊ မင်းတို့ အရောင်းဆိုင်က သွက်လက်ချက်ချာတဲ့ လူတစ်ယောက်နဲ့ ငါတို့ကို ဆက်သွယ်ပေးရုံပါပဲ"

"ဆောရီးပဲကွာ၊ မဖြစ်နိုင်ဘူး၊ အဲဒါမျိုး ငါမလုပ်တတ်ဘူး၊ မင်းတို့လည်း ငါ့အကြောင်းသိပါတယ်ကွာ၊ ငါ့ရုံးမှာ ငါဘယ်လို ပုံစံနဲ့ နေတယ်ဆိုတာ"

"တော်တော့၊ ငါနားလည်ပြီ စိန်ထွန်း၊ ငါတို့ပြောသလိုလုပ်လိုက်ရင် မင်း ထိန်းသိမ်းထားတဲ့သိက္ခာကို ထိခိုက်သွားမယ်လို့ ထင်တယ်မဟုတ်လား၊ ကောင်းပြီ မင်း မလုပ်နဲ့"

အေးဇော်က ဝင်ပြောသည်။ စိန်ထွန်းသည် အေးဇော်ကို စိတ်ဆိုးသည့်ဟန် မပြဘဲ…

"အေးဇော်ရာ၊ မင်းလည်း မင်းရုံးမှာ ကိုယ့်သိက္ခာနဲ့ကိုယ် နေခဲ့တာပဲ မဟုတ်လား၊ မင်း အကြံအဖန်လုပ်မယ်ဆိုရင် ရနိုင်လျက်သားနဲ့ မလုပ်ဘဲ ထိန်းသိမ်းခဲ့တာ မဟုတ်လား၊ မင်း ငါ့ကို ကိုယ်ချင်းစာသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိန်ထွန်းပြောတာ မှန်သည်။ အေးဖော်သည် ခုလုပ်ရမည့် အလုပ်မှာ သူနှင့်ပတ်သက်နေသဖြင့် လုံးဝလုပ်မည်မဟုတ်။ သူ့ရုံးနှင့် ကင်းရှင်းသဖြင့်သာ လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် စိန်ထွန်းကို ဘာမှပြန်မပြောဘဲ နေလိုက်သည်။ ခင်မောင်ငြိမ်းက…

"ကောင်းပြီ၊ စိန်ထွန်းမပါတော့ဘူး၊ ကြော့မောင် မင်းရော"

ကြော့မောင်မှာ တစ်ချိန်လုံး ဘာမျှဝင်မပြောဘဲ နေနေခဲ့သည်။ သူ့စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေ၏။ ထို့နောက်…

"ငါနဲ့ဖြစ်မယ် မထင်ပါဘူးကွာ"

"အိုကေ မလုပ်နဲ့၊ အေးဖော် မင်းလည်း စဉ်းစားဦး၊ မင်းသိက္ခာကို ထိခိုက်မယ်ထင်ရင် မလုပ်နဲ့"

စိန်ထွန်းကဖြတ်ကနဲ ကြည့်လိုက်သည်။ အေးဖော်က…

"ငါ လုပ်မလို့ ဆုံးဖြတ်ပြီးပြီပဲ"

ခင်မောင်ငြိမ်းက စိန်ထွန်းကို-

"စိန်ထွန်း မင်း ဘာပဲပြောနေနေ၊ မင်းတို့ဆိုင်က ရောင်းလိုက်တဲ့ ပစ္စည်းတွေကို ဝယ်သွားတဲ့ လူတိုင်းဟာ ကိုယ့်ဟာကိုယ် သုံးမယ်လို့များ ထင်နေသလား၊ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းက ပြန်ရောင်းကြမှာချည်းပဲ၊ ပေါင်ဒါ မလူးနိုင်တဲ့လူတွေ၊ စနိုးမလိမ်းနိုင်တဲ့လူတွေ၊ သွားတိုက်ရကောင်းမှန်း မသိတဲ့လူတွေဆီက ငါတို့ ပြန်ကောက်ယူမယ်"

"ဒါတော့ ငါနဲ့မဆိုင်ဘူးကွာ၊ ငါတို့ကတော့ ပစ္စည်းတွေကို တပေါင်းပွဲတော်အတွက် အထူးအစီအစဉ်နဲ့ လွတ်လွတ်လပ်လပ်ရောင်းမယ်လို့ ကြော်ငြာပြီးပြီ၊ စည်းကမ်းတကျ တန်းစီပြီး ဝယ်ရင်



ပိုက်ဆံပေးပြီး ဝယ်ရင် ဘယ်သူ့ကိုမဆို ရောင်းမှာပဲ၊ သူတို့ဟာ သူတို့ ပြန်ရောင်းရောင်း၊ လွှင့်ပစ်ပစ် ငါတို့နဲ့ မဆိုင်တော့ဘူး၊ ပစ္စည်းတွေက သူတို့ပိုင်တဲ့ပစ္စည်းတွေ ဖြစ်သွားပြီ"

ခင်မောင်ငြိမ်းက စိန်ထွန်းကို စေ့စေ့ကြည့်၍…

"ဒီမှာ စိန်ထွန်း၊ မင်းရောင်းနေတဲ့ ကောင်တာမှာ ငါကိုယ်တိုင် ဝင်တန်းစီပြီး လာဝယ်မယ်ကွ"

စိန်ထွန်းရင်ထဲက လှိုက်ကနဲ ဖြစ်သွားသည်။ ခင်မောင်ငြိမ်းကို စိတ်မကောင်းစွာ ကြည့်လိုက်၏။

"ငါ ဝမ်းနည်းပါတယ် သူငယ်ချင်းရာ"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းပွဲတော်ကြီးသည် စည်ကားလှစွာ၏။ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် လူတွေကြိတ်ကြိတ်တိုးနေကြသည်။

မုခ်လေးမုခ်စလုံးတွင် ဈေးဆိုင်တွေ၊ အရောင်းဆိုင်တွေ၊ ကြည့်ချင်ပွဲတွေ၊ အပြည့်။ ရန်ကုန်မြို့၏ ဘုရားပွဲရာသီ၏ အပြီးသတ်နောက်ဆုံးပွဲဖြစ်၍ အိတ်သွန်ဖာမှောက် ဆင်နွှဲနေကြခြင်းဖြစ်သည်။

ဇာတ်သဘင်တွေက အပြိုင်အဆိုင် က,ပြကြသည်။ ဆပ်ကပ်အဖွဲ့များက သည်းထိတ်ရင်ဖိုဖွယ်ရာများကို စွန့်စွန့်စားစား လုပ်ပြနေ၏။ နိုင်ငံခြားကား အတိုအထွာကလေးတွေ ပြသော ရုပ်ရှင်ရုံကလေးများ၊ 'ကင်းကောင်နှင့် ဂေါ်ဇီလာတို့၏ စိတ်မကျေပွဲ' 'တီကောင် အန္တရာယ်'လူကို ဆေးထိုး၍ မြွေဖြစ်ခြင်း'စသော ကြော်ငြာဆိုင်းဘုတ်များ တင်၍ လှုခေါ်နေကြသည်။



ဈေးဆိုင်တွေက နေရာတိုင်းမှာ ရှိသည်။ မွေ့ရာ ခြင်ထောင်ရောင်းသော ဆိုင်ကြီးတွေကအစ အဝတ်ဟောင်းပုံ ပုံရောင်းသောဆိုင်အထိ၊ ဆယ့်ငါးပေလောက်ရှည်သော ဆိုင်းဘုတ်ကြီးတွေ ထောင်ထားသော စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးတွေကအစ ကွမ်းယာ ဆေးလိပ်ဆိုင်ကလေးတွေအထိ။

ဇာတ်ရုံတွေက လျှံထွက်လာသော အသံ၊ ဈေးဆိုင်တွေက ဖွင့်သော သီချင်းသံ၊ ကြော်ငြာသံ၊ စကားပြောသံ၊ မော်တော်ကားသံတွေ အားလုံးရောပေါင်းထားသော အသံက ဆူညံနေသည်။

အေးဇော်နှင့် ခင်မောင်ငြိမ်းတို့သည် ပထမဆုံးနေ့တွင် သူတို့အလုပ်နှင့် ပတ်သက်သည်များကို လျှောက်ပြီး လေ့လာနေကြသည်။

သူတို့နှစ်ယောက် ရုံးဆင်းပြီးနောက် အိမ်မပြန်ဘဲ ဆက်လာခဲ့ကြခြင်းဖြစ်သည်။ ခုရက်များတွင် နည်းနည်းတော့ အိပ်ရေးပျက်မည်။ တပေါင်းလပြည့်နေ့သည် သောကြာနေ့ဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေပါနှင့် သုံးရက်ဆက်ပိတ်မည် ဖြစ်သည်။ ထိုရက်များတွင် မနက်ပိုင်း ကောင်းကောင်းအိပ်နိုင်မည်ဖြစ်၍ သိပ်ကိစ္စမရှိနိုင်။

အရောင်းဆိုင်တွေက ထုတ်ရောင်းသော ပစ္စည်းများမှာ အမျိုးစုံပင်ဖြစ်သည်။ ပုဆိုးများ၊ ပိတ်စများ၊ မျက်နှာသုတ်ပုဝါများ၊ စောင်များ၊ ပန်းကန်ခွက်ယောက်များ၊ ကြွေရည်သုတ်ပစ္စည်းများ၊ ဖန်ထည်များ၊ အိမ်သုံးနှင့် ဆေးဝါးပစ္စည်းများ။

တချို့အရောင်းဆိုင်များတွင် ဝယ်သူ ဖြိုးဖြိုးဖြောက်ဖြောက်သာရှိသည်။ တချို့ဆိုင်တွေကျတော့ ကြိတ်ကြိတ်တိုးနေကြ၏။ တချို့လူများသည် ပစ္စည်းတွေကို ကောက်ပြီး ချက်ချင်းပင် လမ်းဘေးမှာ ဆိုင်ခင်း၍ ပြန်ရောင်းကြသည် တချို့ကျတော့ အိတ်ကြီး အိတ်ငယ်နှင့် ထည့်ပြီး သယ်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ တချို့လည်း ယောင်လည်လည်။ တန်းစီတိုးသူတွေကတော့ တစ်ဆိုင်ပြီး တစ်ဆိုင် လှည့်နေကြလေ၏။

ပစ္စည်းတွေထဲတွင် ရောင်းရအသွက်ဆုံးနှင့် အမြန်ဆုံးမှာ စိန်ထွန်းတို့ အရောင်းဆိုင်က ရောင်းသော ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ ဖြစ်နေသည်။ ဤသည်ကိုပင် ခင်မောင်ငြိမ်းက မချင့်မရဲ ဖြစ်နေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် အရောင်းဆိုင်မှ လူများ ညစာစားရန် ထမင်းကြော် ထွက်ဝယ်သော စိန်ထွန်းနှင့် သွားတိုးသည်။ စိန်ထွန်းက သူတို့ကို မြင်လျှင် ဝမ်းသာအားရနှုတ်ဆက်ပြီး ...

"အတော်ပဲကွာ၊ မင်းတို့နဲ့တွေ့တာ၊ လာကွာ၊ လက်ဖက်ရည်သွားသောက်ရအောင်"

ခင်မောင်ငြိမ်းက...

"ငါတို့မှာ လက်ဖက်ရည်သောက်ဖို့ အချိန်မရပါဘူးကွာ၊ ဝမ်းရေးအတွက် လုပ်ရဦးမယ်၊ ပြီးတော့ ငါတို့လို အရောင်းအဝယ်သမားမျိုးနဲ့ လက်ဖက်ရည်ဆိုင်မှာ အတူတူထိုင်နေရင် မင်းကို သူများတွေက တစ်မျိုးထင်နေဦးမယ်"

ခပ်တည်တည်ပြောလိုက်သည်။ စိန်ထွန်းက 'မရှိပါနဲ့ကွာ၊ ငါက'ဆိုပြီး ဘာမျှဆက်မပြောနိုင်ဘဲ ဖြစ်နေသည်။ ခင်မောင်ငြိမ်းက အေးဇော်ကို ခေါ်ပြီး ထွက်လာခဲ့၏။

"မင်းကွာ၊ စိန်ထွန်းကြီးကို ဒီလိုတော့ မပြောသင့်ပါဘူး၊ သူလည်း သူ့အခြေအနေနဲ့ သူပဲဟာ၊ ငါတို့ကို မခင်လို့မှ မဟုတ်ဘဲ၊ သူကူညီနိုင်တဲ့ကိစ္စဆို အမြဲကူညီနေတာ မဟုတ်လား၊ ဒီကောင်ကြီး စိတ်မကောင်းဖြစ်သွားမှာပဲ"



ဟု အေးဇော်က ပြောသည်။

"ဒီကောင်က မဂ်လာယူချင်လွန်းလို့ ခပ်ချဉ်ချဉ်ရှိလာတာနဲ့ ပြောလိုက်တာ"

ခင်မောင်ငြိမ်း၏ မျက်နှာ တည်တည်ကြီးဖြစ်နေ၏။

☆☆☆

စိန်ထွန်းက ရောင်းချမည့် ပစ္စည်းများကို စာရင်းလုပ်ပြီး ဈေးနှုန်းတွက်ချက်နေသည်။ တစ်ယောက်က ပစ္စည်းများကို တွဲနေသည်။ ပစ္စည်းတွဲရာတွင် အရောင်းထိုင်း ပစ္စည်းအချို့လည်း ထွက်သွားအောင်၊ ဝယ်သူလည်း မနစ်နာရအောင် တွက်ရသည်။ ဒီနေ့ ရောင်းရမည့် ပစ္စည်းတွဲမှာ သင်းပေါင်ဒါ တစ်ဗူး၊ ပက်ဆိုးဒင့် သွားတိုက်ဆေး အသေးနှစ်ဗူး၊ ဖိနပ်ဆေးအမည်း တစ်ပုလင်း၊ သကြားရေမွှေးတစ်ပုလင်းတို့ ဖြစ်သည်။ စုစုပေါင်း ဆယ့်ခုနစ်ကျပ် ပြားသုံးဆယ်ဖိုး။

စိန်ထွန်းသည် အပြင်ကောက်ဈေးကို နည်းနည်းလေ့လာထားသဖြင့် သိနေသည်။ သင်းပေါင်ဒါဈေးရင်း ကိုးကျပ် ပြားသုံးဆယ်၊ ကောက်ဈေး ဆယ့်သုံးကျပ်ခွဲလောက် ရှိသည်။ ပက်ဆိုးဒင့်က တစ်ကျပ်ရှစ်ဆယ့်ငါးပြား၊ ကောက်ဈေး သုံးကျပ်တစ်မတ်၊ ဖိနပ်ဆေးအမည်းက နှစ်ကျပ်ခွဲဖြစ်ပြီး တစ်ကျပ်ခွဲလောက် ရှုံးသည်။ အရှုံးအမြတ် သိပ်မရှိ။ ဆယ်ပြား ဆယ့်ငါးပြားလောက်သာ အတက်အကျရှိသည်။ ဘာပဲဖြစ်ဖြစ် အားလုံးပေါင်းလိုက်လျှင် ငါးကျပ်ကျော်ကျော်တော့ မြတ်နိုင်သည်။

"စတော့မလား ကိုစိန်ထွန်း"

အရောင်းတာဝန်ခံက လာမေးသည်။

"ကျွန်တော် တစ်ခုစဉ်းစားမိလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး"

"ခုဟာက ကျသင့်ငွေက ဆယ့်ခုနှစ်ကျပ် ပြားသုံးဆယ်ဖြစ်နေ တယ်၊ ပြားသုံးဆယ်က ကိုးလိုကန့်လန့်ဖြစ်နေမယ် ထင်တယ်၊ ပြားခုနှစ်ဆယ် အကြွေအမ်းဖို့ ပြဿနာတက်လာနိုင်တယ်၊ မအမ်း နိုင်လို့ ဆယ့်ရှစ်အထိ ယူလိုက်ရရင် ဝယ်သူက ပြားခုနှစ်ဆယ် နစ်နာသွားလိမ့်မယ်"

"ခင်ဗျား ဘယ်လိုစိတ်ကူးလဲ"

"ကျွန်တော်တော့ ခေါင်းလိမ်းဆီပါ ထည့်လိုက်ချင်တယ်"

"နောက်အသုတ်အတွက် တွဲစရာမရှိဘဲ နေဦးမယ်"

"ဒါလည်း ဟုတ်တာပဲ အစ်ကိုကြီး၊ နေဦး၊ ဒီလိုလုပ်ရင် ရတယ်၊ ဖိနပ်ဆေးကို ထုတ်ပြီး ကြေးပွတ်ဆေးထည့်လိုက်ရင် ဆယ့်ရှစ် ကျပ်အတိ ဖြစ်သွားမယ်၊ ဝယ်တဲ့သူလည်း မနာတော့ဘူး"

"ကောင်းသားပဲ"

အရောင်းတာဝန်ခံသည် စိန်ထွန်းထက် အသက်လည်း ကြီးသည်။ ရာထူးလည်း ကြီးသည်။ သို့ရာတွင် စိန်ထွန်း၏ ရိုးသားမှုနှင့် လုပ်ငန်းကျွမ်း ကျင်မှုကို ယုံကြည်သဖြင့် စိန်ထွန်း၏ အကြံဉာဏ်ကို တလေးတစား လက်ခံ လေ့ရှိ၏။

စိန်ထွန်းသည် စာရင်းတွေ တွက်ချက်ပြီး ညောင်းလာသဖြင့် မတ် တတ်ရပ်လိုက်သည်။ ပစ္စည်းဝယ်ဖို့ တန်းစီစောင့်နေသူတွေက စရောင်းတော့ လည်ထင်ပြီး လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

သူတို့မှာ လွန်ခဲ့သော နှစ်နာရီလောက်ကတည်းက တန်းစီပြီး စောင့် နေကြခြင်းဖြစ်သည်။ ညနေစောင်းသွားပြီဖြစ်၍ နည်းနည်းတော်တော့သည်။



စောစောတုန်းကဆိုလျှင် နေပူကျဲကျဲမှာ ချွေးတဒီးဒီး အကျခံပြီး တန်းစီနေကြ ရခြင်း ဖြစ်၏။ သူတို့ထဲတွင် မိန်းမတွေလည်း ပါသည်။ ကလေးတွေလည်း ပါသည်။

စရောင်းပြီဆိုလျှင် လူတွေက တိုးဝှေ့ကြတော့သည်။ ဖိနပ် ပြတ်တဲ့ လူကပြတ်၊ လုံချည်ကျွတ်တဲ့လူက ကျွတ်ဖြစ်ကုန်၏။ တန်းပျက်မသွား အောင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှစ်ဦးက ထိန်းသိမ်းပေးနေသည်။

နောက်ဘက်က ဆောင့်တွန်းလိုက်သောကြောင့် တန်းက ယိုင်သွား ပြီး ဆယ့်သုံးလေးနှစ်အရွယ် ကောင်လေးတစ်ယောက် တန်းအပြင်ရောက် သွားသည်။ သူ ပြန်ဝင်ဖို့ ကြိုးစားသော်လည်း နေရာက ပျောက်သွားသည်။ အတင်းဝင်တိုးရာ 'ဟေ့ ဘာလို့ကြားဖြတ်ဝင်တာလဲ၊ ဆွဲထုတ်'ဟု ဆိုသော အသံတွေ ထွက်လာသည်။

ရဲတပ်ဝင်တစ်ဦးက ကောင်လေးကို...

"မင်း ဘာလို့ကြားဖြတ်ရတာလဲ၊ သူများလို တန်းစီပေါ့"

"ကျွန်တော် အစောကြီးကတည်းက စီထားတာဗျ"

"စီရင် မင်း ဘာဖြစ်လို့ အပြင်ထွက်တာလဲ"

"နောက်က တိုးလို့ဗျ"

ကောင်လေးသည် ငိုမဲ့မဲ့ဖြစ်လာ၏။ ရဲတပ်သားက သနားသွားဟန် တူ၏။

"ကဲ... မင်း တန်းထဲပြန်ဝင်လို့တော့ ရမှာမဟုတ်တော့ဘူး၊ လာ ငါ့နောက်က လိုက်ခဲ့"

ကောင်လေးကို အရောင်းကောင်တာဆီသို့ ခေါ်သွားသည်။ ရဲတပ် သားကပင် ကောင်လေးဆီက ငွေယူပြီး ပစ္စည်းဝယ်ပေးလိုက်ရသည်။ ကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးသည် အလွန်ပျော်မြူးသွားပြီး ဗိုလ်ကာတွန်းဇာတ်ကားထဲမှ ဗိုးပါကြီး ပြေးသလို ခုန်ဆွ ခုန်ဆွနှင့် ပြေးထွက်သွားလေသည်။

တစ်ယောက်က ငွေသိမ်း၊ တစ်ယောက်က ငွေအမ်း၊ တစ်ယောက်က ပစ္စည်းသယ်၊ တစ်ယောက်က ပစ္စည်းထုတ်ပေး၊ စိန်ထွန်းတို့ အုပ်စုသည် လက်မလည်အောင် အလုပ်များနေကြသည်။

စိန်ထွန်းသည် ဝယ်ရန်အလှည့်ကျလာရပ်သော လူတစ်ယောက်ထံမှ ငွေယူရန် လက်ကမ်းပေးလိုက်သည်။ ထိုသူက မပေးဘဲ ကြောင်ကြည့်နေသည်။

"ပိုက်ဆံပေးလေ"

"ရှေ့မှာ တစ်ယောက်ကျန်သေးတယ်ဗျ"

"ဘယ်မှာ"

စိန်ထွန်း ခုမှမြင်သည်။ ကောင်တာပေါ်သို့ ပိုက်ဆံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် လက်ကလေးကို မမီမကမ်း လှမ်းတင်ပေးနေသော ကလေးငယ်တစ်ယောက်။ ရှစ်နှစ် ကိုးနှစ်သာရှိဦးမည်။ ခြေဖျားထောက်လိုက်မှပင် သူခေါင်းပေါ်လာသည်။ စိန်ထွန်းက ပစ္စည်းရောင်းပြီး 'ကောင်းကောင်းယူသွားဦးနော်' ဟု မှာလိုက်သည်။

ရဲတပ်ဖွဲ့ဝင်နှစ်ဦးက ထိန်းသိမ်းနေသည့်ကြားမှာပင် လူတန်းသည် ကွေ့ကွေ့ကောက်ကောက်ဖြစ်လာပြန်သည်။ တိုးဝှေ့လာကြပြန်သည်။ ချိုင်းထောက်နှင့် လူတစ်ယောက်မှာ နောက်က ဆောင့်တွန်းလိုက်သဖြင့် ချိုင်းထောက်ပြုတ်ကျသွားသည်။ ပြန်မကောက်နိုင်။ သို့ရာတွင် သူ လဲကျမသွားချေ။ ရှေ့နောက် နှစ်ဖက်ညှပ်ထားသော လူတန်းကြားတွင် အလိုက်သင့် ညှပ်ပါသွား၏။ ရဲတပ်ဖွဲ့ဝင်တစ်ဦးက သူ့ချိုင်းထောက်ကို ပြန်ကောက်ပေးလိုက်ရသည်။



နှစ်နှစ် သုံးနှစ်အရွယ် ကလေးငယ်ကို ချီထားသောမိန်းမတစ်ယောက် ကောင်တာရှေ့မှာ လာရပ်သည်။

"ကျွန်မကို နှစ်ကိုတာရောင်းပါ"

"တစ်ယောက်တစ်တွဲပဲ ရောင်းနိုင်မယ် အစ်မကြီး"

စိန်ထွန်းက ပြောရာ...

"ကျွန်မတို့က နှစ်ယောက်"

"ဘယ်မှာလဲ တစ်ယောက်က"

"ဒီမှာလေ"

ချီထားသော ကလေးကိုပြသည်။

"ဟာ ဒီလိုတော့"

ဆိုပြီး စိန်ထွန်း သနားသွားသည်။ ရောင်းလိုက်ရကောင်းမလား စဉ်းစားမိသေးသည်။ အဘယ့်ကြောင့်ဆိုသော် လူတန်းထဲတွင် သူ့လိုပင် ကလေးချီထားသူ ပါသောကြောင့်ဖြစ်သည်။ တစ်ယောက်ကိုရောင်းလျှင် နောက်တစ်ယောက်ပါ ရောင်းရပေလိမ့်မည်။ ထို့ကြောင့် တစ်တွဲသာ ရောင်းလိုက်ရသည်။

တိုမိန်းမထွက်သွားပြီး နောက်တက်လာသော မိန်းမသည် စောစောက မိန်းမကို မကျေမနပ်ဖြစ်နေဟန် တူသည်။ ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောနေ၏။

"ဟင်း...သူ့လိုသာဆို ကျုပ်လည်း နှစ်ကိုယ်တာ ရနိုင်တာပေါ့"

သူကတော့ ကိုယ်ဝန်ကြီးနှင့်။

အရောင်းကိစ္စပြီးတော့ ငွေတွေ ရေတွက်ရ၊ ပစ္စည်းတွေစစ်၊ စာရင်းတွေ ညှိနှင့် စိန်ထွန်းတို့ တော်တော်ပင်ပန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တောင် ဒီလောက်ပင်ပန်းလျှင် တိုးရဝေ့ရသူတွေ ဘယ်လောက် ပင်ပန်းကြမလဲ မသိဟု တွေးမိသည်။ ဒီလို အပင်ပန်းခံပြီး တိုးဝေ့ဝယ်ယူထားသူတွေဆီက ပဇွည်းကောက်သူများက အဆင်သင့်ဝယ်ယူပြီး အမြတ်ထုတ်ကြပေဦးတော့မည်။ ထိုသူတွေထဲတွင် သူ့သူငယ်ချင်းတွေလည်း ပါနေသည်။

ခင်မောင်ငြိမ်းတို့ အေးဇော်တို့ကို မလုပ်ဖို့တားမည်ဟု စိတ်ကူးခဲ့သေးသည်။ ခုချိန်မှာ တားလို့ရမည် မဟုတ်မှန်းသိ၍ မပြောဖြစ်ခဲ့။ ခင်မောင်ငြိမ်းက မိမိအပေါ် တစ်မျိုးမြင်နေသည့်အတွက်တော့ စိတ်မကောင်းဖြစ်မိသည်။ နောက်မှပဲ တောင်းပန်လိုက်ရပေတော့မည်။

☆☆☆



ကြော့မောင်သည် နေမထိထိုင်မသာ ဖြစ်နေသည်။ ခင်မောင်ငြိမ်းနှင့် စိန်ထွန်းတို့ မပြေမလည်ဖြစ်သွားသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ စိန်ထွန်းဘက်က ကြည့်လျှင်မှန်သည်ဟု ထင်သည်။ ခင်မောင်ငြိမ်းတို့ အေးဇော်တို့ကလည်း မလုပ်မဖြစ် လုပ်ရတာပါဟုပင် ထင်သည်။ မိမိမှာ ခင်မောင်ငြိမ်းတို့နှင့်အတူ မပါဝင်သဖြင့် စိန်ထွန်းဘက်လိုက်သလို ဖြစ်နေ၏။ ထို့အတွက် ခင်မောင်ငြိမ်းကများ စိတ်ခုနေသလားဟု စိုးရိမ်မိပြန်သည်။

သူတို့ သူငယ်ချင်းလေးယောက်မှာ တစ်ယောက်နှင့် တစ်ယောက် စကားနိုင် လုသည်ကလွဲ၍ အမြဲညီညီညွတ်ညွတ် ရှိကြသည်။ ခုအခါကျမှ သဘောထားကွဲလွဲခဲ့ကြခြင်းဖြစ်သည်။ အိမ်ထောင်တွေကျပြီး ကိုယ့်ဘဝနှင့်ကိုယ် ဖြစ်လာသောကြောင့် အယူအဆတွေ မတူတော့လေခြင်းလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခင်မောင်ငြိမ်းတို့ကို သွားပြီး အကူအညီပေးချင်စိတ် ပေါ်လာပြန်၏။ အရင်တစ်ခါ သက်ထားကို တိုင်ပင်ကြည့်တုန်းက 'ဖြစ်မယ် မထင်ပါဘူး ကိုမောင်ရယ်'ဟု ပြောသဖြင့် ခင်မောင်ငြိမ်းတို့ကို 'မဖြစ်ဘူး ထင်ပါတယ်ကွာ'ဟု ပြောခဲ့သည်။

ငွေရေး ကြေးရေးအရ မပါဝင်နိုင်သည့်အတွက် နည်းနည်းပါးပါး အကူအညီပေးသင့်သည်ဟု ခုချိန်တွင် စဉ်းစားမိလာသည်။ သက်ထားကို သူ့စိတ်ကူးပြောပြသောအခါ…

"ကိုမောင်က ဘာလုပ်တတ်လို့ သွားကူညီရမှာလဲ"

"ဘာရယ်တော့ မဟုတ်ဘူးပေါ့လေ၊ လိုအပ်တာ ကူရတာပေါ့"

"ထိထိရောက်ရောက် ကူညီနိုင်ရင်တော့ ကောင်းတာပေါ့၊ နို့မို့ဆိုရင် ကိုမောင့်ကို ကျေးဇူးမွေးရတဲ့စရိတ်က အပိုကုန်ပြီး သူတို့အတွက် တာဝန်ကြီးနေဦးမယ်"

"ဒါလည်း ဟုတ်တာပဲ၊ ကိုမောင် တစ်ခုစဉ်းစားမိတာက သွားကူမယ့်အတူတူ ဘာထူးလဲ၊ ကိုမောင်တို့ပါ ရှယ်ယာပါလိုက်ရင် မီးဖွားစရိတ်ကလေး ဘာလေး ကာမိမလားလို့"

သက်ထားသည် စိတ်တော့ သိပ်မပါလှချေ။ သို့ရာတွင် ကြော့မောင် အကြောင်း သူသိသည်။ သူ့ယောက်ျားသည် သူငယ်ချင်းတွေအပေါ် သံယောဇဉ်ကြီးသည်။ ခုလည်း ခင်မောင်ငြိမ်းတို့ဆီ သွားချင်နေသည်။ ထို့ကြောင့် သူ လိုက်လျောရန် ဆုံးဖြတ်လိုက်၏။ ပြီးတော့ ငွေလေး ဘာလေး ရပေါက်ရလမ်းရှိနိုင်သည် မဟုတ်လား။

"အင်းလေ… ကိုမောင် ကောင်းမယ်ထင်ရင် လုပ်ပေါ့၊ သတိတော့ ထားနော်"



ကြော့မောင်သည် သက်ထားဆွဲကြိုး လက်ကျန်ကလေးကို ဈေးထဲက ရွှေပန်းထိမ်ဆိုင်မှာ သွားရောင်းလိုက်သည်။ ခုနစ်ရာ့ရှစ်ဆယ်ရသည်။ ရှစ်ဆယ်ကို သက်ထားအား ပေးခဲ့၏။ ခုနစ်ရာကို သူ ယူသွားသည်။

ဆွဲကြိုးသွားရောင်းနေသဖြင့် ခင်မောင်ငြိမ်းအိမ်သို့ နောက်ကျမှ ရောက်သွားသည်။ လပြည့်နေ့ဖြစ်သောကြောင့် ရုံးပိတ်ရက်ဖြစ်သဖြင့် နေ့လည်ကတည်းက ထွက်သွားသည်ဟု ဆိုသည်။ ဝင်းမာသိထားသည်မှာ ခင်မောင်ငြိမ်းသည် တပေါင်းပွဲတော်မှာ သူငယ်ချင်းတစ်ယောက်က လက်ဖက်ရည်ဆိုင် ဖွင့်ထားသဖြင့် သွားကူညီနေသည်ဟု သိထားသည်။

အားဖော်အိမ် ရောက်တော့လည်း အားဖော် မရှိတော့။

သို့ဖြင့် ဘုရားပွဲတော်သို့ လိုက်လာခဲ့သည်။ ကြော့မောင်သည် ခင်မောင်ငြိမ်းတို့ကို ဘယ်မှာသွားရှာရမှန်း မသိ။ တောင်ဘက်မုခ်လှေကား အတိုင်း လျှောက်လာခဲ့ပြီး ခါတ်လှေကားနားကျမှ ဆောင်းတန်းထဲ ချိုးဝင်သည်။ ဘုရားပေါ် တက်လာ၏။

လူတွေ ကြိတ်ကြိတ်တိုးနေသဖြင့် အတော်ကြာမှ ရင်ပြင်တော်ပေါ် ရောက်သည်။ ဘုရားပေါ်မှာတော့ ဟိုကောင်တွေ ရှိမည်မဟုတ်။ ထို့ကြောင့် အနောက်ဘက်မုခ်မှ ပြန်ဆင်းလာခဲ့သည်။ ဈေးဆိုင်တွေကြား လျှောက်သွားရင်း ရှာသည်။

အဘွားကြီးတစ်ယောက် အင်္ဂလိပ်စာအုပ် အဟောင်းတွေ ရောင်းနေသည်ကို တွေ့ရသည်။ ဆိုင်ခင်းထားပုံက တစ်မျိုးဖြစ်နေသဖြင့် သူ သတိထားကြည့်မိလိုက်သည်။ အမှန်အားဖြင့် စာအုပ်များ ခင်းကျင်းရာတွင် ဝယ်သူတွေဘက်ကို အတည့်ဖြစ်အောင် ထားရမည်။ ခုတော့ အဘွားကြီးက သူ့ဘက်ကို အတည့်ခင်းထားသဖြင့် ဝယ်သူတွေဘက်မှ ကြည့်လျှင် စာအုပ်တွေက ဇောက်ထိုးကြီးတွေ ဖြစ်နေ၏။ ဤသည်ကို ကြည့်ခြင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘွားကြီးသည် ဈေးရောင်းနေကျ မဟုတ်မှန်း သိသာလှသည်။ ခု ပထမဆုံးအကြိမ် ရောင်းခြင်းဖြစ်နိုင်သည်။

ကြော့မောင်သည် သူ့ဝါသနာအတိုင်း စိတ်ကူးကြည့်ပြန်သည်။ ထိုအဘွားကြီးသည် ခိုကိုးရာမဲ့ဖြစ်ရမည်။ ယောကျ်ား သို့မဟုတ် သားဖြစ်သူသေဆုံးသွားသဖြင့် ကြံရာမရဖြစ်ပြီး ယောကျ်ား သို့မဟုတ် သားဖြစ်သူစုဆောင်းထားသော စာအုပ်တွေ ရောင်းချနေခြင်း ဖြစ်ရမည်။ စာအုပ်များမှာ အင်္ဂလိပ်စာအုပ်များသာ ဖြစ်သဖြင့် အရင်က အခြေအနေ အဆင့်အတန်းမသေး လှကြောင်း သိသာသည်။

ကြော့မောင်သည် အင်္ဂလိပ်စာအုပ်ဖတ်လေ့ရှိသူ မဟုတ်။ သိပ်လည်း မဖတ်တတ်။ သို့ရာတွင် အဘွားကြီးကို သနားသဖြင့် 'တွမ်ဆောယား'စာအုပ်ကို သုံးကျပ်ဖြင့် ဝယ်လိုက်၏။

စာအုပ်ဝယ်ပြီး ထအထွက်မှာပင် မျက်နှာချင်းဆိုင်လျှောက်လာနေသော အေးဖော်နှင့် ခင်မောင်ငြိမ်းတို့ကို တွေ့လိုက်ရ၏။ သူ အလွန်ဝမ်းသာသွားပြီး...

"ဟေ့ကောင်တွေ၊ ဟေ့ကောင်တွေ"

ဟု လှမ်းအော်သည်။ သူ့ကို မြင်သောအခါ အေးဖော်က...

"ဟာ... ကြော့မောင်ပါလား၊ ဘုရားပွဲ လာတာလား၊ သက်ထားရော မပါဘူးလား"

"မပါဘူးကွ၊ ဟိုဒင်းဖြစ်လာလို့လေ၊ ဟိုလေ၊ ငါ ငါလည်း ပါမယ်ကွာ"

ကြော့မောင်သည် ကစားဝိုင်းထဲမှ စိတ်ကောက်ထွက်သွားပြီးမှ မနေနိုင်လို့ ပြန်လာသော ကလေးငယ်တစ်ယောက်လို ပြောလိုက်သည်။

"မင်းတို့ အခြေအနေ ဘယ်လိုရှိသလဲ"



ကြော့မောင်က မေးသည်။ ခင်မောင်ငြိမ်းက ဖြေသည်။

"မနေ့ကတော့ မစွံဘူးကွာ၊ ဘာပစ္စည်းမှ မရဘူး၊ ဖြစ်နေပုံက ဒီလိုကွ၊ ပစ္စည်းကောက်တဲ့သူတွေက အပြိုင်အဆိုင်ဖြစ်နေတော့ တိုးရတာ မလွယ်ဘူး၊ လုပ်နေကျ လူတွေက တန်းစီတဲ့လူတွေကို ငွေကြိုထုတ်ပေးထားတာ၊ ဒီတော့ သူတို့ဆီကိုပဲ သွင်းတာပေါ့"

"ငါတို့ကော ငွေကြိုထုတ်ပေးထားရင်..."

"ဘယ်ဖြစ်မလဲကွ၊ ငါတို့က မျက်နှာစိမ်းတွေ၊ ပစ္စည်းပြန်မအပ်ဘဲ လစ်သွားရင် ခံသွားရမှာပေါ့၊ ခက်နေတာက ပြန်ရောင်းတဲ့သူကလည်း မျက်မှန်းတန်းမိတဲ့ လူဆီမှာပဲ သွင်းကြတာ၊ ငါတို့ဝင်ဖို့ ခက်နေတယ်"

"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီညတော့ ထပ်ကြိုးစားကြည့်ဦးမယ်၊ ငါတော့ ဒီလို စိတ်ကူးထားတယ်၊ ငါတို့သုံးယောက် လူခွဲပြီး ကောက်မယ်၊ ခုပေးမယ့်အတွဲကို သူများတွေက ခြောက်ကျပ်အထိ အမြတ်ပေးတယ်၊ ငါတို့က တမတ်အမြတ်ပေးမယ်၊ ဒါဆို ငါတို့ဆီ တစ်ဝက်တော့ ရောက်မှာပဲ၊ ကဲ... တန်းစီတဲ့သူတွေ လှုပ်လှုပ်ရှုရှုဖြစ်လာပြီ၊ စ,ပေးတော့မယ် ထင်တယ်၊ ကြော့မောင် ဟိုဘက်သွား၊ အေးဖော် ဒီကပဲဆီးကောက်၊ ငါကတော့ အနားထိ သွားမယ်"

ခင်မောင်ငြိမ်းက စစ်ဆင်ရေးတစ်ခုအတွက် အမိန့်ပေး သည့်လေသံဖြင့် ပြောသည်။ သူတို့ လူစုခွဲလိုက်ကြ၏။

ပစ္စည်းစ,ပေးနေပြီ။ အရောင်းဆိုင်မှ ပစ္စည်းထုတ်ပေးနေသူက ...တွန်း သူ့ဆီမှ ဝယ်လာသူများဆီမှ ပြန်ကောက်နေသူတွေက သူ့ သူငယ်...င်းတွေ၊ သူတို့အဖြစ်သည် ရယ်စရာဟု ခေါ်မလားမသိ။

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် ဓာတ်မြေဩဇာ အိတ်အလွတ်ကို တစ်ဖက်ကကိုင်၊ ငွေငါးရာထည့်ထားသော လွယ်အိတ်ကို တစ်ဖက်က လွယ်ပြီး ထွက်သာလာခဲ့ရသော်လည်း ကြောင်တောင်တောင် ဖြစ်နေသည်။ တကယ်တော့ သူသည် ပန်းချီဆရာမျှသာ။ ဒါမျိုး တစ်ခါမှ မလုပ်ဖူးချေ။ သူ့စိတ်ထဲတွင် မလုပ်တဲ့နေခဲ့ရအကောင်းသားဟူသောစိတ် ဝင်လာပြန်သည်။

ပစ္စည်းတွေ ယူလာသော လူတစ်ယောက်လျှောက်လာသည်။ ကြော့မောင် သူနှင့်မဆိုင်သလို ကြောင်ကြည့်နေသည်။ ထိုသူ လွန်သွားမှ သတိရသည်။

အမျိုးသမီးတစ်ယောက် လာနေပြန်သည်။ ကြော့မောင်သည် 'ရောင်းမလား'ဆိုသော စကားကိုပြောဖို့အတွက် နှုတ်ဆွံ့နေ၏။ သက်ထားကို ပထမဆုံးအကြိမ် ရည်းစားစကားပြောဖို့ ကြိုးစားတုန်းကလို ရင်တွေ အရမ်းခုန်နေသည်။

မိန်းမကြီးတစ်ယောက် အလာတွင် ပြောတော့မည်ဟု ဆုံးဖြတ်ကာ...

"ဟို... ဟို"

ဆိုပြီး လုပ်နေတုန်း အခြားတစ်ယောက်က 'ရောင်းမယ်မဟုတ်လား' ဆိုပြီး ဖြတ်ဝယ်သွားသည်။ ဤသို့ဖြင့် ကြော့မောင် ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ရင်း အချိန်ကုန်သွားသည်။ ပစ္စည်း လုံးဝ မဝယ်လိုက်ရ။

သုံးယောက်သား ပြန်ဆုံမိတော့ ခင်မောင်ငြိမ်းက အတွဲနှစ်ဆယ်ရလိုက်သည်။ အေးဇော်က ဆယ့်နှစ်တွဲရသည်။ ကြော့မောင်က ဘာမှမရကြောင်း သိသောအခါ ခင်မောင်ငြိမ်းက...

"မင်းက သိပ်အတာပဲကွာ၊ ဒါမျိုးဆိုတာ လျင်ရတယ်ကွ၊ ပါးစပ်ရဲရတယ်၊ ကြောက်သလိုလို ရှို့သလိုလို လုပ်နေလို့မရဘူး"



"ကဲပါကွာ၊ ဒီကောင်က ဒီလိုပဲဟာ၊ ခုလည်း နှစ်ရာဖိုးနီးပါးလောက် ရလိုက်ပြီပဲ၊ ငါတို့ ဘာဆက်လုပ်ကြမှာလဲ"

အေးဇော်က မေးသည်။

"ဒီနေ့အဖို့တော့ တော်လောက်ပြီ"

"ဒါတွေက ဘယ်လိုလုပ်မှာလဲ"

"ငါ့အိမ်မှာ ထားလို့တော့ မဖြစ်ဘူး၊ ဝင်းမာသိသွားလိမ့်မယ်၊ အေးဇော်ကလည်း မင်းအဘွားကြီးနဲ့ မဖြစ်ဘူး၊ ကြော့မောင်အိမ်ကို သယ်မယ်၊ မင်း ဒီနေ့ ဘာမှမလုပ်ရတဲ့အတွက် ဒီတစ်ခုကို တာဝန်ယူရလိမ့်မယ်၊ မနက်ဖြန်မနက်မှ သိမ်ကြီးဈေးမှာ သွားသွင်းမယ်၊ ဟုတ်ပြီလား"

"အေးပါကွာ၊ ဒါဆိုလည်း လစ်ရအောင်"

"မဖြစ်သေးဘူးလေ၊ လူသိပ်ရှုတ်နေတယ်၊ နည်းနည်းစောင့်ပြီးမှ သွားကြမယ်"

လက်ဖက်ရည်ဆိုင်မှာ တစ်နာရီလောက် အချိန်ဖြုန်းလိုက်ကြသည်။ ပြီးမှ ပစ္စည်းတွေကို အိတ်သုံးအိတ်နှင့် ခွဲထုတ်ပြီး သယ်ထည့်လာကြသည်။ ဦးဝိစာရလမ်းဘက်က ထွက်ခါနီး ခင်မောင်ငြိမ်းက...

"အဲဒီအုတ်ခုံအကွယ်မှာ ပစ္စည်းတွေချထား၊ အေးဇော်က အပြင်ကနေ အခြေအနေရှင်းရဲ့လားလို့ သွားကြည့်ကွာ၊ ရှင်းရင် ကားငှားပြီး ငါတို့ကို လာခေါ်"

အေးဇော်ထွက်သွားသည်။ ခဏအကြာတွင် ပြန်ရောက်လာ၏။

"အပေါက်ဝနားမှာ လူနှစ်ယောက်တွေ့တယ်၊ ငါ့ကို အထဲခိတ်သလို ကြည့်နေတယ်၊ အရပ်ဝတ်နဲ့ရဲတွေ ဖြစ်နိုင်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏစောင့်ကြဦးစို့"

ဆယ့်ငါးမိနစ်ခန့် စောင့်ပြီးနောက် ခင်မောင်ငြိမ်းက...

"ကြော့မောင် မင်းသွားကြည့်လိုက်ဦး"

"ဟာကွာ"

"ဘာဟာကွာလဲ၊ မင်း အဲဒီလို လန့်မနေနဲ့"

ကြော့မောင် မရဲတရဲထွက်လာသည်။ ထိုလူနှစ်ယောက်ရှိနေတုန်း။ တစ်ယောက်က တိုက်ပုံအကျႌနှင့်။ တစ်ယောက်က ဂျာကင်နှင့်။ ကြော့မောင် မြင်သောအခါ သူတို့ချင်း စကားပြောလိုက်ဟန်တူ၏။ ကြော့မောင် ကြက်သီးဖြန်းကနဲ ထသွားပြီး ပြန်လစ်လာသည်။

"ရှိတုန်းပဲကွ"

"အေးကွာ၊ ငါတို့တွက်တာ နည်းနည်းလွဲသွားတယ်၊ စောစောက လူရှုတ်နေတုန်း ရောယောင်ပြီး ထွက်သွားဖို့ ကောင်းတယ်၊ ခုတော့ ထင်းထင်းကြီးဖြစ်နေပြီ၊ ခဏနေခဲ့ကြကွာ၊ ငါ သွားအကဲခတ်လိုက်ဦးမယ်"

ငါးမိနစ်ခန့်ကြာမှ ခင်မောင်ငြိမ်း ပြန်ထွက်လာသည်။ အားရပါးရရယ်လာ၏။

"ဘာဖြစ်လို့လဲဟ"

"ဘယ်က ရဲတွေဟုတ်ရမှာလဲ၊ မင်းတို့ကောင်တွေ သေသေချာချာ မကြည့်လို့၊ သူတို့လည်း ငါတို့လို ပစ္စည်းသယ်မလို့ စောင့်နေတာ၊ မြောင်းထဲမှာ ပစ္စည်းထုပ်တွေ ချထားတာကွ၊ ဟား...ဟား၊ သူတို့ကလည်း ငါတို့ကို ရဲတွေထင်ပြီး လန့်နေတာ၊ တစ်ခုတော့ ကောင်းသွားတာပေါ့လေ၊ ငါ သူတို့နဲ့တောင် စကားပြောလာခဲ့သေးတယ်"



"ဘာ ဘာပြောလဲ"

"ဒီလိုလေ၊ သူတို့ကပစ္စည်းများတယ်ကွ၊ ပြီးတော့ အဆက်အသွယ်ကောင်းတော့ ဖောက်သည်ဆိုင်လည်း ရှိနေတယ်၊ ဒီတော့ကွာ၊ တစ်လက်စတည်း ငါတို့ပစ္စည်းပါ ယူသွားချင်တယ်တဲ့၊ ငါတို့ကို တစ်တွဲနှစ်ကျပ် အမြတ်ပေးမယ် ပြောတယ်"

"နည်းတာပေါ့ကွာ၊ သိမ်ကြီးဈေးမှာဆိုရင် သုံးကျပ်ခွဲ လေးကျပ်အထိ ရနိုင်တယ်ဆို"

"ဒါကို မကြည့်နဲ့ သူငယ်ချင်း၊ ဒီကနေ အိမ်ကို သယ်ရမယ့် ကားခရယ်၊ မနက်ဖြန် မြို့ထဲပြန်သယ်ရမယ့် ကားခရယ် တွက်လိုက်တော့ သိပ်မထူးဘူး၊ ပြီးတော့ ဈေးက မတော်တဆ ကျချင်ကျနေမှာ၊ အခု ငါတို့ ခြောက်ဆယ်လေးကျပ်မြတ်မယ်၊ မဆိုးပါဘူး၊ နောက်နေ့တွေ ဒီထပ်ပိုရအောင် လုပ်တာပေါ့"

ခင်မောင်ငြိမ်းပြောသောလူနှစ်ယောက် ရောက်လာသည်။ ပစ္စည်းတွေအရောင်းအဝယ်လုပ်ကြပြီးနောက် တိုက်ပုံနှင့်လူက...

"နောက်ရက်လည်း ဆုံဦးမှာပေါ့ဗျာ"

ဟု ပြောသွားသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အခြေအနေမဟန်ဘဲ ဖြစ်နေ၏။ ပစ္စည်းက အထွက်နည်းနေသည်။ ထို့ကြောင့် လူတွေသာ ရသည်။ သူတို့မရ။ ရလျှင်လည်း နည်းနည်းသာ ရမည်။ ခရီးစရိတ်နှင့် ဘာနှင့်ဆိုလျှင် မကိုက်။

မနေ့က ခြောက်ဆယ်ကျော် ရထားသဖြင့် အားတော့မလျှော့ကြချေ။ ဒီနေ့လည်း တစ်နည်းနည်းနဲ့ ကံကြည့်ဦးမည်ဖြစ်သည်။ အလုပ်သဘောလည်း နည်းနည်းကျွမ်းကျင်လာကြပြီဖြစ်သဖြင့် သိပ်ပူစရာမလိုချေ။ လက်ဖက်ရည်ဆိုင်မှာ နေရင်းအခြေအနေကို စောင့်ကြည့်နေကြသည်။ ပစ္စည်းတွေ ကောက်ထားပြီး ချက်ချင်းလက်လွှဲရောင်းသူမျိုး ပေါ်လာလျှင် ဖမ်းထိန်းထားလိုက်မည်ဟု စိတ်ကူးထားကြလေသည်။



လက်ဖက်ရည်သောက်၊ ရေနွေးကြမ်းသောက်၊ ဆေးလိပ်ဖွာရင်း ထွေရာလေးပါး စကားပြောနေကြသည်။ ဘုရားပွဲလာသော မိန်းကလေးများကို ကြည့်ရင်း အပျင်းဖြေရသည်။

စုံတွဲတစ်တွဲ ဖြတ်လျှောက်သွားသည်။ နှစ်ယောက်စလုံး အသက်နှစ်ဆယ်ကျော်လောက်သာရှိသေးသည်။ ကောင်လေးရော၊ ကောင်မလေးရော ရုပ်ရည်ပြေပြစ်ကြ၏။ လိုက်ဖက်ညီသော အတွဲပင်ဖြစ်သည်။ ခင်မောင်ငြိမ်းက

"ကဲ... မင်းတို့ ဘယ်လောက်အတွေးအခေါ် ကောင်းသလဲလို့ ငါ စမ်းသပ်မယ်၊ အဲဒီအတွဲကိုကြည့်ပြီး ခန့်မှန်းကြစမ်းကွာ"

ကြော့မောင်က...

"တော်တော်လိုက်ဖက်ညီတဲ့ စုံတွဲကွ၊ တစ်ယောက်နဲ့ တစ်ယောက် တော်တော်ချစ်ကြပုံရတယ်"

အေးဇော်က...

"စုံတွဲတော့ ဟုတ်တယ်၊ သမီးရည်းစား မဟုတ်ဘူး၊ လင်မယားဖြစ်ရမယ်၊ သမီးရည်းစားဆိုရင် ဒီအချိန်ကြီး နှစ်ယောက်တည်း သွားလို့ မသင့်တော်ဘူး"

"လူကြီးတွေ သဘောတူလို့ သွားခွင့်ပြုထားတာလည်း ဖြစ်နိုင်တာပဲ"

ကြော့မောင်က ထောက်ပြသည်။ ခင်မောင်ငြိမ်းက..

"အေးကွ၊ ကြော့မောင် ပြောတာမဆိုးဘူး၊ ဒါပေမယ့် သမီးရည်းစား မဟုတ်တာ သေချာတယ်၊ လင်မယားပဲ ဖြစ်ရမယ်၊ သင်မယားတောင် ညားခါစ လင်မယားကွ"

"အသက်ငယ်ကြသေးလို့ ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



“အသက်ငယ်တာလည်း တစ်ကြောင်းပေါ့၊ ပြီးတော့ ကောင်မလေးကိုကြည့်၊ ကောင်လေးကို လက်တွဲထားပုံက အားကိုးတကြီး မှီတွယ်ထားတဲ့ပုံမျိုး၊ သမီးရည်းစားဘဝမှာ အဲဒီလို လက်တွဲလေ့မရှိဘူး၊ တစ်ယောက်လက်ကို တစ်ယောက် အပြန်အလှန် ဆုပ်ကိုင်ထားတတ်ကြတယ်၊ ညားခါစ လင်မယားတွေကျတော့ ခုလိုပဲ ကောင်လေးရဲ့လက်ကို ကောင်မလေးက တွဲထားတတ်တယ်၊ အဲ အိမ်ထောင်သက် သုံးနှစ်လောက် ရလာပြီဆိုရင်တော့ သိပ်သိသာတယ်၊ ယောကျ်ားလုပ်တဲ့သူက လုံးဝ လက်တွဲချင်စိတ် မရှိဘဲ ခပ်ဖယ်ဖယ် လုပ်နေတာကို မိန်းမက အတင်းလိုက်ဆွဲတဲ့ပုံမျိုး၊ နောက်ပြီး သူတို့လက်တွဲပုံကလည်း ပြောင်းပြောင်းနွဲ့နွဲ့ မရှိဘူး၊ လွတ်ထွက်သွားမှာစိုးလို့ လက်မောင်းကို အတင်းဆုပ်ကိုင် ထားတာမျိုး၊ တရားခံတစ်ယောက်ကို ဖမ်းလာတာနဲ့ သိပ်တူတာပဲကွ”

“မယုံမရှိနဲ့၊ ကိုယ်တွေ့ပေါ့လေ”

“အံမယ်...ဘာထူးလို့လဲ၊ မင်းတို့လည်း အတူတူပါပဲ”

ထိုအချိန်တွင် သူတို့ဘက်သို့ လျှောက်လာနေသော လူနှစ်ယောက်ကို အေးဇော်က လှမ်းမြင်လိုက်သည်။ မနေ့က သူတို့ဆီက ပစ္စည်းတွေ ဝယ်သွားသော လူနှစ်ယောက်၊ ဒီနေ့တော့ ဘိုက်ပုံနှင့်လူက ဂျင်းဂျက်ကက် ဝတ်ထားပြီး နောက်တစ်ယောက်က ရိုးရိုးရှပ်အင်္ကျီနှင့် ဖြစ်သည်။

“ဟေ့ကောင်တွေ... မနေ့က လူနှစ်ယောက်ကွ”

ခင်မောင်ငြိမ်းက...

“အသာနေကွာ၊ သူတို့ဆီက သတင်းလေးဘာလေး ရမလားလို့ အစ်ကြည့်ရဦးမယ်”



ထိုသူနှစ်ယောက်ကလည်း သူတို့ကို တွေ့သွားသဖြင့် ပြုံးပြီးနှုတ်ဆက်ရင်း အနားရောက်လာသောအခါ...

“လာလေဗျာ၊ လက်ဖက်ရည်သောက်ကြပါဦး”

ခင်မောင်ငြိမ်းက ဖိတ်ခေါ်လိုက်၏။ ထိုသူနှစ်ယောက် ဝင်ထိုင်လိုက်ပြီး...

“ခုပဲ သောက်လာကြတာ၊ ရေနွေးကြမ်းပဲ သောက်တော့မယ်ဗျာ”

ဂျင်းဂျက်ကက်နှင့်လူက ရေနွေးကြမ်းပဲ ငှဲ့သောက်လိုက်ပြီး....

“ဘယ်လိုလဲဗျ၊ ဒီနေ့ အခြေအနေ ကောင်းကြတယ် မဟုတ်လား”

“မကောင်းဘူးဗျ၊ ပစ္စည်းအထွက်နည်းနေတယ်၊ ဘာမှ မရသေးဘူး၊ ခင်ဗျားတို့ကော”

ခင်မောင်ငြိမ်းက ပြန်မေးလိုက်ရာ...

“အင်း...မဆိုးဘူးလို့ဆိုရမှာပဲ၊ သွားတိုက်ဆေးဗူး ငါးရာလောက် ရလိုက်တယ်”

“ဟာ...ပိုင်တာပေါ့၊ ခင်ဗျားတို့ သိပ်ကံကောင်းတာပဲ”

“ဒါပေမယ့် ထီပေါက်ပြီး ထီလက်မှတ်ပျောက်နေတဲ့ အဖြစ်မျိုး ရောက်နေတယ်ဗျ”

“ဘာကြောင့်လဲ”

“ကျွန်တော်တို့က ဒီနေ့မှ ငွေကသိပ်မပါခဲ့ဘူး၊ အဲဒါနဲ့ တခြားက ဆွဲလိုက်ရတာ၊ အဲဒီ လူတွေကလည်း အကွက်တစ်ခုတွေ့ထားလို့ တဲ့၊ သူ့ငွေ ခုပြန်လိုချင်နေတယ်”

ခင်မောင်ငြိမ်းက နားလည်လိုက်သည်။ သို့ရာတွင် မရှင်းမလင်းသော ပုံမျိုးဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဘယ်လိုသဘောရသလဲ"

"ဒီလိုပါ၊ အဲဒီကိစ္စ ခင်ဗျားတို့များ စိတ်ဝင်စားမလားလို့"

"ဘယ်နှစ်ဗူးလောက် ယူရမှာလဲ"

"သုံးရာလောက်ပေါ့"

"ဈေးကရော"

"သုံးကျပ်"

"များတာပေါ့"

ခင်မောင်ငြိမ်း သွေးတိုးစမ်းလိုက်သည်။

"ဟာ..ခင်ဗျားတို့လည်း သိပါတယ်ဗျာ၊ ဈေးကြီးမှာ သွားသွင်းရင် သုံးခွဲရမှာ ကြိမ်းသေတာပဲဟာ၊ ကျွန်တော်တို့လည်း မတတ်သာလို့ ပြန်ရောင်းရတာပါ၊ ရှင်းရှင်းပြောမယ်ဗျာ၊ နှစ်ခွဲနဲ့ ကျုပ်တို့က ယူထားရတော့ သုံးကျပ်နဲ့ဆိုတော့ ကျွန်တော်တို့ကို ငါးမူး ပေးစားလိုက်ပေါ့"

"များတယ်ဗျာ၊ ကောက်ဈေးတောင် သုံးကျပ်ပဲရှိတာ၊ တမတ်စားရင် တော်ရောပေါ့"

"ကောက်ရင် ဒီလောက်များများ ဘယ်ရမလဲဗျ၊ လူလည်း ပင်ပန်းဦးမယ်၊ ခုဟာက တရားမျှတပါတယ်၊ ငါးမူးစီ စားကြတာပဲ"

ခင်မောင်ငြိမ်းက မေးစေ့ပွတ်၍ စဉ်းစားနေသည်။ အတော်ကြာမှ...

"ကောင်းပြီလေ၊ သုံးကျပ်ပေးမယ်၊ ဒါပေမယ့် သုံးရာထဲဆိုရင် မကိုက်ဘူးဗျ၊ ကားခရှိသေးတယ်၊ ဒီလိုလုပ်လေ၊ ဗူးငါးရာစလုံး ပေးမလား"

ဂျင်းဂျက်ကက်နှင့်လူက ခေါင်းကုတ်လိုက်သည်။ သူ့အဖော်ဘက် လှည့်ကြည့်သည်။ အဖော်ဖြစ်သူက အင်တင်တင် လုပ်နေသည်။ ဂျင်းဂျက်ကက်က...



"နေဦးဗျာ၊ ကျွန်တော်တို့ တိုင်ပင်လိုက်ဦးမယ်၊ နာရီဝက်လောက်ကြာရင် မနေ့က နေရာကိုပဲ လာခဲ့ပေါ့၊ ဖြစ်မယ်ဆိုရင် ပစ္စည်းပါ ယူခဲ့မယ်"

ထိုသူနှုတ်ဆက်ပြီး ထရပ်လိုက်သည်။ ခင်မောင်ငြိမ်းက....

"ဒါနဲ့ နေစမ်းပါဦးဗျာ၊ ခင်ဗျားတို့ နာမည်တွေ မသိရသေးဘူး၊ မိတ်ဖြစ်ဆွေဖြစ်ကလေးပေါ့"

"သြော်... ကျွန်တော်က မောင်ဝပါ၊ သူကတော့ ဖိုးတူး၊ ခင်ဗျားတို့ ကကော"

ခင်မောင်ငြိမ်းက...

"ကျွန်တော်က စိန်မောင်၊ သူက ဇော်ထွန်း၊ သူက ကျော်အေး"

ပါးစပ်ထဲ တွေ့ကရာနာမည်တွေ ပြောလိုက်သည်။ ကြော့မောင်က မရယ်မိအောင် သတိထားနေရသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com





သူတို့ ဗူးငါးရာစလုံး ရလိုက်သည်။ ကားတစ်စီးငှားပြီး ပစ္စည်းတင်၍ မြို့ထဲသို့ ထွက်ခဲ့ကြသည်။ ခင်မောင်ငြိမ်းက အစီအစဉ်တစ်ခု လုပ်ထားသည်။ ပစ္စည်းတွေကို အိမ်တစ်ခေါက်သယ်၊ အိမ်ကနေ မြို့ထဲ တစ်ခေါက်သယ်ဆိုလျှင် ကားခ နှစ်ခါကုန်သည်။ ထို့ကြောင့် မြို့ထဲမှာ အဆက်အသွယ် ဆိုင်တစ်ဆိုင်ရှာထား၏။ ညဆယ်နာရီခွဲအထိ ပစ္စည်းသွင်းလို့ရသည်။ ထိုဆိုင်သို့ လာခဲ့ကြခြင်း ဖြစ်သည်။

ကားကို မောင်ခိုင်လမ်းထိပ်မှာ ရပ်ထားခဲ့သည်။ ဆိုင်သို့ ပစ္စည်းတွေ တပါတည်း ယူသွားလျှင် ရောင်းချင်မှန်းသိ၍ ဈေးနှိမ်တတ်သည်။ ထို့ကြောင့် ခင်မောင်ငြိမ်းနှင့် အေးဇော်တို့နှစ်ယောက် ထွက်သွားသည်။ ကြော့မောင်က ကားပေါ်တွင် ပစ္စည်းတွေစောင့်ရင်း ကျန်ရစ်သည်။



ခဏအကြာတွင် ခင်မောင်ငြိမ်းနှင့် အေးဇော်တို့ ပြုံးရွှင်စွာ ပြန်လည်ရောက်ရှိလာသည်။ ခင်မောင်ငြိမ်းက လက်မထောင်ပြလိုက်ပြီး...

"အိုကေ... ငါတို့ အခြေအနေကောင်းပြီ၊ ပစ္စည်းပြတ်နေတယ် ထင်တယ်၊ လေးကျပ်တောင် ပေးတယ်"

"ဟာ...ပိုင်တာပဲ၊ ငါးရာတောင် မြတ်မှာပါလား"

"ဒါပေါ့ သူငယ်ချင်း၊ ဆိုင်ကို ပစ္စည်းသွားယူရမယ်လို့ မှာခဲ့တယ်၊ ချက်ချင်းသွားရင် အထင်သေးစရာ ဖြစ်နေမယ်၊ ခဏစောင့်ကြဦးမှ၊ ဒီတော့ ဘယ်လိုလဲ အေးဇော်"

"ဘယ်လိုရမလဲ၊ စားသောက်ဆိုင်တစ်ခုခုမှာ အောင်ပွဲခံကြတာပေါ့၊ ဆယ့်ကိုးလမ်းသွားမယ်၊ နည်းနည်းလည်း ချကြတာပေါ့၊ အပန်းပြေလေး"

ကားကို ဆယ့်ကိုးလမ်းထဲသို့ မောင်းခိုင်းသည်။ ပစ္စည်းတွေကို ကားသမားအား စောင့်ခိုင်းထားခဲ့ပြီး ဆိုင်တစ်ဆိုင် အပြင်ဘက်စားပွဲတွင် ဝင်ထိုင်ကြသည်။

ဆာတေး၊ ဘဲကင်၊ အစိမ်းကြော်နှင့် ရမ်တစ်ပိုင်းမှာလိုက်သည်။ ကားသမားအတွက် ထမင်းပေါင်းတစ်ပွဲ ပို့ခိုင်းလိုက်သည်။ စားကြ သောက်ကြရင်း ခင်မောင်ငြိမ်းက ရှင်းပြနေသည်။

"ကိုဝတို့ စကားလာစကတည်းက ဒီလူတွေ ဗိုက်နာနေပြီဆိုတာ ငါသိလိုက်တယ်၊ မနေ့က ငါတို့ဆီက ဝယ်သွားတာလဲ သူတို့ ပိုက်ဆံဟုတ်မယ် မထင်ဘူး၊ ဒီလူတွေ ဘိုင်ပွတ် ပွတ်နေရတာကွ၊ ဒါကြောင့် ငါက ဖမ်းဝယ်လိုက်တာပေါ့"

"မင်းကွာ၊ ငါတို့ နာမည်တွေကို ပေါက်ကရလျှောက်ပြောနေတော့ ရယ်ချင်လိုက်တာကွာ၊ မနည်းအောင့်ထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြော့မောင်သည် သူ့ခွက်ကို ရှင်းလိုက်၏။ ပြီးတော့ ထပ်ဖြည့်သည်။ အူမြူးနေသဖြင့် ခါတိုင်းထက် လက်သွက်နေခြင်း ဖြစ်သည်။

"ဒီလူတွေလည်း သူတို့နာမည် အမှန်ပြောတာ ဟုတ်ချင်မှဟုတ်မယ်ကွ၊ ကိုဝဆိုတဲ့လူက ခပ်ပိန်ပိန် မဟုတ်လား"

"မင်းကတော့ တကယ့်ကို အိတ်စပတ်ဖြစ်နေပြီကွ"

အေးဇော်က ဝင်ရှီးကျူးလိုက်သည်။ ခင်မောင်ငြိမ်းက...

"ဒါကတော့ကွာ၊ လုပ်ရင်း ကိုင်ရင်း လေ့လာရတာပေါ့၊ ဒီမှာဟော့ကောင်၊ ငါတို့ ဒီနေ့ငါးရာမြတ်မယ်၊ မနေ့က ခြောက်ဆယ့်လေးကျပ်၊ ခရီးစရိတ်နဲ့စားတာ သောက်တာနဲ့ ငါးရာလျော့လျော့ပဲ ကျန်မယ်၊ ငါ့ကို တစ်ရာပဲပေး၊ မင်းတို့က အရင်းအနှီးစိုက်တဲ့ သူဆိုတော့ ပိုယူပေါ့"

"ဟာ...မင်းက ဘာကောင်လဲ၊ သူငယ်ချင်း အချင်းချင်းတွေပဲ၊ ဒါတွေပြောစရာမလိုဘူး၊ ရသမျှ အညီအမျှခွဲဝေယူတာပေါ့၊ အခုရတာလဲ မင်း အရည်အချင်းကြောင့် မဟုတ်လား၊ နောက်ရက်တွေလည်း ထပ်ရနိုင်သေးတာပဲ၊ အားလုံးပြီးမှ ခွဲဝေယူတာပေါ့"

အေးဇော်က ပြောသည်။ ကြော့မောင်ကတော့ အားလုံးကျေနပ်သည်။ သူသည် သက်ထား ဝမ်းသာသွားအောင် ပြောလိုက်ရလျှင် ပြီးရော။

စားကြ သောက်ကြပြီးတော့ ကားကို ဆိုင်ရှိရာသို့ မောင်းခိုင်းသည်။ ဆိုင်ရှေ့တည့်တည့်မှာ ကားရပ်သည်။ အေးဇော်က အကြံပေးသည့်အတိုင်း ခင်မောင်ငြိမ်းသည် ခပ်တည်တည်နှင့် ကားပေါ်မှဆင်းသွားသည်။ အေးဇော်နှင့် ကြော့မောင်တို့က တပည့်လေးများကဲ့သို့ သေတ္တာတွေ သယ်ချနေသည်။

ဆိုင်ရှင်က ပျာပျာသလဲ ဆီးကြိုသည်။ ပစ္စည်းပြတ်နေသဖြင့် သိပ်လိုချင်နေကြောင်း သိသာသည်။ သေတ္တာများကို ဆိုင်၏ အတွင်းဘက် ခပ်ကျကျမှာ ချခိုင်းသည်။ ထို့နောက် သေတ္တာတစ်လုံးကိုဖွင့်၍ အတွင်းမှ သွားတိုက်ဆေးတစ်ဗူးကို ထုတ်ယူလိုက်သည်။ အဖုံးကို ဖွင့်၍ အနည်းငယ် ညှစ်ကြည့်သည်။ ဆိုင်ရှင် မျက်မှောင်ကုတ်သွားသည်။ နောက်တစ်ဗူးယူပြီး ကြည့်ပြန်သည်။ ဦးခေါင်းကို ယမ်းခါ၏။



"ဆောရီးပဲဗျာ၊ ခင်ဗျားတို့ ပစ္စည်းကို မယူနိုင်ဘူး"

"ဗျာ....ဘာဖြစ်လို့လဲ"

"ပစ္စည်းတွေက ရက်လွန်နေပြီ၊ ခဲနေပြီ"

သူတို့ တုန်လှုပ်သွား၏။ ခင်မောင်ငြိမ်းက...

"ဟုတ်ရဲ့လားဗျာ၊ တစ်ဗူးတစ်လေ ဖြစ်ပါလိမ့်မယ်"

ဆိုပြီး တုန်ယင်သောလက်များဖြင့် နောက်သေတ္တာတစ်လုံးကို ဖွင့်သည်။ ထိုနည်းလည်းကောင်းပင်။ နောက်တစ်လုံးသည်လည်း...

သူတို့ အလိမ်ခံလိုက်ရပြီ ဖြစ်လေသည်။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်လုံးလုံး သူတို့ နေရာအနှံ့အပြား လျှောက်သွားကြသည်။ သိမ်ကြီးဈေး၊ သုံးဆယ့်ရှစ်လမ်းဈေး၊ လမ်းမတော်ဈေးကအစ တာမွေဈေး၊ သင်္ကန်းကျွန်းဈေးအထိ ဘာဆိုင်ကမှ မဝယ်၊ သဘောကောင်းပုံရသော ဆိုင်ရှင်တစ်ယောက်ကမူ တစ်နေရာကို ညွှန်လိုက်သည်။

ကမာရွတ်ရှိ နေရာတစ်နေရာ။

သူတို့သည် နမူနာသုံးလေးဖူးယူပြီး ထိုနေရာသို့ သွားသည်။ ရပ်ကွက်အတွင်းထဲအထိ ဝင်ရ၏။ သူတို့ သွားရမည့် အိမ်ကိုတော်တော်ရှာယူပြီးမှ တွေ့သည်။ အိမ်ရှင်လူကြီးကို ပစ္စည်းပြလိုက်သောအခါ အင်တင်တင်လုပ်နေသေးသည်။ သွားတိုက်ဆေးဗူးတွေကို ဖင်ပြန်ခေါင်းပြန်ကြည့်နေသောအချိန်တွင် ခင်မောင်ငြိမ်းတို့မှာ ရင်တထိတ်ထိတ်ဖြစ်နေရ၏။ အတော်ကြာမှ..



"ကောင်းပြီလေ၊ တစ်ကျပ်ပေးမယ်"

"ဗျာ..."

"မဗျာနဲ့၊ ဒါတောင် ပိုပေးတာ"

"ဟာ... မလုပ်ပါနဲ့ဗျာ၊ နည်းနည်းပိုပေးပါ"

လူကြီးက ခေါင်းခါသည်။ ဗူးတွေကို ပြန်ပေးသည်။

"ဒီဈေးပဲ တစ်ပြားမှ မပိုဘူး"

ထိုအိမ်က ပြန်ထွက်လာသောအခါ အားလုံး စိတ်အကြီးအကျယ်ကျနေကြပြီ။

"ဘယ်လို လုပ်ကြမလဲ"

အေးဇော်က မေးသည်။ ကျန်နှစ်ယောက်ထက်စာလျှင် သူက နည်းနည်း ဣန္ဒြေဆည်နိုင်သည်။

"ခုအတိုင်းကတော့ ဒီဗူးတွေကို ငါတို့ကိုယ်တိုင် လမ်းပေါ်ချပြီး အော်ရောင်းရမလို ဖြစ်နေပြီ၊ မင်းတို့ သဘောပဲကွာ၊ ငါတော့ ဘာမှ မပြောတတ်တော့ဘူး"

ခင်မောင်ငြိမ်းက ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။ အေးဇော်က..

"မထူးပါဘူးကွာ၊ ရသလောက်ပေါ့"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပစ္စည်းတွေရောင်းပြီး နှစ်နာရီ သုံးနာရီခန့်အကြာတွင် ကမာရွတ်ရှိ ပစ္စည်းဝယ်လိုက်သော လူကြီးဆီသို့ လူနှစ်ယောက်ရောက်လာသည်။ တစ်ယောက်က ဂျင်းဂျက်ကက်နှင့်။ ထိုသူက…

"ဘယ်လိုတုန်းဗျ၊ နောက်ဆုံးတော့ ဒီပစ္စည်းတွေ ခင်ဗျားဆီပဲ ပြန်ရောက်လာတာပဲ မဟုတ်လား"

"ဒါပေါ့လေ၊ ငါ့ဆီမရောက်လို့ ဘယ်သူ့ဆီ ရောက်ရဦးမလဲ၊ ကဲ ပစ္စည်းဖိုးလေး ဘာလေး ရှင်းရအောင်"

ဂျင်းဂျက်ကက်သမားက အိတ်ထဲက ရာတန်တွေ ထုတ်လိုက်ပြီး–

"ရော့… ဒါက ဟိုကောင်လေးတွေကို ခင်ဗျား ရှင်းလိုက်တဲ့ ပစ္စည်းဖိုးငါးရာ၊ ပြီးတော့ ပစ္စည်းငှားခက နှစ်ရာယူ ဟုတ်လား"



"နှစ်ရာ နည်းတာပေါ့ကွ"

"နည်းမလားဗျ၊ ကျုပ်တို့က အလုပ်လုပ်ရတာ၊ ခင်ဗျားက ပစ္စည်းငှားရုံကလေး၊ ပြီးတော့ ခင်ဗျားက ဒါတွေ နယ်ပို့လိုက်ရင် ထပ်စားရဦးမှာပဲ"

"အေးလေ၊ ပြီးရောပေါ့၊ ကောင်လေးတွေက လုပ်ရတာ တော်တော်မှ လွယ်ရဲ့လား"

"ဟာ… ဒီလိုအချဉ်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ကျုပ်တို့က သူတို့ကို လိမ်တော့မယ်ဆိုတာတောင် အရိပ်အမြွက်ပြောလိုက်သေးတယ်"

"ဟေ… ဘယ်လိုပြောလိုက်တာလဲ"

"ဒီလိုဗျ၊ ကောင်လေးတွေက ကျုပ်တို့ရဲ့ နာမည်ကိုမေးတယ်၊ ကျုပ်က မောင်ဝ၊ ဟိုကောင်က ဖိုးတူးလို့ ပြောလိုက်တယ်၊ စဉ်းစားကြည့်လေ၊ ဖိုးတူးဆိုတာ လေးနှစ်၊ မောင်ဝဆိုတာက သုည၊ လေးနှစ်သုည၊ လေးရာနှစ်ဆယ်၊ ဖိုးတွမ်တီပေါ့ဗျ၊ ဟား ဟား"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်က ဆေးပေါ့လိပ်ကို တွင်တွင်ဖွာနေသည်။ ခင်မောင်ငြိမ်းက ခေါင်းငိုက်စိုက်ချထား၏။ ကြော့မောင်သည် ဇွယ်တော်ပင်ကို ငေးကြောင်ကြည့်ပြီး မော့ကြည့်နေ၏။ စိန်ထွန်းက သူငယ်ချင်းတွေကို ထူးထူးခြားခြား ငြိမ်သက်နေသည်ကို အကဲခတ်နေပြီးမှ...

"ကဲ... မင်းတို့ ငါနဲ့ တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ခင်မောင်ငြိမ်းက အေးဖော်ကို လှမ်းကြည့်သည်။ သူသည် စကားပြောနိုင်သည့်အင်အား မရှိတော့သလို ဖြစ်နေ၏။ အေးဖော်ကပင် စိန်ထွန်းကို အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။



"ဟာ... မင်းတို့ကွာ၊ ငါတစ်ယောက်လုံး ရှိနေလျက်နဲ့ ငါ့ကိုမေးပါလား၊ အဲဒီနေ့က ငါတို့ဆိုင်က သွားတိုက်ဆေးဗူး လုံးဝမရောင်းဘူး၊ ပြီးတော့ ငါတို့ဆိုင်ကနေ တိုက်ရိုက်ထွက်လာတယ်ဆိုတာကိုလည်း စဉ်းစဉ်းစားစားယုံဖို့ ကောင်းပါတယ်ကွာ၊ ဒီလောက်စာရင်းဇယားနဲ့ စနစ်တကျလုပ်နေတာ ဗူးငါးရာတောင် အပြင်ထွက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ အပြင်မှာ အပင်ပန်းခံပြီး ကောက်သင်းကောက်လိုက်စုရင်တောင် သုံးကျပ်ပေးမှ ရမယ့်ဟာကို၊ ဗူးငါးရာလွယ်လွယ်ကလေးနဲ့ ရမှာကို သုံးကျပ်နဲ့ ရောင်းတယ်ဆိုကတည်းက ဘာဖြစ်လို့ သေသေချာချာ စစ်ဆေးမကြည့်ရတာလဲ"

ဘာမှ ပြန်မပြောကြ။ ထိုစဉ်တုန်းက သေချာစွာ စစ်ဆေးကြည့်ဖို့ သတိ မရခဲ့သည်မှာ အမှန်။ ပထမနေ့က ထိုသူများနှင့် ဆုံပြီးဖြစ်၍ ယုံကြည်မိသည်က တစ်ကြောင်း၊ အမြတ်ရမည်ကိုသာ စိတ်ထဲက မဲပြီး သတိလစ်သွားသောကြောင့် တစ်ကြောင်း၊ ဖြစ်လေသည်။ အတန်ကြာမှ ခင်မောင်ငြိမ်းက...

"တကယ်တော့ ဒါတွေအားလုံး ငါ့အပြစ်ကွာ၊ ငါစတဲ့ ဓာတ်လမ်းကွ၊ အခု ရှုံးတော့ အေးဖော်နဲ့ ကြော့မောင်က နှစ်ယောက်ပေါင်း တစ်ထောင်လောက် ရှုံးသွားတယ်၊ ငါကတော့ အစကတည်းက ငွေမထည့်တော့ မရှုံးဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် ငါက မတရားသလို ဖြစ်နေတယ်၊ မင်းတို့ ရှုံးသွားတဲ့ငွေတွေ ငါပြန်ဆပ်မယ်ကွာ၊ ကျွန်ခံပြီး ပေးရ၊ ပေးရ"

ခင်မောင်ငြိမ်းက ဝမ်းနည်းသံဖြင့် ပြောနေသည်။ အေးဖော်က...

www.burmeseclassic.com

www.burmeseclassic.com



"ခင်မောင်ငြိမ်းကလည်း ဒါမင်းအပြစ်မှ မဟုတ်ဘဲ၊ ဟိုလူတွေ လိမ်သွားလို့ ဖြစ်တာပဲဟာ၊ နောက်ပြီး မင်းတစ်ယောက်တည်း လုပ်တာမှ မဟုတ်ဘဲ၊ ငါတို့လည်း ပါတာပဲ မဟုတ်လား၊ မြတ်မယ်ထင်လို့ လုပ်တာ၊ ရှုံးသွားတယ် ဒါပဲပေါ့"

စိန်ထွန်းက ဝင်၍...

"ငါလည်း မင်းတို့ကို တားဖို့စိတ်ကူးမိပါသေးတယ်၊ တားလို့ရမယ်မထင်လို့ ဖွတ်တားလိုက်ရင် အကောင်းသားကွာ၊ အေးလေ၊ တကယ်တော့လည်း ဒီအလုပ်မျိုးဆိုတာ မင်းတို့ ငါတို့ လုပ်လို့မရပါဘူး၊ ငါတို့နဲ့ ဒီအလုပ်နဲ့ မတန်ပါဘူးလို့ ဆိုရမယ်၊ မတန်ဘူးဆိုရာမှာလည်း အဓိပ္ပာယ်နှစ်မျိုးထွက်တယ်၊ တစ်မျိုးက ငါတို့လိုကောင်မျိုးတွေဟာ တန်းစီတိုးစားတဲ့ လူတွေကြားထဲ ဝင်ယှဉ်လို့မရဘူး၊ ဘာလို့လဲဆိုတော့ သူတို့လို အားနဲ့ခွန်နဲ့ မတိုးနိုင်လို့ပဲ၊ ဆယ့်သုံးနှစ်အရွယ် ကလေးတစ်ယောက်နဲ့တောင် ယှဉ်နိုင်မှာမဟုတ်ဘူး၊ အချောင်းမှ မတူဘဲ၊ သူတို့က ဒီကရမှ စားရမှာမဟုတ်လား၊ မင်းတို့က ရှိပြီးသားဝင်ငွေထက် ပိုလိုချင်လို့ လုပ်တာ၊ အဲဒီလူတွေဟာ သနားဖို့ကောင်းပါတယ်ကွာ၊ တစ်နေ့ ငွေတစ်ဆယ်လောက်ရဖို့ ဘယ်လောက် ခွန်အားစိုက်ထုတ်ရတယ်ဆိုတာ ငါ့မျက်မြင်ပဲ၊ ဒီလူတွေဟာ သူတို့ကိုယ်သူတို့ မှောင်ခိုလုပ်ငန်းရဲ့ အနိမ့်ဆုံးအပိုင်းမှာ ပါဝင်နေတယ်ဆိုတာ မသိကြဘူး၊ သူတို့လုပ်အားနဲ့ ရင်းလို့ရတာပဲလို့ ရိုးရိုးသားသား ယုံကြည်နေကြတယ်၊ နောက်တစ်မျိုးကတော့ ငွေအရင်းအနှီးကိုကိုင်ပြီး လုပ်တဲ့လူတွေ၊ ပစ္စည်းကောက်မယ်၊ အမြတ်ရရင် ပြန်သွင်းမယ်၊ ငွေများများ ကိုင်ထားနိုင်တဲ့လူက ပစ္စည်းလှောင်မယ်၊ ဈေးကစားမယ်၊ အမြတ်များများရအောင် လုပ်မယ်၊ အဲဒီလိုလူမျိုးတွေနဲ့လည်း မင်းတို့ မယှဉ်နိုင်ဘူး၊ လက်လှမ်း မမီဘူး၊ ငွေအရင်းအနှီးမှ မရှိဘဲ၊ သူတို့လိုမှ လူလည်မကျတတ်ပဲ၊ ဒါကြောင့် မင်းတို့ ငါတို့နဲ့ မတန်ဘူးလို့ ပြောတာ၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီနှစ်မျိုးစလုံးဟာ လုပ်သင့်တဲ့အလုပ်မျိုး မဟုတ်ပါဘူးကွာ၊ ငါတို့လုပ်ရမှာက ကိုယ့်လက်ရှိအလုပ်ကို ကြိုးကြိုးစားစား လုပ်ဖို့ပဲ"



စိန်ထွန်းစကားကို မည်သူမျှ ငြင်းချက်မထုတ်ကြချေ။ ခင်မောင်ငြိမ်းက စိန်ထွန်းကိုကြည့်ပြီး...

"စိန်ထွန်း မင်းကို ငါပြောမိခဲ့တဲ့ ကိစ္စတွေအတွက် ငါ တောင်းပန်ပါတယ်ကွာ"

အေးဇော်က...

"စိန်ထွန်း ပေဖန်တာကို ငါတို့ လက်ခံပါတယ်၊ သူငယ်ချင်းဆိုတာ ဒီလိုပါပဲ၊ စိတ်ဆိုးလည်း ခဏပါကွာ"

ဒါပေါ့ကွ၊ သူငယ်ချင်းဆိုတာ စပေါင်းကတည်းက တရားရုံးမှာ စာချုပ်စာတမ်းနဲ့ ပေါင်းခဲ့တာမှ မဟုတ်တာ၊ ဒီတော့ သူငယ်ချင်းအဖြစ်က စွန့်လွှတ်ခြင်းလို့ ကြော်ငြာလို့လည်း မရဘူး၊ ကွာရှင်းပြတ်စဲချင်တယ်ဆိုလို့လည်း မရဘူးမဟုတ်လား"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



အေးဖော်သည် သူတို့အလုပ် မအောင်မြင်သည့်အကြောင်းနှင့် အိမ်၏ လက်ရှိအခြေအနေကို ဒေါ်အေးခင်အား ရှင်းပြသည်။ သမဝါယမဆေးခန်းက အလုပ်ကို အေးကျော်အား လုပ်ခိုင်းသင့်ကြောင့် တိုက်တွန်းသည်။ ထို့ပြင် ကေသွယ်နှင့် သီတာမျိုးတို့ကိုပါ အလုပ်လုပ်ခိုင်းသင့်ကြောင်း ပြောသည်။ အိမ်အတွက် ဝင်ငွေကို ဘတ်အားသမျှ နပေါင်းရှာကြလျှင် အဆင်ပြေသွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ ဒေါ်အေးခင်က လက်ခံလိုက်သည်။ သီတာမျိုးကတော့ အလုပ်လုပ်ရတော့မည်ဖြစ်၍ ပျော်နေသည်။

☆☆☆



ခင်မောင်ငြိမ်းသည် ထမင်းဝိုင်းမှာ ထိုင်နေရသော်လည်း စိတ်မပါချေ။ သူသည် သူတို့လုပ်ငန်း အရှုံးနှင့် ရင်ဆိုင်ရကြောင်း ဝင်းမာကို ပြောမပြရသေး။ ပြောလိုက်သောအခါ ဝင်းမာက...

"ဟင်း... ဒါမျိုးဖြစ်လာမယ်မှန်း သိလို့ ငါကလည်း ငါ့အစီအစဉ်နဲ့ ငါ လုပ်ထားပါတယ်၊ ဘာမှမပူနဲ့၊ နင် မသိအောင် ငါ ကျိတ်ပြီး စုထားတာ ငွေငါးရာရှိတယ် သိလား"

BURMESE CLASSIC .com

ဟု ပြောလျှင် ကောင်းလေစွဟု တွေးမိသည်။ သို့ရာတွင် ထိုသို့ လုံးဝမဖြစ်နိုင်ကြောင်း သူကောင်းကောင်း သိသည်။ ဝင်းမာက သူ့ကို ဆူပူကြိမ်းမောင်းမည်မှာ သေချာသည်။ တွေ့ရာနှင့် ကောက်ရိုက် ကောက်ထုတာတောင် လုပ်ချင်လုပ်လိမ့်မည်။ လုပ်လျှင်လည်း ခံလိုက်ရုံပေါ့ဟု တွေးပြီး...

"ဝင်းမာ"

ဝင်းမာက ထမင်းကို ကန်စွန်းရွက်ချဉ်ရည်၊ ငါးပိရည်တို့ဖြင့် နယ်နေရာမှ မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောစရာရှိလို့"

"မပြောနဲ့တော့ ငါသိပြီးပြီ"

"ဟင်...သိတယ် ဟုတ်လား၊

"ဟုတ်တယ်၊ သက်ထား လာပြောသွားပြီးပြီ"

ခင်မောင်ငြိမ်းသည် ဝင်းမာကို မကြည့်ရဲ။ ခေါင်းငုံ့ပြီး ..

"ဒါတွေ အားလုံး ငါ့အပြစ်တွေပါဟာ"

ခင်မောင်ငြိမ်းသည် ဝင်းမာထံမှ ပြစ်တင်ကြိမ်းမောင်းမှုကို နှုတ်ဆိတ်စွာ စောင့်ဆိုင်းနေလိုက်သည်။ သို့ရာတွင်–

"တွတ်နီ"

ဝင်းမာက ညင်သာစွာ ခေါ်လိုက်သည်။ ခင်မောင်ငြိမ်းမော့ကြည့်သောအခါ ဝင်းမာ၏ မျက်နှာပေါ်မှာ တင်းမာမှုကို မတွေ့ရချေ။

"ငါတို့ ဒီလောက်လည်း ဝေးမနေသေးပါဘူးဟယ်"

ဝင်းမာထံမှ ကြားရခဲ့သော တောင်းပန်သံကို ဆက်၍ကြားရပြန်သည်။

"နောက်ကို ကိုယ်နဲ့မဆိုင်တဲ့ အလုပ်တွေ မလုပ်ပါနဲ့တော့နော်"

ခင်မောင်ငြိမ်းသည် ဟန်မဆောင်နိုင်တော့ဘဲ ဝင်းမာကို ဖက်လိုက်မိသည်။ ဝင်းမာကလည်း ပြန်ဖက်ထားသည်။ ခင်မောင်ငြိမ်း၏ စွပ်ကျယ်အင်္ကျီမှာ ဝင်းမာ၏လက်က ထမင်းဟင်းတွေ ပေကျံကုန်သည်။

☆☆☆



ကြော့မောင်သည် ပန်းချီဆွဲနေ၏။ သူသည် ထိုပုံကို အကောင်းဆုံးဖြစ်အောင် ကြိုးစား၍ ဆွဲသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အဖို့ ပထမဆုံး အကြိမ် စာအုပ်မျက်နှာဖုံး ဆွဲခွင့်ရသောကြောင့်ပင်။ ဆောင်းသဇင်စာပေက သူ့ကို မျက်နှာဖုံးပုံ စမ်းအပ်ကြည့်မည်။ ကြိုက်လျှင် နောက်ထပ် ဆက်အပ်မည်ဟု ဆိုထားသည်။ ထို့ကြောင့် အထူးကြိုးစားနေခြင်းဖြစ်၏။

သူတို့ လုပ်ခဲ့ကြသော အလုပ်ကို အဆင်မပြေကြောင်း၊ ရှုံးသည့်အကြောင်း သက်ထားကို ပြောပြခဲ့သည်။ သက်ထားက သူ့ကိုအပြစ်မတင်။ ငိုတော့ငိုသည်။ ပြီးတော့ ထိုကိစ္စကို မေ့လိုက်ကြရန်နှင့် ရှေ့အဖို့ ကြော့မောင် အလုပ်ကြိုးစားရန် သက်ထားလည်း အလုပ်တစ်ခုခု ရှာရန် သဘောတူလိုက်ကြသည်။

ကြော့မောင်သည် ဆွဲပြီးသွားသော ပန်းချီကားကို ကြည့်၍ သူ့ဘာသာသူ သဘောကျနေသည်။ ကြိုးစားရကျိုးနပ်သည်ဟု ပြောလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သက်ထားက ကလေးအင်္ကျီလေး တစ်ထည်ကို လက်ချုပ် ချုပ်နေသည်။ လက်စသပ်ပြီးနောက် ကြော့မောင်ကို လှမ်းပြောသည်။

"ကိုမောင်၊ ပုဆိုးဟောင်း တစ်ထည်လောက် လိုချင်တယ်"

"ဘာလုပ်ဖို့လဲ ထားရဲ့"

"ဩော်... ဝင်းမာက အကြံပေးလို့ပါ၊ ကလေးက သေးခဏခဏ ပေါက်တတ်တယ်တဲ့၊ အဲဒါ ကလေးရဲ့တင်ပါးအောက်မှာ တစ်ထွာလောက်ရှိတဲ့ ပိတ်စထူထူလေးတွေ ခံထားတဲ့၊ ဒါမှ တော်ရုံ တန်ရုံ သေးပေါက်တာတို့၊ ချေးပါတာတို့ဆိုရင် အနီးကို မပေတော့ဘူးပေါ့၊ အဲဒီအဝတ်စကလေးကို ဖယ်ထုတ်လိုက်ပြီး အသစ်လဲပေးလိုက်ရုံပဲ၊ အနီးသက်သာတယ်တဲ့"

"ကိုမောင့်မှာ ပုဆိုးအဟောင်းက နှစ်ထည်ပဲရှိတာ၊ တစ်ထည်က အိမ်နေရင်း ဝတ်၊ တစ်ထည်က ရေလဲလုပ်နေတာ၊ ပြီးတော့ သေးစိုခံရလောက်အောင်လည်း မထူဘူး၊ နေဦး၊ ကိုမောင့်မှာ သိမ်းထားတာ တစ်ထည်ရှိသေးတယ်၊ နည်းနည်းရိပြီး ဆွေးနေလို့ မဝတ်ဘဲထားတာ၊ ထူလည်း ထူတယ်၊ သန့်လည်း သန့်တယ်"

ကြော့မောင်က သူ့အဝတ်အစားတွေ ထည့်သည့်သံသေတ္တာကို ဖွင့်ပြီး ပုဆိုးတစ်ထည်ထုတ်ယူလာသည်။ သက်ထားက...

"အို... ကိုမောင်ရယ်၊ ဒါက..."

ကြော့မောင် ပြုံးလိုက်သည်။

"ထားရယ်၊ ကိုမောင်တို့ စိတ်ကူးယဉ်ရမယ့်အချိန် မဟုတ်တော့ပါဘူး၊ ထားဆိုရင် ဒီကလေးကို သက်စွန့်ဆံဖျား မွေးရမှာ မဟုတ်လား၊ ကိုမောင်ကလည်း ဒီကလေးကို ပြုစုပျိုးထောင်ဖို့ အလုပ်ကြိုးစားရမှာ မဟုတ်လား၊ ခုချိန်မှာ မွေးဖွားလာတော့မယ့် တို့



ရင်သွေးကလေးနဲ့ယှဉ်ရင် ဒီပုဆိုးတစ်ထည်ဟာ ဘာမှ အရေးမကြီးတော့ပါဘူး"

သက်ထားက ပုဆိုးကို တစ်ထွာပတ်လည်ခန့် အပိုင်းကလေးတွေဖြစ်အောင် ကတ်ကြေးဖြင့် ကိုက်ဖြတ်သည်။ အပိုင်းကလေးတစ်ပိုင်းကို ကြော့မောင်အား လှမ်းပေးရင်း ပြောသည်။

"ဒီတစ်ပိုင်းကတော့ ကိုမောင် အမှတ်တရ ပြန်သိမ်းထားလိုက်ပေါ့"

ထိုပုဆိုးမှာ သူတို့နှစ်ယောက် ချစ်ကြိုက်ခါစတွင် သက်ထားက သူ့ကို မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့သောကြောင့် အမြတ်တနိုး သိမ်းထားခဲ့သော ပုဆိုးကလေးပင် ဖြစ်လေသည်။

သက်ထားသည် ယောကျ်ားကလေးမွေး၏။ မိခင်ရော ကလေးပါ ကျန်းမာကြသည်။

နောက်နှစ်လလောက် အကြာတွင် စိန်ထွန်းမင်္ဂလာဆောင်သည်။ သူတို့ရုံးမှ ရာထူးတူသော မိန်းကလေးဖြစ်သည်။ မင်္ဂလာညစာစားပွဲကို မိန်းကလေး အိမ်မှာပင် အကျဉ်းချုံး ပြုလုပ်သည်။ သူတို့ရုံးမှ ရင်းနှီးသော မိတ်ဆွေများ၊ ဆွေမျိုးသားချင်းအနည်းငယ်နှင့် သူငယ်ချင်းများကို လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံသည်။

ညဘက်တွင် လူပျိုညလုပ်ကြသည်။ သူငယ်ချင်းတွေက စိန်ထွန်းကို နောက်ကြ ပြောင်ကြရင်း 'မိန်းမနဲ့ သူငယ်ချင်း ဘယ်သူ့ကို ပိုချစ်သလဲ' ဟု မေးကြသည်။ စိန်ထွန်းက 'မင်းတို့လိုပဲပေါ့ကွာ'ဟု ပြောလေသည်။

မင်းလူ

www.burmeseclassic.com